www.burmeseclassic.com

ကလျာ

[ဝိဇ္ဇာသိပ္ပံ]

# ကိုနှရီအချစ်၊ ကိုနှရာမေတ္တာ

BURMESE CLASSIC

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်
၅၀၂၀၄၅၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၂၆၀၂၀၉

**ထုတ်ဝေသူ**
ဦးမောင်မျိုး ⁂
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ဒုတိယအကြိမ် ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ကျပ်

ကိန္နရီအချစ်ကိန္နရာမေတ္တာ(ပ)/ကလျာ။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၀။
၃၆၈-စာ ၊ ၁၈.၅ x ၁၃.၅ စင်တီ။ (၁)ကိန္နရီအချစ်ကိန္နရာမေတ္တာ(ပ)


www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုကို ဖတ်ဖြစ်မည် ဆိုပါလျှင် တစ်အုပ်တည်းဖတ်၍ ဇာတ်ရည်လည်မှာ မဟုတ်ပါ၍ ဒုတိယပိုင်း (ဇာတ်သိမ်း)ကိုပါ ဆက်လက်ဖတ်ရှုရန် တောင်းပန်အပ်ပါသည်။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

## ကျေးဇူးမှတ်တမ်း

ဤဝတ္ထုရှည်ကြီးကို ရေးသားနိုင်ရန်အတွက် အထောက်အထားများ ရှာခွင့်ပေးခဲ့သည့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်နှင့်-

ကယားပြည်နယ်အနှံ့သို့ သွားလာနိုင်ခွင့်ရအောင်ကူညီခဲ့ရုံမက ကယားနှင့်ပတ်သက်သော စာပေများလက်ဆောင်ပေးကာ ဧည့်ဝတ်ကျေပွန်ခဲ့ပါသော. . . "မောင်ပြည်ကျော်(လွိုင်ကော်)"နှင့်-

လွိုင်ကော်မြို့မှ အကူညီပေးခဲ့ကြသော မိတ်ဆွေများအား လည်းကောင်း. . .

မော်ချီးမိုင်းသို့ convoy ယာဉ်တန်းနှင့် သွားရောက်ခဲ့စဉ်က ဖာဆောင်းမြို့မှ စောင့်ကြိုလျက်၊ သံလွင်မြစ်ကမ်းတလျှောက် သွားလာခွင့်၊

www.burmeseclassic.com

www.burmeseclassic.com

ယင်းတလဲရွာ၊ ကယားရွာ၊ ရှမ်းရွာများကို လေ့လာခွင့် ရရှိအောင် ကူညီခဲ့ရုံမက လိုအပ်သမျှ မှတ်တမ်းများကို ရှာဖွေပို့ပေးခဲ့သော "စန္ဒက (ရန်ကုန်တက္ကသိုလ်)" နှင့် ဖားဆောင်းမြို့မှ ကူညီကျွေးမွေးကြသူများအား လည်းကောင်း. . .

မော်ချီး သတ္တုတွင်းမှာ တည်းခိုခွင့်ပြုခဲ့သော "ဒေါ်မြကြွေ (ကြွေ)" နှင့် ငွေကုန်ခံ လုပင်ပန်းခံ၍ အကူညီပေးခဲ့ကြသော မော်ချီးမိုင်းမှ စေတနာရှင် မိတ်ဆွေများအား လည်းကောင်း. . .

ခရီးစဉ်တလျှောက် အတူသွားခဲ့ရသော-

ချစ်ညီမ "စပ်မြင့်ကြည်" နှင့် လွိုင်ကော်မြို့မှ "စိုင်းညွန့်ဝေ" နှင့် မိသားစုများအား လည်းကောင်း. . .

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပေးခဲ့ကြသူများနှင့် ပန်းချီဆရာများ၊ ဒီဖိုင်းဆရာ၊ သိန်းမြင့်ဝင်း အော့ဖ်ဆက် မိသားစု၊ ဝင်းမျိုးပုံနှိပ်တိုက်မှ "ကိုနေဝင်း" နှင့် အဖွဲ့သားများအားလည်းကောင်း၊ ကျေးဇူးအထူးတင်လျက်ရှိနေပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ချစ်ရ ခင်ရ လေးစားရပါသော
ကျွန်မ၏ စာဖတ်သူများသို့. . .

အထူးထုတ် အုပ်(၆၀)မြောက် ရေးသားနိုင်ရန်အတွက် ကယားပြည်နယ်၏ သမိုင်းယဉ်ကျေးမှုများနှင့် လောပိတ၊ ဒီမောဆိုး၊ ဖားဆောင်း၊ မော်ချီးမိုင်း စသည်များသို့ သွားရောက်လေ့လာခွင့် ရခဲ့ပါသည်။ ဤနယ်မြေဒေသများကို အခြေခံလျက် လျှို့ဝှက်နှင့် မေတ္တာဖွဲ့ကို ရောယှက်တင်ပြထားသော-

ဤဝတ္ထုတွင် ဇာတ်ကောင်များ များပြားသည်နှင့်အမျှ ဇာတ်ဝင်ခန်း တာလကလည်း ဆယ်နှစ်ကျော်မျှ ကြာရှည်ပါ၍ အစမှအဆုံး အထိ ကျွန်မ ရေးသားပြီးစီးသွားသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



စာဖေါင် ငါးဆယ်ကျော်(ပုံနှိပ်စက် စာမျက်နှာနှင့် ရှစ်ရာကျော် ကိုးရာနီးပါး) ရှိနေပါ၏။

တစ်အုပ်တည်း ထုတ်ဝေ၍ ဘယ်လိုမှ မဖြစ်နိုင်တော့သည့်အတွက် နှစ်အုပ်ပိုင်းဝေ၍ ထုတ်ဝေလိုက်ရခြင်းကို ခွင့်လွှတ်ပေးပါရန် အထူးပင် အနူးအညွတ် တောင်းပန်အပ်ပါသည်။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)



## ပဏာမ

မွေ့လျော်ဖွယ် ခံစားမှုများကို ပေးစွမ်းနိုင်သော ဆောင်းဦးနှင်းဝေ နံနက်ကို ပြန်လည်မြင်တွေ့ရသည်။

'ခွဲခွာရခြင်းအဆိပ်ရည်'ကို သောက်သုံးရသည့်နေ့မှစ၍ နှလုံးသည်းပွတ်သည် ကွဲကြေသေဆုံးခဲ့ပါသော်လည်း. . .

အချိန်ကာလဆိုသော သမားတော်၏ ကုစားမှုကြောင့် ခန္ဓာသည်မူ ပြန်လည်ရှင်သန်လှုပ်ရှားနိုင်ခဲ့ပါ၏။

ငွေ့ဝေလာသော နှင်းပွင့်မှုန်လေးများသည် တမ်းတဖွယ်အတိတ်ဆီမှ ငယ်ချစ်ဦး၏ အကြောင်းများကို ဆောင်ကြဉ်းသယ်ယူလာခဲ့ကြပြန်ပါသည်။

◆ ◆ ◆

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ရန်ကုန်-မန္တလေး အဆန်အမြန်ရထားကြီး၏ အထက်တန်းတွဲတွင် 'ဒေါက်တာသက်ဦးလွင်'မှာ ရှုခင်းမဲ့ အမှောင်ကို မှန်းဆကြည့်ရင်း လိုက်ပါလာခဲ့သည်။

အချိန်က ညဉ့် ၁ နာရီထိုးခါနီးပြီ။ အထက်တန်း အိပ်ခန်း လက်မှတ် မရ၍ ထိုင်ခုံသာရသဖြင့် ထိုင်လျက်လည်း မအိပ်တတ်၍ အပြင်သို့သာ ငေးမျှော်ရင်း. . .

လယ်ကွင်းအလယ် ယာတဲလေးများဆီမှ မီးမှိတ်တုတ်ကလေးများကို ပိုးစုန်းကြူးလက်သလို တစ်ချက်တစ်ချက် မြင်ရသည်။

ညဉ့်လေသည် လတ်ဆတ်အေးမြလွန်းလှပါဘိ။

မိမိဘဝ၏ ဖြတ်သန်းလာခဲ့ရသော အတိတ်များ. . . ပြီးပြည့်စုံခြင်းများဖြင့် ဝင်းလက်နေသော အနာဂတ်များကို ဟိုတပြက် သည်တစ်ကွက် တွေးနေမိ၍. . .





လက်ရှိကာလကို မေ့လျော့လျက် ပစ္စုပ္ပန် ပျောက်ဆုံးနေချိန်မှာ. . .

"ကျေးဇူးပြု၍ နားဆင်ပါခင်ဗျာ"

"ကျေးဇူးပြု၍ နားဆင်ပါခင်ဗျာ"

တွဲ၏ထိပ် စပီကာမှတစ်ဆင့် အသံလှိုင်းတစ်ခု ပေါ်ထွက်လာသဖြင့် ဒေါက်တာသက်ဦးလွင်သည် ပြေပြေလျောလျော ထိုင်နေရာမှ ထောင်မတ်၍ နားစွင့်လိုက်မိသည်။

"အမျိုးသမီးတစ်ယောက် မီးဖွားခါနီးဆဲဆဲ ဖြစ်နေလို့ ဆရာဝန်နှင့် သားဖွားဆရာမတစ်ယောက်ယောက်များ ပါရှိခဲ့ရင် တွဲ ၆ သို့ လာရောက်ကူညီပေးဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

"အမျိုးသမီးတစ်ယောက် မီးဖွားခါနီးဆဲဆဲ ဖြစ်နေလို့. . . တွဲ-၆ သို့၊ တွဲ-၆ သို့. . .

အကူညီတောင်းသံက ထပ်ဆင့်လာသဖြင့် အသင့်ပါလာသော ဆေးသေတ္တာကို စင်ပေါ်မှလှမ်းယူပြီး လျှောက်လာခဲ့သည်။

"ဆရာဝန်ထင်တယ်. . . သွားပြီ"

"ကြံကြံဖန်ဖန် ရထားပေါ်မှာ ကလေးမွေးမယ်"

"ချောချောမောမော ဖြစ်ပါစေ"

နောက်ဘက်ဆီမှ ကြားရသော အသံများကို ကျောခိုင်းပြီး တွဲ-၆ သို့ အမြန်ရောက်ရန် ယိမ်းယိုင်နေသော တွဲဆက်များကြားမှာ ဖြတ်ကျော်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားတွဲ၏ အလယ်လမ်းကြမ်းပြင်တွင် ပလက်စတစ်စကို ဖြစ်သလိုခင်းပြီး ပက်လက်အနေအထားနှင့် အမျိုးသမီးတစ်ဦး၏ဘေးမှာ ယောကျာ်းတွေရော မိန်းမတွေရော ဝိုင်းလို့အုံလို့. . .

"ခဏလောက် ဖယ်ကြပါ၊ ကျွန်တော် ဆရာဝန်ပါ"

"ဟာ. . . အတော်ပဲ. . . အတော်ပဲ၊ ရထားတစ်စင်းလုံး ဝမ်းဆွဲဆရာမတောင် မပါဘူး"

"ကဲ. . . ဒီလူနာရဲ့အဖော်ပဲ ကျွန်တော့်နားမှာနေပါ၊ အားလုံး ဖယ်ပေးကြပါ"

ဒေါက်တာသက်ဦးလွင်က လက်အိတ်ကို အမြန်စွပ်ရင်း ကြေညာလိုက်သည်။

"ဒီမိန်းကလေးက တစ်ယောက်တည်းလာတာ၊ အဖော် တစ်ယောက်မှ မပါဘူး"

"ကဲ. . . ဒါဖြင့်လည်း အားလုံးဖယ်ကြဗျာ"

မချိမဆံ့ ဝေဒနာခံစားရင်း ကျိတ်၍ ညည်းနေသော လူနာကို ဝိုင်းအုံနေသဖြင့် ခပ်တည်တည်နှင့် ပြောပစ်လိုက်မှ လူရှဲကုန်သည်။

"အို. . ."

လူနာ၏ ထဘီအောက်မှာ သွေးတွေ အိုင်ထွန်းလို့. . .

"အဒေါ်တော့ ရင်လေးဖိပေးနေပါရစေ ဒေါက်တာရယ်. . ."





ဒေါက်တာသက်ဦးလွင်က ခေါင်းညိတ်၍သာ ပြပြီး သားအိမ် ပွင့်သည့် အတိုင်းအထွာကိုသိရန် စမ်းသပ်လိုက်သည်။

"အား"

ဝေဒနာရော၊ စမ်းသပ်မှုအတွက်ပါ လူနာက အော်လိုက်ရှာသည်။

သည်တော့မှ ဒေါက်တာသက်ဦးလွင်မှာ သူ့လူနာ၏ မျက်နှာကို အသေအချာကြည့်မိသည်။

"အို. . . သိပ်လှတဲ့ မိန်းကလေးပါလား"

စိတ်မှတ်ချက်နှင့်အတူ လက်ရှိအခြေအနေကို အမြန်ဆုံး စမ်းသပ်ရသည်။

သားအိမ်ကဖြင့် ပွင့်ပြီ၊ သွေးပေါင်သဖြင့် ခံစားရမှုက မချိမဆံ့. . .

ကလေးနှလုံးခုန်သံကို နားထောင်ရန် ကိရိယာ မပါရှိ၍ ဗိုက်ကို နားနှင့်ကပ်၍ နားထောင်ရသည်။ ကလေး၏ အခြေအနေက အားလုံးကောင်းမွန်လှသော်လည်း မိခင် မွေးလူနာက အားနည်းလွန်းလှကြောင်း စိုးရိမ်ဖွယ် တွေ့ရှိရတော့သည်။

"အမယ်လေး. . . နာလိုက်တာ. . . သေပါပြီရှင်"

"အင်း. . . အင်း. . . အား"

အော်ရင်း ညှစ်အားပါ လိုက်လာသဖြင့် မွေးထုတ်ယူရန် ကြိုးစားရတော့သည်။

ခက်ခဲသော ကြိုးစားခြင်းများဖြင့် ဆရာဝန်ကိုယ်တိုင် မွေးလူနာနှင့်အတူ ဇောချွေးများ ပြန်လာပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"အူဝဲ . . . အူဝဲ . . . ဝဲ . . . ဝဲ . . ."

ဆိုသော အသံတုန်တုန်လေးက သူသည် လူ့လောကသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း ကြွေးကြော်သံအဖြစ်နှင့် စတင်ကြားနာလိုက်ရသည်။

ကလေးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့သော်လည်း ကလေး၏ ချက်ကြိုးနှင့် တွဲဆက်နေသော 'အချင်း'က ထုံးတမ်းစဉ်လာအတိုင်း လွယ်ကူစွာ ကျမလာ. . .

ဘာ ကိရိယာမှ မပါသော ဒေါက်တာသက်ဦးလွင်၏ အပြင်းအထန် ကြိုးစားချက်ကြောင့် နောက်ဆုံးတွင် အောင်မြင်စွာ ကျဆင်းလာပါသော်လည်း လိုအပ်သည်ထက် ပိုလွန်၍ သွေးများက ဒလဟော သွန်သည်။

"ဘာ. . . ဘာလေးလဲရှင်. . ."

"ယောက်ျားလေး. . . ယောက်ျားလေး. . ."

"သား. . . သားလေး"

"ဟုတ်တယ်. . . ခင်ဗျားလိုပဲ လှတယ်"

အားပေးစကား ဖြစ်သော်လည်း လူနာ၏ အခြေအနေက အားရဖွယ်မရှိကြောင်း သိနားလည်လာရသည်။

ကလေးကို သုတ်သင်ခြင်း၊ ချက်ကြိုးဖြတ်ခြင်း၊ နွေးနွေးထွေးထွေး ထားစေခြင်းများကို ဆက်တိုက် ဆောင်ရွက်ပြီး လူနာကို အစွမ်းကုန် ပြုစုရပြန်သည်။ ဆေးတွေ ဆင့်ကာဆင့်ကာ ထိုးပေးသည်။ ရထားကလည်း ဆက်လက်မောင်းနှင်နေ၍ လူနာကို ယိမ်းခါစေလေ၊ သွေးဆင်းကများလေ. . .





စောက်ထိုးထား၍လည်း ကျေနပ်သောပုံစံမျိုးကို မရရှိနိုင်. . . လူနာအတွက် အလိုအပ်ဆုံးက သွေး။

"ဆရာ. . . မျက်စိတွေပြာလာပြီ၊ ဘာ. . . ဘာမှ မမြင်ရတော့ဘူး"

"ဟာ. . ."

အစွမ်းကုန် ကုသနေသည့်ကြားမှ အခြေနေသည် တစ်မိနစ်ထက် တစ်မိနစ် ဆုတ်ယုတ်လာခဲ့ပြီ။ ခက်ခဲ ပင်ပန်းလွန်းစွာ အသက်ရှူနေရင်းက. . .

"သား. . . သားလေးကို"

"ဝင်ဒါမိယာ့အိမ်ကို မပို့ပါနဲ့"

"မပို့ပါနဲ့"

"ကိုရေ. . . ကို. . . ကို. . ."

နောက်ဆုံးစကားလုံးကို မောဟိုက်သံနှင့်ပြောပြီး အသံက တိုးတိမ်ကွယ်ပျောက်သွားတော့သည်။

လူလည်း ငြိမ်ကျသွားလေပြီ. . .

"တောက်"

ဒေါက်တာသက်ဦးလွင်မှာ မချိတင်ကဲနှင့် တောက်ခေါက်လိုက်သည်။

သူ ကယ်နိုင်သည်။ ကုနိုင်သည်ဟု ယုံကြည်ချက် ထားရှိသော်လည်း. . .

အချိန်နှင့် အခြေအနေသည် သူ့အတတ်ပညာကို အနိုင်ယူသွားခဲ့ပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



သွန်ကျနေသော သွေးများကို အစားသွင်းရန် ကြိုးစားချိန်ပင် မရလိုက်တော့. . .

ရထားတွဲမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းရတော့သည်။

"ရန်ကုန်က စီးလာတာ၊ ရထားပေါ်ရောက်ကတည်းက ငိုလာတာ တစ်လမ်းလုံးပဲ"

"လှလိုက်တာလည်း ရက်ရက်စက်စက်ကွယ်၊ အသက်ကလည်း နှစ်ဆယ်လောက် ရှိဦးမယ်၊ မိန်းကလေးနှယ်. . . ဖြစ်မှဖြစ်ရလေ. . ."

အတူစီးလာသော အဘွားကြီးက ငြိမ်သက်သွားသော ရင်မှ လက်ကို လွှတ်ခွာရင်း ပြောရှာသည်။

အမိမဲ့ဘဝဖြင့် လောကကြီးကို ခက်ခဲကြမ်းတမ်းစွာ ရင်ဆိုင်ရရှာတော့မည့် ကလေးငယ်သည်မူ ခရီးသည်အမျိုးသမီးကြီး၏ ရင်ခွင်မှာ. . .

"ဆရာ ဒီအလောင်းကို ဘယ်လိုလုပ်ကြမလဲ"

ရထား၏ တာဝန်ခံပုဂ္ဂိုလ်က မဖြေရှင်းတတ်တော့သလို ဒေါက်တာသက်ဦးလွင်သို့ မေးလိုက်သည်။

"ရွှေဘူတာမှာရပ်မြီး ဆေးရုံကိုပဲ ပို့ရမှာပေါ့၊ ဒါမှ ကလေးအတွက်လည်း အဆင်ပြေမယ်၊ အဲဒီကမှ သူ့အိမ်ကို အကြောင်းကြားရုံပေါ့"

"အဲဒါပဲကောင်းပါတယ် ဆရာ၊ ကျွန်တော် ဂါတ်ဗိုလ်ကိုလည်း ပြောပါ့မယ်၊ ဆေးရုံကို အကြောင်းကြားပြီး အလောင်းလာသယ်တဲ့အထိတော့ ရထားက စောင့်ပေးရမှာပေါ့"





"ရွှေ့ဆိုက်မှာ ဘာဘူတာလဲ"

"ပျဉ်းမနား"

"ဟာ"

"ဘာဖြစ်လို့လဲ ဆရာ"

"ကျွန်တော် အဲဒီမှာဆင်းရမှာ၊ အဲဒီဆေးရုံကို တာဝန်နဲ့သွားရမှာ"

"အခန့်သင့်လိုက်လေ ဆရာရယ်၊ ဆရာ ပါလာပေလို့သာ"

"ကျွန်တော်ပါပေမယ့် အလကားပါပဲဗျာ"

"ဩော်. . . ဒါတော့ သူ့ကံပါ ဆရာရယ်"

ဖျတ်လတ်သွက်လက်စွာ ဆရာဝန်စိတ် အပြည့်ဖြင့် ကြိုးကြိုးစားစား မွေးဖွားကုသပေးသည်ကို မြင်ရသော အနီးမှ အဘွားကြီးက ဖြေသိမ့်ပြီး. . .

"ဒီလောက် ကိုယ်ဝန်အရင့်အမာကြီးနဲ့များ တစ်ယောက်တည်း ခရီးထွက်လာတယ်၊ ဘယ်လိုဒုက္ခတွေနဲ့များ ကြုံလာလို့ပါလိမ့်၊ တစ်လမ်းလုံးလည်း ငိုလို့၊ ဘာမေးလို့မှလည်း မရဘူး၊ သူ့ယောက်ျားနဲ့များ ဘာဖြစ်လာသလဲ မသိပါဘူး"

အဘွားကြီးက ပြောဆိုနေဆဲ၊ ဘယ်သူမှ မကိုင်ရဲ မထိရဲသော လူသေကောင် လတ်လတ်ဆတ်ဆတ်ကို ဆေးရုံသို့ သယ်ယူရန် သင့်လျော်အောင် ဒေါက်တာသက်ဦးလွင်ကိုယ်တိုင် ဆောင်ရွက်ရပါ၏။

"ဟင်. . . သူ့မှာ ဘာပစ္စည်းမှ မပါဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှကို မပါဘူး၊ အနွေးထည်လေးတစ်ထည် ပခုံးပေါ်မှာ တင်ထားတယ်၊ လက်ထဲမှာ ရထားလက်မှတ်ကလေးကိုင်လို့ ခုတော့ ဘယ်တောင်ရောက်သွားလဲ မသိဘူး"

"ဟင်. . . မှတ်ပုံတင်ရော"

"မတွေ့ဘူး. . . ဘာမှကို မပါတာ"

"ဟင်"

"သူနဲ့အတူ မျက်ရည်ပဲပါတယ်"

"ဪ. . . သူ့လက်မှာတော့ လက်စွပ်ကလေးတစ်ကွင်း တွေ့တယ်"

အလောင်းရှင်၏ ပစ္စည်းဆို၍ စွယ်တာတစ်ထည်၊ လက်စွပ်တစ်ကွင်းမှလွဲ၍ ဘာဆိုဘာမှမပါရှိ။

လက်သူကြွယ်မှ ရွှေလက်စွပ်ကလေးပေါ်တွင်မူ. . .

T+K ဆိုသော အင်္ဂလိပ်စာလုံးလေးများ ထွင်းထားသည့် လက်စွပ်တစ်ကွင်းသာ ပါရှိသည်။

ရထား၏ ဥဩသံ ဆူဆူညံညံကို ကြားရပြီ၊ ပျဉ်းမနားဘူတာသို့ ရထားဝင်ပါပြီ။

တာဝန်ရှိပုဂ္ဂိုလ်များ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆေးရုံကားရောက်ရှိလာသည်။

ဒေါက်တာသက်ဦးလွင်ကို ကြိုဆိုသည့် ကားဆိုလျှင်လည်း မမှားပါ။

ထိုကားနှင့်အတူ. . .

ကြိုဆိုသူများ. . .





ဒေါက်တာသက်ဦးလွင်၊

လှလွန်းသည့် မိန်းမငယ်၏ သက်မဲ့ရုပ်ခန္ဓာ. . .

ပြီးတော့. . . လူ့လောကသို့ လောလောလတ်လတ် ရောက်ရှိလာသော လူသားသစ်ကလေးတစ်ဦး. . .

လက်စွပ်တစ်ကွင်းမှလွဲ၍ ခြေရာခံစရာ ဘာတစ်ခုမှ ပါရှိမလာသော မိန်းကလေး. . .

သူ့အိမ်၊ သူ့ခင်ပွန်း၊ သူ့မိဘ၊ ဆွေမျိုး၊ သူ့အမည် စသည်တို့ကို ဘယ်လိုမှ အစရှာမရအောင် ခြေရာဖျောက်လာခဲ့သော ခန္ဓာအပြည့်နှင့် မိန်းမလှလေးရယ်. . .

ဒေါက်တာသက်ဦးလွင်မှာ သနားစရာကောင်းလွန်းလှသော မိန်းကလေး၏အလောင်းကို ကြည့်ပြီးနောက် ခုတင်တစ်ခုပေါ်တွင် ဖြစ်သလို ခေတ္တချထားရသော ကလေးငယ်ကို ငုံ့ကြည့်လိုက်သည်။

ဪ. . . လူသားတစ်ဦးကို မွေးဖွားခြင်းနဲ့၊ လူသားတစ်ဦး သေဆုံးရခြင်းကို ပြိုင်တူလို ဖြစ်ခဲ့ရတယ်ကွယ်. . .

"မင်းဟာ ကံဆိုးလွန်းတဲ့ကလေးပဲ"

"မိခင်တို့ရဲ့ အတုမဲ့မေတ္တာတရားကို ရာသက်ပန် ဆုံးရှုံးခြင်းများနဲ့အတူ လောကအလယ်ကို ဝင်ရောက်ရတော့မယ့် သားလေးရယ်"

ဒေါက်တာသက်ဦးလွင်သည် ကလေးကို ပွေ့ယူ၍ ချစ်ခင်စွာပိုက်လျက် နီနီထွေးထွေး မျက်နှာလေးကို ငုံ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဖြစ်စ နုပျိုဖျတ်လတ်ဆဲ ဒေါက်တာသက်ဦးလွင်မှာ သူမွေးယူခဲ့သော ကလေးငယ်ကို ကြီးမားသော ကရုဏာတရားဖြင့် ရင်ခွင်မှာ မြတ်နိုးစွာ ပွေ့ပိုက်ထားလိုက်မိသော ထိုညမှစ၍...

◆ ◆ ◆





## ကိန္နရီအချစ်-ကိန္နရာမေတ္တာ

ဘီလူးချောင်းသည် လှိုင်ကော်မြို့၏ ရင်ခွင်ကို တိုးဝင်လျက်ရှိသည်။

စမ်းချောင်းများ၊ မြစ်များ၊ ချောင်းရိုးများစွာတို့သည် လူသားတို့ တည်ဆောက်အပ်သော မြို့ရွာများ၏ အရှေ့၊ အနောက် နံဘေး စသော အရပ်လေးမျက်နှာမှ ဖြတ်သန်းတတ်ကြသည်။

ဘီလူးချောင်းလိုမြို့၏ အလယ်တည့်တည့်မှ နေ၍ လှိုင်ကော်ကို နှစ်ပိုင်းခွဲကာ စီးဆင်းသွားသော ချောင်းမျိုး၊ မြစ်မျိုးကို မတွေ့ရဖူးသေး။

ဘီလူးချောင်း၏ သာမောဆွတ်ပျံ့ဖွယ် ခရီးစဉ်ကိုလည်း မစဉ်းစား မကြည့်နူးအား။

စဉ်းစားရကောင်းမှန်းလည်း မသိ၊ ကြည်နူးရကောင်းမှန်းလည်း နားမလည်သေး။

'ပြေ'သည် လျှော်ပြီးသား အဝတ်တစ်ပုံကြီးကို ရေမှာ နှစ်ကာနှစ်ကာ ဆေးနေရသည်။ သဘောကောင်းလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးချောင်းနှယ်။ အညစ်အကြေးများကို ချက်ချင်း သုတ်သင် သယ်ယူသွားတော့သည်။

ရေစီးကလည်း မြန်ပါ့။

"ပြေ. . . သမီး အဝတ်တွေက များလှချေလားကွယ်"

"ပြီးပါပြီ အဖေ၊ ရေဆေးနေတာ"

"ပေ. . . ပေး၊ အဖေ ရေဝိုင်းညှစ်ပေးမယ်"

"ဟာ. . . အဖေကလည်း၊ မိန်းမအကျီတွေချည်း အဖေရဲ့"

"အင်း. . . ဟိုမှာလည်း ထဘီက တစ်ပုံကြီးကျန်ပါသေးလား သမီးလေးရယ်"

"အဖေရာ. . . ရပါတယ်"

"သားအမိနှစ်ယောက်တည်းနဲ့ လဲလိုက်ကြတဲ့ အဝတ်တွေ၊ သူတို့ မလျှော်ရတိုင်း"

"သူတို့ မိသားစု ခိုင်းသမျှ လုပ်ရမှာက ပြေတို့ သားအဖရဲ့ တာဝန်ပဲလေ အဖေရယ်"

"အဖေ ကျွန်ခံရတာ ခံရစမ်းပါစေ၊ ငါ့သမီးလေး ပင်ပန်းတာ အဖေ မကြည့်ရက်ဘူး"

"ပြေ အားလုံး လုပ်နိုင်ပါတယ် အဖေရယ်၊ သွားပါ၊ လေယာဉ်ကွင်း သွားရဦးမှာဆို. . ."

"အေး. . . ဆရာရဲ့တူ လာမှာတဲ့"

"ဒါဆို သွားလေ၊ တော်ကြာ နောက်ကျလို့ အပြောခံနေဦးမယ်"





"ဒီ ဆေးပြီးသားတွေ အဖေ သယ်သွားမယ်နော်"

"အို. . . အဖေကလည်း. . . ထားခဲ့စမ်းပါ"

"ဩော်. . . ငါ့သမီး ငယ်ငယ်လေးနဲ့ ပင်ပန်းရှာတယ်"

'ဦးလူညို'၏ သမီးငယ်ပေါ်သို့ ကျရောက်သော ကရုဏာသည် ဘီလူးချောင်းရေအလျဉ်ထက် မလျော့နည်းပါ။

အရွယ်မရောက်သေးသည့် အမိမဲ့ သမီးလေးမှာ သူ၏ အရှင်သခင်များ ခိုင်းစေရာကို မနိုင်မနင်း လုပ်ပေးနေရရှာသည်ဟု ဦးလူညို ခံယူထားသော်လည်း သမီးကို မခိုင်းပါနဲ့ဟု ပြောနိုင်စွမ်းအားမရှိ။

သူတို့သားအဖ၏ တစ်ဝမ်းစာ ဝဖို့နှင့် တစ်ကိုယ်စာ ဝတ်ဖို့ကို ခြံကြီးရှင် သူဌေးတို့က ပေးကျွေးနေရုံမက နေစရာ တဲကလေးတစ်လုံးပါ ရရှိနေသေးသည်။

ပြေ သည်လည်း ထွက်သွားသော ဖခင်ကြီးကိုပင် မျှော်ငေး မကြည့်နိုင်အား။ အဝတ်များကို ဆက်ဆေးနေသည်။ ပြီးတော့ သားအမိနှစ်ယောက်၏ ထဘီငါးထည်ကို လျှော်ရပေဦးမည်။ မနေ့ကလည်း လျှော်ပြီးပါလျက် ဒီနေ့ ထဘီငါးထည် လျှော်ရန် ပေးသဖြင့် အချိုးကျတွက်လျှင် တစ်ရက်ကို တစ်ယောက်လျှင် နှစ်ထည်ခွဲစီ ဝတ်ကြသည်ဟု ဆိုရပေမည်။

"ပြေ"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ကမ်းစပ်မှာ 'မြတ်ဒေဝီ'

"ပြေ. . . ဘာကြည့်နေတာလဲ၊ လှလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ဘာခိုင်းစရာရှိလဲလို့ပါ"

"အို. . . ခိုင်းစရာမရှိပါဘူး၊ ဒါဆို. . . ဒေဝီက မလှဘူးပေါ့. . . ဟုတ်လား"

ထုံးစံအတိုင်း သူနှင့် ဆုံဆည်းရလေတိုင်း စိတ်ညစ်ညူးဖွယ် အမေးစကားများက ပါရှိမြဲ။

"ဒေဝီက လှပါတယ်"

အမှန်လည်း လှပါသည်။ တောက်ပဆန်းသစ်သော အဝတ်များ ဆင်ယင်ရရုံမက အိမ်ထဲမှ အပြင်သို့ မထွက်ရ၍ အသားလေးက ဖြူလို့၊ နုလို့၊ ဥလို့ပါ။

ပြေကဖြင့် နဂိုကတည်းက အသားညိုစိမ့်စိမ့်လေး ဖြစ်ရသည့်အထဲ အခုလို နေရောင်ခြည်အောက်မှာ အဝတ် လျှော်ရခြင်းမျိုးကို နေ့စဉ် လုပ်နေရသဖြင့် ပြေ့အသားရောင်က ညိုညိုမွဲမွဲ။

"ပြေ"

"ဟင်"

"ဒီနှစ် ရှစ်တန်းအောင်ပြီးရင် ကျောင်းဆက်တက်ဦးမှာလား"

"တက်မှာပေါ့၊ ဘာဖြစ်လို့လဲဟင်"

"သြော်. . . ဘကြီးညိုက ကျောင်းစရိတ် တတ်နိုင်ပါ့မလားလို့"

"ကိုယ့်မြို့နဲ့ကိုယ့်ကျောင်းပဲ တက်နိုင်မှာပါ၊ ဆယ်တန်းအောင်ပြီးရင်သာ တက္ကသိုလ်တက်နိုင်ဖို့ မလွယ်မှာပါ"





"ပြေ့ကို ဆက်တက်နိုင်အောင် ဒေဝီ ကူညီမယ်လေ"

"နေပါစေ ဒေဝီရယ်၊ ဆယ်တန်းကလည်း အောင်ဖို့မလွယ်ပါဘူး၊ အောင်ခဲ့ရင်လည်း အလုပ်တစ်ခုခုရအောင် ရှာရမှာပါ၊ အဖေ့ကို သနားလှပြီ"

"ဘကြီးညိုကို ဒက်ဒီတို့ကလည်း သနားလို့ ပေးကမ်းနေတာပါပဲ"

"ဟုတ်ပါတယ်၊ ဆရာတို့ကျေးဇူးကြောင့် တို့သားအဖ ဝတ်ရ၊ စားရ၊ နေရ၊ ထိုင်ရတာပါလို့ အဖေက အမြဲပြောနေပါတယ်"

ပြေ သည် အဝတ်အစားများကို ဆေးရင်း ညှစ်ရင်းက ဒေဝီကျေနပ်ပါစေရန် စကားများ ပြောနေရသည်။

"ပြေ"

"ရှင်"

"အို. . . ရှင်လို့ မထူးပါနဲ့ဆို၊ ပြေက ဒေဝီ့ထက်ကြီးတဲ့ ဥစ္စာ"

"သြော်. . . ဒါပေမယ့် ဒေဝီတို့က ပြေတို့ရဲ့ ကျေးဇူးရှင် မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် ရှင်လို့မထူးဘဲ ဒေဝီလို့ ပြန်ခေါ်နော်၊ ဟုတ်လား"

"ဟုတ်ကဲ့"

"ပြေ"

"ဒေဝီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့လေ ဘကြီးညို လေယာဉ်ကွင်းသွားတာ ဘာလို့လဲ သိလား"

"မသိပါဘူး ဒေဝီ"

ဆရာရဲ့တူ လာမှာတဲ့ဟု အဖေ ပြောသွားပါသော်လည်း မြန်မပြောရဲ၍ပါ။

"ဒေဝီရဲ့အစ်ကို လာမှာတဲ့၊ အဲဒါ မာမီက သိပ်မကျေနပ်လှဘူး၊ ကျောင်းလည်း ထားပေးရမှာတဲ့"

"ဩော်. . . "

"သူ့မှာ မိဘ မရှိဘူး၊ သူ့အမေက ဒက်ဒီရဲ့ ညီမဝမ်းကွဲတဲ့၊ အဲဒါ ဆုံးသွားတာ မကြာသေးဘူး။ ဒါကြောင့် ဒက်ဒီက ခေါ်ထားမှာ"

"ဟုတ်ကဲ့"

"ကျောင်းထားပေးရမှာတဲ့"

"ဩော်. . . "

"အိမ်မှာလည်း ခိုင်းဖို့စေဖို့ အဖော်ရတာပေါ့လေ"

သူတို့ထက် နိမ့်ကျသူတိုင်းကို ခိုင်းစရာ စေစရာ လူတွေချည်းဟု ထင်ရက်ကြပါပေ့။

"အစ်ကိုက သဘောကောင်းပါ့မလား၊ မသိဘူးနော်"

သူ့အပြောများကို ဘာမှမဖြေရဲ။

"မာမီက ပြောထားတာ ပြေရဲ့"

"ဘာကိုလဲယှင်"





"အဲဒီ အစ်ကိုရဲ့ မျိုးရိုးက အောက်တန်းစားတဲ့၊ သိပ်အရောမဝင်နဲ့တဲ့"

မှီခိုသူအဖြစ်နှင့် ရောက်လာရရှာမည့် မိဘမဲ့ ညီ့သည်သစ်အတွက် ရင်နင့်ရပါလား။

"သူ့ဘဝအကြောင်းကလည်း မကောင်းလိုက်တာ၊ သနားစရာပဲ၊ မိမရှိ ဖမရှိတဲ့"

"ဩော်. . . မတွေ့မိကပင် အကြင်နာတွေ ဝေခဲ့ရတဲ့သူရယ်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ပြေ"

"ဟာ. . . ဦးလေးပါလား"

"ဒါ. . . ဦးလေးရဲ့တူပဲ၊ ပြေနဲ့ အတန်းတူ တက်ရမှာမို့ လိုတဲ့စာအုပ်တွေ သူ့ကိုပြလိုက်၊ ပြောလိုက်၊ ကြားလား"

"ဟုတ်ကဲ့ပါရှင်"

"လိုတာ ဦးလေးဝယ်ပေးရအောင်၊ ဩော်. . . ပြီးတော့ စာလည်းပြပေး၊ ကျောင်းက ဆရာ ဆရာမတွေကိုလည်း အပ်ပေးလိုက်နော်"

"ရှင်"

"ဦးလေး ကျောင်းလိုက်မအပ်နိုင်ဘူး ပြေ၊ မအားဘူး၊ အဲဒါ ပြေပဲ ခေါ်သွားပေးပါ၊ သူလည်း ကလေးမှမဟုတ်ဘဲ"

"ဟုတ်. . . ဟုတ်ကဲ့ဦးလေး"

"ကဲ. . . ဟော့ကောင်၊ မင်းလိုတဲ့ကိစ္စ ပြေနဲ့ဆွေးနွေး. . . ဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့ခင်ဗျ"

"ဦးမောင်မောင်"မြတ်က ရုတ်တရက်ကြီး လှည့်ထွက်လျက် ဦးလူညိုမောင်းသည့် ကားပေါ်သို့တက်ပြီး ထွက်သွားတော့. . .

ပြေတို့နှစ်ယောက် ကြောင်နေကြသည်။

အကြည့်ချင်း ဆုံလိုက်ကြ၊ လွဲလိုက်ကြနှင့်. . .





ပြေ လူ့ဘဝရောက်သည်မှာ ဆယ့်ငါးနှစ်ရှိပါပြီ။ လူလူချင်း ဆုံရခြင်း၌ သည်မျှလောက် ချောက်ချားခြင်းမျိုး တစ်ခါမျှ မတွေ့ခဲ့ရ၊ မဆုံဖူးခဲ့။

"ကျွန်တော် ရောက်လာတဲ့အတွက် စိတ်ညစ်သွားလို့လား"

ပြေ၏ ကြောင်စီစီ စိုးရွံ့ရွံ့ အမူရာကြောင့် သူ့စိတ်အား ငယ်သွားပုံရသည်။ မျက်နှာလေး ညှိုးသွားပြီး ပြေ့ကို ကျောခိုင်းလိုက်သော်လည်း. . .

"တို့ဇာတိမှာ နေရင် ထမင်းတော့ မငတ်ပါဘူးလေ၊ ကျောင်းနေချင်လွန်းလို့ ဒီကိုလိုက်လာတာပါ၊ ကူညီနိုင်ရင်တော့ ကူညီပါလို့ တောင်းပန်ပါတယ်ဗျာ၊ မကူချင်ရင်လည်း ရပါတယ်၊ သွားတော့မယ်"

သူ ခပ်လေးလေး ထွက်သွားသည်။

လှမ်းမခေါ်မိ၊ တားရကောင်းမှန်းလည်း မသိ၊ ဘယ်လို စကားတွေ ပြောရမည်မှန်းလည်း မစဉ်းစားတတ်။

"အို. . . ဒုက္ခပါပဲ၊ ငါ့ကို သူဘယ်လို ထင်သွားလဲ မသိဘူး"

"သနားစရာလား၊ အားနာစရာလား၊ အို. . . တစ်ခုမှ မဟုတ်ဘူး၊ ရှက်စရာ. . . ရှက်စရာ"

"ငါ့နှယ်နော်. . . ဘယ်လို ဖြစ်တာလဲ၊ ဘာလုပ်ရမလဲ၊ သူ ပြန်သွားပြီ"

ဆယ်ကျော်သက်၏ ခံစားမှုဦး ရင်ပြင်သည် လေကြမ်း



www.burmeseclassic.com

www.burmeseclassic.com



အောက်မှ ကိုင်းပင်များနှယ် လှုပ်ရှားပုံက ယိုင်နွဲ့ယိမ်းထိုး လျက်. . .

ကျောင်းမှ ဆရာမ ဆူသည့်အခါ အိမ်ကြီးပေါ်မှ မိသားစု များနှင့် ရင်ဆိုင်ရသည့်အခါမျိုးတွင် ရင်ခုန်ရပုံမျိုးနှင့်တော့ ဆင်သည်။ ဒါပေမယ့် သူက တစ်မျိုးကြီး၊ တစ်ခုခု ထပ်ပေါင်း ထားသည်သို့ ရှိပါ၏။

ပြေသည် အခန်းလေးအတွင်းသို့ ဝင်လာပြီး သူ့စာအုပ် များကို တစ်အုပ်ချင်းယူ၍ တစ်ရွက်ချင်း လှန်ကြည့်သည်။ ပြေက အင်္ဂလိပ်စာ ညံ့သည်။ ကျန်ဘာသာရပ်များကတော့ မဆိုးလှ၊ အားလုံး လက်ရေးက လှလှပပ သေသေသပ်သပ်။ အင်္ဂလိပ်စာသင်ခန်းစာ စာအုပ်မှာတော့ ကြက်ခြေခတ်နီများက ဗလပွ။

"အို. . . ရှက်စရာကြီး"

ဒီစာအုပ်တော့ သူမပေးဟု စိတ်ကူးမိ၏။

"ငါကမှ အဖေရှိသေးတယ်၊ သူက အဖေရော အမေရော မရှိဘူးတဲ့၊ သနားပါတယ်၊ ငါပဲ သူ့စာတွေ ကူးပေးလိုက်ပါမယ်၊ အို. . . ဒါပေမယ့် သူ. . . သူ. . . ငါ့ကိုများ စိတ်ဆိုးသွားလား မသိပါဘူး"

"ပြေ. . . ပြေရေ"

"ဩော်. . . မမတင်ပါလား"

"အေး. . . မမက ခေါ်ခိုင်းလို့"

"ဟင်. . . ခံပြေ့ကိုလား"





"အေးပေါ့ဟဲ့. . . နင့် လာခေါ်တာ၊ နင့်အပြင် ဘယ်သူ ရှိသေးလို့တုန်း"

"ဘာလုပ်မလို့တဲ့လဲဟင်၊ အိမ်ကြီးပေါ် သွားရမှာ ပြေ ရင်ခုန်လွန်းလို့ပါ"

"ဘယ်မေးရဲပါ့မလဲအေ၊ သူတို့အကြောင်းလည်း ညည်း သိသားနဲ့"

"မမတင်"

"ဟေ"

"ဟို. . . ဒေဝီ မေမေက မေးရင် မြန်းရင် မမတင် ပြေ့နားမှာ နေပေးပါနော်၊ ပြေ ကြောက်လို့ပါ"

"အေးပါ၊ ငါ နေချင်ပေမယ့် သူက သွားဆို သွားရမှာပေါ့ အေရယ်၊ တို့တွေက သူတို့ရဲ့ ကျေးကျွန်တွေပဲ မဟုတ်လား"

"ကျေးကျွန်တဲ့"

ဘာမှ ပြန်မဖြေတဲ့ နောက်မှ လိုက်ခဲ့ရသော်လည်း ကိုယ့် ဘဝသည် ကျေးကျွန်ဆိုသော အသိကြောင့် ခံပြင်းသလိုလို၊ ဝမ်းနည်းမိသလိုလိုပါ။

မမတင်တို့ လင်မယားနှင့် ပြေတို့သားအဖသည် ဤအိမ်ကြီးပေါ်မှ အရှင်သခင်များ၏ ငယ်ပါကျွန်များဟု ပြော၍ ရမလားပင်။

တကယ်တော့ ဒီငြိမ်းချမ်းမြေ လှိုင်ကော်မြို့မှာ မွေးဖွား ကြီးပြင်းကြသူများ မဟုတ်ကြပါ။ အားလုံး ပျံ့ကျများချည်း။



www.burmeseclassic.com

www.burmeseclassic.com



ဤအရှင်သခင်တို့ နယ်မြေသစ်ရှာဖွေပြီး လာရောက်အခြေချသဖြင့် ပြေတို့တတွေ အဆစ်ပါလာခဲ့ရခြင်းပါ။

"ဟဲ့. . . ပြေ"

အမယ်လေးဟု မအော်မိအောင် မနည်းထိန်းလိုက်ရသည်။ ကိုယ့်စိတ်ကူးနှင့်ကိုယ် ရောက်လာပြီး အိမ်အဝ ရောက်သည်နှင့် လှမ်းငေါက်လိုက်သော "ဒေါ်ထိပ်ထားစု"၏ အသံကြောင့်ပါ။

"အရေးကြီးတဲ့ ဧည့်သည်တွေ လာစရာရှိလို့ ခိုင်းချင်လို့. . ."

"ဟုတ်ကဲ့"

"အိမ်ရှေ့ဧည့်ခန်းကို ကြမ်းတိုက်ပေးစမ်းပါ"

"ဟုတ်ကဲ့"

"အခု အားသလား"

"ဟုတ်ကဲ့"

"ကဲ. . . ဒါဖြင့် ဖယောင်းနဲ့ ရေနံနဲ့ ကျိုပြီးသားရှိတယ်။ တစ်ခါတည်း တိုက်ပေးသွားစမ်း"

မလွန်ဆန်ရဲ၍သာ ဟုတ်ကဲ့ဟု ပြောရသည်။ မနက်ကပင် အဝတ်တွေတပုံကြီး လျှော်ပြီးခဲ့ပါပြီ။ အဝေးကနေပြီး ပြေ သေအောင်လုပ်ရပါစေ. . . လုပ်ပေးပါမည်။ အိမ်ကြီးပေါ်မှာတော့ ပြေ ဘာမှလာလုပ်မပေးချင်။ သူတို့၏ အရှိန် မြင့်လားလေ ပြေတို့က နိမ့်ဝပ်ရလေမို့ ပြေ ဘာမှကို လာမလုပ်ချင်၍. . .





"အဖေရယ်. . . ပြေ့ကို အိမ်ကြီးပေါ် မသွားခိုင်းပါနဲ့၊ အဝေးကပဲ လုပ်ပေးပါရစေ"

"အဝေးကရော အနီးကပါ ဘယ်လုပ်စေချင်ပါ့မလဲ သမီးရယ်၊ အဖေပဲ ကျိုးလုပ်ပေးနေတာပါ။ ဒါပေမယ့် သူဌေးကတော်တို့က ခိုင်းရင် မနေသာဘူးပေါ့၊ သူတို့က အဖေတို့ရဲ့ ကျေးဇူးရှင်တွေ၊ အရှင်သခင်တွေ မဟုတ်လား"

ဖခင်၏ စကားကို ကြားယောင်လာ၍ ပိုပြီး ကျိုးနွံစွာ နာခံပါတော့မည်ဟု ပြေ ဆုံးဖြတ်လိုက်ရပါပြီ။

ကြမ်းတိုက်ရသည်ကလည်း တကယ်ပြောင်အောင် တိုက်တော့မည်ဆိုတော့ မလွယ်ကူ။ ကြက်မွေးနှင့် ဖုန်စင်အောင် သုံ့ရသည်က ပဏာမ စနစ်ကျပါမှ၊ ပြီးတော့. . . အဝတ်ခြောက်နှင့် တစ်ထပ် လိုက်သုတ်ရသေးသည်။

နောက်မှ ဖယောင်းနှင့် ရေနံကို အဝတ်စုတ်နှင့် တို့ကာတို့ကာ သုတ်ပြီးမှ နောက်ဆုံးအဆင့်က အရေးကြီးဆုံး၊ အပင်ပန်းဆုံး။

ပြေမှာ ကြမ်းပြင်တွင် ဒူးထောက်ပြီး ပုဆိုးကြမ်းစုတ်ကို သက်နှစ်ဘက်နှင့်ဆုပ်ပြီး ကိုယ်ကို ကိုင်းညွတ်ကာ အားနှင့် ပွတ်တိုက်ရသည်မှာ ချွေးပြိုက်ပြိုက်ကျလာသည်အထိပါ။

ကုလားထိုင်ပေါ်တွင် ခြေချိပ်ထိုင်နေသည့် ဒေါ်ထိပ်ထားစု၏ ခြေရင်းတဝိုက်ကို တွေ့ဝိုက်တိုက်ပြီး နဖူးပြင်မှ ချွေးသီးများကို လက်မောင်းသားလေးနှင့် ပွတ်သုတ်ရန် မော့လိုက်ချိန်မှာ. . .



www.burmeseclassic.com

www.burmeseclassic.com

"အို"

ခြေရင်းလှေကားထိပ်မှ အံ့ဩလွန်းစွာ ရပ်ကြည့်နေသော. . . 'သူ'

မောနေသည့် နှလုံးသားက ရှက်ကြောက်စိတ်ကြောင့် အခုန် ပိုမြန်လာသည်။

ဒေါ်ထိပ်ထားစု ရှိနေ၍ ထပြေးလို့မဖြစ်၊ ခြေရင်းဆုံးဖိနပ်စင်ရှိရာအထိ တိုက်ရပေဦးမည်။

"ဟဲ့. . . ပြေ"

"ရှင်"

"ဟောဒီနေရာ တစ်ချက် လာတိုက်စမ်း၊ ဖယောင်းတွေက အကွက်လိုက်. . ."

ဒေါ်ထိပ်ထားစု ညွှန်ပြလိုက်ပုံက ဘယ့်လောက်များ ပီပြင်လိုက်ပါသလဲ။ ခြေဖဝါးကိုကြွ၍ ခြေထောက်နှင့် ပြသလိုက်ခြင်းပါ။

ပြေ ဘာတတ်နိုင်ပါ့မလဲလေ။

သူ ခြေထောက်နှင့် ညွှန်ပြပြီး ထသွားသော နေရာသို့ ဒူးကလေးထောက်ပြီး လက်နှစ်ဘက်ဖြင့် တိုက်ရပြန်သည်။

"ဖယ်. . . ဖယ်၊ တို့ ဆက်တိုက်လိုက်မယ်"

မနက်တုန်းဆီက စာအုပ်မငှားလိုက်ရသည့် ဦးမောင်မောင်မြတ်၏တူ ဆိုသောသူ။

"အို. . . မဟုတ်တာ"

"ဖယ်ပါဗျာ. . . တစ်ခန်းလုံးကြီး တစ်ယောက်တည်း





တိုက်ရတာ သေရောပေါ့"

သူ့မျက်နှာနှင့် သူ့မျက်ဝန်းမှာ ဆန့်ကျင်ဘက် အရောင်နှစ်ရောင် ရောယှက်ဖြတ်သန်းလျက်။

တဘက်က ခံပြင်းမှုနှင့် ဒေါသအစွန်းအစ. . .

တဘက်က. . . ကြင်နာခြင်းနဲ့ ညှာတာခြင်း။

စောစောဆီက စာအုပ်မငှားခြင်း၊ စာကူးဖို့ မကူညီလိုက်မိခြင်းများအတွက် သူ စိတ်မကျေနပ် ဖြစ်သွားသည်ဟု သံသယရှိစရာ မလိုတော့။

"ဖယ်လေ"

"နေပါစေရှင်. . . သူတို့ကြိုက်မှာ မဟုတ်ဘူး"

သူ့ကို ဆက်မကြည့်ရဲတော့။ ငုံ့ပြီးသော ကြမ်းကို တအား ဖိတိုက်နေလိုက်မိသည်။

သူ့ထံမှ ဘာစကားသံမှ မကြားရသော်လည်း သူ ရပ်နေဆဲပါ။ သူလည်း အိမ်ရှင်တို့၏ အငြိုငြင်ကို ခံရဲရှာသူ ဟုတ်ဟန်မတူ။

အလုပ်ကလည်း ပြီးပြီ။ ဩဇာပေးမည့်သူလည်း မရှိတော့၍ ပြေက နေရာမှထပြီး ပြန်ခါနီးတွင်. . .

"စာကူးချင်ရင် လာယူနော်"

ဟု စကားသာ ပြောခဲ့သည်။ သူ့ရှေ့မှသာ ဖြတ်လာသည်။ သူ့ကို တစ်ချက်မှ မကြည့်ဝံ့၊ မကြည့်ရဲပါဘဲနှင့် ပြေသည် အိမ်ကြီးပေါ်မှ ဆင်းသက်လျက် သူ၏ တဲငယ်ဆီသို့ ပြန်ပြေးခဲ့ပါသတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

လှိုင်ကော်ညသည် တိတ်ဆိတ်လွန်းလှချေသည်။

ထိုအခါက. . .

နောင်တစ်ချိန်တွင် လှပအေးငြိမ်းခြင်းများဖြင့် ပိုမို စည်ကားလာမည့် လှိုင်ကော်မြို့ဟု ပြေတို့ မထင်ရဲခဲ့သေး. . .

အိမ်ရှေ့ခန်းဆီမှ အဖေ၏ ဟောက်သံကို ကြားနေရ သည်။ ပြေ အိပ်မပျော်သေးပါ။

အလုပ်ကြမ်းလုပ်ရသော အဖေသည် အရက်ကို ညစဉ် သောက်သည့်အကျင့် ရှိနေလေပြီ။ ပြင်းပျသော အညံ့စား အရက်ဖြူများသာမက အပြင်းဆုံးသော ကယားတို့၏ 'မီးဖြတ် အရက်'အထိ အဖေ သောက်နိုင်နေခဲ့ပြီ၊ အရက်သောက်သော် လည်း ညာဉ်မဆိုးသော အဖေသည် ဟောက်သံများဖြင့် အားရ ပါးရ အိပ်ပျော်နေတတ်သည်ချည်းပါ။

ပြေ သည်သာ. . .





အလွန့်အလွန် အတွေးခေါင်တတ်သော မိန်းကလေး တစ်ယောက်ဖြစ်ကြောင်း ပြေကိုယ်တိုင်မှတစ်ပါး အခြားသူများ မသိရှိ. . .

ပြေသည် ဖြစ်ပြီးသည်များကိုလည်း ပြန်၍ တွေးကြည့် တတ်သည်။

မဖြစ်ရသေးသည်များကိုလည်း ကြို၍ တွေးနေတတ် သည်။

တွေးတတ်လွန်းသော ပြေ့အတွက် တွေးတတ်လွန်းမှု ကြောင့်ပင် နောင်သောအခါတွင် ပြေ့ဘဝ၏ အကွေ့အစောင်း အပြောင်းအလဲတို့ ဖြစ်လာရပေလိမ့်မည် ဆိုသည်ကိုဖြင့် ပြေကိုယ်တိုင် နည်းနည်းလေးမှ မတွေးမိ။

သက်ကယ်မိုးများကြားမှ လရောင်သည် တဲတွင်းသို့ တိုးဆင်းနေသည်။

ထာဝရ ကြားနေရသော ဘီလူးချောင်း၏ ရေစီးသံသာ သည် ဆွတ်ပျံ့ဖွယ် တေးတစ်ပုဒ်ကို ဆိုညည်းနေသည်ဟု ပြေ ထာဝရ ယုံမှတ်စွာ နားစွင့်မိဆဲပါ။

လရောင်များ၊ စမ်းရေစီးသံများ၊ ပန်းပွင့်လေးများ ရှုက်ခြောက်ကြွေများသည် လူသားတို့အတွက် အပြစ်မယူတတ် သော မိတ်ကောင်းဆွေကောင်းများအဖြစ် ခံယူမိသည်။ ပြေ သည် သူတို့အားလုံးကို ချစ်ပါ၏။

ထိုစဉ်. . .

"ဥ. . . အူ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ချောက်ချားဖွယ် ခွေးအူသံကြောင့် ပြေ့အတွေးတို့ လွင့်ပြေးခွာခိုက်. . .

"ဘကြီးညို. . . ဘကြီးညို"

အရေးတကြီးခေါ်သံကြောင့် အိပ်ရာမှ ပြေ လူးလဲထသည်။

ခွေးအူသံ တိတ်သွားသဖြင့် လူစိမ်း သူစိမ်းမဟုတ်၊ အိမ်ကြီးပေါ်ကပင် ဖြစ်မည်ဟုထင်သည်။ ပြေ ထင်သည့်အတိုင်းပင်. . .

"ဘကြီးညို. . . ထပါဦးဗျ၊ ဆရာ ခေါ်ခိုင်းလို့၊ အရေးကြီးလို့တဲ့"

"ဗျို. . . ဘကြီးညို"

ခေါ်သံက ဆင့်ကာ ဆင့်ကာ ထွက်လာသဖြင့် ပြေကအဖေ့ကို အတင်းလှုပ်နှိုးပေးလိုက်ရသည်။

အိပ်ချင်စိတ်ရော အမူးရော မပြေသေးသော ဦးလူညိုမှာ ပထမ ငယောင်နန ဖြစ်နေသော်လည်း. . .

"အိမ်ကြီးပေါ်က ဆရာခေါ်ခိုင်းတယ်၊ အရေးကြီးလို့တဲ့"

ဆိုသော စကားလည်း ကြားလိုက်ရော အားလုံးပြေပျောက်ကုန်ပြီထင်သည်။ ရုတ်တရက် ထပြီး လာခေါ်သူနောက်သို့ ကသုတ်ကရက် လိုက်သွားပြီးမှ. . .

"သမီး တံခါးပိတ်ထားနော်"

သမီးငယ်ကို စိတ်မချစိတ်နှင့် မှာခဲ့သော်လည်း ပြေပိတ်ရသော ဝါးကပ်တံခါးလေးမှာ လူတစ်ယောက် ခြေနှင့်





တစ်ချက်ဆောင့်ကန်လျှင် ပွင့်ထွက်လာမည်သာ။

"တစ်နေကုန်လည်း အဖေ့မှာ လုပ်လိုက်ရတာ၊ ညလေးတောင် ကောင်းကောင်း မအိပ်ရရှာဘူး"

ဖခင်ကြီးကို သနားစိတ်နှင့် တွေးမိသည်။ ပြေ ကိုယ်တိုင်သည်လည်း အဝတ်များစွာ မနက်ပိုင်းဆီမှ လျှော်ခဲ့ရပြီး၊ နေ့လယ်တွင် ညှော်ခန်းကျယ်ကြီးတစ်ခုလုံး ကြမ်းတိုက်ခဲ့ရသဖြင့် လက်မောင်းတွေ အောင့်လှပါပြီ။

သည်လို လုပ်ပေးနိုင်ပါမှ ပြေတို့သားအဖ၏ စားရေး၊ ဝတ်ရေး၊ နေရေးနှင့် ပြေ ကျောင်းနေရေးကိစ္စများ ပြေလည်မည် မဟုတ်ပါလား။

"တဘက်က တွေးကြည့်ပြန်တော့လည်း သူတို့ဟာ တို့သားအဖရဲ့ ထမင်းရှင်၊ ကျေးဇူးရှင်ပါပဲလေ"

ကျိုးနွံစွာ တွေးရင်း နောက်ဘက်ဆီမှ ကဲလားတံခါးလေးကို အမှတ်မထင်ဟပြီး အိမ်ကြီးဘက်ဆီသို့ ကြည့်မိသည်။

"အို. . . ဘာလုပ်ကြတာပါလိမ့်"

အိမ်ကြီး၏နောက်ဘက်မှာ လှေတစ်စင်းနှင့် လူတစ်စု။

အံ့ဩစိတ်နှင့် အာရုံစိုက်ကြည့်လိုက်တော့ ဦးမောင်မောင်မြတ်နှင့် ဒေါ်ထိပ်ထားစုတို့ ပုံစံကို ဖမ်းရ၍ရသည်။ ပြီးတော့. . . ဒရမျိုးသား သုံးလေးယောက်။

တောက်ပနေသော လရောင်အောက်တွင် သူတို့ အရေးတကြီး လှုပ်ရှားနေပုံကို မြင်ရသည်။

"အို. . . ဟိုမှာ ဖြူဖြူကြီး"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးပေါ်မှ အပေါ်အဖြူ အောက်အဖြူ ဝတ်ရုံရှည်ကြီးနှင့် တရွေ့ရွေ့ လှမ်းလာသောလူသဏ္ဌာန်တစ်ခု။

သူ့လျှောက်ပုံက တစ်လှမ်းချင်း နှေးနှေး။ သူ့လက်မှာ တစ်စုံတစ်ခုကိုပိုက်လျက် မျက်နှာက ခြေလှမ်းရာသို့ ငုံ့ကြည့်လာသည့်ပုံစံမျိုး။

သူ့နောက်မှာ အမျိုးသမီးတစ်ယောက် လေးလံသော ပစ္စည်းတစ်ခုကို ရွက်လျက်. . .

"အို. . . နောက်က ဘာကြီးပါလိမ့်"

ပြေမှာ သိလိုဇောနှင့် အာရုံစူးစိုက်၍ ကြည့်လိုက်သည်။ မည်းမည်းနှင့် ရှည်မျောမျောအရာဝတ္ထုကြီးတစ်ခုကို ယောကျ်ားကြီးနှစ်ယောက် မနိုင်မနင်းမလျက် ခေါင်းရွက် အမျိုးသမီးနောက်မှ လိုက်သွားကြသည်။

"အို. . . ဟို ဖြူဖြူကြီးက လူမှ ဟုတ်ရဲ့လား၊ အရပ်ကြီးကလည်း ရှည်လိုက်တာ"

"ဟော. . . လှေဆိပ် ဆင်းသွားပြီ"

"အို. . . သူတို့လှေပေါ် တက်ကုန်ကြပါလား"

မည်းမည်းရှည်ရှည် အရာဝတ္ထုကြီးကို လှေပေါ်သို့ ခက်ခဲစွာ သယ်ချပြီးသည့်အခါတွင်. . .

"အို. . . အဖေ။ နောက်ဆုံးက ဆင်းသွားတာ အဖေပါလား"

"ဟော. . . လှေထွက်ပြီ၊ အဖေ ပါသွားပြီ"





ဘီလူးချောင်း၏ ရေစုန်အတိုင်း လှေသည် ညင်သာစွာ မျောချသွားချိန်မှာ. . .

ဖြူဖြူ မြင့်မြင့်ကြီးသည် လှေဦးမှာ ရပ်လျက်၊ လက်ကို ဆန့်တန်းလျက်ဖြင့် ပြေ၏ မျက်စိအောက်မှာပင် ချက်ချင်းလို ဝေးကွာပျောက်ကွယ်သွားပါပြီ။

ကျန်ရစ်သူအားလုံးသည် လေးလံထိုင်းမှိုင်းသော ခြေလှမ်းများဖြင့် အိမ်ကြီးဆီသို့ ပြန်လျှောက်လာပြီး အားလုံး အိမ်ပေါ် တက်သွားကြတော့သည်။

အချိန်က ညဥ့်သန်းခေါင်ကျော်. . .

ဟိုဘက်အိမ်ကြီးဟာ ဖြစ်လိုက်ရင် အဆန်းကြီးပဲ။

လုပ်လိုက်ရင်လည်း အမြဲခုလို ညဥ့်ကြီးသန်းခေါင်မှ. . .

အို. . . သူတို့ နေပုံ၊ ထိုင်ပုံ၊ လုပ်ကိုင်ပုံတွေဟာ အားလုံး အဆန်းချည်းပဲ။

မတ်တတ်ကြီး ပါသွားတဲ့ ဖြူဖြူကြီးဟာ ဒေဝီတို့ရဲ့ လူမြင်မခံဝံ့တဲ့ တစ်စုံတစ်ယောက်များလား. . .

ရှည်မျောမျော မည်းမည်းကြီးက ခေါင်းကြီးတစ်ခုများ၊ ဖြစ်နေမလား။

အမယ်လေး. . . ဘယ်သူ့အလောင်းကို ထည့်သွားတာပါလိမ့်. . .

ညဥ့်နက်သန်းခေါင်ကြီးမှာ လျှို့ဝှက်စွာ လုပ်ကိုင်နေကြတဲ့ အိမ်ကြီးပေါ်က အရှင်သခင်တွေနဲ့အတူ. . .

အဖေပါ ပါဝင်နေရပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လုပ်တာတွေဟာ ရာဇဝတ်မှုနဲ့ မကင်းရင်၊ ဥပဒေနဲ့ ငြိစွန်းနေရင် အဖေပါ အမှုပတ်တော့မယ်၊ ဒုက္ခပါပဲ။

အဖေ မပါ ပါစေနဲ့၊ အဖေ ဒုက္ခ မရောက်ပါစေနဲ့။

အုံ့ဩဖွယ်မြင်ကွင်းကြောင့် စိုးရိမ်ခြင်းများနှင့် ကင်းကွာ၍ မရသော ပြေသည့် . . .

ထိုညက လုံးဝ အိပ်မရတော့။

◆ ◆ ◆





"သူက လက်ရေးသိပ်လှတာပဲနော်"

"အစက မလှပါဘူး၊ ကျင့်ထားလို့"

"ကျင့်ရင် ရတယ်လား"

"ဘာမဆို အလေ့အကျင့်လုပ်ရင်၊ ကြိုးစားရင် ရတာပေါ့"

"ကြိုးစားတိုင်း ဘယ်ရပါ့မလဲ၊ ကြိုးစားတိုင်းသာ ရရင် ကျောင်းသားတွေ ပထမချည်းရမှာပေါ့"

"အဲဒါ မကြိုးစားကြလို့ပေါ့"

"ပြေ ကြိုးစားသားပဲ၊ အားရင် စာပဲကျက်နေတာ၊ တစ်ခါမှ ပထမ မရဘူး"

သူ့ကို ကြည့်လိုက်သည့် အကြည့်မှာ ရှက်ရိပ်၊ ဒေါသရိပ်များ ပါသွားလားမသိ၊ သူကတော့ ပြုံးလျက်ဖြင့် . . .

"တို့ စတာနော်၊ စိတ်မဆိုးရဘူး၊ အတန်းထဲမှာ အဆင့် ဘယ်လောက်ရလဲ"

"ဘိတ်ချိုးပါ"

သူက စာကူးရင်း အသံထွက်အောင် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးဝိတ်ဝါဟု ပြောသည်ကို သူ ယုံကြည်ပုံမရ ပြေ ရွှဲကြော သည်ထင်ပြီး ရယ်ခြင်းပါ။ တကယ်တော့ ပြေသည် စာမညံ့သလို စာတော်သူလည်း မဟုတ်ပါပေ။ ကြိုးစားအားထုတ်ခြင်းနှင့် ဆရာသမား၏ ဩဝါဒများကို လေးစားကျိုးနွံခြင်းများကြောင့် ပြေ၏ စာအုပ်တိုင်းတွင် သင်ခန်းစာအပြည့် ရှိနေပါ၏။

"ပြေက တို့လောက် လက်ရေးမလှဘူးဆိုပေမယ့် ရေးထားတာလေးတွေက အားလုံး သေသေသပ်သပ်ပါ. . ."

သူ စသည်ကို ပြေ မကျေနပ်ဖြစ်သွားသဖြင့် လိုက်လိုက်လျောလျောစကားတွေ သူပြောနေပေသည်။

"ပြေ ထမင်းစားပြီးပြီလား"

"အင်း"

"ဘာဟင်းချက်လဲ"

"ငါးနဲ့ မုန်ညင်း"

"ဘယ်လိုချက်လဲ၊ စားကောင်းမှာပဲနော်"

"မကောင်းပါဘူး၊ ပြေတို့က ဆင်းရဲသားပဲ၊ သူတို့သူဌေးအိမ်လောက် ဘယ်ဟင်းကောင်းပါ့မလဲ"

"ဟုတ်တယ် ပြေ၊ ဟိုအိမ်မှာ ကြက်သားရယ်၊ တောဝက်ရယ်၊ ချဉ်ရေဟင်းရယ် ချက်တယ်၊ သူတို့က သူဌေးတွေ မဟုတ်လား၊ ဒါပေမယ့် အဲဒီဟင်းတွေ တို့မစားရပါဘူးကွာ၊ ပဲပုတ်နဲ့ ခရမ်းချဉ်သီးချက်ကို ပုံပေးပြီး ချဉ်ရေဟင်း ဆမ်းပေးတယ်၊ အဲဒါနဲ့ စားခဲ့ရတာပေါ့"





ပြေက အံ့ဩလွန်းစွာ ကြည့်ပြီး. . .

"သူ တကယ်ပြောတာလားဟင်"

"တကယ်ပါ၊ ထမင်းတောင် ကောင်းကောင်းမဝဘူး၊ ထပ်မတောင်းရဲလို့ တော်လိုက်ရတာ"

"ဟင်"

သူဌေး၏ တူ၊ တနယ်တကျေးမှ ရောက်လာသူမို့ ပြေတို့နှင့် အဆင့်မတူသူဟု ပြေ မှတ်ယူခဲ့ပါသော်လည်း သူသည် ဒေဝီနှင့် တတန်းတစားတည်း မဟုတ်ရှာပါလား။

"သူ့မှာ အဖေအမေ မရှိဘူးလားဟင်"

"မရှိလို့ သူများဆီ လာနေရတာပေါ့"

"ဘယ်ရောက်ကုန်လဲ"

"မရှိကြတော့ဘူး"

"ဒီကို ဘယ်လိုရောက်လာတာလဲ"

"ဦးလေး ဦးမောင်မောင်မြတ်က တို့နေတဲ့ မိတ္ထီလာဘက်ကို ရောက်လာရင်း ခေါ်လာခဲ့တာ၊ ကျောင်းထားပေးမယ်ဆိုလို့ လိုက်ခဲ့တာ၊ တို့က ကျောင်းသိပ်နေချင်တယ်၊ ပညာတတ်ချင်တယ်၊ တို့လိုက်လာတာကို ဦးလေးမိန်းမက သိပ်ကြိုက်ပုံ မရဘူး"

"သူက ဘယ်သူ့မှ မကြိုက်ပါဘူး"

"ဒါပေမယ့် အိမ်မှာ ထင်းပေါက်တာကအစ ဝိုင်းလုပ်ပေးတော့ နည်းနည်းတော့ ကျေနပ်ပုံရပါတယ်"

"ပြေတို့ သားအဖလည်း သူတို့အတွက် မွေးဖွားသာရ



www.burmeseclassic.com

www.burmeseclassic.com



သလိုပါပဲလေ"

"ဘာတော်လဲ"

"ဘာမှ မတော်ဘူး။ အဖေက အလုပ်သမားပါ ကား လည်း မောင်းရတယ်"

"ဒါဆို ပြေနဲ့ တို့နဲ့က ဘဝတူပဲနော်"

စည်းလုံးခြင်းဖြင့် ရင်းနှီးမှုက ပိုလာသည်။ သူ့စာအုပ်များကို ပြေပါ ဝိုင်းကူပေး၍ အားလုံး ပြီးဆုံးသွားခဲ့ပါပြီ။

"သူ ထမင်းစားမလားဟင်"

"ဘာ"

"ထမင်းစားမလားလို့"

"ဟာ. . . နေ့လယ်ကြီး"

"နေ့လယ်ပေမယ့် ကျွေးစရာ မုန့်မှ မရှိတာ"

"စာလည်း ကူးပေးရသေးတယ်၊ ထမင်းလည်း ကျွေးဦး မယ်ဆိုတော့ မဟုတ်သေးပါဘူး ပြေရာ"

"ဒါနဲ့ မနက်က ထမင်းမဝဘူးဆို၊ ဆာနေမှာပေါ့"

"ဆာတော့ ဆာတယ်၊ ဒါပေမယ့် နေပါစေ၊ အားနာ စရာကြီး"

"ပြေ ညနေစာ မချက်ရသေးဘူး၊ ထမင်းကြမ်းရှိတယ်၊ အဲဒါပဲ စားလိုက်ပေါ့"

"ပိုရင်တော့ စားမယ်လေ"

ပြေက သံဇလုံထဲမှ ထမင်းကို ကြွေရည်သုတ် သံပန်းကန် တွင်းသို့ ထည့်ပေးရန် ရည်ရွယ်ဆဲ. . .





"နေပစေ၊ ဒီဇလုံနဲ့ပဲ စားလိုက်မယ်"

ပြေက ဝါးအုပ်ဆောင်းလေးကို ဖွင့်လိုက်ပြီး ငါးရည်ချို ချက်နှင့် မုန်ညင်းရွက်ကြော်ပန်းကန်ကို ချပေးလိုက်သည်။

ထမင်းသာ ပြောင်အောင်စားသည်။ ပြေတို့အတွက် ညနေစာကျန်ရန်ဟူသော အသိဖြင့် ဟင်းနည်းနည်းလေးသာ သူစားကြောင်း ပြေသိပါ၏။

ပြေ သနားသွားမိသည်။

ပြေ့နှလုံးသားမှာ ထာဝရရှင်သန်လေမည့် အကြင်နာ သစ်ပင်အတွက် ထိုနေ့က မျိုးစေ့ချခဲ့သည်ဟု ပြေ တစ်သက်တာ လုံး ခံယူနေမိတော့သည်။

"ပြေ. . ."

"ဟင်. . ."

"ဦးလေးတို့က ဘာအလုပ် လုပ်တာလဲဟင်"

"ဟော. . . သူက အတူနေပြီးတော့. . ."

"အတူနေတယ်ဆိုပေမယ့် တို့ရောက်လာတာ ရက်ပိုင်းပဲ ရှိသေးတာပဲ၊ သူတို့ဘာတွေလုပ်နေကြလဲလို့ သိချင်လို့"

"ဘာထူးခြားတာ တွေ့လို့လဲဟင်"

"ဟာ. . . ထူးခြားဆို ညဘက်မှ အလုပ် လုပ်ကြတာ။ ဘာတွေမှန်းလည်း မသိဘူး"

တစ်နေ့က လပြည့်ညမှာ သူတို့တွေ လှေဆိပ်မှာ အလုပ် လုပ်နေကြသည့်အကြောင်း ပြေ သတိရလာသည်။ မိုးလင်းပြီးမှ ပြန်ရောက်လာသော အဖေ့ကို မေးတော့လည်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကလေးနဲ့မဆိုင်ပါဘူး၊ သူတို့အကြောင်းတွေ သမီး ဘာမှမသိချင်နဲ့"

ဟူသော အဖြေကြောင့် ပြေ ငြိမ်နေခဲ့ရသည်။ ယခုတော့ မြေ့အတွက် သူတို့နှင့်ပတ်သက်သော ဆွေးနွေးစရာ အဖော်ရခဲ့ပါပြီ။

"တစ်နေ့က. . . လပြည့်နေ့ညတုန်းကလေ၊ အဲဒီအိမ်ပေါ်က ဖြူဖြူကြီး ဆင်းလာတာ ပြေ မြင်ရတယ်"

"ဟင်. . . ဖြူဖြူကြီး. . . လူလား သရဲလား"

"လူပဲဖြစ်မှာပေါ့။ လှေဆိပ်ဆင်းပြီး လှေနဲ့ထွက်သွားတယ်၊ အဖေတောင် ပါသွားသေးတယ်"

"ဟာ. . . ဒါဆို မေးမကြည့်ဘူးလား"

"ကလေးနဲ့မဆိုင်ဘူးတဲ့၊ ဘာမှမသိချင်နဲ့တဲ့"

သူက ပြေ၏ ဖွံ့ထွားစ ခန္ဓာကိုကြည့်ပြီး ကလေးမဟုတ်တော့ပါဘူးဟု ပြောချင်သော်လည်း သည်စကားတော့ မပြောဖြစ်တော့ပါ။

"အိမ်ပေါ်မှာ လူတစ်ယောက် ပုန်းနေတာရှိတယ် ပြေရဲ့"

"ဟာ. . . ဟုတ်လို့လား"

"ဟုတ်တယ်၊ အပေါ်ထပ် ဘုရားခန်းဘေးမှာ၊ အဲဒီဘက်ကို တို့ဖြတ်သွားမိလို့ အဆူခံလိုက်ရတာ၊ အဲဒီတည်းက တို့ကို အောက်ထပ်ဆင်းခိုင်းပြီး အပေါ်ကို လုံးဝတက်ခွင့်မပေးတော့ဘူး"

"ပြေတို့ နေတာကြာလှပါပြီ၊ သူတို့မိသားစုသုံးယောက်နဲ့





အလုပ်သမားတွေပဲ ရှိပါတယ်။ လူတစ်ယောက်က ဘာလို့ပုန်းနေရတာလဲ၊ ဟုတ်လို့လား"

"တကယ်ဟုတ်တယ် ပြေ၊ လူမြင်မခံဝံ့တဲ့ လူတစ်ယောက် အဲဒီအိမ်ကြီးရဲ့ အပေါ်ထပ်မှာ တကယ်ရှိနေတယ်"

"ယောကျ်ားလား၊ မိန်းမလား"

"ဒါတော့ မသိဘူး"

"ဒါဆို ဟိုညက ပြေ မြင်လိုက်တဲ့ ဖြူဖြူကြီးလား မသိဘူး"

"ပြေ မြင်လိုက်တယ်လား"

"အင်း. . ."

"ပြောပြစမ်းပါ"

ပြေမှာ သူမြင်ရသမျှ အသေးစိတ် ပြောပြလိုက်မိပြီးမှ. . .

"အဲဒါတွေ ဟိုအိမ်ကြီးကို သွားမပြောပါနဲ့နော်၊ မြေ့ကို အဖေရိုက်လိမ့်မယ်"

"စိတ်ချ၊ တို့က ကတိတည်ပါတယ်"

ပြေသည် သူ့ကို တကယ်ပင် စိတ်ချလက်ချ ယုံကြည်လိုက်မိပါသည်။

"အဲဒီကိစ္စကို ပြေနဲ့ တို့နဲ့ နှစ်ယောက်ပေါင်းပြီး စောင့်ကြည့်ကြရအောင်နော်"

"သူတို့မိသွားရင်တော့ သေပြီ"

"ပြေက သိပ်ကြောက်တတ်တာပဲနော်"

"ဟုတ်တယ်၊ အဲဒီတစ်အိမ်လုံးကို ပြေ သိပ်ကြောက်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

"ဟုတ်တော့ ဟုတ်တယ်၊ သူတို့က အထက်စီးက သိပ်နေချင်တာပဲ။ သူဌေးဆိုတဲ့ မာနကလည်း ကြီးလွန်းပါတယ်၊ တို့ကိုခေါ်တာတောင် နာမည်မခေါ်ဘူး၊ ငထွန်းတဲ့"

"သူ့နာမည်က ဘယ်သူမို့လဲ"

"ဟာ. . . ဟုတ်ပါရဲ့၊ ပြေ ကျွေးတဲ့ ထမင်းတစ်နပ်တော့ စားပြီးပြီ တို့နာမည်ကို မပြောမိ၊ မိတ်ဆက်မပေးမိသေးဘူးနော်"

"ကျောင်းနာမည်က တစ်မျိုး၊ တို့ ပြောင်းချင်တာက တစ်မျိုး ပြေရဲ့"

"ပြောလေ"

"တို့ ဖြစ်ချင်တာက နေမင်းထွန်း၊ ဆရာဝန်ဖြစ်ရင် ဘယ်လောက်လှမလဲ။ ဒေါက်တာနေမင်းထွန်း"

"ဟင်. . . သူက ဆရာဝန်လုပ်မှာ"

"ဖြစ်အောင် ကြိုးစားရမှာပါ"

"အခု နာမည် ပြောဦးလေ"

"ဝင်းထွန်း တဲ့"

"သြော်. . ."

"ပြေကတော့ တို့ကို အရိုးဆုံးနာမည်ပဲ ခေါ်နော်၊ တို့ သူငယ်ချင်းတွေ တို့ကို ထွန်းလို့ပဲ ခေါ်ကြတယ်။

"ထွန်း. . ."

နှုတ်မှရော ရင်ထဲမှရော ခေါ်ကြည့်မိသည်။

"ဟုတ်တယ်. . . ထွန်းလို့ပဲခေါ်နော်၊ ပြေနဲ့ သူငယ်ချင်း





ဖြစ်ရတာ တို့ ပျော်တယ်"

ပြေက ပြုံး၍ ခေါင်းညိတ်ပြမိသည်။

"တဲ. . . အားလုံးအတွက် ကျေးဇူးပဲ ပြေ၊ ထွန်း သွားတော့မယ်နော်"

တို့မှသည် ထွန်းဟု ပြောင်းလဲတင်စားသွားသော ထွန်းဆိုသည့် သူရယ်. . .

သူ ပြန်သွားသော်လည်း သူနှင့် ပတ်သက်သော တစ်စုံတစ်ခုသည် ပြေ၏အနားမှာ ရှိနေသည်သို့. . . ကျန်ရစ်ခဲ့သည်သို့. . . ပါလားကွယ်။

"ထွန်း. . . ထွန်း. . . တဲ့"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

တောင်ကြီးမြို့တွင် နေထိုင်သော "မေ"တို့ မိသား[စု]
သုံးယောက် မြေတို့အိမ်သို့ ပြန်ရောက်လာခဲ့ကြသည်။

"သမီးလေး. . . ခေါ်ပြလိုက်စမ်း အန်တီမြေ. . .
လို့. . ."

"အာ. . . တီ. . . မေ"

မြေမှာ တစ်နှစ်သုံးလနှင့် စကားတတ်နေသော တူမလေး[၏] မပီကလာ ပီကလာအသံလေးကြောင့် နှစ်မြို့က်စွာ ရယ်မော[၍]ပြီး ကောက်ချီ၍ ဖက်ထားလိုက်သည်။

မြေ့အစ်မ "မေ"သည် မြေ့လို ညိုညိုသွယ်သွယ်လေး မဟုတ်။ ဖြူဖြူ တုတ်တုတ် ခပ်ပုပု ဖြစ်သည်။ ညီအစ်[မ] နှစ်ယောက်က မျက်နှာတူသော်လည်း ပုံစံချင်းလုံးဝမတူ။

တူမလေး "ဆောင်းနှင်းဝေ"သည် ဖြူဖြူဝဝလေးမို့ သိ[ပ်]ကို ချစ်စရာကောင်းလှသော တူမလေးအဖြစ်နှင့် မြေ ရင်နှ[င့်] အောင် ချစ်မိသွားမိပါပြီ။

"အမေ ပိန်သွားလိုက်တာ"





"အလုပ်ကလည်း ပိုပင်ပန်းတယ်၊ အရက်ကိုလည်း [ပို]သောက်လာတယ် မမမေ၊ မြေတော့ ဘာမှမပြောပါဘူး၊ မမမေ[ပဲ] ပြောသင့်ရင် ပြောခဲ့ပေးပါ"

"အင်း. . . အဖေ အရက်သောက်တာ ပြောရမှာ [ခက်]တာ်သား၊ ဒါနဲ့ အလုပ်ပင်ပန်းတယ်ဆိုတာက ကားမောင်းရတာ [ကို]ပဲ ပြောတာမဟုတ်လား"

"ဘယ်ဟုတ်မလဲ၊ အိမ်ကြီးပေါ်က သူဌေးတွေက အကုန်[လုံး] ခိုင်းနေတာ"

"ဟင်. . . အဖေက ငွှခံနေတာပဲလား"

"အဖေက ဒီအလုပ်ပြုတ်သွားမှာ ကြောက်နေရှာတယ် [မ]မေ၊ ဒီအလုပ်လေးကြောင့် သူတို့ခြံထဲမှာ နေခွင့်ရတယ်၊ စားဖို့ [ရ]လုံတယ်၊ ပြီးတော့ မြေ့ကို ကျောင်းထားပေးနိုင်တယ် မဟုတ်[လ]သား"

"အေး. . . ငါလည်း ပေးချင်ပါတယ်၊ ကိုမြင့်အေး လခနဲ့ [က]လေးကလည်း ကြီးလာတော့ တစ်လနဲ့တစ်လ ပိုတယ်လို့ကို [မ]ရှိပါဘူး"

"မြေတို့ကိုတော့ ပေးစရာမလိုပါဘူး၊ အဖေ့ကို သနား[လို့] ဆယ်လို့သာ ပြောပြတာပါ။ မြေလည်း ဆယ်တန်း အောင် [အောင်]အောင်တော့ နေချင်တယ်၊ အောင်ပြီးရင် အလုပ် လုပ်မယ်၊ အဖေ့ကို နားခိုင်းလိုက်တော့မယ်"

"အေးဟာ. . . ကြိုးစားပေါ့၊ ခုဆို ကိုးတန်း၊ နှစ်လယ် [လော]ောင် ရောက်နေပြီပဲ၊ နင် အလုပ် လုပ်ရင် တောင်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



လာလုပ်ပါလား၊ ဒါမှ တို့သားအဖတွေ စည်းစည်းလုံးလုံး ပြန်နေရမှာ"

"အစ်ကို မြင့်အေး အလုပ်က လှိုင်ကော် ပြောင်းလို့မရဘူးလား"

"ဘယ်ရမှာလဲ၊ သူက စာရေးပဲဟာ၊ အရာရှိမှ နယ်ပြောင်းရတာ၊ နင်ကလည်း လှိုင်ကော်မှာ ဘာများ သံယောဇဉ်တွယ်စရာ ရှိတာလိုက်လို့"

ထွန်း. . . ဟူသော သံယောဇဉ်သည် ကျောက်သားကျောက်ဆောင်တစ်ခုလို၊ ဒီ လှိုင်ကော်မြေမှာ ခိုင်မာစွာ အမြစ်တွယ်လျက်ရှိနေပြီဖြစ်ကြောင်းကိုဖြင့် မမမေကို မပြောဝံ့။

"အာတီပေ ပင်တွားမယ်"

ညီအစ်မ နှစ်ယောက် လေကျနေသဖြင့် ကလေးက အိမ်ပြင်သို့ လက်ညှိုးလေးထိုးပြီး ပြောတော့မှ. . .

"တူမလေး ပျင်းနေပြီလား၊ လာ. . . လာ. . . အန်တီနဲ့ ခြံထဲမှာ လမ်းလျှောက်မယ်နော်"

"နင့်တူမက အလည် ပြေရဲ့၊ ကြည့်နေ၊ တစ်ဆင့်ပြီးတစ်ဆင့် ခိုင်းပြလိမ့်မယ်။ အပြင်လည်းထွက်ပြီးရော နင့်ကို ပူဆာပြလိမ့်မယ်"

"ဘာလဲ"

"ခေါ်သာသွား. . . သူ့ဟာသူ ပြောလိမ့်မယ်"

ဝကစ်ရုနေသော တူမလေးကို ပိုက်ချီရသည်မှာ တနင်တပိုးကြီးနှင့် နွေးနွေးထွေးထွေးရှိလှသည်။



"မုန့်မုန့်ချွားမယ်"

"အဟား. . . ဟား. . . ဒါကြောင့် မမမေက ပြောတာတို့၊ တစ်ဆင့်ပြီးတစ်ဆင့် ခိုင်းမယ်လို့"

ပြေမှာ သူ့တူမ သူ့ကို လူလည်ကျသွားပုံ အဆင့်ဆင့်ကို သဘောအကျကြီး ကျပြီး. . .

လမ်းပေါ်သို့ ထွက်ခဲ့သည်။ လမ်းထိပ်ထောင့်မှ အိမ်ဆိုင်လေးတွင် ဖီးကြမ်းငှက်ပျောသီးတစ်လုံးကို ဝယ်နေခိုက် သူက ဓနိပူး ဖန်ပုလင်းများထဲမှ မုန့်များကို တစ်ခုပြီးတစ်ခု လက်ညှိုးထိုးနေတော့သည်။ ချစ်စရာကောင်းလှသော တူမလေးကို ကြည့်ပြီး ဆိုင်ရှင် ဒေါ်စူးမြာက. . .

"ပြေ့တူမလေးက ချစ်စရာလေးဟယ်. . . နာမည်က ဘယ်သူတဲ့လဲ"

"တူမလေး. . . ပြောလိုက်လေ. . ."

"ပေါ်ဘူး"

မပြောချင်တဲ့စကားကိုလည်း ငြိမ်မနေ၊ မပြောဘူးဟု ပြန်ပြောပြီး သူ့အာရုံက ငှက်ပျောသီးဆီမှာ ကျရောက်နေ၍ ပြေက. . .

"ဆောင်းနှင်းဝေ. . . တဲ့ ဒေါ်လေးစူးမြာ"

"နာမည်လေးကလည်း ချစ်စရာပဲ၊ နင့်တူမ အပျိုဖြစ်ရင် ကြိုက်မယ့်လူတွေ အားကြီးနေမှာ"

ငှက်ပျောသီးသာမက ရွှေတ်သီးတောင့်ပုံ သကြားလုံးလေးပါ ဝယ်ပြန်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောက်ချလိုက်လေ ပြေ. . . သူ့ကိုယ်ကြီးက အလေးကြီး၊ သမီး အောက်ဆင်းလျှောက်လေ"

နောက်မှအသံကြောင့် လှည့်ကြည့်လိုက်တော့ ဆောင်းနှင်းဝေ၏ ဖေဖေ အစ်ကိုမြင့်အေး. . .

"ရပါတယ်၊ ပြေ ချီချင်လို့ပါ"

သူက ဘာမှဆက်မပြောတော့ဘဲ ပြေတို့ တူအရီးကို ဖြတ်ကျော်လျက် အိမ်ဘက်သို့ လျှောက်သွားနှင့်တော့သည်။

ကိုမြင့်အေးဆိုသော မမမေ၏ ခင်ပွန်းသည်. . .

ဘဝကို ကိုယ်က ထိတွေ့နိုင်အောင် လျှောက်လှမ်း၍ ရင်ဆိုင်သူမျိုးမဟုတ်။

ထိတွေ့ဖြစ်ပျက်လာသမျှကို ထိုင်ပြီး ခံယူနေတတ်သည့် လူစားမျိုးပါ။

ဆယ်တန်းအောင်ပြီးစာရေးဝင်လုပ်သည်။ ပြီးတော့. . . မိန်းမယူ၊ ကလေးမွေး၊ လခအပ်၊ အသောက်အစားမရှိသည်လောက်နှင့် သူ့ဘဝကို ထာဝရ ကျေနပ်နေလေသူသာ. . .

ထိုခေတ် ထိုအချိန်က ဆယ်တန်းအောင်ပြီးသူတိုင်း ဒီဂရီတစ်ခုခုရရန် ကြိုးစားကြသည်။ ဒီဂရီရပြီးသူတိုင်းလို အရာရှိဖြစ်ကြသည့် အချိန်ပါ. . .

သူကတော့ သူ့ဘဝသည် ပြည့်စုံပြီးဆုံးသွားတော့သည့် အိမ်နှင့်ရုံး စက်ရုပ်တစ်ခုလို လည်ပတ်နေသူသာ။

အရာတိုင်းကို တွေး၍ လူတိုင်း၏စရိုက်ကို သူ့ဉာဏ်





သလောက်နှင့် စိပ်ဖြာကြည့်ရှုလေ့ရှိသော ပြေမှာ ခဲအိုကြီးကို နောက်မှကြည့်၍ ဝေဖန်ရင်း ခြံထဲသို့ပြန်ဝင်လာခဲ့ချိန်မှာ. . .

တဲ၏ပြင်ပ၌ မမမေနှင့် စကားပြောနေသော 'ထွန်း'ကို တွေ့ရပါ၏။ သူတို့ချင်းလည်း ရင်းနှီးနေကြပြီ။ မမမေတို့ တောင်ကြီးမှ ကားနှင့်ရောက်လာသည့်နေ့ကစပြီး ထွန်းက ကူညီသယ်ချပေးခဲ့သည်မှ စပါ၏။

"ညနေကျ 'တောင်ကွဲစေတီ' သွားကြမလို့၊ မောင်ဝင်းထွန်း လိုက်ခဲ့ပါလား"

"ကျွန်တော် အားရင် လိုက်ခဲ့ပါ့မယ် မမမေ"

"ထွန်းကလည်းဟယ်. . . အားအောင် အလုပ်တွေ အစောကြီး လုပ်ထားပေါ့"

"ပြေရယ်. . . နင်ကလည်း မသိတာ ကျနေတာပဲ၊ သူတို့ ခိုင်းချင်တဲ့အချိန် ကောက်ခိုင်းတာပဲဟာ"

"လိုက်ခဲ့ရအောင် ကြိုးစားပါ ထွန်းရာ၊ ထွန်းပါမှ ပြေ ပျော်မှာ"

"အေးပါ၊ ငါက သာလိုက်ချင်သေးတယ်"

နင်တွေ ငါတွေနှင့် တရင်းတနှီး ရှိနေကြသော ဆယ်ကျော်သက်ရွယ်လေး နှစ်ယောက်တို့၏ သံယောဇဉ် မျိုးစေ့လေးများစွာမှသည် မေတ္တာတောတန်းလေးဖြစ်အောင် ကြီးထွားရှင်သန်လာကြပေတော့မည်ဟု အိမ်ထောင်ရှင် မေ သိရှိနေပါသော်လည်း. . .

သူတို့ကိုယ်တိုင်တမူ မခွဲနိုင်သော တွယ်တာခြင်းမှ လွဲ၍



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ တိကျစွာ သရုပ်မခွဲတတ်ကြသေး။

"ကိုမြင့်လည်း ပြန်လာပြီ၊ တို့ 'ဒေါ်မေရုပ်'ဘက် ခဏ သွားလိုက်ဦးမယ် မြေ၊ စိမ်ထားတဲ့ အဝတ်တွေ ငါလာမှ လျှော်မယ်နော်၊ ထားလိုက်"

"အမယ်လေး၊ ဒီအဝတ်ကလေးလောက်များ အပျော့ အိမ်ကြီးပေါ်က လျှော်ခိုင်းတဲ့အဝတ်တွေများဆို တပုံတပင် ကြီး. . . နော်၊ ထွန်း. . . နော်"

"ဟုတ်တယ်. . . မမမေရ"

"အေးလေ. . . သူတို့ဝင်ငွေက ကျွတ်အောင် စာကြိုးစားကြ ပေါ့"

ညီမလေးအတွက် စိတ်မကောင်း ဖြစ်ရသော်လည်း သူကိုယ်တိုင် မကူနိုင်၊ မကယ်နိုင်သဖြင့် မျှော်လင့်ချက် ထွက် ပေါက်လေးကို ညွှန်ပြပြီး သူတို့သားအဖသုံးယောက် ထွက်သွား ကြတော့သည်။

"လာလေ မြေ. . .၊ အဝတ်သွားလျှော်ရအောင်"

"နေပါစေ ထွန်းရာ"

"လာစမ်းပါ၊ နင့်ကို ငါ ဝိုင်းကူမလို့"

"ထမင်းစားပြီးပြီလား ထွန်း"

"ဟင်အင်း"

"ဟယ်. . . ဆာနေမှာပေါ့၊ နေမြင့်လှပြီ"

"သူတို့တွေ မစားရသေးဘူးလေ၊ သူတို့ မစားခင် တို့မှ စားခွင့်မရှိတာ"





"ဒီမှာစား. . . ထွန်း"

"တော်ပြီ. . . မြေ၊ ငါတကယ် မဆာတာ၊ မနက်က 'ဦးအောင်'ရယ် ကောက်ညှင်းတွေ ပေါင်းလို့ ငါအဝစားရတယ်"

"တော်သေးတာပေါ့ဟယ်"

"ကဲ. . . လာပါ၊ အဲဒီ ဘီလူးချောင်းဘေးမှာ နင်နဲ့ ထိုင်ရ ရေဆော့ရတာ ငါသိပ်ပျော်တာပဲ"

သူထက် ဆယ်ပြန်ပျော်သော မြေက ဘာမှ မပြောဖြစ် တော့။ အဝတ်ဇလုံမှ ရေများကို စောင်းသွန်ပြီး ခါးစောင်း တင်လျက် နောက်ဖေးဘက်သို့ ထွက်ခဲ့ကြသည်။

နေသည် မြင့်တက်၍ အပူရှိန်လည်း ရင့်လျက်ရှိနေချေပြီ။

ဘီလူးချောင်းရေလျှာသည်မူ အေးမြစိမ့်ကြည်စွာ စီးဆင်း လျက်ပါ။

မြေတို့ ခြံကြီး၏ နောက်ဘက်မှာ ဘီလူးချောင်းသည် ညင်သာစွာ စီးဆင်းလျက်။

လျှော်နေကျ ကျောက်ပြားဝိုင်းကြီးပေါ်မှာ မြေက ဆပ်ပြာတိုက်ပြီး အဝတ်သုံးလေးထည် စုပူး၍ ဆောင့်လျှော် လိုက်၊ ရေထဲမှာရပ်နေသော ထွန်းထံ လှမ်းပစ်ပေးလိုက် လုပ်နေ သည်။

ထွန်းက စီးဆင်းနေသော ရေအလျဉ်မှာ အဝတ်များကို စင်ကြယ်သည်အထိ ဖြန့်ကားနှစ်စိမ်လျက် ဆေးကြောပြီး ညှစ်ပေးရှာသည်။

သူ့ဒူးနှားနီးအထိ ရေမြုပ်သောနေရာမှာရပ်၍ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ သူ့ဝဒုံးထက်မှာတင်လျက် ဆက်လက် ဆေးပေးနေရင်းက ထုံးစ အသံတောင်းသော သူ့အသံကြကြီးနှင့်. . .

×ဟိုရှေးအခါက. . . ယခုထိတိုင်သာ သီတာ မြစ်ရေ အလျဉ်သည်×× စီးဆင်းနေမြဲ×ဖြစ်သည်၊ ဒီအသိ တရားနဲ့×× သံယောဇဉ်ကြိုး ဖွဲ့နှောင်ချည်××

ဩော်××တွေးရင်းနဲ့လည်း တဝဲဝဲလည်မို့××× ငယ်. . . က ချစ် အနှစ်တစ်ရာ×× မမေ့သာသည်။

ထွန်း၏အသံသည် ဆွဲဆောင်နိုင်သော အနုပညာရသ မမြောက်သော်လည်း ပြေ၏ ရင်ထဲ၌ တုန်ခါအောင် လှုပ်ခတ် သွားရသည်။

ဘိလူးချောင်း စီးဆင်းနေသော ရေအလျဉ်ကို ကြည့်ပြီး ဘာရယ်မဟုတ်၊ ထိုစဉ်က ခေတ်စားနေသော စန္ဒရားချစ်မောင် ၏ သီဖွဲ့မှုတေးကို တစ်ပိုင်းတစ်ဝက် သီဆိုပြီး အမှတ်မထင် ပြေ့ကို ကြည့်လိုက်မိတော့သည်။

ထွန်း မျက်ဝန်းမှ ရောင်စဉ်တန်းလေးသည် သူ့အကြည့် နှင့် ထိခတ်မိတော့ ပြေ၏ရင်မှာ ပထမဆုံး လှိုက်ခုန်မိသောနေ့။

သီတာမြစ်ရေအလျဉ်သည် စီးဆင်းနေမြဲဖြစ်သည်။

ဒီ အသိတရားနဲ့ သံယောဇဉ်ကြိုး ဖွဲ့နှောင်ချီ. . .

ဟုတ်သည်။ ထွန်းတို့ မမွေးဖွားမီကာလများစွာဆီက သည်စမ်းရေသည် စီးဆင်းလျက်ရှိနေမည်။





သူတို့၏ သက်တမ်းကုန်ဆုံးပြီးနောက် မျိုးဆက်သစ်များ သို့တိုင် ဆက်လက်စီးဆင်းနေလေဦးမည့် ဘိလူးချောင်းပါ တကား။

ဒီတသိတရားတွေနဲ့ ဒီလို ထာဝရ စီးဆင်းလေမယ့် စမ်းရေလို သူ့သံယောဇဉ်သည် ပြေ့ပေါ်မှာ. . .

ပြေ့ သံယောဇဉ်သည် ထွန်းပေါ်မှာ. . .

သွယ်ယှက်ကူးဆက်နေပေရော့မည်ဟု ထိုနေ့က ပြေတို့ နှစ်ဦး၏ နှလုံးသားနုသစ်မှာ ဖြစ်ထွန်းခဲ့လေသော ဝေဒနာဦး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

“ဒေဝီကို အခုချက်ချင်း ပြန်လာခဲ့လို့ ငါက ခေါ်နေတယ်လို့ ပြော၊ သွားခေါ်ခဲ့စမ်း”

“ဟုတ်ကဲ့ မမ”

မတင်သည် ဒေါ်ထိပ်ထားစုရှေ့မှ ခေါင်းလေးငုံ့ပြီး ခပ်ဖြည်းဖြည်း ထွက်လာပြီးမှ လှေကားထိပ်အရောက်တွင် ပြေးဆင်းလာပြီး ဟိုဘက်ခြံစွန်းသို့ ခပ်သွက်သွက် ထွက်ခဲ့ရသည်။

မောဝ်ဝင်းထွန်းက ထင်းများပေါက်နေသည်။ ပြေက ထင်းစများကို ပြန့်ကြဲနေသည်ကို ကောက်စီပြီး အိမ်နောက်ဖေးသို့ တပွေ့ပြီးတပွေ့ သယ်ပေးနေသည့် အနားမှာ သူဌေးသမီးလေးက ရပ်လျက်။

“ဒေဝီ”

“ဘာလဲ မမတင်”

“အမယ်လေး. . . မြန်မြန်သွား၊ မမ ဒေါသတွေ ထွက်နေပြီ”

“ဘာဖြစ်လို့လဲ”





“ဘာဖြစ်ရမလဲအေ၊ ဒီမှာ လာရောနေလို့ပေါ့. . . ကဲ သွားသွား. . . မြန်မြန်”

“မေမေကလည်း ဘာမှန်းလည်း မသိဘူး”

ဒေဝီက သူ့လက်မှ သစ်ကိုင်းခြောက်ကလေးကို ဆောင့်ဆောင့်အောင့်အောင့်နှင့် လွှင့်ပစ်လိုက်ပြီး နှုတ်ခမ်းစူလျက် သုတ်ထွက်သွားတော့သည်။

“အထွန်းရယ်. . . သခင်မဖုရားလေးကို မင်းတို့ နားမှာ ခေါ်မထားစမ်းပါနဲ့၊ စိတ်ညစ်လွန်းလို့”

“သူ့ဟာသူ လာနေတာဗျ”

“အေးလေ. . . ကလေးကလည်း ကျောင်းပိတ်ထားတော့ ပျင်းတာပေါ့၊ ဒါပေမယ့် မင်းတို့နဲ့ပေါင်းတာ အိမ်ကြီးပေါ်က မကြိုက်ဘူးဟေ့”

“မကြိုက်ရင် ကိုယ့်သမီးကိုယ် ထိန်းထားပေါ့ဗျ၊ သူ့ဟာသူ ကျွန်တော်တို့ အလုပ် လုပ်တဲ့ အနားကို လာနေတာပဲ”

“ခက်တယ်. . . တကယ်မလွယ်တဲ့ဟာတွေ”

မမတင်သည်လည်း ညည်းညည်းညူညူ။

“ဟေ့. . . ပြေ”

“ဘာလဲ. . . ထွန်း”

“နောက် ဒေဝီလာရင် စကားမပြောနဲ့”

“အို. . . ထွန်းကလည်း”

“တကယ်ပြောတာ၊ သူတို့အိမ်မှာ ကပ်နေရတဲ့ ထွန်းရဲ့ အနိုမ်ခံမယ်၊ ပြေနဲ့ ဘာမှ မဆိုင်ဘူး။ ပြေနဲ့ မတူဘူး။ မတန်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်တာကို ထွန်း မခံနိုင်ဘူး”

“ထွန်းရယ်”

ချွေးတွေသီးနေသော ထွန်း၏ မျက်နှာလေးကို ကြည့်ပြီး သူ ပြောလိုက်သောစကားကြောင့် ပြေ၏ရင်မှ သည်းသည်း ထန်ထန် ခိုက်သွားရသည်။

မမတင်လည်း ပြန်လှည့်သွားတော့သည်။

ထင်းတုံးများကို ပင်ပန်းတကြီး ဆက်ပေါက်နေသော ထွန်းကို ပြေသည် ထိုင်၍ကြည့်နေမိသည်။

ထွန်းကို တစ်သက်လုံးသာ ခုလို ထိုင်ပြီး ကြည့်နေချင်တော့သည်။

ဒါပေမယ့် ခုလို ပင်ပန်းတကြီး လုပ်ကိုင်ပေးနေရသော ပုံစံမျိုးနှင့် မဟုတ်။

ငြိမ်းအေးချမ်းသာစွာ လှုပ်ရှားနေရသော ထွန်းအဖြစ်နှင့် ပြေ မြင်ချင်လှပါသည်။

ဩော်. . . ထွန်းဘဝ ထွန်းအဖြစ်ကိုမြင်ရတာ ပြေ့ရင်မှာ သနားလိုက်တာ ထွန်းရယ်။

ထွန်းပေါ်မှာ ကျရောက်လာသော ကရုဏာတရားနှင့် ဖြစ်ထွန်းလာသော ပြေ့ရင်မှ စေတနာများတို့သည် ဤကမ္ဘာပေါ်၌ နှိုင်းတုယှဉ်ပြစရာ အရာဝတ္ထုတို့မရှိ။ အရာခပ်သိမ်းသည် ပြေ့စေတနာကရုဏာထက် သေးငယ်နေပေလိမ့်မည်ဟု ပြေ တွေးမှတ်ရင်း ထွန်းကို ငေးကြည့်နေဆဲအချိန်တွင် အိမ်ကြီး ပေါ်၌. . .





“ဒေဝီ့မှာမှ အဖော်မရှိတာ၊ ဘာလုပ်လို့လဲ။ စကားသွား ပြောနေတဲ့ဟာကို၊ မေမေကလည်း. . . ကိုဝင်းထွန်းနဲ့က အမျိုး တော်တယ်ဆို၊ မောင်နှမဆို. . .”

“အေး. . . မောင်နှမတော့ မောင်နှမပဲထားပါ၊ ဒါပေမယ့် ဘယ်က မျိုးမစစ် ရိုးမစစ်လဲ မသိဘူး၊ သူ့အဖေလည်း ဘယ်သူ ဘယ်ဝါလို့ တိတိကျကျသိတာမဟုတ်ဘူး။ အဲဒီ ဝင်းထွန်း အမေ အသာ သမီးအဖေနဲ့ မောင်နှမဝမ်းကွဲတော်တာ”

“သူ့အဖေတွေ အမေတွေ သေကုန်ကြပြီဆို”

“သူ့အဖေဆိုတာကို မေမေ မြင်တောင် မြင်ဖူးတာ ဟုတ်ဘူး၊ ဘယ်ကမှန်းလည်းမသိဘူး၊ ခုတော့ သူ့ကို ခေါ်ကျွေး ထားရုံမဟုတ်ဘူး၊ ကျောင်းပါ ထားပေးရတာပေါ့”

“အစ်ကိုဝင်းထွန်းက စာတော်သားပဲ၊ အမြဲ ပထမရတဲ့ သူ့ဟာကို”

“သူစာတော်တာ ကျုပ်က ဘာလုပ်ရမှာလဲ၊ ဆယ်တန်း အထိပဲ ထားပေးနိုင်မယ်”

ဒေဝီက ခပ်စူစူမျက်နှာနှင့် ထသွားရန် ဟန်ပြင်လိုက် သည်နှင့်. . .

“ဒီမှာ. . . ဒေဝီ၊ တို့ရဲ့ မျိုးရိုးကို သိတယ်မဟုတ်လား”

“သိပါတယ်၊ တစ်ခါလာ မေမေတို့ မင်းမျိုးဆိုတာပဲ ပြော နေတာပဲ”

“ပြောရမှာပေါ့၊ တို့က မြင့်မြတ်တဲ့အမျိုးက ဆင်းသက် လာတာ၊ ဒီမှာ ဒေဝီ၊ ပြေတို့လို၊ ဝင်းထွန်းတို့လို ကိုယ့်အစေအပါး



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ သွားသွား ရောမနေနဲ့၊ မေမေ မကြိုက်ဘူး. . . ဒါပဲ"

"ဒါဆို အဆင့်အတန်းတူတဲ့ ဟိုအခန်းထဲကျတော့ ဘာလ
မသွားရလဲ"

ဒေဝီက အရှေ့ဘက်အဆောင်ရှိ ဘုရားခန်းဘေးမှ တံခါး
ပေါက်များအားလုံး ပိတ်ထားသည့် အခန်းကို ရည်ရွယ်ညွှန်ပြ
ပြောလိုက်၏။

ဒေါ်ထိပ်ထားစုမှာ အံကိုကြိတ်လိုက်ပြီး ဘေးလူများ
ကြားလေမလား၊ မြင်လေမလားဟူသော စိုးရိမ်စိတ်ဖြင့် ဝေ့ဝိုက်
ကြည့်လိုက်ပြီးမှ. . .

"အထဲမှာ ဘယ်သူရှိနေတယ်ဆိုတာ သိတယ်မဟုတ်
လားဟင်. . . ဒေဝီ၊ ဒီလပြည့်ညကျရင်တောင် လုပ်ရဦးမှာ
ဒီမှာသမီး"

"အင်း"

"ဒီအကြောင်းတွေကိုတော့ ဘယ်သူ့ဆို ဘယ်သူ့မှ မပြော
လိုက်နဲ့နော်"

"အင်းပါ. . . သိပါတယ်"

"ကိုယ့်မျိုးရိုးရဲ့ ဂုဏ်သိက္ခာကို ထိန်းချင်လွန်းလို့ တခြ
ဒီပြည်နယ်မြို့လေးမှာလာပြီး တိမ်းရှောင်နေရတာပါ သမီးရယ်"

"ဒါတွေ ဒေဝီသိပါတယ်"

"ဒီမှာလာပြီး တိမ်းရင်း တိမ်းရှောင်ရင်းက ကိုကိုမြတ်
အလုပ်ဖြစ်နေလို့ တော်သေးတာပေါ့"

ဒေါ်ထိပ်ထားစု၏ခင်ပွန်း ဦးမောင်မောင်မြတ်မှာ ရော





ရာအရပ်နှင့် သင့်တင့်လျောက်ပတ်သော လုပ်ငန်းမျိုးကို လုပ်
တတ်ကိုင်တတ်သည့် ယောက်ျားမျိုးပါ။

သူတို့အုပ်စုသည် တယားပြည်သို့ လာရောက်နေထိုင်ကြ
သော်လည်း. . .

ဦးမောင်မောင်မြတ်နှင့် ဒေါ်ထိပ်ထားစုတို့၏ တစ်ဦး
တည်းသော ချစ်သမီးလေး မြတ်ဒေဝီကိုဖြင့် ရန်ကုန်မြို့မှ စိန့်
ဖွန်းကွန်ဗဲန့် မိန်းကလေးကျောင်းတွင် ကျောင်းအိပ်ကျောင်းစား
ဘော်ဒါထားပါ၏။

ယခု သီတင်းကျွတ် ကျောင်းပိတ်ရက်မို့ မြတ်ဒေဝီ
ခေါ်သော. . . ဒေါ်ရစ်(စ)မြတ်သည် အိမ်သို့ ခေတ္တပြန်ရောက်
နေခြင်းပါ။

"သမီး"

"ရက်(စ). . . မန်(မ)"

ဗိုလ်လိုထူးသည်ကို သဘောကျသွားသော ဒေါ်ထိပ်ထား
စုက. . .

"ရေချိုးလိုက်သမီး. . . ခင်နုကို ရေနွေးကြိုခိုင်းထား
တယ်၊ ရေနွေးနဲ့ စပ်ချိုးနော်. . . အေးတယ်"

"အင်း"

"ထမင်းစားရင်လည်း ဇွန်းနဲ့ ခက်ရင်းနဲ့ပဲစားနော်"

"အင်းပါ. . . သမီးမှ လက်နဲ့မစားတတ်တာ"

"သြော်. . . ဟိုအခန်းက အသံကြားရင်လည်း မသွားနဲ့
နော်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလည်း မသွားရပါဘူး"

"အေး. . . မေမေပဲ ကြည့်ပြောလိုက်မယ်၊ ရေချိုး ထမင်းစားပြီး သမီးလေး တရေးအိပ်လိုက်နော်၊ ဩော်. . . ထမင်းစားပြီး အားဆေးလည်းသောက်ဦး"

သည်းသည်းလှုပ်လွန်းသော သားအမိပါတကား။

လူတန်းစားအဆင့်ဆင့် ရှိနေသည်ဟုသူမြင်သည့်အတိုင်း သမီးကို သင်ထားသော ဒေါ်ထိပ်ထားစု၏ ခံယူချက်မှာ. . .

သူတို့သည် အပေါ်ဆုံးအလွှာမှ လူတန်းစားမိသားစု။

ပြေနှင့် မောင်ဝင်းထွန်းတို့သည် အောက်ဆုံးအခြေအနေမှ ကလေးနှစ်ယောက်။ အောက်တန်းစားမိဘများမှ ပေါက်ဖွားလာကြသူများမို့. . .

သူတို့၏ မြင့်မြတ်လှသော မဟာသွေး သမီးလေး မြတ်ဒေဝီနှင့် လုံးဝမတန်မရာဟု ခံယူထားခဲ့သော ဒေါ်ထိပ်ထားစုမှာ. . .

လူအများရှေ့တွင် မဖြေရှင်းနိုင်သော မိသားစု၏ အတွင်းရေးတစ်ရပ်ကြောင့် မသက်သာသော သက်ပြင်းကို ချလိုက်ရှာပါတော့သည်။

◆ ◆ ◆



"မင်္ဂလာ သီရိတောင်တော်"

ဟု အမည်ပေးထားသော တောင်ကွဲစေတီမှာ ကျောက်တောင်နှစ်ခြမ်း ကွဲနေရုံမဟုတ်၊ ကျောက်တောင်တုံးကြီးကို ရှစ်သလို စိတ်ဖြာ ထားသည်သို့ အနိမ့်နိမ့် အမြင့်မြင့် အစိတ်စိတ် အမြွာမြွာ ကွဲနေခြင်းပါ။

တချို့နေရာတွင် ကွဲကြောင်းက ကျဉ်းပြီး၊ တချို့နေရာကျတော့ လူတစ်ယောက်ဝင်သာအောင် အက်ကွဲရာက ကျယ်ပါ၏။ တောင်ကွဲတောင်စဉ်များပေါ်တွင် မေးတင်ပြီး သံဃာတော်အရှင်မြတ်များ သီတင်းသုံးရန် လေးထပ်ကျောင်းလည်း ရှိပါ၏။ လေးထပ်ရှိသော သစ်သားကျောင်းပါ။ မတ်စောက်သော တောင်တက်လမ်းများမှာ သံလှေကားများ တပ်ဆင်ထား၏။

သိပ်သည်း မာကျစ်လွန်းသော ကျောက်သား ကျောက်ဆောင်များမို့ ခိုင်မာကျစ်လျစ်လှသဖြင့် ထိုတောင်ကွဲ ကျောက်ဂူနန်းလေးများ၏ ထိပ်တိုင်းတွင် စေတီတော်များ တည်ထား ကိုးကွယ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်စွန်းတစ်ခုမှာ ဆုတောင်းပြည့် . . .

တောင်ထိပ်မှ အမြင့်ဆုံးဘုရားကတော့ ပြည်လုံးချမ်းသာပါ။ ဘုရားရင်ပြင်မှာမူ လူဆယ်ယောက်ကျော်ခန့်သာ ဖူးမြော်နိုင်သောနေရာ ရှိပါ၏။

လွင့်မြင့်သော ကျောက်စွန်းများမှ လိမ့်ကျ၍ လူများသေဆုံးခဲ့ဖူးသဖြင့် ယခုတော့ သံပန်းများ ကာရံထားပါ၏။ ခါးလောက်မရောက်သော သံပန်းကာမှ အောက်သို့ ငုံ့ကြည့်လိုက်လျှင် အသည်းတုန် ရင်ခုန်ဖွယ် ထက်မြနေသော ကျောက်စွန်းတို့က အပြည့်။

တောင်ကွဲစေတီသည် လှိုင်ကော်မြို့၏ မြေပြန့်ပေါ်မှာ ပုံချ တည်ဆောက်ထားသလိုရှိနေသော သဘာဝကျောက်တောင် ပုံပွပွကြီးပါ။

တောင်ပေါ်မှ လှမ်းကြည့်လိုက်လျှင် လှိုင်ကော်မြို့၏ ရှုခင်းကို နိမ့်နိမ့်ဝပ်ဝပ် မြင်ရပါ၏။ ငွေတောင်ဆည်နှင့် ဗီမောဆိုးအထိ ပေါက်သော လမ်းဖြောင့်ကြီးက တောင်ဘက်မှာ တပြင်တပြန့်ကြီး . . .

မင်္ဂလာလမ်းထိပ်မှ ပေါ်နန်းအို ညို့ညို့ကြီးကိုလည်း လှမ်းမြင်နေရသည်။ လတ်ဆတ်သောလေနှင့် ရှင်းပြန့်သော မြင်ကွင်းတို့က ထိတွေ့ရှုကြည့်မဝနိုင်။

"ပြေ"

"ဟင်"

"ထွန်းနဲ့ ပြေနဲ့ ဒီဆုတောင်းပြည့်ဘုရားမှာ ဆုတစ်ခု





တူတောင်းကြရအောင်နော် ပြေ"

"တောင်းလေ ထွန်း၊ ဘာဆုလဲ"

"ပြေ့ကို ထွန်း တစ်သက်လုံး ချစ်နေပါရစေလို့ . . ."

"အို"

"ပြေကလည်း ထွန်းကို တစ်သက်လုံး ချစ်နေပါရစေဆိုတဲ့ ဆုသစ္စာတွေ တောင်းဆိုကြရအောင်နော်"

"ဟာ . . . ထွန်းကလည်း"

"တကယ်ပါ ပြေ၊ ပြေ့ကို ထွန်း ချစ်တယ်၊ ထွန်းကိုလည်း ပြေ ချစ်မှာပါနော်"

ပြေ့နှလုံးသားသည် တောင်စဉ်ခုနစ်တန်ပေါ် ကျော်လွှားပြေးသွားရသည်သို့ ခံစားလိုက်ရသည်။

"ပြေ . . . ဘာလို့ ခေါင်းငုံ့ထားတာလဲဟင်"

ပြေ . . . မဖြေရဲ။

နှစ်လများစွာ အတူတကွ တရင်းတနှီးနေခဲ့သူ၏ မျက်နှာကို ပြေ ဘာကြောင့်များ မကြည့်ရဲပါလိမ့်။

"ပြေ . . . ထွန်းကို စိတ်ဆိုးသွားလား ဟင်"

ချက်ချင်း ခေါင်းခါမိပါ၏။

"ပြေ . . . ထွန်းကို ကြင်နာတာတွေ၊ ညှာတာခဲ့တာတွေ ထွန်း သိပါတယ်၊ ဒါကြောင့် ထွန်း . . . ပြေ့ကို သိပ်ချစ်ခဲ့ရတာ ပါ"

အကြည့်ချင်း မဆုံရဲ၍ ခေါင်းငုံ့ထားမိဆဲပါ . . .

"ထွန်းကို ပြေ ချစ်တယ် မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အဖြေရှိနေပါသော်လည်း ဘာဆိုဘာကို မပြောရဲ။

"လာပါ ပြေ၊ ထွန်း ပြောသလို ထွန်းတို့သွားပြီး ဆု တောင်းရအောင်ပါနော်. . ."

အေးစက်နေသော ပြေ၏လက်ကလေးကို ဆုပ်ယူ ခေါ်တော့လည်း ပြေက ဖြည်းညင်း ညင်သာစွာ ထလိုက်လာ မိသည်။

ကျောက်တောင်စွန်း၏ထိပ်မှာ တည်ထားသော စေတီ တော် ဖြူဖြူလေးရှေ့မှာ နှစ်ယောက်သားယှဉ်လျက် ထိုင်ကြ သည်။

"ပြေနဲ့ထွန်းနဲ့ တစ်ယောက်ကိုတစ်ယောက် တစ်သက် လုံး ချစ်နေပါရစေလို့ ဆုတောင်းရအောင်ပါနော်"

ပြေ့မျက်နှာကို အနီးကပ်ကြည့်နေသော ထွန်းသည် မျက်လွှာလေးဝင့်ပြီး မရဲတရဲကြည့်ရင်း ပြေ တစ်ချက်ပြုံးလိုက် မိသည်။ ပြီးတော့. . . ခေါင်းငြိမ့်ပြီး လက်အုပ်ကလေးချီလိုက် သည်နှင့် ထွန်းက. . .

"တပည့်တော်ဘေးက တပည့်တော်ရဲ့ အချစ်ဆုံးမလေး ကို တစ်သက်လုံး ချစ်နေခွင့်ရပါရစေ ဘုရား. . ."

သူက ဦးချပြီး. . .

"ပြေလည်း ထွန်းလို ဆုတောင်းလေ. . ."

"ဟင့်အင်းကွယ်. . . စိတ်ထဲကပဲ ဆုတောင်းမယ်"





"ပြေ့သဘောပါ၊ ဒါပေမယ့် ထွန်းလိုပဲ ဆုတောင်းရမှာ နော်. . ."

"အင်းပါ"

ထွန်းက လက်အုပ်ကလေးချီပြီး မျက်စိမှိတ်၍ ဆုတောင်း နေသော ပြေ၏ ပြေပြစ်လွန်းသော မျက်နှာလေးကို မြတ်မြတ် နိုးနိုးဖြင့် စိုက်ကြည့်နေမိပါ၏။

ပြေသည် သူပြောသည့်အတိုင်း သူရွတ်သည့်အတိုင်း ဆုတောင်းပြီးမှ စိတ်က. . .

"သူများတွေဆို ပေါင်းရပါစေ၊ အိုအောင် မင်းအောင် ပေါင်းရပါစေဆိုတဲ့ ဆုမျိုးတွေသာ တောင်းတယ်လို့ ကြားဖူး တယ်။ ခုတော့. . . ထွန်း ဆုတောင်းပုံက တစ်မျိုးကြီးပဲ. . ."

"အို. . . ဒီတောင်ကွဲစေတီမှာ ဒီလို ဆုလာတောင်းရင် မပေါင်းရဘဲ ကွဲတတ်သတဲ့"

"ဟုတ်ချင် ဟုတ်နေမှာ၊ ဒါကြောင့် ချစ်နေပါရစေ ဆိုတဲ့ ဆုကို တောင်းခိုင်းတာနေမှာ"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ချစ်နေရရင် အားလုံး ပြည့်စုံတာပါပဲလေ"

"ထွန်းကလည်း ငါ့ကို ချစ်နေမယ်၊ ငါကလည်း ထွန်းကို တစ်သက်လုံး ချစ်နေမှာပါ၊ ဒါဆို ဘာလိုသေးလဲကွယ်"

"ချစ်ရသူတို့ဘဝမှာ ကိုယ့်ချစ်သူက ကိုယ့်ကို ချစ်နေရင် ကိုယ်က ချစ်နေခွင့်ရရင် ပြီးတာပဲ၊ ပြည့်စုံတာပဲ"

ရွှေရင်သိမ်းသစ်စ ဆယ့်ခြောက်နှစ်ရွယ် အပျိုနုလေး၏



www.burmeseclassic.com

www.burmeseclassic.com



အတွေးအမြင်နှင့် ခံယူချက်များပါ။

"ပြေ"

"ဟင်"

"ထွန်းလေ ပြေ့ကို သိပ်ချစ်တာပဲ သိလား"

ရင်တွင်းသို့ တိုက်ရိုက်စီးဝင်လာသော စကားများပါလား။

"ပြေကရော ထွန်းကို ချစ်ရဲ့လားဟင်"

"ပြေ မပြောချင်ဘူး"

"ဟာ. . . ဘာဖြစ်လို့လဲ"

"ပြောနိုင်တာက ရင်ထဲမှာရှိနေတာကို မီမှာမဟုတ်လို့ပါ ထွန်းရယ်"

"အို. . . ပြေ. . . ထွန်းရဲ့ ပြေရယ်၊ ထွန်းရဲ့အချစ်ဆုံး ရယ်"

ဆယ့်ခုနစ်နှစ်ရွယ်လေးမို့ မောင်ဝင်းထွန်းလည်း မထိန်းတတ် မသိမ်းတတ်၊ အားရဝမ်းသာနှင့် ပြေ့ပခုံးကို ကျုံးဖက်ပြီးမှ. . . တက်လာသော ဘုရားဖူးများကြောင့် လွှတ်လိုက်ရသည်။

"ထွန်း"

"ပြေ"

"ဒီကျောက်သား ကျောက်ဆိုင်တွေကို ကိုင်ပြီး ပြေ သစ္စာဆိုပါ့မယ်၊ ပြေ့နှလုံးခုန်နေသမျှ ထွန်းကို ပြေ ချစ်နေပါ့မယ်လို့"

"ပြေရယ်. . . ပြေဟာ စကားပြောလိုက်ရင် သိပ်ကဗျာဆန်တာပဲ၊ ထွန်းက ပြေ့လို မပြောတတ်ဘူး၊ မတင်စားတတ်ဘူး။





ပြေ့ကို သိပ်ချစ်တာပဲ ဆိုတာကလွဲပြီး မပြောတတ်ဘူး ပြေရဲ့"

"ပြေက စိတ်ကူးယဉ်သမား မဟုတ်လား၊ ဘာလေးပဲ ဖြစ်ဖြစ် တင်စားလိုက်ချင်တာ ထွန်းရဲ့"

"ထွန်းကတော့ ဘာမှ မတင်စားတတ်ဘူး၊ ပြေ့ကို အားကြီးချစ်တယ်၊ သိပ်ချစ်တယ်၊ ဒါပဲပြောတတ်တယ်"

ကန္တာရဝတီမည်သော ဤငွေတောင်ပြည်မှာ ရှေးနှစ်ပေါင်းများစွာက နေထိုင်ခဲ့ကြဖူးသည်ဆိုသော ကိန္နရီ ကိန္နရာ တို့မှ. . .

ဂန္ဓဝင်တွင်ရစ်အောင် အချစ်ကြီးချစ်ခဲ့ကြသော အဖိုးအမ နှစ်ဦး ရှိခဲ့ကြဖူးသည်။

ကိန္နရီမောင်မယ် သနားဖွယ်တို့ ချောင်း
ငယ်ခြားကာ ကွဲကြရှာသော်. . . လေပါမိုးသက်
လျှပ်ကြိုးစုံပျက်ကာမှ မယ့်မျက်နှာ မောင်သာ
မြင်ရ၊ ခဏတဆစ် ကွဲကြသည့်အဖြစ်ကို အနှစ်
ခုနစ်ရာ ငိုကာငိုကာ ညှိုပြာမှိုင်းမှောင်၊ အင်တိုင်း
ချောင်၌ မယ်မောင်ပိုက်ပွဲ. . . ငိုပွဲဖွဲ့သည်ငှက်ကဲ့
ပမာလို. . .

ဆိုသော တင်စားမှုကို ပြေ အတုယူမည်၊ နှစ်ပေါင်းခုနစ်ရာသာ အသက်ရှည်ခွင့်ရစမ်းပါစေ. . . ထွန်းနှင့် တစ်ညသားများ ခွဲရလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



သူတို့လို ငိုပစ်လိုက်မှာဟု 'ကိန္နရီမလေး'နေရာမှ ကိုယ် စားပြုချင်သော မြေပါ။

ထွန်းသည်လည်း ဤငွေတောင်ပြည်မှ တစ်ခါက 'ကိန္နရာဖို'လို မြေ့ကို မခွဲနိုင် မခွာရက်အောင် ချစ်ရှာမှာပါလ မြေ ယုံကြည်စွာ ခံယူပါသည်။ တဆက်တည်းပင်. . .

မြေ့ရင်မှာ တင်စားချင်သည်က တစ်ခါက ရှိခဲ့ဖူးသည် ဆိုသော ကိန္နရီ ကိန္နရာတို့၏ပြည် ဤငွေတောင်မြေမှာ စတင် ရင်ဖွင့်ခဲ့ကြသော သူတို့နှစ်ဦး၏ ချစ်ခြင်းမေတ္တာကို. . .

"ကိန္နရီအချစ်-ကိန္နရာမေတ္တာ". . . ဟု. . .

◆ ◆ ◆



အိပ်မပျော်သော ဝေဒနာကို ထိုနေ့မှစ၍ မြေ ရခဲ့သည်။

စတွေ့ပြီး ရင်းနှီးပြီးတည်းက ထွန်းကို မြေ ချစ်သည် ထွန်းကလည်း မြေ့ကို ချစ်ပါသည်ဟု ခံယူခဲ့ပြီးသား. . .

ဒါပေမယ့်. . .

အဲဒီတုန်းက အဲဒီလိုချစ်ရသည့် အချစ်က တသီးတခြား တစ်မျိုးတစ်စားပါလားဟု မြေ ဒီနေ့မှ သိခဲ့ရသည်။

ထွန်း တောင်းခံသော အချစ်သည် အရင် မြေ ချစ်နေခဲ့သော အချစ်မှ သီးခြားခွဲထွက်သော အချစ်မျိုးပါ။ ဤအချစ်သည် အရင် ချစ်ရသည်နှင့်မတူ၊ ရင်ခုန်လှုပ်ရှားဖွယ် ကောင်း ထွန်းလှပါလားဟု မြေ သိလာရသည်။

ထွန်းကိုလေ. . .

အရင်ချစ်နေတဲ့ အချစ်တွေလည်း မလျော့ မနည်းပါပဲနဲ့ တစ်သစ်တစ်မျိုး တိုးချစ်ရပါလားကွယ်။

ထွန်းကို အမြဲတွေ့နေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတဲ့ အချိန်မှာ ထွန်းအကြောင်းပဲ ပြေ တွေးနေ ချင်တယ်၊ တွေးလည်း တွေးနေပါတယ်။

"ထွန်းရယ်. . .

"တကယ်တော့ ထွန်းဟာ ပြေ့ရဲ့ဘဝ၊ ပြေ့ရဲ့အသည်း နှလုံး၊ ပြေရဲ့ ကိုယ်ပွားခန္ဓာပါပဲကွယ်"

ပြေ၏နှလုံးသားထဲမှာ ထွန်းသည် ထာဝရ မကွဲမကွာ ရှိနေပါ၏။

ဤအသိတရားများဖြင့် ထိုနေ့က အရှက်ကျင်းခါနီးလေ ပြေ အိပ်ပျော်ဖြစ်သည်။

"သမီး နေမှကောင်းရဲ့လား၊ ဒီလောက်နေမြင့်အောင် မနေဖူးပါဘူး"

"ဟုတ်ပါရဲ့ အဖေ၊ ကဲ. . . ဆောင်းနှင်းဝေ. . . သွားနှိုး အန်တီပြေ ထ. . . လို့"

အသံများ နားထဲ၌ အထင်းသား ကြားနေရသော်လည်း မထဖြစ်၊ ထ၍ မရသေး. . .

"အာ. . . တီ. . . ပေ. . . တ. . . ထ. . . "

မင်္ဂလာရှိလွန်းသော မပီ့တပီ အသံလေးနှင့် တူမလေး ရောက်လာနှိုးသည်။

"တ. . . တ. . . ဆို"

ထဆင်ထူးကိုပင် ပီအောင် မပြောနိုင်သေး။ ထ. . . ကို. . . တ ဟု ပြောလျက် လက်ဆွဲခေါ်နေ၍ ပြေ ကြည်လင် ချမ်းမြေ့စွာ နိုးထလာရသည်။





အဖေတို့၊ ညီသည် မမမေတို့ နိုးပြီးမှ ပြေ ထလာသဖြင့် ရှက်သလို အားနာသလိုနှင့် ရှက်ကိုးရှက်ကန်းဖြင့် မီးဖိုထဲဝင်ရ သည်။ မျက်နှာသန့်စင်ပြီးသည်နှင့် အလုပ်ကို ဆက်တိုက်လုပ်ရ ပါ၏။

မြန်ဆန်ဖျတ်လတ်သော ပြေ၏ ဆောင်ရွက်မှုဖြင့် ထမင်းတစ်အိုး၊ ငါးသေးခြောက်ကြော်၊ မြေပဲကြော်နှင့် ရေနွေး ကြမ်းတို့ဖြင့် ထမင်းတစ်ဝိုင်း ဖြစ်ခဲ့ရလေပြီ။

ဤမြေဒေသတွင် မနက်တစ်နပ်စာကို ရှိသော ဟင်းလျာ နှင့် စားတတ်ကြသော ဓလေ့အတိုင်း ပြေတို့လည်း အိပ်ရာမှ နိုးသည်နှင့် ထမင်းစားသောဓလေ့ ရှိနေပါပြီ။

အစ်ကိုမြင့်အေးတော့ မရှိ. . .

အဖေလည်း ယနေ့မနက်တော့ အိမ်ကြီးပေါ်မှ ခေါ်စရာ မရှိဟု ဆိုသဖြင့် မနက်ပိုင်း အားနေရှာသည်။

ယခုပိုင်းသည် ပြေ၏ သံယောဇဉ်ဝိုင်း အကုန်ပါ။ မမမေ၊ အဖေနှင့် တူမလေး ဆောင်းနှင်းဝေတို့မှလွဲ၍ ရင်းနှီးသော သွေးသားဆွေမျိုးများ ပြေ့တွင် မရှိ။

ဤဝိုင်း၏ ပြင်ပတွင်ဖြင့် ပြေ၏ အသည်းနှလုံးတစ်စုံက တစ်နေရာတွင် ရှိနေသည်။

"အဖေနဲ့ ပြေနဲ့ ပြောင်းလာခဲ့ကြလို့ မဖြစ်ဘူးလားဟင်၊ ပြေ အလုပ်မရခင် အဖေ လုပ်နိုင်ရင်တော့ တောင်ကြီးမှာ အဝေးပြေးကားတွေ မောင်းရင် ဝင်ငွေကောင်းတယ်တဲ့"

"အဖေတို့လို ပညာမတတ်တဲ့ လူအတွက် အလုပ်က



www.burmeseclassic.com

www.burmeseclassic.com



မလွယ်လှဘူးသမီး. . . အဝေးပြေးကားမှာလည်း သူ့လူနဲ့သူ ရှိနေကြမှာပေါ့"

"မေကလည်း အဖေနဲ့ ပြေ့ကို တာဝန်ယူချင်ပါတယ်၊ အတူလည်း နေချင်ပါတယ် အဖေရယ်၊ မေက ဘာမှ မလုပ်တတ်တော့. . ."

"ကိစ္စမရှိပါဘူး သမီးရယ်. . . အဖေတို့အတွက် ဘာမှ မပူနဲ့"

"ဩော်. . . မပူနဲ့ ဆိုပေမယ့် သားအဖသုံးယောက်တည်း ရှိတာ၊ ခုလို တကွဲတပြားဆိုဆိုတော့. . ."

"ဩော်. . . ဒါတော့ မောင်မြင့်အေးရှိတဲ့နေရာ သမီး လိုက်ရမှာပေါ့ကွယ်"

"အဖေ"

"ဟေ"

"ကားမောင်းတဲ့အလုပ် တစ်ခုခုရရင် သမီး အဖေ့ကို လာခေါ်ရမလား ဟင်၊ ပြေလည်း ဟိုမှာပဲ ကျောင်းဆက်တက်ပေါ့"

မေက မျှော်လင့်တကြီး အဖေ့ကို ကြည့်ပြီး မေးလိုက်ချိန်မှာ. . .

"အမယ်လေး. . . အဖေက လာခဲ့မယ်လို့ မပြောပါရစေနဲ့။ မပြောလိုက်ပါစေနဲ့၊ ဒီမှာပဲ နေပါရစေဦး၊ ထွန်းနဲ့ မခွဲနိုင်ဘူး"

ပြေသည် စိုးရိမ်ထိတ်လန့်စွာ စောင့်နေဆဲ၊ အဖေက. . .

"အဖေလည်း ဒီမှာလုပ်ရတာ စားဖို့ရော နေဖို့ပါ အဆင်





ပြေနေလို့သာ၊ သိပ်တော့ မလုပ်ချင်လှပါဘူး အကြီးမရယ်"

အဖေသည် မေ့ကို တစ်ခါတလေ "အကြီးမ"၊ ပြေ့ကို "အငယ်လေး"ဟု ချစ်စနိုး ခေါ်တတ်ပါ၏။ အဖေ၏ မရေမရာ အဖြေကြောင့် ပြေ စိုးထင့်နေဆဲ၊ မေက. . .

"ဟုတ်တယ်၊ တောင်ကြီး ပြောင်းနိုင်ဖို့သာ စီစဉ်ရအောင် ပါနော် အဖေရာ၊ ပြေလည်း ဟိုမှာ ကျောင်းဆက်နေပေါ့၊ ဆယ်တန်းအောင်ရင် စာရေးမဖြစ်ဖြစ်၊ မူလတန်းပြ ဆရာမလေး ဖြစ်ဖြစ်ကတော့ ရမှာပဲ၊ ဒါနဲ့ ဒီအိမ်ကြီးမှာ အဖေ သိပ်မလုပ် ချင်တော့ဘူးဆိုတာ ဘာဖြစ်လို့လဲဟင်၊ သူတို့တွေကြည့်ရတာ တစ်မျိုးပဲနော်"

"အေး"

"သူတို့ ဒီလောက် ချမ်းသာနေတာ ဘာအလုပ်ကိုင် ကြလို့လဲဟင် အဖေ"

"အင်း. . . တိတိကျကျတော့ မသိလှပါဘူး၊ ဒါပေမယ့် ဒီဒါ တရားသဖြင့်တော့ ဟုတ်ဟန်မတူဘူး၊ ဒီကိစ္စကို ဘယ်သူမှ မပြောကြနဲ့နော် ငါ့သမီးတို့"

"စိတ်ချပါ၊ ဒီမှာ အဖေ"

"ဘာလဲ အကြီးမ"

"အခု ဗိုလ်ချုပ်အစိုးရလက်ထက်မှာ စီးပွားရေးကအစ ကောင်းမှာတဲ့၊ မသမာတဲ့ စီးပွားရေးသမားတွေကို ချမ်းသာပေး မှာ မဟုတ်ဘူးတဲ့၊ ကြည့်လုပ်ပါ အဖေရာ၊ သူတို့နဲ့အတူ ကိုယ်ပါ ထောင်ခံနေရပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဖေက အလုပ်သမား မဟုတ်လား၊ သူတို့ခိုင်းတာ
လုပ်ရမှာပဲ၊ ပြီးတော့ ဆရာက ကောင်းပါတယ်။ ညှာလည်
ညှာပါတယ်၊ ဒါကြောင့်သာ အဖေတို့ မှန်မှန်စားပြီး အငယ်လေး
ကို ကျောင်းထားပေးနေနိုင်တာပေါ့"

"အဖေ့ဆရာက ကောင်းပေမယ့် သူ့မိန်းမက မာန
ကြီးလွန်းပါတယ် အဖေရာ၊ ပြေနဲ့ အဖေ့ကို ငွေဝယ်ကျွန်လ
သူတို့က သဘောထားနေတာ"

"ဒီလိုလည်း မဟုတ်သေးပါဘူး သမီးရာ"

အရက်သောက်တတ်သည်မှလွဲ၍ စိတ်နှလုံး ကောင်းမွ
သော အဖေ့တွင် အကောင်းမြင်ဝါဒ ရှိလေသည်။ ဘယ်သူ့မ
အဖေ အပြစ်မမြင်တတ်ရှာ။

"ဟုတ်တယ် မမမေ၊ သူ့သမီးဒေဝီကို ပြေတို့ ထွန်းတို့
စကားပြောတာတောင် မကြိုက်ဘူး"

"ထွန်းဆိုလို့ အဲဒီကောင်လေးက မဆိုးဘူးနော်. . .
ဘယ်က ရောက်လာတာလဲ"

မမမေ၏ အမေးကို အဖေကပင် ဖြေပါ၏။

"ဆရာ့နှမဝမ်းကွဲကမွေးတာတဲ့၊ သူလည်းမွေးပြီး သူ့အမေ
ဆုံးတယ်ဆိုလားပဲ၊ အဖေကလည်း နောက်အိမ်ထောင်ပြုတယ
တဲ့၊ ကလေးက လိမ္မာတယ်၊ စာတော်တယ်။ ကျောင်းဆက
နေချင်တာကို သူ့အဖေက ထားမပေးနိုင်ဘူးဆိုလို့ ဆရာက
ခေါ်လာတာ၊ ခိုင်းလည်း ခိုင်း၊ ကျောင်းလည်းထားပေးတာပေါ့"

"ဘယ်ရွာ ခေါ်လာတာလဲ"





"အညာဘက်ကပဲ၊ မိတ္ထီလာက ထင်ပါရဲ့"

"ကောင်လေးက စာသိပ်တော်တယ်ဆို၊ အဖေ့သမီး ပြော
တာပဲ"

"အေး. . . မနှစ်က လှိုင်ကော် တစ်မြို့နယ်လုံး ပထမ
ရတယ်၊ စာရော၊ အလုပ်ရော အကုန်ကြိုးစားတာ အရွယ်နဲ့
မလိုက်ဘူး"

အဖေ့စကားသည် ကြည်သာချိုမြိန်လွန်းဖွယ်ပါတကား။

သည်မနက် ထွန်းမျက်နှာကို ပြေ မမြင်ရသေး။ တစ်နှစ်
လောက် ကွဲကွာနေရသလို ထွန်းကို လွမ်းလှပြီ။

"အဖေ. . . မနှစ်က သမီးလာတုန်းက ပြေ မြင်ရတယ်
ဆိုတဲ့ ဖြူဖြူကြီးဟာ သရဲလား. . . လူလားဟင်"

"သရဲ မဟုတ်ပါဘူး"

"ဒါဖြင့် လူပေါ့၊ သူတို့တွေဟာ လပြည့်ညတွေမှာ. . ."

"သမီးတို့"

အဖေသည် မှုန်ဝါးသော ဝန်းကျင်ကို မြင်နေရသူလို
ငေးစင်းစွာ တစ်နေရာတည်းကိုကြည့်ပြီး. . .

"အဲဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ အဖေ
သစ္စာခံထားတာ၊ ဒီမှာ. . . အဖေ ပြောမယ်"

"သူတို့ လခ ယူ၊ သူတို့ပေးတဲ့နေရာ နေရတာပဲ ကျေးဇူး
တင်ကြကွယ်၊ သူတို့ ဘာတွေပဲလုပ်လုပ် မဝေဖန်နဲ့. . .
ကြားလား၊ ကဲ. . . အဖေ အိမ်ကြီးပေါ် သွားလိုက်ဦးမယ်၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နိုင်းစရာမရှိဘူးဆိုမှ 'ဒေါ်ဥခ္ခုရပ်'ထဲက အဖေ့ သူငယ်ချင်းဆီ သွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ အဖေ၊ ဟိုဟာတွေလည်း အများကြီး မလုပ်ခဲ့ပါနဲ့ အဖေ"

"အေးပါ. . . အကြီးမရဲ့"

မေက သမီးကြီးမို့ ပိုပြီး ရင်းနှီးလို့လား မသိ။ ပြေကတော့ မမမေလို အဖေ အရက်လျှော့သောက်ဖို့ တစ်ခါမှ မပြောရဲခဲ့။

"နဝ့်တူမနဲ့ နင်နေစမ်းပါ ပြေရယ်၊ ငါ ဆေးလိုက်ပါ့မယ်"

ပြေကလည်း ကလေးနှင့်ပင် နေချင်ပါသည်။ တူမလေးကို ချီရင်းက ခြေထောက်တဘက်နဲ့နေသော ထမင်းစားပွဲဝိုင်းကို သိမ်းရပါ၏။ အမေတို့ အိမ်ထောင်ဦးက ထမင်းစားပွဲဝိုင်းလေးသည် ပြေတို့လက်ထက်မှာ ယိုယွင်းနေပြီ ဖြစ်သော်လည်း စားပွဲသစ်ကလေးတစ်လုံးပင် မဝယ်နိုင်ခဲ့။

"ပြေ"

မမမေ ခေါ်သံကြောင့် နောက်ဖေးရေစင်မှာ ပန်းကန်ဆေးနေသော မေ့နားသို့ ပြေ ရောက်လာသည်။ ဆောင်းနှင်းဝေတို့ ချီလျက်ပါ။

"ဟိုမှာ ကောင်လေးရေဆွဲနေတာ ကြာလှပြီ"

လက်ဆွဲသံပုံးနှစ်လုံးကို တဘက်စီဆွဲလျက် ဘီလူးချောင်းရေကို အိမ်ကြီးပေါ် အရောက် သယ်တင်ပေးနေရသော ထွန်း. . .





"ဘယ်အချိန်တည်းက ဆွဲနေတာလဲဟင်၊ ပြေ မကြည့်မိဘူး"

"တို့ ထမင်းမစားခင်တည်းက မြင်တာပဲ၊ ဘယ်အချိန်တည်းက ဆွဲနေရလဲ မသိဘူး"

"လူတစ်ယောက်ကို နွားလိုခိုင်းတာ၊ သိပ်ရက်စက်တဲ့ ဟာတွေ"

"အေးလေ. . . နာမည်တွေကလည်း ကြောက်စရာ၊ ထိပ်ထားစုတဲ့၊ မြတ်ဒေဝီတဲ့"

"မန္တလေးက မင်းမျိုးဆိုလားပဲ၊ ဟုတ်မယ်လည်း မထင်ပါဘူး။ ပဏ္ဏာယူနေတာ ထင်ပါတယ်၊ မမမေ. . . ဆောင်းနှင်းဝေကို ထားခဲ့မယ်နော်"

"အေး. . . ချလိုက်လေ၊ ဘာလုပ်မလို့လဲ"

"ထွန်းနဲ့ ရေသွားကူခပ်ပေးမလို့"

"ဟဲ့. . . ပြေ"

"ဘာလဲ. . . မမမေ"

"အသာနေလေ၊ နင် သွားကူခပ်လို့ ဘယ်ဖြစ်မှာလဲ၊ ဟိုမှာ နောက်ဖေးလှေကားမှာ ဟိုမိန်းမကြီး ရပ်နေတယ်"

ဒေါ်ထိပ်ထားစုက ခါးထောက်လျက် ဘီလူးချောင်းဘက်သို့ ငေးကြည့်နေသည်။

သူတို့အိမ်ကြီးရော၊ ပြေတို့ တဲလေးပါ ဘီလူးချောင်းကို ကျောပေးလျက် လမ်းမဘက်သို့ မျက်နှာမူ၍ ဆောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



စေတနာလွန် ဆန္ဒကြောင့်သာ ပြောမိပြောရာ ပြောလိုက်ခြင်းပါ။ တကယ်တမ်းကျတော့ ပြေလည်း မသွားရဲ။

ဩော်. . . သူဌေးတို့ပိုင်မြေ၏ ခြံစွန်းထောင့်လေးမှာ တဲငယ်တစ်လုံးနှင့် နေထိုင်ရသော ဒရိုင်ဘာ၏သမီးက အိမ်ကြီးရှင် သခင်မနှင့် ဘယ်လိုမှ မရင်ဆိုင်ရဲတဲ့ဘဝပါလား။

"အမယ်လေး. . . တော်ပါသေးရဲ့၊ ပြီးသွားပြီ၊ ပုံးတွေမှောက်ထားလိုက်ပြီ"

ပြေ၏ရင်မှာ ထွန်းထက် နှစ်ဆ မောဟိုက်ဆို့နင့်နေသော အလုံးကြီး ကျသွားရပါပြီ။

"ပြေ"

"ဟင်"

"ငါ အဲဒီအိမ်ကြီးနဲ့ အိမ်ကြီးက လူတွေအကြောင်း သိပ်စိတ်ဝင်စားတာပဲ"

"ပြေလည်း သူတို့ ဘာလုပ်နေကြတာလဲဆိုတာ သိပ်သိချင်တာပဲ"

"နင်တို့က တခြံတည်းနေပြီး ဘာမှ မသိတာတော့ လွန်တာပေါ့ဟာ"

"ဩော်. . . မမမေကလည်း ခိုင်းစရာရှိမှ ခေါ်တာ၊ လုပ်စရာလုပ်ပေးပြီးရင်လည်း ပြန်ရတာ မမမေရဲ့"

"နင်ပြောတော့အပေါ်မှာ လူမြင်မခံဝံ့တဲ့ လူတစ်ယောက်ရှိနေသေးတယ်ဆို"

"ဟုတ်တယ်၊ ဘုရားခန်းဘေးက အဆောင်ထဲမှာ"





"မိန်းမလား၊ ယောကျ်ားလား"

"ပြေတော့ မသိဘူး၊ ထွန်းကပြောတော့ မိန်းမကြီးဆင်တယ်တဲ့၊ ဒါပေမယ့် အသံက သြသြကြီးတဲ့"

"ဟင်. . . တစ်အိမ်တည်းနေတဲ့ မောင်ဝင်းထွန်းလည်း သိဘူးလား"

"သူသိရင် ပြေ သိရမှာပေါ့ မမမေရဲ့"

ပြေနှင့်ထွန်းသည် ခန္ဓာကိုယ်နှစ်ခုနှင့် ဘဝတစ်ခုတည်း တည်ဆောက်ထားကြသည်ဟု ပြေက ခံယူထားသူမဟုတ်လား။

ထွန်းသည်. . . ပြေ၊ ပြေသည်. . . ထွန်းပါ။

သီးခြား သိမှတ်ဆောင်ရွက်သော အလုပ်မျိုး မရှိခဲ့သေးပါ။

"ထွန်းကလည်း ပြေလိုပဲ အိမ်ကြီးပေါ် တက်ခွင့်ရတာမှမဟုတ်ဘဲ၊ သူလည်း သိသမျှ ပြေ့ကို ပြောပြရတာပါ"

"အေးဟယ်. . . ဒီဇာတိတွေလည်း မဟုတ်ဘဲနဲ့၊ ဒီမြို့ကြီးကို ဝယ်ပြီး ဘာလာလုပ်နေကြတာလဲ မသိဘူးနော်"

"ဟုတ်တယ်. . . ဦးလေး ဦးမောင်မောင်မြတ်ကလွဲပြီး. . . ကျန်သူတွေအားလုံးက ဘယ်သူနဲ့မှလည်း မဆက်ဆံကြဘူး၊ ဘယ်သူမှလည်း သူတို့ဆီ မလာကြဘူး"

"တစ်မျိုးကြီးပဲနော်"

"တစ်ခါတလေ. . . ဦးလေးရဲ့ ဧည့်သည်တွေ လာရင် ခေါ်ထိပ်ထားစုပါမကျန် အားလုံး အခန်းထဲ ဝင်ပုန်းနေကြတာတဲ့၊ ထွန်းက ပြောပြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . ဒါဆို သူတို့ကို လူမြင်မခံဝံ့တာ အကြောင်းရှိရမယ် ပြေ၊ ရာဇဝတ်မှုတစ်ခုခုများ ကျူးလွန်လာကြ သလား မသိဘူးနော်"

"မပြောတတ်ပါဘူး မမမေရယ်"

"ဘာနဲ့စားသောက်နေကြလဲ"

"မမတင်ဆိုတဲ့ မိန်းမက ဈေးဝယ်တယ်လေ၊ ဒီမောဆိုး ဈေးနေ့တောင် သွားဝယ်တယ်၊ အဖေပဲ ကားနဲ့ ပို့ပေးရတာ စားတာတော့ အကောင်းစားချည်းပဲ"

"နေပါဦး၊ အိမ်ကြီးပေါ်မှာ လူဘယ်နှယောက်ရှိလို့လဲ"

"မများပါဘူး ဦးမောင်မောင်မြတ်ရယ်၊ ဒေါ်ထိပ်ထား ရယ်၊ သူ့အစ်မ ဝမ်းကွဲလို့ ပြောတယ်. . . ဒေါ်ခင်ခင်လတ်ဆို မိန်းမကြီးရယ် နောက်. . . မြတ်ဒေဝီကတော့ ကျောင်းပိတ် တွေ့ရတာ"

"သားသမီးက ဒီတစ်ယောက်တည်းလား"

"သားတစ်ယောက် ရှိတယ်လို့ပြောတာပဲ၊ သေသွားပြီတဲ့"

"ဟုတ်မှဟုတ်ရဲ့လားဟယ်၊ အပေါ်ထပ်က ပုန်းနေ လူဆိုတာ အဲဒီသားများလားမသိ"

"ထွန်းက ပြောတော့ လူကြီးသံတဲ့"

"တမင် လုပ်ပြောချင် လုပ်ပြောမှာပေါ့ဟ"

"ဒါတော့ မပြောတတ်ဘူး"

"အိမ်သားက ဒါပဲလား"

"သူတို့မိသားစုကတော့ ဒါပဲ၊ နောက် မမတင်နဲ့ ဒ





ယောက်ျား 'ကိုအေး'တို့ကတော့ သူတို့ မန္တလေးက ပြောင်း တည်းက ပါလာကြတာ၊ နောက် အလုပ်သမားနှစ်ယောက်နဲ့ အိမ်ဖော်တစ်ယောက်ကိုလည်း ဦးမောင်မောင်မြတ် သွားခေါ် လာတာပဲ၊ ဒီမြို့က လူတစ်ယောက်မှ သူတို့အိမ်မှာ မရှိကြဘူး"

"နင်တွေ့တယ်ဆိုတဲ့ လသာညက ဖြူဖြူကြီးဆိုတာ ငါ သိပ်စိတ်ဝင်စားတာပဲ ပြေရယ်၊ နင် ဘယ်နှစ်ခါတွေ့လဲ"

"တစ်ခါပဲတွေ့ရတယ်၊ ပြီးခဲ့တဲ့ သီတင်းကျွတ် လပြည့်ည တတော့ ပြေ့ကို အဖေက မချိုတို့တွေနဲ့ အတင်းပွဲကြည့်ခိုင်း တယ်၊ မြို့နံ့စေတီဘက်မှာ ပွဲဝင်တယ်လေ။ အဲဒီညက အဖေ လည်း အလုပ်ရှိတယ်ဆိုပြီး အိမ်မှာ မအိပ်ဘူး"

"ဒါဆို အဖေသိမှာပေါ့"

"အသေအချာ သိမှာပါ၊ ဒါပေမယ့် ဟိုအိမ်ကဟာတွေက ဘယ်လိုသစ္စာရေတွေများ တိုက်ထားလဲ မသိပါဘူး၊ အဖေ့ကို ဘာမေးလို့မှ မရဘူး"

"မရလည်း မေးမနေနဲ့ဟာ. . . အဖေ ခုလို သစ္စာရှိလို့ သာ သူတို့ ယုံယုံကြည်ကြည် ခိုင်းကြမှာပေါ့"

"ဒါကြောင့် မမေးတာပါ၊ မေးတိုင်း အဖေက မျက်နှာ ဖျက်ဖျက်သွားတယ်"

"အေး. . . လာမယ့် တန်ဆောင်မုန်းလပြည့်ညကျရင် ဘာလုပ်ကြဦးမလဲ မသိဘူး၊ ငါ ကြည့်ချင်လိုက်တာ"

"ပြေနဲ့ ထွန်းနဲ့ တိုင်ပင်ပြီးပြီ၊ အဲဒီညကျရင် စောင့်ကြည့် ကြမလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . သတင်းထူးရင် ငါ့ပြောနော်"

"မမမေကဖြင့် ပြန်တော့မှာ"

"အေးဟယ်. . . ငါလည်း နေခဲ့ချင်ပါတယ်၊ ကိုမြင့်ရဲ့ စားမှုသောက်မှုက ရှိသေးတယ်၊ ဘာလိုလိုနဲ့ ငါတို့ပြန်ရဖို့တောင် သုံးလေးရက်ပဲ လိုတော့တယ်"

"အစ်ကိုမြင့်အေး ရုံးက ကားကြုံစောင့်ဦးမှာဆို"

"အေး. . . လမ်းစရိတ် သက်သာလည်း မနည်းဘူးလေ။ အဖေ့လည်း ကန်တော့ခဲ့ချင်သေးတယ်၊ ကိုမြင့် လခကလည်း တစ်ရာကျော်ရတာ"

"အဖေက မမမေဆီက မလိုချင်ပါဘူး"

"မိဘဆိုတာ ဒီလိုပဲပေါ့၊ ဒါပေမယ့် အဖေ့ကို ငါ သနားတယ်၊ သူ မိန်းမ မယူလို့ တို့ မိထွေးနဲ့ မနေရတာ"

"အေးနော်"

"ငါလည်း နှစ်ရက်သုံးရက်အတွင်း ပြန်ရတော့မှာ၊ နင်လည်း အပျိုဖြစ်လာပြီ၊ အနေအထိုင် ဆင်ခြင်ပေါ့၊ ကိုယ်ကမိခင်ရှိတာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ထိန်း၊ သူများပြောစရာ ဖြစ်တော့ မကောင်းဘူး"

"ပြေ့အကြောင်း မမမေ သိပါတယ်၊ ဘယ်မှ မသွားမလာ မလည်တတ်ပါဘူး၊ အားရင် ထွန်းနဲ့ပဲ စာတူတူ ကျက်တာပဲ"

"အေး. . . ကောင်လေးကို ငါ တစ်ချိန်လုံး လေ့လာ အကဲခတ်နေတာ၊ မဆိုးဘူး ကြိုးစားတယ်၊ ရည်မှန်းချက် ကြီးပုံရတယ်၊ ပြီးတော့ နင့်ကိုလည်း တော်တော် ခင်တွယ် သံယောဇဉ်ရှိပုံရပါတယ်၊ ဘာပဲဖြစ်ဖြစ် ပညာမစုံကြခင်၊ အရွယ် မတိုင်ခင်တော့ ဆင်ခြင်သင့်တာ ဆင်ခြင်ပေါ့ပြေရယ်၊ ထွန်းကို ဆိုတော့ ငါ သဘောကျပါတယ်၊ ဒါပေမယ့် နင်တို့ ငယ်ကြသေး တယ်"

ပြေသည် ကြည်သာ ချမ်းမြေ့လွန်းစွာ ပြုံးမိပါသည်။

အချစ်၏ ခရီးလမ်းကို ဖြတ်သန်းလာပြီးသော မမမေ သည် ထွန်းနှင့် ပြေတို့ ချစ်နေကြပြီ ဆိုသည်ကို မရိပ်မိဘဲ နေသည်မဟုတ်။

ရိပ်မိသိရှိသော်လည်း ထွန်းနှင့်ပတ်သက်၍ ကျေနပ် ကြည်ဖြူသည့်စကားကို ကြားရ၍ ရင်၌ ဝမ်းသာရခြင်းက အတိုင်းမသိ။

အဖေသည်လည်း မမမေနှယ် ကျေနပ်၍သာ သူနှင့် ထွန်းတို့ ထာဝရနီးပါး အတူတကွ ရှိနေသည်ကို ကန့်ကွက် စကား မဆိုခဲ့။

တိုအိမ်ကြီးပေါ်ကလည်း ထွန်းလို ပြေလို သူတို့၏ အစေ ခံများ ဘာပဲဖြစ်နေကြ ဖြစ်နေကြ အရေးတယူ ဖြေရှင်း စရာ ကိစ္စမဟုတ်ဟု ခံယူထားကြပုံရသည်။

သူတို့ ခိုင်းစေစရာကိစ္စပြီးလျှင် ဤခြံကြီးထဲ၌ ကိုယ်ပိုင် လွတ်လပ်ခွင့် ထွန်း ရရှိ၏။ စာပဲကျက်ကျက်၊ ပြေနဲ့ပဲ နေနေ။ အပြင်သွားခြင်း၊ အပြင်မှ သူငယ်ချင်းထားခြင်းကိုမူ သူတို့ မကြိုက်။

ထွန်းကလည်း ပြေနှင့် အတူနေရလျှင် အရာအားလုံး





ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးပြည့်စုံပြီဟု ခံယူထားသူမို့ အားလုံးသော အားလုံးသည် အားရဖွယ်ကောင်းလောက်အောင် အဆင်ပြေလှပါချေသည်။

မမမေ ပြောသလို...

ငယ်ကြသေးသည်... ဆိုသော အချက်တစ်ခုသာ သူတို့ကြားမှာ ခြားလျက်ရှိပါ၏။

အချိန်တန်မှ... အရွယ်ရောက်မှ ပေါင်းစုံ ခွင့်ရမည်ကို လည်း ပြေ ကြိုက်နှစ်သက်ပါသည်။ ဒါမှ အချစ်သက်ရင့် မောင်နှံများအဖြစ်နှင့် နှစ်ပေါင်းများစွာ အိုအောင်မင်းအောင် မေတ္တာခိုင်ကြည် မြဲလေမည် မဟုတ်ပါလား။

ထွန်းကို ချစ်ရခြင်းအတွက် နှစ်ဘက်သော ရှုထောင့် များမှ ဘာအတားအဆီးမှ မရှိခဲ့ပါပေ။

ချောပြေ သိမ်မွေ့သော ချစ်ခရီးလမ်းကို ပြေ၏ အသက် ဆယ့်ခြောက်နှစ်မပြည့်မီကပင် အချစ်ဦး ထွန်းနှင့်အတူ ခြေ လျှောက်လှမ်းခွင့် ရရှိခဲ့သော မေတ္တာ ကံမွန်မလေး ပြေပါ တကား။

◆ ◆ ◆





ဆောင်းဦးရာသီ၏ နှင်းဝေနံနက်ကြောင့် လှိုင်ကော်မြို့ သည် ပို၍ ငြိမ်းချမ်းစွာ လှပနေပါ၏။

"ပြေ ချမ်းနေလားဟင်"

"ထွန်းနဲ့အတူနေရတိုင်း အချမ်းတွေ အပူတွေကို ပြေ ခံစားရတော့ပါဘူး"

"ဒါဖြင့် ဘာတွေခံစားရလဲ"

"အချစ်တွေ၊ အကြင်နာတွေ၊ သံယောဇဉ်တွေ"

"ပြေဟာလေ"

"တကယ်ပါ ထွန်းရယ်၊ အဲဒီခံစားမှုတွေ အပြည့်နဲ့ ပြေ့ကို ဆယ်ရာသီဥတုဒဏ်ကမှ မထိုးဖောက်နိုင်ပါဘူးကွယ်"

"ပြေ"

"ထွန်း"

"ထွန်းကို ပြေ တကယ် ချစ်ရဲ့လားဟင်"

"တခြားပုစ္ဆာ မေးပါတော့လားထွန်းရယ်၊ ဒီအမေးဟာ အဖြေထွက်ပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထပ်ကြားချင်လို့"

"ဒါဆို ထပ်ပြောမှာပေါ့"

"ပြော"

"ပြေ့ရင်ထဲက နှလုံးခုန်သံကို နားထောင်ကြည့်၊ ဒုတ်. . ဒုတ်လို့ မမြည်ဘူးရှင့်၊ ချစ်. . . ချစ်. . . ချစ်လို့ မြည်နေတယ်"

"မယုံပါဘူး"

"ဟင်"

"ထွန်း နားထောင်ကြည့်ရမလား"

"ထောင်ကြည့်"

လွယ်လွယ် ပြောမိသည်။

ထွန်းက ပြေ့ရင်ခွင်မှာ ပါးအပ်လာတော့ ရင်ခုန်သံ မြန်လာရသည်။ ပြေ၏ နှလုံးခုန်သံကို သူတကယ်ပင် ကြားရလေတော့မည်။

ရင်ခွင်ရောက် ထွန်းမျက်နှာလေးကို ငုံ့ကြည့်ပြီး မရှောင်လွှဲမိ၊ မတွန်းဖယ်ရက်။

"ထွန်းရယ်"

သူ့ခေါင်းပေါ်ကို ပြေ့ ပါးလေး ဖြည်းဖြည်းချင်း ငုံ့အပ်မိချိန်မှာ ထွန်း လက်နှစ်ဘက်က ပြေ့ခါးကို သိုင်းဖက်၍. . .

"ချစ်တယ် ပြေရယ်၊ ထွန်းလေ ပြေ့ကို သိပ်ချစ်တာပါပဲကွယ်"

"ပြေလည်း ဒီလိုပဲပေါ့ အချစ်ဦးရယ်"

သူ့ဆံပင်များကို ပြေ့ပါးနှင့် ပွတ်တိုက်ရင်း ရင်ထဲအသည်းထဲက နှင့်နှင့်နဲနဲ ပြောလိုက်မိပါသည်။

ရင်ခွင်ရောက် ထွန်းမျက်နှာလေးက ပြေ့ကို မော့ကြည့်လာပြီး. . .

"အချစ်ဦးတဲ့လား ပြေရယ်"

"ဟုတ်တယ် ထွန်း၊ ပြေ့အဖိုဖွာယ်နဲ့ ပြေ သတ်မှတ်ထားတာ၊ အချစ်ဆိုတဲ့အရာ ရင်ထဲ ရောက်မလာခင်တည်းက ထွန်းကို ပြေ တွယ်တာရ၊ ကြင်နာရတာပါ၊ ဒါကြောင့် အချစ်ဆာတ် အရင်ဦးအောင် ရင်ထဲရောက်လာတဲ့ ထွန်းရယ်ပါကွယ်"

"ပြေရယ်"

"တကယ်ပါ ထွန်း၊ အချစ်ဆိုတာ ဘာမှန်းမသိခင် နားလည်ခင်တည်းက အရင်တွယ်တာခဲ့လို့ ထွန်းဟာ ပြေ့ရဲ့ အချစ်ဦးလို့ ပြောရတာပါ"

"ပြေဟာလေ. . . ကြကြဖန်ဖန်လေးတွေ တွေးတတ်တယ်၊ ပြောတတ်တယ်၊ စိတ်ကူးတတ်တယ်နော်"

"ထွန်းနဲ့ပတ်သက်ရင် ပိုပြီး စိတ်ကူးယဉ်ချင်တယ်။ ထွန်း. . . ပြေ့ကိုကြည့်ပါဦး"

ထွန်းသည် ပြေ့ရင်ခွင်မှာ မှီလဲရာက ပြေ့ကို ကြည့်လာသည်။

"ပြေ သိပ်ကြောက်နေတာ တစ်ခုရှိတယ်"

"ဒေါ်ထိပ်ထားစုကိုလား"

"ဘယ်က ဟုတ်ရမှာလဲ"

"ဒါဆို ပြေ့အဖေ ဆူမှာကိုလား"







www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ထွန်းရဲ့"

"ဒါဖြင့် ဘာလဲ"

"ပြေ သိပ်ကြောက်တာ ထွန်းနဲ့ ခွဲရမှာကို"

"ဘာလို့ ခွဲရမှာလဲ၊ ဘယ်တော့မှ မခွဲဘူး"

"စိတ်ကတော့ ဟုတ်တာပေါ့၊ အခြေအနေအရ ခွဲကြရရင်ရော"

"ပြေဟာလေ. . . အဘွားကြီးအိုလေး ကျနေတာပဲ၊ မဖြစ်လာသေးတာတွေကို ဘာလို့ တွေးပူနေရတာလဲ"

"ထွန်းကို မခွဲရက်လွန်းလို့ပါ"

"ဒီမှာ. . . ပြေ"

"ဟင်"

"အခြေနေတွေ ဘာတွေဆိုတာက အဆင့်အတန်းဆိုတဲ့ အနိမ့်အမြင့်တွေ ပိုင်းခြားထားကြတာကို ပြောတာပါ၊ ထွန်းနဲ့ ပြေနဲ့ ချစ်နေကြတာကို မတူပါဘူး မတန်ပါဘူးရယ်လို့ ဘယ်သူက လာခွဲမှာလဲ ပြေရဲ့၊ ပြီးတော့ ထွန်း. . . ပြေနဲ့ ချစ်နေကြတာကို ဒေါ်ဒေါ်လတ်ရော၊ ဒေါ်ဒေါ်လေးပါ သိပါတယ်။ သူတို့ရဲ့ မဆိုင်သလိုပဲ၊ သူတို့ခိုင်းတာလုပ်ရင် ပြီးတာပါပဲပြေရာ၊ ထွန်း ဘဝမှာ ပြေတစ်ယောက်ကလွဲပြီး ဘယ်သူကမှ ဂရုစိုက်မယ့်လူ မရှိပါဘူး"

"ပြေ ဂရုတစိုက်ရှိရတာဟာ အားလုံးသော လူတွေ ဂရုစိုက်နိုင်တာထက် ပိုပါတယ် ထွန်းရယ်"





"သိတယ်၊ ယုံတယ်၊ ဒါကြောင့် ပြေ့ကို သိပ်ချစ်ရတာပေါ့၊ ဩော်. . . ပြေ"

"ဟင်"

"ဦးလေးလည်း သိမှာပဲ၊ ပြေ့ကို ဆူနေမှာလား"

"သိပေမယ့် မဆူတာ သဘောတူလို့နေမှာပေါ့နော်"

"ဒါပေါ့ ပြေရဲ့. . . ဒါပေါ့၊ ထွန်းတို့ ချစ်သူနှစ်ဦးရဲ့ ဘဝမှာ အဆီးတားဆိုတာ ဘာမှကိုမရှိနိုင်ပါဘူး"

ထွန်းတို့ ဝန်းကျင်တွင် နှင်းပွင့်နှင်းမှုန်လေးတို့ ကြွေသက်ကျဆင်းနေပါ၏။

သူတို့နှစ်ဦး၏ ပတ်လည်တွင်ဖြင့် မြူခိုးငွေ့တွေ သိပ်သည်းစွာ ရစ်ဆိုင်းအုံ့ဖွဲ့လျက်ပါ။

တောင်ပေါ်မြို့တို့၏ ထုံးစံအတိုင်း နှင်းဝေနက်သည် အခါ စာအဝေးလောက်ကိုပင် တစ်ဦးနှင့်တစ်ဦး မမြင်သာ။

ထွန်းနှင့် ပြေတို့ ချစ်သူနှစ်ဦးသည် နှင်းကန္တာရ အလယ်မှာ နစ်မြုပ်နေကြသည်။

ဘီလူးချောင်းအထက် တောင်ကုန်းငယ်ပေါ်မှ မြင်ရာပင်ကြီးအောက်မှာ နေရာသစ်ကလေးကို သူတို့ ရှာဖွေတွေ့ရှိထားကြသည်။

အချစ်ဦးနှစ်ယောက်ကို မည်သူကမှ မမြင်သာ၊ မတွေ့သာအောင် မြူနှင်းပွင့်တို့က ဝိုင်းဖွဲ့ကာရံပေးထားကြလေ၏။

ပထမဆုံး ရရှိခံစားရသော ထွန်း၏ အနမ်းကြောင့် နှင်းတောထဲမှ ပြေသည် ရှိန်းမြန္တေးပူလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုန်လိုက်ရသည့် ရင်. . .

ဆတ်ဆတ်တုန်နေသော နှလုံးသားတည်ရာ ရင်ခွင်နွေ့တို့မှာ အပြန်အလှန် တိုးဝင်ပုန်းခိုမိကြသည်။

စိမ့်အေးနေသော ပြေ၏ ပါးလေးများ၊ တုန်နေသော နှုတ်ခမ်းလေးများပေါ်မှာ ထွန်း၏ အနမ်းနွေးများ ဆင့်ကာ ဆက်ကာ ကျရောက်လာသည်။

မှေးစင်းထားသော မျက်ဝန်းများ၊ ချောက်ချားလွန်းသော အသိ၊ ချိမြိန်လှသော ခံစားမှုများကို ပြေ့ရင်နှင့်အမျှ ခံယူရှ ပါ၏။

သူတို့ရှိနေရာ ကုန်းမြင့်သာ၏ အောက်ခြေဆီမှာ ဘီလူး ချောင်းသည် ကောင်းချီးပြုဘာသံပေးလျက် ဆက်လ စီးဆင်းသွားတော့သည်။

သူတို့ရင်မှ မေတ္တာမြစ်တို့သည်လည်း ဤဘီလူးချောင် နှင့်အပြိုင် ထာဝရစီးဆင်းပါမည်ဟူသော ခံယူချက်များဖြင့်. . .

ထို ဆောင်းဦး နှင်းဝေ နံနက်က. . .

ထွန်းထံမှ ရရှိသော အနမ်းဦး၏ ရသများကို ပြေ ခန္ဓာတည်နေသမျှ မေ့၍ရတော့မည်မထင်။

◆ ◆ ◆





"ပြေ. . . ပြေ. . ."

နားထဲတွင် အသံကြားသော်လည်း အိပ်ချင်စိတ် ထက်ဝက်နှင့်မို့ မသဲကွဲလှ၊ ဝေးလံလွန်းသော အရပ်ဆီမှ ခေါ်နေသလိုလို. . .

"ပြေ. . . ပြေရေ. . ."

အသံက ဆင့်ရုံမက ဝါးထရံကို ပုတ်သံပါ ကြားရ၍. . .

"ဘယ်သူလဲ. . . ဟင်"

"ထွန်းပါ ပြေ. . . ထွန်းပါ"

"အို. . . ထွန်း. . . ထွန်း. . . ဘာဖြစ်လို့လဲဟင်"

"မဖြစ်ဘူးပြေ. . . တိုးတိုးပြော"

ပြေမှာ ထွန်း၏အသံကြောင့် လူးလဲထပြီး ထိတ်ထိတ် ပျာပျာဖြင့် တံခါးပြေးဖွင့်ရင်း. . .

"ဘာဖြစ်လို့လဲဟင်. . . ထွန်း ဘာဖြစ်လို့လဲ"

"ထွန်း ဘာမှမဖြစ်ပါဘူး ပြေ၊ အိမ်ကြီးပေါ်မှာ အထူး အဆန်းတွေ တွေ့ရတော့မယ် ထင်တယ်"

"ဘာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ပြေ ပြောတဲ့ ဖြူဖြူကြီး လေ့ဆိပ်ကနေ အိမ်ပေါ်တက်သွားပြီ"

"ဟာ. . . ဟုတ်လား"

"အဲဒါ. . . အိမ်ပေါ်မှာ ဘာတွေလုပ်နေကြလဲဆိုတာ သွားချောင်းကြည့်မလားလို့ ပြေ့ကို လာနှိုးတာ"

"ဟင်. . . ဖြစ်ပါ့မလား၊ အဖေ သိသွားရင် ဒုက္ခ"

"ဦးလေးကဖြင့် အိမ်ကြီးပေါ်မှာ"

ပြေသည် ယခုမှ ကြည်ကြည်လင်လင် နိုးလာသလို ရှိသွားသည်။

အဖေ အိမ်မှာရှိမနေဆိုခြင်းအတွက် စိတ်၌ ပေါ့ပါးသွားမိသည်။ ထွန်းက ပြေ့လက်ကိုဆွဲပြီး အိမ်ပေါ်မှ ဆင်းသက်စေသည်။

"ထွန်း လက်ကလေးတွေက အေးစက်နေတာပဲ"

"အပြင်မှာ သိပ်အေးနေလို့ပါ၊ လာ. . . ပြေ. . . ဒီမှောင်ရိပ်ဘက်က သွားကြရအောင်"

"ထွန်း"

သူ့လက်ကိုဆွဲပြီး ရပ်တန့်စေလိုက်သည်။ သစ်ပင်ရိပ်အောက်မှာ အချစ်ဦး၏ လက်ကိုတွဲလျက် အိမ်ကြီးဆီမှ မီးရောင်လက်လက်များကို မော့ကြည့်ပြီး. . .

"သွားလို့ဖြစ်ပါ့မလား ထွန်းရယ်. . . ပြေတို့နှစ်ယောက်ကိုများ တွေ့သွားရင် မတွေးဝံ့တော့ဘူး"

သူလည်း ငြိမ်သွားသည်။ ခေတ္တ တွေဝေပြီးမှ. . .





"သူတို့ ဘာတွေ လျှို့လျှို့ဝှက်ဝှက် လုပ်နေကြတယ်ဆိုတာ ထွန်း သိပ်သိချင်တာပါပဲ"

"ပြေလည်း သိချင်တာပဲ၊ ဒါပေမယ့် မိသွားမှာ ကြောက်တယ် ထွန်းရဲ့"

ထွန်းက ရပ်တန့်နေသော်လည်း ပြေ့လက်ကို ဆုပ်ထားသည်။ သူ့လက်က ပိုမို တင်းကျပ်လာသည်။ ဆန္ဒ သိပ်စောနေပုံသည်း ရပါ၏။

"ဒီလို လုပ်မယ် ပြေ"

ထွန်းသည် ကိစ္စတစ်ခုကို ဘယ်သောအခါမှ အလျှော့ပေးတတ်သူမျိုးမဟုတ်။ သူ့ဘဝ တိုးတက်ဖို့အတွက်လည်း အဘက်ဘက်က စက္ကန့်မလပ်အောင် ကြိုးစားနေရသော ထွန်းသည်. . .

သူ မှီခိုနေထိုင်ရသော အိမ့်ရှင်တို့၏ လျှို့ဝှက်နက်နဲမှုကို အစွမ်းကုန်ဆန္ဒဖြင့် သိချင်လွန်းနေပုံရပါ၏။

"ဘယ်လိုလုပ်ရမှာလဲဟင်. . . ထွန်း"

"သူတို့အားလုံး အိမ်နောက်ဖေးကိုပဲ အသုံးပြုကြတာ၊ ပြန်လည်း နောက်လှေကားက ပြန်မှာ၊ ဒီတော့ အိမ်ရှေ့လှေကားက တက်ကြည့်ကြမယ်၊ လာ. . . ပြေ"

"အို. . . ထွန်း"

ထွန်းက လက်ဆွဲပြေးသည်။ နောက်က ခြေသံမကြားအောင် ပြေးလိုက်ပြီး ခြေတံရှည်အိမ်ကြီးအောက် ထင်းစင်သေးမှာ ဝပ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံများ သဲ့သဲ့ကြားရာဘက်သို့ ထွန်းက နားစွင့်ပြီး ဘုရားဆောင်ရှိရာ ခေါင်းရင်းဘက်သို့ တရွေ့ရွေ့ တိုးသွားခိုက်. . .

"ဝုတ်. . . ဝုတ်"

ဆိုသော "ဖိုးလုံး"၏ ဟောင်သံက ဟိန်းထွက်သွားတော့သည်။

ထွန်းက ခွေးနားသို့တိုးကပ်ပြီး လက်ဖြောက်တီး လေချွန်လေမှ သူ့ကို အစာကျွေးသော သူ့သခင် ထွန်းမှန်းသိ၍ ငြိမ်သွားပါ၏။

"လာ. . . တက်ကြည့်ရအောင်"

"ပြေ. . . ကြောက်တယ်"

"ဒါဖြင့် ပြေ ပြန်တော့၊ ထွန်းပဲ တက်ကြည့်တော့မယ်"

ထွန်းအသံမှာ စိတ်ရှည်ပုံမရ။ ပြေက ဘာမှ မချေပတော့ပါပဲ သူ့လိုပင် နားနားမှာ ကပ်ပြီး. . .

"ပြေ လိုက်ပါ့မယ်။ အရိုက်ခံရလည်း ပြေပါ အရိုက်ခံမှာပေါ့၊ တစ်ယောက်တည်းတော့ ခွဲပြီး မပြန်ချင်ပါဘူး ထွန်းရာ"

"ဒါဖြင့်. . . လာ"

အိမ်ရှေ့ လှေကားမှ နှစ်ယောက်သား ခြေဖော့နင်းပြီး တက်ခဲ့သည်။

အိမ်တံခါးမကြီးက ပိတ်လျက်သား. . .

ခေါင်းရင်းဘက် အဆောင်တွင် မီးလင်းလျက် လရောင်ဝင်လာသော လေသာပြူတင်းကို ဖွင့်ထားသော်လည်း ခပ်စွေစွေ





သော မြင်ရ၍ အတွင်းမှာ ဘာတွေဖြစ်နေသည်ကို လုံးဝမမြင်ရ။

"ဟော. . . ကြားလား"

ထွန်း၏ အားတက်သံကြောင့် ပြေ နားစွင့်လိုက်တော့ ဂီတာမန္တန်တစ်ခုကို တီးတိုးရွတ်ဖတ်နေသလိုလို ကြားရသည်။ အသားလုံးကတော့ မသဲကွဲ။

"သူတို့ ဘာလုပ်နေကြလဲလို့၊ အဲဒီ တံခါးဘောင်ကို ကိုင်ပြီး ထွန်းသွားကြည့်မယ်"

ထွန်း တွယ်သွားရမည့်နေရာက ခက်ခဲလှပါလို။

ဝရန်တာမှ ထွန်းကျော်ဆင်းပြီး နံရံတလျှောက် တွယ်လျှောက်နေရာမှ. . .

"အ"

အော်သံမကျယ်လောင်မီ ပါးစပ်ကို လက်နှင့် ပိတ်လိုက်သည်။ ထွန်းတစ်ယောက် အောက်သို့ ဖုတ်ခနဲ ပြုတ်ကျလာ၏။

လူတစ်ရပ်စာအမြင့်မှ ကျ၍ ထွန်း သိပ်နာသွားပြီလားဆိုသော ပူပန်စိတ်ဖြင့် တက်ခဲ့သော လှေကားမှ အမြန်ဆင်းပြီး ထွန်းကို ပြေးဖက်လိုက်ရသည်။

"တော်သေးတယ်၊ ခွေးကျ မကျဘဲ ကြောင်ကျ ကျပေလို့. . ."

တီးတိုးပြောရင်း ရယ်မောလေမှ စိတ်သက်သာရာရသည်။

"ပြန်ကြပါစို့ ထွန်းရယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပါ၊ အားမလျှော့စမ်းပါနဲ့ ပြေရ"

ထွန်းက စောစောက ထင်းပုံရှိရာသို့ ပြေးသွားပြီး နဲ့နေသည့် ခုံတန်းလျားတစ်ခုကို ယူမလာသည်။

ပြတင်းရှေ့မှာချပြီး သူတက်ကြည့်သော်လည်း မမီ၊ မမြင်ရ၊

"ပြေ တက်ကြည့်. . . လာ၊ ထွန်း. . . ထမ်းမယ်"

"အာ. . . မဟုတ်တာ"

"လာစမ်းပါဆို"

ဆက်ကပ်တစ်ခု ပြနေသည်သို့ပါပင်။ နဲ့နေသော ခုံပေါ်မှ ထွန်း၏ ပခုံးပေါ်တွင် ပြေက ထိုင်လျက်. . .

တဖြည်းဖြည်းချင်း သူက ထမ်းရင်း ထလာသဖြင့် ပြေ့မျက်နှာမှာ ပြတင်းပေါက်နားသို့ ကပ်မိလာခဲ့သည်။

"ဟာ"

မြင်ကွင်းက ဆန်းလှသည်။ ရာစုခေတ်နှောင်း တခေတ်ကိုပဲ ရောက်သွားသလိုလို၊ ဇာတ်စင်တစ်ခုမှာပဲ ကြည့်နေရသလိုလိုပါလား။

ပြေ မြင်ခဲ့ရဖူးသော ဖြူဖြူကြီးမှာ လူယောကျ်ားကြီး သျှောင်တစောင်းနှင့် သူဝတ်ထားသည်က အကျႌနှင့် လုံချည်မကွဲပြား၊ တဆက်တည်း ဝတ်ရုံရှည်ကြီးဖြစ်သည်။ ဇာတ်ထဲမှ ဝန်ကြီးတို့၊ ရှင်ဘုရင်တို့ ဝတ်စားပုံမျိုးထင်သည်။ အလင်းရောင် မှိန်မှိန်ကြောင့် မကွဲပြား။

"ဟာ. . .! သူ့ရှေ့မှာ"





ပြေ လန့်သွားသဖြင့် တံခါးဘောင်ကို ဆုပ်ကိုင်လိုက်ရသည်။

ကိုယ်ခန္ဓာကတော့ လူ၊

မျက်နှာကတော့ လူမဟုတ်. . .

မျက်နှာတစ်ပြင်လုံး အဖုကြီး အပိမ့်ကြီးများနှင့်။ အမည်းကွက်ကြီးများ၊ အဖြူကွက်ကြီးများက မှုန်ဝါးဝါး အလင်းရောင်အောက်မှာ ကြောက်စရာကောင်းလွန်းလှပါဘိ. . .

နှာခေါင်းရယ်လို့လည်း မပီပြင်. . .

နှုတ်ခမ်းကြီးကတော့ ထူထူထော်ထော်ကြီး၊ မျက်ဝန်းကိုသည်း မမြင်ရ. . .

ဆံပင် ဖားလျားချထားသလို အမွေးများက ထိုးထိုးထောင်ထောင် ပြန့်ကြဲလျက်. . .

ထိုသတ္တဝါကြီးက ငုံ့လျက်. . .

ဦးမောင်မောင်မြတ်နှင့် ဒေါ်ထိပ်ထားစုတို့က ဘေးတဘက်တချက်မှ ထိုသတ္တဝါကြီး၏လက်ကို ကိုင်လျက်၊ သူတို့နောက်မှာ ဒေါ်ခင်ခင်လတ်။

သူတို့နှစ်ယောက်က အဖြူပုဂ္ဂိုလ်ကြီးကို မော့ကြည့်သို့. . .

သူတို့ကြားမှာ အုန်းငှက်ပျောပွဲနှင့် ဖယောင်းတိုင်မီးများ ထွန်းလျက်။

အဖြူ ပုဂ္ဂိုလ်ကြီးက သူတို့အားလုံးကို ငုံ့ကြည့်၍ သူလက်မှ တစ်စုံတစ်ခုနှင့် ဖြန်းပက်ကြဲချရင်း ဒေါနှင့်မာန်နှင့် ရွတ်ဖတ်

www.burmeseclassic.com



သာရှုလှနေသည်။

ပြေ့ကိုတော့ မမြင်ကြ၊ သံသယရှင်းစွာ ဘေးဘီသို့ လုံးဝ မကြည့်ကြတော့၊ ပြေကလည်း အမှောင်တွင်းမှာပါ။

သူတို့ ဘာတွေလုပ်နေကြတာလဲ၊ ဘာတွေရွှတ်နေကြတာလဲ ဟူသော သိလိုဇောစိတ်နှင့် အာရုံစူးစိုက်စွာ ကြည့်နေဆဲ. . .

ထွန်းက ပြေ့ကို မနိုင်တော့၊ သူ့ရော ခုံရော တုန်နေပြီး ကြာလျှင် အားလုံး ပြိုလဲကျဖို့သာရှိတော့သဖြင့် ထွန်းက ဖေးဖေး မမ ချပေးသည်။

"ကြောက်စရာကြီး. . . ကိုယ်ကတော့ လူလိုပဲ၊ မျက်နှာက လူမျက်နှာ မဟုတ်ဘူး"

"ထွန်း ကြည့်ချင်လိုက်တာ"

"တိုးတိုးပြော ထွန်းရဲ့၊ ကပ်နေတာ၊ ကြားသွားပါဦးမယ်"

နားနားသို့ ပါးစပ်အပ်ပြီး တိုးတိုးသာသာလေး တစ်ယောက်တလဲ ပြောကြရသည်။

"ပြေ့ပခုံးပေါ် ထွန်း တလဲတက်လေ"

ညိုညိုနွဲ့နွဲ့လေး ပြေ့ကို ဖက်ပြီး. . .

"ဘယ်ဖြစ်ပါ့မလဲ၊ ကဲ. . . ပြေပဲ ပြန်တက်"

"တော်ပါရစေတော့ ထွန်းရယ်၊ ပခုံးကို လက်ကလေးနဲ့ နှိပ်လို့ နာသွားလို့လားဟင်"

"လာ. . . လာ. . . ဟိုထင်းပုံဘေးမှာပဲ သွားစောင့်ပြီး စကားပြောရအောင်"





ထွန်း ဆွဲရာသို့ ပြေ လိုက်ခဲ့ရသည်။

ထင်းပုံရိပ်မှာ ထိုင်ရန် ဟန်ပြင်ဆဲ နောက်ဖေးလှေကားမှ လူတစ်ယောက် လရောင်ထဲသို့ ထွက်သွား၍ ပြိုင်တူကြည့်လိုက် မိကြရာ. . .

"ဟယ်. . . အဖေ. . . ထွန်းရဲ့"

"မကြောက်နဲ့ ပြေ၊ သူ အိမ်မပြန်ပါဘူး၊ လှေဆိပ် ဆင်းသွားတာ"

အဖေ ချောင်းဘက်သို့ ထွက်သွားကြောင်း မြင်ရလေမှ ပြေသည် သူထိုင်ခဲ့သော ထွန်း၏ပခုံးလေး နာကျင်ရှာတော့မည် ဟူသော အကြင်နာစိတ်နှင့် ရွှရွှလေး ပွတ်ပေးနေမိသည်။

"ဘယ်လိုကောင်မျိုးလဲဟင်"

"မီးရောင်ကလည်း မှိန်မှိန်၊ ကြည့်ရတာလည်း ခဏလေးမို့ ကြောက်စရာမျက်နှာနဲ့ သတ္တဝါတစ်ကောင်ဆိုတာက လွဲပြီး ဘာမှ မှန်းလို့မရဘူး ထွန်းရဲ့"

"ရုပ်ပျက် ဆင်းပျက်ဖြစ်နေတဲ့ လူတစ်ယောက်ရော မဖြစ်နိုင်ဘူးလားပြေ. . ."

"မဖြစ်နိုင်ဘူး ထွန်း. . . အမွေးတွေနဲ့"

"တကိုယ်လုံးလား"

"ကိုယ်ကတော့ အဝတ်ထင်တယ်. . . ဝတ်ထားတော့ မမြင်ရဘူး၊ ခေါင်းပိုင်းတစ်ခုလုံး အမွေးတွေက ထိုးထိုးထောင်ထောင်နဲ့၊ အဲဒါကြီးမြင်ပြီး ပြေတော့ အိပ်လို့ရတော့မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းက ပြေ့ပခုံးကိုဖက်ထားရင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"ဒီသတ္တဝါကြီးတစ်ကောင်ကို အိမ်ပေါ် တင်ထားပြီး အဲဒီ ပိတ်ဖြူဝတ် ဆရာကြီးက လပြည့်ညတွေမှာ တစ်ခုခု လာလာပြီး လုပ်ပေးနေတာ ဖြစ်ရမယ်ထင်တယ်နော်"

"ပြေ မတွေးတတ်ဘူး"

"အဲဒီအဖြူကြီးက ညဘက်မှလာပြီး ညဘက်မှာပဲ ပြန်သွားမှာပဲ၊ ဒီမှာ ပြေ"

"ဟင်"

"အဲဒီကိစ္စကို ပြေ့အဖေ ဘကြီးညို သိမှာပဲ"

"အဖေက ဘာမှကို မေးလို့မရဘူး ထွန်းရဲ့"

"ထွန်း သိပ်သိချင်တာပဲ"

"ပြေလည်း သိပ်သိချင်တာပဲ၊ ဒါပေမယ့် ပြေ ကြောက် တယ်၊ သူတို့သိရင်တော့ သေပါပြီ"

"ပြေတို့ကမှ အလုပ်ထွက်ပြီး တခြားပြောင်းလို့ရနိုင်သေး တယ်၊ ထွန်းဆိုရင် သူတို့လက်ခုပ်ထဲကရေ. . ."

"ဒါဆိုလည်း ပြန်ကြပါစို့ ထွန်းရယ်၊ မိသွားမှာ ပြေ သိပ် ကြောက်တာပဲ၊ ထွန်းအတွက်လည်း စိုးရိမ်တယ်"

ထွန်းက ငြိမ်တွေသွားပြီး ပြေ့ပခုံးပေါ် သို့ လက်တဘက် တင်ထားရာမှ နောက် လက်တဘက်နှင့် သိမ်းဖက်လိုက်ပြီး. . .

"အလုပ်တစ်ခုကို ဖြစ်အောင်လုပ်ချင်တဲ့ဆန္ဒက သိပ်ပြင်း တာ၊ ဘာကိုပဲ ရင်ဆိုင်ရ၊ ရင်ဆိုင်ရ ဖြစ်အောင်လုပ်ချင်တဲ့စိတ်ကို





ထိန်းမရဘူး ပြေရယ်"

ချစ်သူ၏ ယောကျ်ားအားမာန်နှင့် ဖွဲ့သတ္တိတို့အတွက် ပြေ ဂုဏ်ယူဝင့်ကြွားလိုပါသော်လည်း ကြောက်သည့်စိတ်ကမူ ကြီးစိုး ဆဲပါ။

"ပြေ"

"ဟင်"

"ဟိုး လှေဆိပ်နားက ညောင်ပင်ကြီးဆီကို သွားကြ ရအောင်"

"အို. . . မြင်သွားလိမ့်မယ်"

"မမြင်ပါဘူး၊ ဟိုဘက် အမှောင်ရိပ်က ပြေးကြမယ်လေ၊ ဒါမှ သူတို့ဆင်းလာကြတာကို မြင်ရမှာ၊ ထွန်း သိပ်သိချင်၊ သိပ် ကြည့်ချင်လို့ပါ ပြေရယ်၊ သွားရအောင်ပါနော်"

"ထွန်း သဘောလေ"

ထိုအချိန်တွင် အပေါ်ထပ်ဆီမှ အသံများ ခပ်ကျယ်ကျယ် ပျံ့လွင့်လာသဖြင့် ပြေတို့နှစ်ယောက် ခေါင်းရင်းဘက်သို့ တိုးပြီး နားစွင့်လိုက်ရာ. . .

ကဲ. . . ရန်အပေါင်း အောင်မြင်စေသတည်း။

ပြည်တော်ဝင်စေသတည်း။

ပြည်တော်ဝင်စေသတည်း။

ပြည်တော်ဝင်စေသတည်း။

သဲကွဲစွာ ကြားရသော မြန်မာစကား ဖြစ်သော်လည်း 'ပြည်တော်ဝင်' ဆိုသော စကားကို နားမလည်ကြ။



www.burmeseclassic.com

www.burmeseclassic.com



စကားသံတိတ်ပြီး အပေါ်ထပ်မှ ရွှေ့လျားသံများ ကြား
လိုက်ရသဖြင့် ထွန်းက ပြေ့လက်ကိုဆွဲပြီး ခြံစည်းရိုးရိပ်ရှိရာသို့
စွတ်ပြေးသည်။

ပြီးတော့မှ ခြံစည်းရိုးအမှောင်လမ်းအတိုင်း ညောင်ပင်
ကြီးရှိရာ လှေဆိပ်အနီးသို့ ရောက်လာခဲ့ကြပါ၏။

ညောင်ရွက်စိမ်းတို့ ထူသိပ်စွာ ထပ်နေ၍ လရောင်ရိပ်က
မထွင်းဖောက်နိုင်။

ငွေရည်လွှင့်ပြင်ပေါ်မှာ အမည်းရောင်တကွက်လို ဖြစ်နေ
သည်။ ဤအမည်းထဲမှာ ချစ်သက်ငယ်လေးနှစ်ဦးတို့ နှစ်မြှုပ်
ပျောက်ဆုံးနေကြပါ၏။

"ထွန်း. . . ချမ်းနေလားဟင်"

"ချမ်းနေလားလို့ မေးတဲ့ ပြေက တုန်နေပြီ၊ အကျႌပါးလေး
နဲ့ ပြေ သိမ့်ချမ်းနေပြီ မဟုတ်လား၊ ထွန်း ပွေ့ထားပေးမယ်နော်"

ဆောင်းနှင်းပွင့်တို့သည် ပြေ၏ အသည်းနှလုံးကို
ဖုံးလွှမ်းလိုက်သည်သို့ပါ။

လူကြီးများ၏ တိတ်တခိုး လျှို့ဝှက်ချက်ကို ဖော်ထုတ်ရ
ရည်ရွယ်ချက်ဖြင့် ကြံစည်အားထုတ်ရစဉ်က ကြောက်ရွံ့ချောက်
ချား ရသည်ထက်. . .

ထွန်း၏ ရင်ခွင်ထဲမှာ မှီလှဲရခြင်းက ပိုမို၍ အသည်း
တုန်အောင် ခံစားရပါလားကွယ်။

"ပြေ့ကို ထွန်း သိပ်ချစ်တာပဲ"

"ထွန်းရယ်. . . ပြေကတော့ မပြောနိုင်တော့ဘူး၊ ပြေ





ချစ်ရတာတွေကို လိုက်မီ ညီမျှအောင် ပြောလို့ရတဲ့ ဝေါဟာရမျိုး
မရှိနိုင်ပါဘူး"

"ပြေက သိပ် စိတ်ကူးယဉ်တာပဲ"

"အို. . . စိတ်ကူးယဉ်တာမဟုတ်ပါဘူး ထွန်းရယ်၊ ထွန်း
ကို ချစ်ရလွန်းလို့ ပြေ့ရင်တွေ ကွဲထွက်တော့မတတ်ပဲ"

"တဲ"

"အာ"

လရောင်ကို ပုန်းနေကြသည့် အမှောင်ရိပ်တွင်းမှာ အနမ်း
ကြယ်လေးများက လင်းလိုက် လက်လိုက်။

"ထွန်းရယ်"

ထွန်း၏ ကိုယ်ခန္ဓာတစ်ခုလုံးကို ပြေက သိမ်းကျုံးဖက်ပြီး
ရင်ခွင်မှာ ခေါင်းအပ်ထားသည်။ ထွန်းလည်း မလှုပ်သာ၊ ပြေက
လည်း ငြိမ်သက်လျက်ပါ။

အဖေတို့၏ အုပ်ချုပ်မှု၊ ခေါ်ထိပ်ထားစုတို့၏ လက်
အောက်ခံဘဝများမှ လွတ်မြောက်နိုင်သော စွမ်းအင်များ ရလို
ပါ၏။

သူတို့နှင့် အဝေးဆုံး၊ အို. . . လူသားအားလုံးနှင့် မတွေ့
ထိ မဆုံဆည်းရသော ကမ္ဘာ့အပြင်ဘက်မှ နယ်မြေသစ်တစ်ခု
ကို သွားပြီး ထွန်းကို ခုလို ပွေ့ပိုက်ထားလိုက်ချင်စမ်းပါဘိကွယ်။

"ဟော. . . ပြေ၊ ဆင်းလာကြပြီ"

"ဟင်"

ထွန်း၏ တစ်လှန့်သံကြောင့် ပြေ ခေါင်းထောင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ လူတန်းတစ်ခု အိမ်ကြီး၏ နောက်ဘက်လှေကား ဆင်းလျက် ပြေတို့ရှိရာဘက်သို့ တရွေ့ရွေ့ လှမ်းလာနေကြ သည်။

“သျှောင်တစောင်းနဲ့ ပိတ်ဖြူဝတ်ထားတဲ့ လူကြီးက ရှေ့ဆုံးက၊ သူ့နောက်က ဟိုသတ္တဝါကြီးဆိုတာလား၊ ကြည့် စမ်း. . . ပြေ”

သစ်ပင်၏ ပင်စည်ကို ကပ်၍ တွယ်၍ ပြေ အသေအချာ ကြည့်လိုက်တော့. . .

“ဦးမောင်မောင်မြတ်ကိုယ်တိုင် ထွန်းရဲ့၊ သူ့လက်မှာ ပိုက်လာတာ ကန်တော့ပွဲကြီး”

မိန်းမ တစ်ယောက်မှ မပါ။ ယောကျ်ားချည်း ငါးယောက် စီတန်းလို့ပါ။ တန်ဆောင်မုန်းလပြည့်ညမို့ လရောင်က ထွန်း ကြည်လင်လှပါ၍ အားလုံးကို မြင်သာနေသည်။

ပိတ်ဖြူပုဂ္ဂိုလ်၊ ဦးမောင်မောင်မြတ်၊ ပြီးတော့. . . မျက်နှာစိမ်းတစ်ယောက်။ နောက်မှ ဦးမောင်မောင်မြတ်၏ လူယုံတပည့်နှစ်ယောက်။

သူတို့သည် လရောင်အောက်မှာ ဝိညာဉ်သားများ လျှောက်နေကြသလို အရိပ်မည်းကြီးများကို ဖြစ်ထွန်းစေလျက် တရွေ့ရွေ့နှင့် ပြေတို့နားသို့ ရောက်လာကြသည်။

ပြေ့အဖေနှင့် လှေသားနှစ်ယောက်က လှေဆိပ်မှ ရိုကျိုး စွာ စောင့်ကြိုကြရသည်။

ပြီးတော့ သူတို့အားလုံး လှေကြီးပေါ်သို့ တက်လျက်





ရေစီးလမ်းကြောင်းအတိုင်း စုန်ဆင်းလှော်ခတ်သွားကြတော့ သည်။

ဘီလူးချောင်းသည်မှ အားလုံးကို ခွင့်လွှတ် ကြည်ဖြူစွာ လိုက်လျောဟန်နှင့် လရောင်အောက်မှာ ညင်သာစွာ ခရီးဆက် စီးဆင်းလျက်ပါ။

“ဟာ. . . ပြေ၊ ဟိုမှာ ကြည့်စမ်း”

တရွေ့ရွေ့ ဝေးသွားသော လှေကို ငေးကြည့်နေရာမှ ထွန်းက အလန့်တကြား အသံလေးဖြင့် လက်တို့၍ ပြရာသို့ ကြည့်လိုက်တော့. . .

“ဟယ်. . .”

ဒေါ်ထိပ်ထားစုသည် အိမ်ကြီးပေါ်မှ အန္တရာယ်တစ်ခု လိုက်လာသည်သို့ ကြောက်အား လန့်အားပုံစံနှင့် ပြေးထွက် လာနေသည်။

လှေဆိပ်ဘက်သို့ စွတ်ပြေးပြီး အားကိုးရာ ရှာသလို၊ ဟိုဟို သည်သည် ကြည့်ရင်း ဆက်ပြေးတော့မလိုလို၊ ရပ်ရတော့ မလိုလို မငြိမ်မသက် ဖြစ်နေရှာသည်။

ပြေသည်လည်း ဒေါ်ထိပ်ထားစုနည်းတူ လန့်လန့်ထိတ် ထိတ်နှင့် ဟိုသည်ကြည့်ရင်း ထွန်းလက်ကို ဆုပ်ကိုင်ထားရ သည်။

ထိုစဉ် အောင်မြင်ကြည်လင်သော အသံတစ်ခုကို ကြား လိုက်ရ၏။

“စုစု. . . သိဒ္ဓိ ဒီမှာ”



www.burmeseclassic.com

www.burmeseclassic.com



"အို. . ."

အသံလာရာဘက်သို့ ဒေါ်ထိပ်ထားစု စွတ်ပြေးတော့သည်။

ပြေတို့ ပုန်းနေရာနှင့် အတော်လေးဝေးသော လှေစောင်း သက်ကယ်တဲလေးအတွင်းမှ အရပ်ရှည်ရှည် အမျိုးသား တစ်ယောက် ပြေးထွက်လာသည်။

ရေစပ် လရောင်ရိပ်မှာ သူတို့နှစ်ဦး ပေါင်းစုံမိကြပါ၏။ တစ်ဦးနှင့်တစ်ဦး ရင်ချင်းအပ်မျှ ဖက်တွယ်ကြပြီး နောက်. . .

သိဒ္ဓိဆိုသော အမည်ရှင်က ဒေါ်ထိပ်ထားစုကို သက်ကယ်မိုးထားသည့် တဲငယ်လေးအတွင်းသို့ ခေါ်ဆောင် သွားတော့သည်။

ပြေတို့ မမြင်သာတော့. . .

စကားသံများလည်း မကြားနိုင်တော့။ မှောင်ထဲမှာပဲ ထွန်းနှင့်ပြေတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ ကြရင်း. . .

"သိဒ္ဓိဆိုတာ လူနာမည်လားဟင်. . . ထွန်း"

"ဒါပဲ ဖြစ်မှာပေါ့၊ ဟိုကောင့်နာမည် ဖြစ်မှာပေါ့"

"သိပ်. . . အဲ. . . ကိုသိဒ္ဓိက ဒေါ်ထိပ်ထားစုကို လာကယ်တာလားဟင်. . . ထွန်း"

"ကယ်ရအောင် ဒေါ်လေးက ဘာဖြစ်နေလို့လဲ"

"ဒါဖြင့် ဘာလုပ်ကြတာလဲ"





"ပြေကလည်း သိပ် အ. . . တာပဲ"

"ဟင်"

"မသိဘူးလား"

"တကယ် မသိတာပါ၊ ဘာဖြစ်ကြတာလဲ ဟင်. . . ထွန်း၊ အဲဒါကို ထွန်း သိတယ်လား"

"သိတာပေါ့၊ ဒီကောင် ကြာကူရီပေါ့"

ထိုစဉ်က ခေတ်စားသော စကားကို ထွန်း ပြောလိုက်သော်လည်း. . .

"ဟင်. . . ကြာကူလီဆိုတာ ဘာလဲ"

"ခက်လိုက်တာ။ ပြေနဲ့ ထွန်းနဲ့ ခုလို ချိန်းတွေ့တာ ဘာဖြစ်လို့လဲ"

"အိမ်ကြီးကို ချောင်းကြည့်ဖို့လေ"

"ဟာ. . . ပြေကလည်းကွာ၊ ကဲ. . . ဒီပြင်နေ့တွေက ချိန်းတွေ့ကြတာရော"

"ချစ်လို့ပေါ့"

"အေး. . . သူတို့လည်း ချစ်ကြလို့ပေါ့"

"ဟယ်. . . ပြေတို့လို. . ."

တစ်ခါမှ မကြားဖူးသော ဘာသာသစ်တစ်ရပ်ကို ကြားနာ လိုက်ရသည်သို့ပါ။

မိန်းမသားတစ်ယောက်အတွက် အချစ်တစ်ချစ် ရှိပါ လျက် နောက်တစ်ချစ် ရှာတတ်ကြတယ်လား။ ဒေါ်ထိပ် ထားစု သို့ အသက်လေးဆယ်ကျော်အရွယ် အိမ်ထောင်သည်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



အချစ်အတွက် ပြေတို့လို စွန့်စားတယ် ဆိုတာရော ဟုတ် မလား။

"တစ်မျိုးကြီးပဲနော်"

"ပြေ ဘာမှ နားမလည်ပါဘူး၊ လာ. . . ပြန်ကြစို့"

"ဟင်. . . ဘယ်ကိုလဲ"

"ပြေ့အိမ်ကိုပေါ့၊ တော်ကြာ ဘကြီးညို ပြန်လာလို့ မတွေ့ ရင် ခက်နေမယ်"

"ဟုတ်ပါရဲ့"

အဖေသိရင် သတ်ပစ်တော့မှာပဲဟူသော စိုးရိမ်စိတ်ဖြ အမှောင်ရိပ်မှ ထွက်ခွာခါနီးတွင်. . .

"ထွန်း. . . သူတို့များ ပြေတို့ကို မြင်သွားကြမလားဟင်"

"ပြေတို့ကိုလည်း မမြင်ဘူး၊ တလောကလုံးကိုလည်း မမြင်ဘူး ပြေရဲ့"

ထွန်း၏ ခံယူချက်ဖြင့် အရဲကိုးသော စွန့်စားမှု နောက် ပြေ လိုက်ခဲ့ရသည်။ လရောင်အောက်မှ မဖြတ်သော်လည် သူတို့၏ အပြန်လမ်းတလျှောက်လုံး မှောင်မနေပါ။ ကွက်ကြ လရောင်လမ်းမှ ပြေတို့၏ တဲလေးရှိရာသို့ နှစ်ယောက်သာ ဖြတ်ပြေးခဲ့သည်ကို လုံခြုံလှပြီထင်ခဲ့ကြသည်။

ငွေရည်ရောင်များ ယိုကျနေသော ဆောင်းကာလ ထိုညမှ ဆောင်းနှင်းပွင့်၊ ငွေလရောင်၊ လေပြည်ညင်း၊ လွတ်လ ခြင်းနှင့် ဆိတ်ငြိမ်ခြင်းတို့သည် ပြေတို့နှစ်ဦးကို ကူညီသော အဖော်မွန်များ ဖြစ်လာကြတော့သည်။

◆ ◆ ◆



"အမယ်လေး"

ဆန်ရွေးနေစဉ် ပြေ၏ ရှည်လျားနက်မှောင်သော ဆံပင် ကို ဆောင့်ဆွဲခြင်း ခံလိုက်ရသဖြင့် ပက်လက်လန်သွားသော က အလန့်တကြား ကျိုးအော်ရင်း ကြည့်လိုက်တော့. . .

အဖေ၏ ခက်ထန်လွန်းသော ဒေါသမျက်နှာ. . .

"ကဲ"

"အား"

လက်နှင့်ရွယ်ပြီးမှ ဆောင့်ကန်လိုက်သဖြင့် ပြေ တစ်ချက် မ့်သွားရာမှ ကျိုးထရင်း. . .

"အဖေ. . . အဖေရယ်. . . သမီး. . . သ. . . မီး . . . ဘာ. . . လို့. . ."

"ဟင်. . . ခွေးမ၊ နင့်အပြစ် နင်သိတယ် မဟုတ်လား"

တစ်သက်လုံး သည်တစ်ခါလောက် ကြောက်ရွံ့တုန်လှုပ် သော ခံစားမှုမျိုးကို မကြုံဖူးခဲ့သေး။

"ညကအဖြစ်ကို အဖေသိသွားလေပြီ"

ပြေ့တစ်ကိုယ်လုံး လောင်မြိုက်ပြီး အခိုးအငွေ့အဖြစ်နှင့် လွင့်သွားပါရစေတော့။

အဖေ့ကို ဘယ်လိုရင်ဆိုင်ရပါ့မလဲ၊ ပြေ ကြောက်လှချေရဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com



"မိုက်လှချေလား သမီးရယ်. . . ဟင်"

အဖေ၏ ဒေါသသံ၌ ကြေကွဲခြင်းများပါ ဖြည့်တင်းလာ[illegible] သည်။

ပြေ အဖေ့ကို ရင်မဆိုင်ရဲ၍ မျက်နှာကို လက်ဝါးမှ[illegible] ငုံ့ဝှက်ပြီး ငိုရသည်။

"ကလေးဘာဝ နေတာ ထိုင်တာကို ငါ ဘာပြောခဲ့လို့လဲ"

သူငယ်ချင်းဘာဝဟောင်းမှ ပြောင်းလဲလာသော ဘဝသ[illegible] ချစ်သူများ၏အဖြစ်ကို အဖေ ရည်ညွှန်းလေသလား. . .

"ခုတော့. . . ကိုယ်နဲ့မဆိုင်တဲ့၊ ကိုယ်နဲ့ ဘာမှမဆိုင်[illegible] အိမ်ကြီးပေါ်က အရှင်သခင်တွေရဲ့ကိစ္စကို ဘာလို့ ဝင်ပါရတာ[illegible] လဲဟင်. . . ဘာလို့ သွားချောင်းကြည့်ကြရတာလဲ"

နောက်ဆုံး စကားလုံးများမှာ ဒေါသကြောင့် တုန်[illegible] သည်။ အဖေက ပြေ့ပခုံးကို ဆုပ်ကိုင်လှုပ်ခါပြီး ဆောင့်တွ[illegible] ပစ်လိုက်၏။

ထွန်းနဲ့အတူတကွ ရှိနေမိခြင်းထက် ပိုမို၍ အရေးကြ[illegible] သော အပြစ်သည် အိမ်ကြီးပေါ်မှ ကိစ္စများကို သွားရော[illegible] ချောင်းကြည့်မိခြင်း ဆိုပါလား။

"ဒီမှာ. . . ဒီကိစ္စမှာ. . . နင်က ဝင်းထွန်းကို ခေါ်[illegible] လား။ ဝင်းထွန်းက နင့်ကို လာခေါ်တာလား"

တရားခံ အစစ်အမှန် ပေါ်ပေါက်ရန် အဖေ စစ်နေသ[illegible] ပြီ. . .

"သမီး. . . သမီးက ကြည့်ချင်တယ်ဆိုလို့ ထွန်း[illegible] လိုက်ပြရတာပါ အဖေရယ်"





ချက်ချင်းပင် မုသားစကားဖြင့် ထွန်း၏အပြစ်ကို ဆီးကာ[illegible]ေးမိပါ၏။

"မိုက်လှချေလား ငါ့သမီးရယ်၊ သူတို့ရဲ့ လျှို့ဝှက်ဇာတ်ရှုပ်[illegible]ကြီးတို့ သမီးက ဘာလို့ သိချင်ရတာလဲဟင် ဘာလို့ ကြည့်ချင်ရ[illegible]တာလဲ"

"အဖေရယ်"

"သူတို့ဟာ မန္တလေးဇာတိတွေ၊ ဒီမြေမှာလာပြီး ဇာတ်မြုပ်[illegible]တာ၊ အကြောင်းရှိလို့ပေါ့၊ ဒီမှာပြေ. . . သူတို့က အရှင်သခင်၊ [illegible]တာ ကျေးကျွန်ပဲ"

အဖေ့မျက်နှာကို ကြေကွဲသော မျက်ဝန်းဖြင့် မော့ကြည့်[illegible]သည်။

"ကျေးကျွန်ဆိုတာ အရှင်သခင် တစ်ယောက်တည်းပဲ [illegible]သယ်။ အဲဒီအရှင်သခင်ရဲ့ သစ္စာတော်ခံလည်း ဖြစ်ရမယ် [illegible]"

"ရှင်"

"အဖေတို့ဟာ သူ့ထမင်းစားနေသူတွေ၊ သူတို့ပေါ်မှာ [illegible]ရှိရမယ်၊ နှုတ်လုံရမယ်"

"ဒီအကြောင်းတွေ သမီး ဘယ်သူ့ဆို ဘယ်သူ့ကိုမှ မပြော[illegible]လို့ ကတိပေးတယ် အဖေရယ်၊ သမီးရဲ့ မိုက်မဲမှုကိုလည်း [illegible]ခွင့်လွှတ်ပေးပါ"

ငိုရင်း ပြောနေသော သမီးငယ်သို့ ငဲ့စောင်းကြည့်ရင်း [illegible]တာ. . .



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ ဒီအကြောင်းတွေဆိုတာ ဘာအကြောင်းတွေလဲ၊ ဘယ်နေရာက ချောင်းကြိတာလဲ၊ ဘာမြင်လို့လဲ ဟင်"

စိတ်ဝင်စားသော မေးခွန်းများ ဆက်တိုက်မေးလာသည်။

"ဟို. . . ဟို. . . သတ္တဝါကြီးတစ်ကောင် အိမ်ပေါ်မှာ…တဲ့ အကြောင်းရယ်"

"ဘာ. . . ဘာပြောတယ်၊ ဘယ်က သတ္တဝါကြီးလဲ"

"လူကိုယ်ခန္ဓာနဲ့ လူမျက်နှာမဟုတ်ဘဲ အမွေးတွေ… ကြောက်စရာ သတ္တဝါကြီး"

"ဘယ်မှာလဲ"

"အိမ်ကြီးပေါ်မှာ"

"ဟဲ့. . . မဟုတ်တာတွေ၊ ဘာသတ္တဝါလဲ၊ နင်တို့ သ… ခြောက် ခံရတာလား"

"မဟုတ်ပါဘူး အဖေရယ်၊ တကယ့်ကို သမီးမျက်စိ… မြင်ရတာပါ"

"အဖေလည်း ဘာမှမသိရပါလား၊ အကြောင်းစုံ ပြော… စမ်း"

ဦးလူညို၏ စိတ်အားထက်သန်သော စိတ်ဝင်စားခြင်း… များသည် သူ့ရင်မှ ဒေါသကို နှင်၏။

ပြေမှာ ထွန်းလာခေါ်သည့် အကြောင်းနှင့် သစ်ပင်ရိ… အောက်မှ ဓာတ်လမ်းများကို ချန်လှပ်၍ သူမြင်ခဲ့ရ တွေ့ခဲ့… သော ခဏတာဓာတ်လမ်းလေးကို ပီပီပြင်ပြင် တင်ပြပြီးသည့်… ခါ. . .





"ဟုတ်ပါ့မလား၊ တိရစ္ဆာန်တစ်ကောင်ကောင်ဆိုရင် အသံဗလံကြားမှာပေါ့"

"မသိဘူး အဖေရယ်၊ မြင်ရတဲ့ အကောင်ကြီးကတော့ တကယ့်ကို ကြောက်စရာကြီး"

"အဖေ အိမ်ပေါ် ခဏခဏ ရောက်တာပဲ၊ သတ္တဝါ တစ်ကောင် ရှိနေတယ်လို့ ဘာမှ သံသယဖြစ်စရာ မတွေ့ရပါလားသမီးရဲ့၊ ဘယ်လိုပုံစံလဲ၊ ပြန်ပြောစမ်းပါဦး"

ပြေမှာ သူမြင်ရသော စက္ကန့်ပိုင်းလေးအတွင်းမှ ပုံသဏ္ဌာန်များကို အဖေ့အား ပြောပြမိသည်။

"သမီးက ဘာနဲ့ တက်ကြည့်တာလဲ"

"ထွန်းက ထမ်းပြတာ အဖေ"

"တယ်. . . ဒီကလေးတွေဟာ"

အဖေ့မျက်နှာ ပြုံးရိပ်ဆင်တော့ ဒေါသတို့ ကင်းစင်လေပြီ။

"အဖေတော့ ဒီလိုထင်တယ်"

အဖေ့ထင်မြင်ချက်ကို စိတ်ဝင်စားစွာ နားစွင့်မိသည်။ အဖေသည် အမေဆုံးပြီးမှ တစ်ခါမျှ မရိုက်ခဲ့ဖူးသော သမီးငယ်လေးကို ကြင်နာစွာ ကြည့်ရှုသည်။ "ကလေးတွေ ရှာရှာဖွေဖွေ ဆော့တတ်ကြပါလား"ဆိုသော မိဘတို့၏ ခွင့်လွှတ်ကျေနပ်စိတ်မျိုးနှင့်လည်း အဖေ့မျက်နှာ ပြုံးလာပြီး. . .

"လူတစ်ယောက်ပဲဖြစ်လိမ့်မယ်၊ အကြောင်းတစ်ခုခုကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလိမ့်မယ်၊ အဲဒါကို လူသိမခံဘဲ



www.burmeseclassic.com

www.burmeseclassic.com

ဝှက်ထားပြီး တစ်ခုခုအတွက် ကြိုးစားနေကြတာဖြစ်မယ် ထင်တယ် သမီး"

"ဘာတစ်ခုခုအတွက်လဲ အဖေ"

"အင်း. . . သမီးပြောပြတဲ့ ပြည်တော်ဝင်စေသတည်း ဆိုတာ အဓိပ္ပာယ်ရှိတဲ့ စကားတစ်ခု ဖြစ်လိမ့်မယ်။ တစ်နေရာရာကို ပြန်မယ်ဆိုတဲ့သဘောပဲ ထင်တယ်"

"သမီး သိပ်သိချင်တာပဲ"

"အဖေတို့ တွေးနိုင်တာထက် ပိုပြီး သူတို့အလုပ်ကိစ္စတွေက ကြီးကျယ်နက်နဲနေလိမ့်မယ်ထင်တယ်သမီး"

"အဖေ"

"ဟေ"

"သူတို့အားလုံးဟာ မန္တလေးကဆို၊ ဒီမှာ ဘာလာလုပ်နေကြတာလဲဟင်"

"အဖေ ကိုယ်တိုင်လည်း သိချင်နေတဲ့ မေးခွန်းပါပဲ။ ဦးမောင်မောင်မြတ်ရဲ့ လုပ်ငန်းကို သိတာက လွဲပြီး သူတို့အိမ်တွင်းရေးကို အဖေဘာမှ မသိပါဘူးသမီး"

"ဦးမောင်မောင်မြတ်ရဲ့လုပ်ငန်းက ဘာလဲ"

"သမီး မသိချင်ပါနဲ့၊ ကလေးတွေ သိသင့်တဲ့ကိစ္စလည်း မဟုတ်ပါဘူး"

အပြစ်ကလည်း ရှိနေခဲ့၍ ပြေ ဆက်မမေးရဲတော့။

"အင်း. . . ခြံကြီးကလည်း ကျယ်၊ အိမ်ကြီးကလည်း ကြီးတော့ လူတစ်ယောက် နှစ်ယောက်လောက် ပုန်းခိုနေရင်





လည်း ဘယ်သူမှ မမြင်နိုင်၊ မသိနိုင်ကြဘူးပေါ့"

ထိုအချိန်က သန်းခေါင်စာရင်း၊ အိမ်ထောင်စု ဇယား၊ ပုံစံ-၁၀၊ ရပ်ကွက်ကောင်စီ အုပ်ချုပ်မှု စသည်တို့လည်း တိတိကျကျ မရှိသေး။

"ဒေါ်ထိပ်ထားစုတို့က မင်းမျိုးမင်းနွယ်တွေတဲ့၊ ဦးမောင်မောင်မြတ်ကတော့ သာမန်အရပ်သားပေါ့။ ဒါပေမယ့် ကြံရည်ဖန်ရည်ရှိတယ်သမီး။ သူတို့မိသားစုဟာ မန္တလေးမှာ အိမ်ပိုင်၊ ခြံပိုင်နဲ့ နေကြတာပဲ၊ ဘယ်လိုအကြောင်းကြောင့်များ အိမ်တွေ၊ ယာတွေကိုပစ်ပြီး ဒီ ကယားမြေမှာ မထင်မရှား လာနေကြသလဲ မသိပါဘူးကွယ်"

"အဖေ"

"ဟင်"

"ဟို. . . ပိတ်ဖြူဝတ်ထားတဲ့ လူကြီးက၊ ဘယ်သူလဲဟင်"

"ဆရာကြီးလို့ ပြောတာပဲ၊ နာမည်လည်း မသိပါဘူး"

"သူက ဘယ်ကလာပြီး ဘယ်ကိုပြန်သွားတာလဲဟင် အဖေ"

"မပြောတတ်ဘူး သမီး"

"ဟာ. . . အဖေပဲ လိုက်ပို့ရပြီးတော့"

"အေး. . . ပို့ရတာက သိပ်မဝေးလှဘူး၊ ဘီလူးချောင်းအတိုင်း စုန်ပြီး ကညင်ပင်စခန်းနားမှာ ရပ်ပေးရတာ၊ အဲဒီတောထဲမှာ ဦးမောင်မောင်မြတ်ရဲ့ လုပ်ငန်း စခန်းချတဲ့နေရာရှိတယ်၊ အဲဒီမှာနားပြီး နောက်ဘယ်သွားမလဲ မသိဘူး၊ ထူးဆန်း


www.burmeseclassic.com

www.burmeseclassic.com



တာက လပြည့်ညဆိုရင် အဲဒီဆရာကြီးကို တခမ်းတနား ပင့်ကြတာပဲ"

"သမီးပြောတဲ့ သတ္တဝါကြီးအတွက် လာတာပဲထင်တယ် နော်"

"လူတစ်ယောက်လို့ပဲ ပြောပါတော့ သမီးရယ်၊ ဟုတ်တယ်၊ ဒီတိုင်းဆို ဒီအတွက် သူ့အတတ်ပညာတစ်မျိုးမျိုးနဲ့ တစ်ခုခု စီရင်တာပဲ ဖြစ်မှာပေါ့၊ ဒီမှာ... ငါ့သမီး"

"ဟုတ်ကဲ့... အဖေ"

"သူတို့ဟာ သူတို့ ဘာပဲဖြစ်နေဖြစ်နေ ဒီကိစ္စတွေကို ဘယ်သူ့ကိုမှ မပြောရဘူးနော်... ကြားလား"

"ဟုတ်ကဲ့... စိတ်ချပါ အဖေရယ်၊ ထွန်းနဲ့ သမီးနဲ့က လွဲပြီး ဘယ်သူဆို ဘယ်သူ့ကိုမှ သမီးတို့ မပြောပါဘူး၊ စိတ်ချပါ အဖေယုံပါနော်"

"ကျောင်းက သူငယ်ချင်းတွေလည်း မပြောနဲ့နော်"

"မပြောပါဘူး၊ ကျောင်းမှာလည်း ချမ်းသာတဲ့ သားသမီးတွေရယ်၊ တိုင်းရင်းသားတွေရယ်ပဲများတော့ သမီးတို့ တခြားလူနဲ့လည်း သိပ်မပေါင်းပါဘူး၊ ထွန်းနဲ့ပဲနေပါတယ်"

"အင်း... ဝင်းထွန်းလည်း ကိုယ့်ဘဝကိုယ်မသိဘူး ကိုယ့်ဟာကိုယ် မနေဘူး၊ ဒီကောင်လေးလည်း ခုလောက်ရှိ အရိုက်ခံရလို့ လိမ့်နေရောပေါ့"

"အို..."





သတင်းစကားသည် မိမိကိုယ်တိုင် အရိုက်ခံရသည်ထက် ပင် နာကျင်လွန်းလှချေသည်။

"ဘယ်... ဘယ်သူက ရိုက်မှာလဲဟင် အဖေ"

"ဘယ်သူရှိရမလဲ၊ ဒေါ်ထိပ်ထားစု ကိုယ်တိုင် ရိုက်မှာပေါ့၊ သူမြင်လိုက်တာပဲ"

ပြေမှာ ပါးစပ်ကလေး ပွင့်ဟလျက် ဦးလူညိုကို ကြည့်နေမိပါ၏။

ဟုတ်ပါရဲ့၊ သူတို့ကို ဘယ်သူ မြင်သလဲဟူသော အရေးကြီးသည့် မေးခွန်းကို မေ့လျော့နေခဲ့မိသည်။

"သမီး... သမီးတို့ကို ဒေါ်ထိပ်ထားစုက မြင်တယ်... ဟုတ်လား၊ အဲဒါ မဖြစ်နိုင်ပါဘူးအဖေ"

"ဘာ မဖြစ်နိုင်ရမှာလဲ၊ စောစောကပဲ ငါ့ခေါ်တိုင်လို့ ရိုက်တောင်ပြီးပြီပဲ၊ နို့... နင်ပဲ အထွန်းက ထမ်းပြလို့ မြင်ရတာဆို"

"ဟုတ်တယ် အဖေ၊ ဒါတွေ အားလုံး လုပ်မိပါတယ်လို့ ဝန်ခံပါတယ်။ ဒါပေမယ့် ဒေါ်ထိပ်ထားစု မြင်တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မြင်ချင်းမြင်ရင် သူနဲ့ချိန်းတွေ့တဲ့ ကိုသိဒ္ဓိဆိုတဲ့သူက မြင်သွားတာပဲ ဖြစ်ရမယ်"

"ဘာ... ဘာ... ဘာပြောတယ်"

"အဲဒီညက လှေဆိပ်က တဲထဲမှာ အဲဒီ သိဒ္ဓိဆိုတဲ့လူက အရင်ပုန်းပြီး စောင့်နေတာ၊ ဒါကြောင့်သာ သမီးတို့ ညောင်ပင်ကြီးအောက် ပြေးလာတာကို သူ မြင်သွားတာ ဖြစ်မှာပါအဖေ"



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးနောက်ကျိလွန်းဖွယ် မြင်ကွင်းကို မြင်နေရသလို ဖေဖေ၏ မျက်နှာမှာ ကြည်လင်ခြင်း ကင်းမဲ့သွားရာက. . .

"နေစမ်းပါဦး၊ နင်တို့က အဲဒီသစ်ပင်အောက် ဘာ ကိစ္စ. . ."

"အဲဒီ ဖြူဖြူကြီး ဆင်းလာတာကို သွားကြိုစောင့်ပြီး ချောင်းကြည့်ကြတာပါ"

"တယ်ခက်ပါလား၊ နေပါဦး. . . စောစောက ပြောတာ ဘာ. . . ဒီ. . ."

"သိဒ္ဓိတဲ့. . . ကိုသိဒ္ဓိတဲ့"

"ဘာကောင်တုန်း၊ သိဒ္ဓိဆိုတာ"

"လူ. . . အဖေရဲ့၊ ထွန်းက ပြောတော့. . ."

ပြေ စကားစ ရပ်လိုက်သည်။ ထွန်းပြောသော ထိုအချိန်က ခေတ်စားနေသော စကားဆန်းတစ်ခုကို ပြေ မပြောရဲ ကြာကူရိတဲ့။

"ပြောစမ်း မြန်မြန်၊ မိပြေ နင်လုပ်တာနဲ့ ငါပါ ဒုက္ခရောက်တော့မယ်"

"အဲဒီညက အဲဒီနေရာမှာ အဲဒီလူ ရှိနေမှန်းလည်း သမီးတို့ မသိရပါဘူး"

အဲဒီဆိုသော စကားထပ်များကို အဖေသည် စိတ်ပျက်စွာ ကြားနာပြီး စောင့်စားနေရှာသည်။

"အဖေတို့လည်း ထွက်သွားပြီးရော ဒေါ်ထိပ်ထားစုတ အိမ်ပေါ်က ပြေးဆင်းလာတာပဲ၊ အဲဒီအချိန်မှာ စုစုရေ သိဒ္ဓိမှာဆိုပြီး တဲထဲက ပြေးထွက်လာတာပဲ"





"အင်း. . . နောက် ဘာဖြစ်လဲ"

"ပြေးထွက်လာပြီး ဒေါ်ထိပ်ထားစုနဲ့ အကြာကြီး ခွဲနေရသလို ပြေးဖက်ကြတာပဲ"

"ဟဲ့. . ."

"ဟုတ်တယ် အဖေရဲ့၊ နှစ်ယောက် အကြာကြီး ဖက်ထားကြပြီး လှေဆိပ်ကတဲထဲ ဝင်သွားကြတာ ထွက်မလာတော့ဘူး"

"ဟင်း. . ."

နားလည်သွားပုံရသော အဖေက သက်ပြင်းချသည်။ ဘာမှ ထပ်မမေး၍ ပြေလည်း ဘာမှ မပြောရဲတော့။ အဖေ့မျက်နှာသည် မိနစ်ပိုင်းအတွင်းမှာပင် ယင်းသတင်းစကားကြောင့် တစ်နှစ်စာလောက် အိုမင်းသွားသည်သို့ပါ။

"အဖေ. . . ထွန်းကို ဒေါ်ထိပ်ထားက ရိုက်နေသလား ဟင်. . ."

"ရိုက်မှာပေါ့"

ပြေ ချက်ချင်း မျက်ရည်ဝဲတက်လာသည်။ ထွန်း နာကျင်နေရှာမည့် ကိုယ်ခန္ဓာထက် ပိုမို၍ ပြေ့ရင်ထဲက နာလာသည်။

"ထွန်းရယ်. . . လူချင်းလဲပြီး ပြေ အရိုက်ခံပေးချင်လိုက်တာ အချစ်ရယ်၊ ဒီမှာက သားအဖချင်းဆိုတော့ ဒေါသ အလျောက် ခဏလေးရိုက်လိုက်ပြီး ပြီးသွားပြီ၊ ထွန်းမှာက ဦးလေးရဲ့မိန်းမက ရိုက်မှာ"

မြင်ကွင်းထဲတွင် ပြင်းထန်စွာ အရိုက်ခံနေရှာသော



www.burmeseclassic.com

www.burmeseclassic.com



ထွန်းတို့ မြင်လာရ၍ အဖေ့ကို အရဲစွန့်ပြီး မေးမိသည်။

"ထွန်းကို ရိုက်နေတာ အဖေ့ရှေ့မှာတင်လားဟင်"

"ဝင်းထွန်းကိုတောင် မတွေ့ခဲ့ပါဘူး၊ ဒေါ်ထိပ်ထားက ခေါ်တဲ့ပြီး ဦးလူညိုသမီးလည်း ဆုံးမထားဦး၊ ညက အိမ်က အကောင်နဲ့ပေါင်းပြီး လူကြီးတွေလုပ်တာ ကိုင်တာကို လိုက်ချောင်းကြည့်ကြတယ်လေလို့ ပြောတာနဲ့ အဖေလည်း ထူပူပြီး သမီးကို ရိုက်မိတာပဲ"

"သမီး သိချင်လွန်းလို့ လိုက်ကြည့်မိတာပါ၊ နောက်ကို အဖေ စိတ်ဆင်းရဲအောင် သမီးဘာမှ မလုပ်တော့ပါဘူး အဖေ ရယ်"

"အင်း. . . ငါ့သမီးလည်း ကလေးမဟုတ်တော့ဘူးကွယ် အဖေဆိုတာ နေရာတကာလိုက်ပြောလို့ ကောင်းတာမဟုတ်ဘူး ငါ့မှာ မိခင်မရှိဘူး၊ ဆုံးမမယ့်သူ မရှိဘူး၊ ငါ့ကိုယ်ငါ ဆုံးမရမယ် ဆိုတဲ့စိတ် မွေးပါ သမီးရယ်၊ အစစအရာ ထိန်းသိမ်းဆင်ခြင်ပါ အဖေ ဒါပဲပြောချင်ပါတယ်"

ဦးလူညိုမှာ စကားဆုံးသည်နှင့် မတ်တတ်ရပ်လိုက်ပြီး မြေကိုကျောခိုင်းလျက် သူတို့တဲလေး၏ အပြင်ဘက်သို့ ထွက်သွား သွားပါချေပြီ။

အဖေ ထွက်သွားသော်လည်း မြေ၏ ရင်၌၊ အတွေး၌ အသိတရား၌ များစွာသော အရာတို့သည် ကျန်ရစ်ခဲ့ပါ၏။

◆ ◆ ◆



မြတ်ဒေဝီ ကျောင်းပိတ်၍ အိမ်သို့ ပြန်ရောက်ခဲ့လေပြီ။ သူတို့၏ ကျောင်းတွင်းစစ် အတန်းတင်စာမေးပွဲကြီး ပြီးဆုံးသွား သော်လည်း. . .

မြေတို့၏ ဆယ်တန်းစာမေးပွဲကြီးက မပြီးသေး။ နီးကပ်၍ လာနေပြီ။

"ကျောင်းမှာ လူကုန်တော့မယ် ထွန်းရဲ့၊ ပြန်ကြပါစို့"

ဆယ်တန်းစာမေးပွဲ၏ ဆယ်နှစ်စာ မေးခွန်းဟောင်းများ ကို ချိတ်နှိပ်ရောင်းချသည်။

မြေရော ထွန်းပါ မဝယ်နိုင်ကြ။

ထွန်းက ဝယ်နိုင်သော သူငယ်ချင်းတစ်ယောက်ထံမှ ငှား၍ ကူးနေရှာသည်။ ကျောင်း မုန့်စားဆင်းချိန်၊ အားလပ်ချိန် နှင့် ယခုလို ညနေပိုင်းများတွင် ကူးနေသည်မှာ ယနေ့ လေးရက် မြောက် နောက်ဆုံးနေ့ဖြစ်ပါ၏။ ဘာသာစုံ၏ မေးခွန်းများ ကုန်လာတော့မည့် ထွန်းက အားတက်နေသော်လည်း မြေမှာ မြသိတ်ကလေး လွယ်လျက်က လူရှင်းလာလေ. . . ဆက်ပြီး နေရဲလာလေ ဖြစ်ချေပြီ။ ဟိုဘက်ထောင့်က တောင်ပေါ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ် ဆင်းတော့မည်။ သူတို့ဆင်းလျှင် တစ်ကျောင်းလုံး ရှင်းတော့မည်မို့ ပြေက ထွန်းနားကပ်ပြီး ကူးနေသည်များကို စိုးရိမ်စိတ်ဖြင့် ငုံ့ကြည့်လိုက်ချိန်မှာ ထွန်းသည် စာကူးလျက်ကပင်. . .

"ပြေ ပြန်ချင်ပြန်တော့လေ"

ဤစကားစုလေးသည် သမုဒ္ဒရာပြင်လို ကျယ်သော ဝမ်းနည်းစရာများကို ဆွဲယူသယ်ပိုးလာလေသလားဟု ပြေ ထင်မိသည်။

ချက်ချင်းပင် မျက်ရည်များ ဝိုင်းတက်လာတော့သည်။

ထွန်း စပြီး သည်လှိုင်ကော်မြို့သို့ရောက်လေမှ တစ်ခါမှ ခွဲမသွားခဲ့ကြဖူး။ ကျောင်းသွား တူတူ၊ အပြန် တူတူ။

"ပြန်ချင် ပြန်တော့လေ. . . တဲ့၊ ကြည့်ပါအုန်း၊ သူ့ ပြောရက်တယ်။ ခွဲခွာသွားဖို့ စကားမျိုးကို သူပဲ ပြောထွက်တယ် ထွန်း ငါ့ကို တကယ်ရက်စက်တယ်"

လျှောကျလာသော လွယ်အိတ်ကြိုးကို ပခုံးပေါ်သို့ ပြန်တင်သည့်လက်ကို ပြန်မချတော့ဘဲ လွယ်အိတ်ကြိုးကို ကျစ်ကျစ်ဆုပ်ပြီး ကျောင်းပြင်သို့ ထွက်လာခဲ့သည်။

"ငါ့မှာဆို သူ့ထက်အရေးကြီးတဲ့အရာ ဘာမှ မရှိဘူး ဒီစကားမျိုး သူမို့ ပြောရက်တယ်"

ဝမ်းနည်း ကြေကွဲစရာ ကောင်းလွန်းသော အဖြစ်နှင့် ကြုံတွေ့ရသည်သို့ပင် ပြေမှာ လမ်းလျှောက်ရင်းက မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။





တော်ပါသေးရဲ့၊ လမ်းမှာ လူရှင်းနေပေလို့။ မျက်ရည်များ သုတ်ပစ်ပြီး ထပ်မကျအောင် ထိန်းနိုင်ပါသော်လည်း ရင်ထဲက ကျင်နေသော ဝေဒနာသည် မပျောက်ပျယ်။

"ပြေ. . . ဟေး. . . ပြေ"

လမ်းထိပ်အရောက်တွင် နောက်မှ ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့. . .

"အို. . . ထွန်း"

လွယ်အိတ်ကြီး ဖိုးရိုးဖားရားလွယ်ပြီး အားကုန်ပြေးလာသော. . . ထွန်း။

"ကြည့်စမ်း. . . ထွန်းတောင် မစောင့်ဘူး၊ တအားကြီးကို ပြေးလိုက်လာရတာ"

"ဟယ်. . . ထွန်းရယ်"

ဆံပင်လေးတွေ ဖွာလို့၊ ချွေးသီးလေးများ စို့လို့၊ ပြီးတော့ မောဟိုက်နေရှာသည့် ထွန်း။

"ဘာလို့ ထွန်းကို မစောင့်တာလဲ"

"ဟင်. . . ဟို. . . ဟို ကြာမယ်ထင်လို့"

"နောက်ကို တစ်ယောက်တည်း ထားခဲ့ဦး"

"အား. . . ဟား. . . ဟား"

ထွန်း ဆုပ်ညှစ်ထားသော သူ့လက်မောင်းလေးကို ရင်း ပြေ့ရယ်သံလွင်လွင်လေးက ကျယ်လောင်သွားသည်။

လမ်းဘေးဆီမှ သစ်ပင်လေးများကသာ စကားပြော တတ်ပါလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



အရှုံးမလေးဟာယ်. . . စောစောကငိုလို့၊ သူ့ချစ်သူ ရောက်လာတော့ ရယ်လို့. . . လို့ ပြောကြမှာ။

ဟုတ်ပါတယ်ကွယ်၊ ပြေလေ ထွန်းနဲ့ပတ်သက်ရင် တကာယ်ကိုပဲ ရှုံးနေသူပါ။ ပြေ့ကို ငိုစေရယ်စေနိုင်တာ ထွန်းရဲ့ စကားလုံးလေးတွေပါကွယ်။

အဖြစ်သည်းလွန်းတယ်ပဲ ထင်ချင်ထင်တော့ သစ်ပင် လေးတို့ရယ်၊ တို့နေရာကို ကိုယ်စားပြုပြီး ခံစားကြည့်ရင် တို့တို့ နားလည်စွာ ခွင့်လွှတ်မှာပါ။

"ပြန်ချင် ပြန်တော့လေ"

ဆိုသော စကားလေးတစ်ခွန်းကို ဆိုသော ထွန်း မလွန် ပါ။ ခုလို လိုက်လာတော့လည်း အပြစ်မတင်ရက်တော့၊ ချစ်သူ ကို စိတ်ကောက်ပြမနေချင်။ စောစောဆီက ခံစားခဲ့ရသော ဝေဒနာများလည်း လျှော့ပြေပါလေပြီ။

ထွန်းရယ်. . . ထွန်း နည်းနည်းလေး ပြောတာကို ပြေ့မှာ များများခံစားရတာပါ။ ဒီစကားလေးဟာ မလွန်ကျူးပါဘူး။

ဒါပေမယ့် ထွန်းရယ်. . .

"ပန်းနဲ့ ပေါက်လည်း နာချင်တယ်"

ဆိုတာ ဒါမျိုးပဲထင်ပါရဲ့ကွယ်။ ချစ်တတ်လွန်းသူချင်းသာ စာနာစွာ နားလည်ကြမှာပါနော်။

◆ ◆ ◆





"ကိုထွန်းတို့ ပြန်လာကြပြီလား"

ခြံထိပ်မှ ဒေဝီက ပြုံးလျက် နှုတ်ဆက်သည်။

ဒေဝီသည် ယခုနှစ်ရှစ်တန်း ဖြေဆိုခဲ့ပြီးပြီ။ ယခင်နှစ် ကျောင်းပိတ်ရက်များလို သူ ဂါဝန်မဝတ်တော့။ ရင်ဖုံးအင်္ကျီနှင့် ဘီလှလှလေးကြောင့်လား၊ ဖွံ့ထွားလာသော ကိုယ်ခန္ဓာ ကြောင့်လားမသိ။ အပျိုမလေး ဒေဝီမှာ ထူးထူးခြားခြား လှနေ သည်။

"အေး. . . ပြန်လာပြီ၊ ကိုထွန်းကို နှုတ်မဆက်ပါနဲ့ ဒေဝီ၊ ဒေါ်လေးက ကိုထွန်းနဲ့ စကားပြောတာ မကြိုက်ဘူး ဟုတ်လား၊ ခိုင်းစရာရှိမှ ပြောပါ၊ လာ. . . ပြေ"

ထွန်း၏စကားကြောင့် ကြောင်၍ ရပ်နေသော ပြေ့ကို ဆက်ဆွဲပြီး ထွန်းက ခေါ်လာခဲ့ပါ၏။

ထွန်းသည် သူညီမ၊ သူ မှီခိုနေရသော ထမင်းရှင်ကိုပင် အရေးမထား၊ ပြေ့ကိုသာ ဂရုတစိုက် ရှိနေခြင်းအတွက် ရင် နှင်းမြှေ့ရပါသော်လည်း တဲဝတွင် အဖေ့ကို တွေ့လိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းနှင့် တွဲဆက်ထားသောလက်ကို အသာလေး ဖြုတ်လွှ[...]
လိုက်ရပါ၏။

တလောကပင် အဖေက ဆင်ခြင်နေထိုင်ဖို့ သတိပေး[...]
ထားသေးသည် မဟုတ်ပါလား။

တစ်ခု ထူးဆန်းသည်က. . .

ယခုအချိန်ထိ ထွန်းကို ဒေါ်ထိပ်ထားစုတို့က ရိုက်[...]
ဝေးလို့ ဘာတစ်ခွန်းမှ မမေးကြသေး. . . တဲ့။

ဘာကြောင့်များ အဖေ့ကိုမှ ကွက်ပြီး ပြေ့အကြောင်း[...]
တိုင်ခဲ့ရပါသလဲ၊ အကြောင်းတော့ ရှိမည်။

ဘာအကြောင်းများလဲဟု မတွေးတတ်။ ဘာအကြောင်း[...]
ဖြစ်ဖြစ်. . . နေပါစေ။ ထွန်း အရိုက်မခံရရင် တော်ပါပြီ၊ [...]
အတွက် အရေးကြီးသည်က ထွန်း စိတ်ချမ်းသာဖို့နဲ့ အ[...]
အဆူခံမထိဖို့။

"ဝင်းထွန်းရေ. . . ထမင်းလာစားပါလား၊ အမဲခြောက်[...]
ရလာလို့၊ အဘ ဖုတ်ထားတယ်"

"နေပါစေတော့ အဘရာ၊ ထမင်းမလောက်ဘဲ နေပါ[...]
မယ်"

"လောက်တယ်. . . လောက်တယ်၊ ထွန်း စားသွား"

ထမင်းမလောက် မရှိစေရ။ ပြေ လျှော့စားမှာပေါ့[...]
စိတ်မှပြောရင်း အဖေ့ကို အကဲခတ်မိသည်၊ အဖေသည် သ[...]
သာ အနေထိုင်ဆင်ခြင်ခိုင်းသည်။ ထွန်းကိုတော့ ကျေနပ်[...]
သွားဟု ရင်ငြိမ်းရပါ၏။





ပြေ ထမင်းပြင်နေခိုက် ထွန်းက ကူးလာသော မေးခွန်း
များကို လေးလေးနက်နက် ကြည့်နေသည်။

"ဝင်းထွန်းကတော့ တကယ် စာကြိုးစားတဲ့ကောင်ကွာ၊
အောင်မှာ သေချာတယ်၊ ငါ့သမီးကတော့ စာက ခပ်ညံ့ညံ့ရယ်၊
ဘယ်လိုနေမယ် မသိပါဘူး"

"အောင်လို့လည်း ကောလိပ်ကျောင်း တက်နိုင်မှာမှ
မဟုတ်တာ အဖေရာ"

ပြေ၏ အားလျှော့စကားအဆုံးတွင်. . .

"ကျွန်တော်တော့ ကောလိပ်ကျောင်း နေချင်တယ်
အဘညီရယ်၊ ဆရာဝန်သိပ်ဖြစ်ချင်တာ၊ ဆရာဝန်များဖြစ်ရမယ်
ဆိုရင် ဘာပဲလုပ်ရ လုပ်ရ၊ ဘာနဲ့ပဲ လဲရလဲရပါ"

"ဆရာက မင်းကို ချစ်သားပဲ၊ အောင်ရင် ကျောင်းထား
ပေးပါလိမ့်မယ်၊ မင်းကသာ စာကြိုးစား၊ လိမ်လိမ်မာမာနေ
ပေါ့ကွာ"

"ကျွန်တော့်ဘဝ ကျွန်တော်သိလို့ အစွမ်းကုန် ကြိုးစား
နေပါတယ် အဘ၊ ကျွန်တော့်မှာ လိုအပ်တာရှိရင်လည်း အဘ
က လမ်းညွှန်ပြပါ၊ ဆုံးမပါ"

"အေး. . . မလိုပါဘူးကွာ၊ မင်းက လိမ္မာပြီးသားပါ။
စာကြိုးစားလိုက်တာလည်း လူတောင် ပိန်သွားတယ်။ ကျန်းမာ
ရေးလည်း ဂရုစိုက်ဦး"

ထွန်းကို အဖေက ချစ်သည်။ ထွန်းသည် အဖေနှင့်
တွေ့တိုင်း စောစောကလို စကားကို လှလှပပ ပြောပြောဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ပြောတတ်သူပါ။

"အို...ထွန်းက အရာရာမှာကို တော်တာပါ"

ချစ်သူကို ချစ်ရလွန်းရုံမက အထင်ကြီးခြင်း၊ လေးစားခြင်း၊ သူ့အတွက် ဂုဏ်ယူတက်ကြွများခြင်းကို ပြေ ခံစားနေရသည်။

"အဖေ...ထွန်းက နာမည်ပြောင်းမလို့တဲ့"

"အလကား...အဘညို"

"ဘာအလကားလဲ၊ သူပဲ ပြောပြီးတော့၊ သူ့ကိုယ်သူ နေမင်းထွန်းလို့ ပြောင်းမှာတဲ့၊ ဆရာဝန်ဖြစ်အောင် ကြိုးစားမှာတဲ့"

"အေးပေါ့... ဒါဆို ဒေါက်တာနေမင်းထွန်း ပေါ့ကွာ..."

အဖေက သဘောကျစွာ ရယ်တော့ ထွန်း ရှက်သွားရှာသည်။ အဖေသည်လည်း ပြေ့လိုပင် အထင်ကြီးစွာ ထွန်းကို ကြည့်လိုက်သည်။ အဖေ့မျက်ဝန်းတွင် ပြေ့ထက် ပိုမိုသော အရာတို့ကို ပြေ တွေ့လိုက်ရပါ၏။

ထွန်းကို မျှော်လင့်ခြင်း၊ ပြီးတော့... အားကိုးလိုခြင်း များ...

အရာအားလုံးသည် ဤသုံးယောက်အတွင်းမှာ အေးချမ်းငြိမ်းလို့ပါ...

"ဒါနဲ့ ဝင်းထွန်းရေ... မင်းတို့ အိမ်ပေါ်မှာ လူစိမ်း တစ်ယောက် ရောက်နေတယ်နော်"





"ဟုတ်တယ် အဘညို"

"ဘယ်သူလဲ၊ ဘယ်ကလဲ"

"ကျွန်တော်မသိဘူး အဘညို၊ ဒေါ်လေး ထိပ်ထားရဲ့ ဆောင်လို့ ပြောတာပဲ"

"ဆရာက သူခရီးထွက်နေတုန်း အိမ်ကိုကြည့်ဖို့ အသေအချာမှာခဲ့လို့ မေးရတာ လူလေးရေ့... သူတို့တွေလည်း မမေးကြဘူးပေါ့"

"ဟုတ်တယ် အဘရဲ့... ကျွန်တော်ဆို သူတို့ခိုင်းမှပဲ အိမ်ကြီးပေါ်ကို တက်တယ်"

"အင်း... မင်းဟာ ယုံကြည်စိတ်ချရတဲ့ ကောင်လေး၊ သူ့တာဝန် သူကျေတယ်၊ လူကြီးတွေကိစ္စကို ဘာမှ ဝင်မရှုပ်ဘူးလို့ ငါ့ကိုတောင် ပြောတယ်"

ထွန်းမှာ နောက်ဘေးဆောင်မှ စတိုခန်းလေးတွင်မှာ ကျဉ်းကျဉ်းကျပ်ကျပ်နေရသည်။ သူ့အတွက် ကိုယ်ပိုင်အားလပ်ချိန်ရတိုင်း ဤအခန်းလေးထဲမှာပင် ထွန်း ထာဝရ စာကျက်နေတတ်သည်ကို ပြေ အသိပါ။

စာကျက်လွန်း၍ ပြေနှင့် တွေ့ဆုံရချိန် နည်းသွားရသည်ကိုပင် ပြေက မကျေနပ်ချင်...

"အဲဒီလူက အိမ်မှာ ဘာတွေလုပ်တာ တွေ့သလဲဟင် ဝင်းထွန်း"

ပြေ စိတ်မဝင်စားသော အကြောင်းရာကို အဖေ စိတ်ဝင်စား နေ၍ စိတ်ညစ်သော်လည်း မပြောရဲ၍ ထမင်းဝိုင်း ပြင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွန်းကို လက်ဆေးဇလုံလေး လှမ်းပေးရသည်။ ထွန်းက ထမင်း
စစားရင်းမှ. . .

"သူ အလုပ်တော့ ဘာမှလုပ်တာ မတွေ့ဘူးအဘ
ဒေါ်လေးကတော့ သိပ်အရေးပေးတာပဲ၊ တစ်ပိဿာလော
ရှိတဲ့ အထုပ်ကလေးကိုတောင် မသယ်ခိုင်းဘူး၊ ကျွန်တော်
အပေါ်လိုက်တင်ပေးရတယ်"

"အင်း. . . နာမည်က ဘယ်သူတဲ့တုန်း"

"မသိဘူးအဘ၊ ကျွန်တော့်ရှေ့မှာ တစ်ခါမှ မခေါ်ဘူး
ဒေါ်လေး ဘယ့်လောက်အထိ အရေးပေးသလဲဆိုရင် အဲဒီ
ရေစင်မှာ ရေချိုးပြီး လုံချည်ကို ကွင်းလုံးပုံချခဲ့တာ၊ အဲဒါ
ဒေါ်လေးကိုယ်တိုင် ရေဆေးရေညှစ်ပြီး လှန်းတယ် အဘညီ
အခိုင်းစေတွေကိုတောင် မလုပ်ခိုင်းဘူး"

အဖေ့မျက်နှာသည် သံသယဖြင့် ရင့်ရော်၏။

"မောင်ဝင်းထွန်း"

"ဟုတ်ကဲ့ အဘ"

"အဲဒီသူငယ်ကို နည်းနည်း အကဲခတ်ကြည့်စမ်းကွယ်"

"သူတို့ကြိုက်ပုံမလား အဖေရဲ့၊ တော်ကြာ ထွန်းကို"

"ရပါတယ်ပြေရဲ့၊ သူနဲ့ကြုံတဲ့အခါတိုင်း၊ သူ့ကိစ္စ
လုပ်ပေးရတိုင်း သတိထားကြည့်မှာပေါ့၊ အမျိုးဆိုတာ ဟုတ်
မလား မသိဘူး"

"ဘာဖြစ်လို့လဲ"

"ဒေဝီနဲ့လည်း တတွဲတွဲ၊ သိပ်ရင်းနှီးသလိုပဲ"





"ဒေဝီက ကလေးပဲကွယ်"

"ဒေဝီလည်း ကလေးမဟုတ်တော့ပါဘူး အဘရာ. . ."

အားလုံး ငြိမ်သက်သွားကြသည်။ ပြေသည် ထွန်း
ခန်းကန်ထဲသို့ ကောင်းနိုးရာရာ ဟင်းတုံးလေးများ ရွေးထည့်
ပေးဖို့သာ စိတ်ဝင်စားနေသည်။

ထွန်းခေါင်းထဲတွင်မူ မေးခွန်းဟောင်းများကို ပြန်တွေးရင်း
နှစ် မေးနိုင်မည့် အကြောင်းရာများကိုသာ တွေးချင့်နေမိပါ၏။

ဦးလူညီသည်မူ. . .

သူ့ဆရာပေးအပ်ခဲ့သော တာဝန်ကို ကျေပွန်စွာ ထမ်း
ဆောင်ဖို့အတွက် ရင်လေးလှချေသည်။

ဒေါ်ထိပ်ထားစုတို့ အိမ်ကြီးပေါ်မှာ ထာဝရ ပုန်းအောင်း
နေသော ကြောက်စရာ လူတစ်ယောက်နှင့်. . .

ယခုမှ ရောက်ရှိလာသော မျက်နှာစိမ်း ညီသည်တို့
အတွက်. . .

ရင်မောလှပါဘိ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးချောင်းရေနှင့် ယှဉ်ပြိုင်ပြီး စီးမျောသွားသလား မှတ်ရသည်။ အချိန်တို့သည် ကုန်မြန် လွယ်လွန်းလှသည်။

ပူပြင်းခြင်းဖြင့် ဖွဲ့စည်းထားသော နွေရာသီလည်း ကုန်ဆုံးခဲ့ပါပြီ။

မှတ်သုံလေနှင့်အတူ မိုးပွင့် မိုးစက်လေးတို့သည် ပြေတို့ နေသော ကယားမြေသို့ လွင့်စဉ်ပြန့်ကြဲလာနေပါပြီ။

ထိုအချိန်က ဆယ်တန်းအောင်သူ နည်း၍ပင် ထင်ပါ၏။ အောင်သူများကို ရေဒီယိုမှ အသံလွှင့်သည်။ ပြည်နယ်များတို သီးခြားလွှင့်ပေးသော်လည်း၊ အိမ်ကြီးပေါ်မှ ရေဒီယိုကို ထွန်း နားထောင်ခွင့်မရှိ၊ ဖွင့်ပေးပါဟု မပြောရဲခဲ့။

ထွန်းကိုချစ်သော ဆရာတစ်ဦး အပြေးအလွှား ရောက်ရှိ လာပြီး. . .

"ဝင်းထွန်း၊ မင်း. . . မင်း. . . ကယားပြည်နယ်တစ်ခုလုံး မှာ အမှတ်အများဆုံးနဲ့ အောင်တယ်ကွ"





"ဟာ. . . ဟာ. . . ဆရာ"

"ကြိုက်တဲ့လိုင်းရပြီ တပည့်ရေ. . . ဆရာဝန် လုပ်မလား၊ အင်ဂျင်နီယာ လုပ်မလား၊ ကြိုက်တာရွေးပေတော့ကွ"

တပည့်များကို ချစ်တတ်သော၊ တပည့်တို့၏ကိစ္စကို စိတ်ဝင်စားတတ်သောဆရာ "ဦးမြင့်ဆွေ"သည် အကြီးအကျယ် ဝမ်းသာနေရှာသည်။

ပြေသည်မူ. . .

"အမယ်လေး. . . ဝမ်းသာလိုက်တာ. . . ဝမ်းသာလိုက် တာ ဆရာရယ်၊ ဒါဆို ထွန်းဖြစ်ချင်တဲ့ ဆရာဝန် ဖြစ်တော့မှာ ပေါ့နော်"

"အေးပေါ့. . . ဂုဏ်ထူးက သုံးခုတောင်၊ သေချာပေါက် ပင်ပြီ၊ ဆရာဝန်ကြီး ဖြစ်ရင်သာ ဆရာတို့ကို မမေ့နဲ့ပေါ့ကွာ၊ ကဲ. . . ဆရာသွားပြီ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ ဆရာ"

"ဩော်. . . ဟဲ့. . . ပြေ"

"ဆရာ"

"နင် မအောင်ဘူး"

"အို. . . ဟို. . . ဟို. . . ဟုတ်လား ဆရာ"

"ဟဲ့. . . ကျတဲ့လူကလည်း ရယ်လို့ပါလား"

"ကျမယ်ဆိုတာ အစောကြီးတည်းက သိပြီးသားပဲလေ ဆရာရဲ့၊ ထွန်း ဂုဏ်ထူး သုံးခုတောင် ရတယ်ဆိုတာ ဝမ်းသာ လွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့"

"သူကမှ ရည်မှန်းချက်ကြီးတာ ဆရာရဲ့၊ ပြေတို့က အလကား"

စာမေးပွဲကျသော်လည်း အပြုံးမပျက်သော ပြေ့ကို ကြည့်ပြီး ဆရာဦးမြင့်ဆွေ ပြုံးလျက် ထွက်သွားတော့သည်။

ထွန်း၏ အောင်မြင်ခြင်းအတွက် ဆွေ့ဆွေ့ခုန် ဝမ်းသာနေရသော ပြေ၏စိတ်ကို ဘာကမှ မမှေးမှိန်စေနိုင်။

ပြေ၏ ကျရှုံးခြင်းသည် ထွန်းအတွက် ဝမ်းသာရလွန်းသော စိတ်ကို ဖုံးခြွေထိခိုက်စေနိုင်သော အားအင်မရှိ။

ပြေ၏ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းထက် ထွန်း၏ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းက ပြေ့အတွက် ပိုပြီး အရေးကြီးပါသည်။

သြော်. . . ပြေ့ ကိုယ်တိုင်ထက် ပြေ၏ အသွေးအသား ပြေ၏ အသည်းနှလုံးတို့ထက် ပိုပြီး အရေးကြီးရ၊ အရေးထားရသည်က ထွန်းပါ. . . ထွန်းပါ ချစ်ရယ်။

ယင်းအတွေး၊ ယင်းခံယူချက်များဖြင့် အားရဝမ်းသာကြီး ထွန်းကို ကြည့်လိုက်သည်။

"ဟင်. . . ထွန်း"

အသက်ရှူလျက် အသိဉာဏ်မဲ့နေသူတစ်ယောက်လို ထွန်း ရပ်နေပုံက ကြောက်စရာကြီး။

လက်သီးကို ကျစ်ကျစ်ဆုပ်ထားသည်။ အကြောဆိုင်းများ အားလုံး တောင့်တင်းထားလျက်ဖြင့် တစ်နေရာတည်းသို့ စူးစိုက်ကြည့်နေသော ထွန်း၏ မျက်ဝန်းမှာ မျက်ရည်တွေဝေ့လို့





"ဟင်. . . ထွန်း. . . ထွန်း. . . ဘာဖြစ်လို့လဲ ထွန်း ရဲ့. . . ဟင်"

ထွန်း. . . မဖြေ။

"ဝမ်းသာလွန်းလို့လားဟင်. . . ထွန်း. . . ဟုတ်လား"

ထွန်း. . . ခေါင်းယမ်းသည်။

သူ့မျက်နှာ သူ့အမူရာသည် တစ်စုံတစ်ရာ၊ တစ်စုံတစ်ဦး အတွက် အလွန်အမင်း စိုးရိမ်ထိတ်လန့်နေသည့် အသွင်မျိုးပါ။

"ထွန်း. . . ထွန်းကို သူတို့ ကျောင်းဆက်ထားပေးကြပါ့ လားဟင်. . . ပြေ"

"အို. . ."

ထွန်း စိတ်ပူမယ်ဆိုလည်း ပူစရာပဲ၊ ထွန်း ဆယ်တန်းအောင်၊ မအောင်ကိုပင် စိတ်မဝင်စားကြ။ ဘယ်သူကမှ ကျောင်းဆက်ထားပေးပါမည်ဟု စကားမဟခဲ့ကြဖူးသေး။

ရိုးရိုး သိပ္ပံ၊ သို့မဟုတ် ဝိဇ္ဇာဘာသာရပ် ဆိုပါလျှင် ရန်ကုန်ဖြစ်စေ၊ မန္တလေးမှာဖြစ်စေ၊ အလုပ်လုပ်ရင်း တက်လို့ရသည်ဟု ကြားဖူးသည်။

ယခုလို စာသိပ်ကြိုးစားရသော ဆရာဝန်လိုင်းမျိုး ဆိုရင်တော့ တဘက်က ငွေရှာရသော အလုပ်မျိုးလုပ်ရန် မဖြစ်နိုင်ဟုလည်း သိပါ၏။

"ထွန်းရယ်. . . ဘာပဲဖြစ်ဖြစ်၊ ဝမ်းသာစမ်းပါဦးနော်၊ ဒီတော့မှ ကြည့်စီစဉ်တာပေါ့လေ"

"ထွန်း. . . ဝမ်းမသာနိုင်ပါဘူး ပြေရယ်၊ ကျောင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



နေရမှာလား၊ မနေရဘူးလားဆိုတဲ့ အဖြေကို ထွန်းခုပဲ သိချင်မိတယ်”

“လာပါ ထွန်း၊ အိမ်ထဲသွားကြရအောင်၊ အဖေ့ကိုပါ တိုင်ပင်ကြည့်ကြတာပေါ့နော်. . . နော်. . . ထွန်း”

ပြေတို့ အကြောင်းစုံပြောပြတော့ အဖေပါ စိတ်မကောင်း ဖြစ်သွားပုံရပါ၏။

“သိပ်လည်း စိတ်အားမငယ်နဲ့ပေါ့ကွာ၊ ဆရာ တနင်္ဂနွေ နေ့ဆို ပြန်လာမှာတဲ့၊ သုံးရက်လောက်ပဲ လိုတော့တာ၊ အဘ ပြောကြည့်ပေးပါ့မယ်”

“ဒေါ်လေး မရှိတဲ့အချိန်မှာ အဖေက ပြောပြပါနော်၊ ဦးလေးက သဘောကောင်းပုံရပါတယ်၊ ဒေါ်လေးတို့ကသာ မာနကြီးလွန်းတာ”

“သူတို့ရဲ့ မြင့်မြတ်တဲ့ မျိုးရိုးဂုဏ်မောက်နေကြတာပေါ့ လေ”

“တကယ်တော့ လူလူချင်းပါ အဖေရာ”

“သူတို့က ဒီလို မထင်ဘူးလေ၊ ဝင်းထွန်းတို့၊ တော့ သားအဖကို တစ်ဆင့်နိမ့်ပြီး မြင်တယ်”

“ဘာပဲဖြစ်ဖြစ် အဖေရယ်၊ ဦးလေးကတော့ မဆိုးပါဘူး ထွန်းကို ကျောင်းထားပေးဖို့ အဖေ ပြောပေးပါနော်”

အဖေ မျက်နှာလွှဲနေ၏။

“ကောလိပ်ကျောင်း တက်တယ်ဆိုတာ တစ်လ ဘယ်လောက်ကုန်လဲဟင် အဖေ”





“ငါ ဘယ်သိမလဲ၊ နို့. . . နေပါဦး၊ ငါ့သမီးရော အောင် သား”

“မအောင်ဘူး အဖေ”

ဦးလူညိုသည် သက်မချရင်း သမီးကို ကြည့်သည်။ မှတော့ မပြော။

မိမိကိုယ်တိုင်ထက်ပိုလွန်၍ ထွန်းအတွက် သည်းလွန်း သော ပြေ့အတွက် အဖေ့အရှက်နှင့် ဒေါသ နှော၏။

အဖေသည် သမီးကို ဆယ်တန်းအောင်စေချင်ရှာမှာ ပါ။

ပြေသည် သူ့ကိုယ်သူ မေ့လျော့ ပျောက်ဆုံးနေခြင်း တွက် အဖေက ဘာမှဆက်၍ မဆွေးနွေးတော့ဘဲ ထသွား ာ့သည်။

သူ စာမေးပွဲ ကျရှုံးခြင်း။

အဖေ ကားမောင်း၍ ကျောင်းထားရခြင်းဆိုသော ည်းဖွယ်ကိစ္စအားလုံးကို နည်းနည်းလေးမှ မစဉ်းစားမိ။

ထွန်း၏ အောင်မြင်ခြင်းနှင့် ထွန်း ကျောင်းဆက်တက်နိုင် ကိုသာ အဓိကထားလျက် ထွန်းအတွက် ဘာမဆို လုပ်ပေး သော၊ လုပ်ပေးရဲသော၊ မိုက်မဲလှသည့် အချစ်၏ကျေးကျွန်၊ ချစ်၏ သားကောင်မလေး ပြေသည်. . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



လျှော်စရာအဝတ်တွေက များလွန်းလှသဖြင့် နေရင့်လ
သည့်တိုင် မပြီးနိုင်သေး။

ကျွန်ဝယ်ရာ အဆစ်ပါဆိုသော စကားနှင့်အညီပဲ ထင်
၏။

အဝတ်များအားလုံး လျှော်ပြီးချိန်မှာ နောက်ကျနေပြ
ပြေ ပြန်တက်မလာတော့ဘဲ အကျီကို ချွတ်ပြီး ရင်ရှား
တစ်ခါတည်းပင် ရေချိုးလိုက်ပါတော့မည်။ ရေတိမ်ပိုင်း
နှစ်လျက် ကူးခပ်လိုက် လုပ်နေဆဲ. . . ဘီလူးချောင်းထဲ
အရိပ်မည်းတစ်ခု ကျလာသဖြင့် ပြေ မော့ကြည့်လိုက်တော့. .

"အို. . ."

"မလန့်ပါနဲ့ကွ၊ ကိုယ့်နာမည်က သိဒ္ဓိတဲ့၊ ဟိုအိမ်ကြီးေ
ကပါ"

ဤ ဘီလူးချောင်းကို ဖန်ဆင်းစေခဲ့သော ဘီလူးကြ
တစ်ကောင်နှင့် တွေ့ရလျှင်ပင် ပြေ သည်မျှ လန့်လိမ့်မည်မထ

ကြည့်လဲ့သော ရေထဲမှာ ရှိနေသော ထဘီရင်ရှား
ပြေ၏ ကိုယ်ခန္ဓာတစ်ခုလုံးကို သိမ်းကျုံး၍ကြည့်နေသော





တ်နှာပြင်မှ အပြုံးက အစွယ်ထွက်နေသော ဘီလူး၏မျက်နှာ
တ်ပင် ကြောက်မက်ဖွယ်ကောင်းလှချေသည်။

"အခုပဲ စုစုကို ဆူခဲ့ရသေးတယ်"

"ရှင်"

"ပြေ အဝတ်လျှော်ရတာ သိပ်များတယ်၊ နောက်
လောက် မခိုင်းပါနဲ့လို့"

ပြေ ဘာလုပ်၍ ဘာပြောရမှန်းကို မသိတော့။ ဖြစ်နိုင်
လျှင် ဤဘီလူးချောင်းမှ စုန်ပြီး သံလွင်မြစ်မှတစ်ဆင့်
င်လယ်ထဲသို့ မိမိကိုယ်ကို မျှောချပစ်လိုက်ချင်သည်။

"ဟေး. . . ရေထဲမှာ အကြာကြီး စိမ်မနေနဲ့လေ၊ တက်ခဲ့
တွ"

ရေချိုးမည့် ရည်ရွယ်ချက်မရှိ၍ တဘက်ပင်မပါ။ လဲစရာ
ချည်လည်း မယူခဲ့။ ရေစိုလုံချည်နှင့် ခြုံစရာမပါဘဲ သူ့ရှေ့မှ
တ်လျှောက်ရန် ခက်ခဲလှပါဘိ။

"ဒီနှစ် ဆယ်တန်းကျတယ်ဆို"

"အင်း"

"ကိုယ် စာလာသင်ပေးမယ်လေ၊ ကျူရှင်ခ မယူပါဘူး၊
တဲ. . . ဘယ့်နှယ့်လဲ"

"အို. . . ကျွန်မ ကျောင်းမနေတော့ပါဘူး"

သိဒ္ဓိဆိုသောသူသည် အသက်က အစိတ်လောက်ရှိပေ
ည်။ လူက ဖြူဖြူ၊ အရပ်ရှည်ရှည်၊ မျက်နှာကျပုံက လှသော်
ည်း ကျက်သရေ မရှိ။ စောစောစီးစီးပင် အရက်များ သောက်



www.burmeseclassic.com

www.burmeseclassic.com



ထားပုံရပါ၏။ သူ့မျက်ဝန်းများ နီမြန်းနေသည်။

"အအေးမိနေပါ့မယ် ပြေရဲ့၊ တက်ခဲ့တော့လေ"

ကြောက်တတ်သော ပြေ၊ ငိုချင်လာသည်။ ဤအခက်အခဲကို ဘယ်လိုရှင်းရပ့ါမလဲဟု မတွေးတတ်တော့။ ကမ်းပေါ်သို့မျှော်ကြည့်တော့လည်း အဖေနှင့်ထွန်းတို့၏ အရိပ်ရောင်သော်မှ မတွေ့ရ။

"လာ. . . လာပါကွ၊ ကိုယ့်ကို မကြောက်ပါနဲ့"

"အို. . . ကျွန်မကို မကိုင်ပါနဲ့"

"ဟား. . . ဟား. . . ဟား. . . တစ်အိမ်တည်းသားချင်းပဲကွာ"

"အို. . . ဖယ်. . . ဖယ်ပါ"

ရေထဲမှ ပြေကို အတင်းဆွဲတင်နေ၍ ရုန်းရင်း ဖက်ရင်းဖြင့် ကုန်းပေါ်သို့ ရောက်လာခဲ့သည်။ သိဒ္ဓိက သူ့အိမ်မှ အစေခံမလေးမို့ သူကြံစည်သမျှ ခံရမည်ဆိုသော ခံယူချက်ဖြင့် ပြေ့ကို လှမ်းဖက်ရန် ကြိုးစားသည်။

ရင်ရှား ရေစိုနှင့် အပျိုစင်လေး ပြေမှာ ရှက်ခြင်း၊ ကြောက်ခြင်းများကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေရှာသည်။

"ရှင်. . . ရှင်. . . သွား. . . "

ကြောက်လွန်းသဖြင့် ထစ်နေသည်။ ချက်ချင်းပင် ဆွံ့အသွားပြီထင်ရသည်။ ဘာစကားလုံးမှ ပြေ့နှုတ်က မထွက်တော့။ အော်လို့လည်းမရ။

သူ့ကိုယ်မှ အရက်နံ့ ချဉ်စူးစူးက အန်ချင်စရာ။ ရဲတင်း





သိုက်သည့်သူ။ ပြေ့လက်ကိုဆွဲပြီး ပြေ့ပခုံးကို လှမ်းဖက်ရင်း မှုံးဖြဲဖြဲမျက်နှာနှင့် စကားတွေ ပြောနေသေးသည်။ ဘာတွေပြောနေလဲဟု ပြေ တစ်လုံးမှ မကြားနိုင်၊ မမှတ်မိနိုင်ပါ။

"အို. . . ဖယ်. . . ဖယ်"

သည်မျှသာ တစ်လုံးချင်း ပြောနိုင်ပြီး ရုန်းရင်းဆန်ခတ်ဖြစ်နေချိန်မှာ. . .

"ဒုတ်"

ဆိုသော စူးစူးနက်နက် အသံကြီးကို ကြားလိုက်ရပြီးနောက် သူ့မျက်နှာပြင်ပေါ်မှာ သွေးစီးချောင်းများ ဖြာကျလာတော့သည်။

"အ. . . အ. . . အား"

မချိမဆံ့ အော်သံနှင့်အတူ မျက်လုံးကြီး အပြူးသားဖြင့် ဖြေကိုကြည့်ပြီး ပြေ့ရှေ့မှာ ဟပ်ထိုးလဲကျသွားတော့သည်။

"ဟင်. . . ထွန်း"

နှစ်တစ်လက်မသစ်သားချောင်းကိုကိုင်လျက် တောင့်တောင့်ကြီးရပ်နေသော ထွန်းကို မြင်တွေ့လိုက်ရသည်။

"သူ. . . သူ မလှုပ်တော့ဘူး ထွန်း"

"ဟင်. . . "

"သေပြီ ထင်တယ်"

"ဟာ"

ထွန်းလည်း စောစောဆီက ပြေ့လိုပင် အကြောက်ကြီးကြောက်ပြီး အလန့်ကြီး လန့်ကာ သတိလစ်သလို တောင့်



www.burmeseclassic.com

www.burmeseclassic.com



တောင့်ကြီး ဖြစ်သွားနေဆဲမှာ. . .

"ဟိုက်. . . ကား ပြန်လာပြီ ထွန်းရဲ့"

"ဟင်. . . ဘယ်. . . ဘယ်လို လုပ်ကြမလဲဟင်. . . ပြေ"

စောစောဆီက အကြောက်တရားများကို ထွန်းအတွက် စိုးရိမ်ပူပန်စိတ်က ဖုံးအုပ်၏။

"ထွန်း"

"ဟင်"

"သွား. . . သွား"

"ဟင်. . . ဘယ်ကို သွားရမှာလဲ၊ လာလေ ပြေ. . . ပြေးကြစို့"

ကားသည် ခြံဝင်းအတွင်းသို့ ကွေ့ပြီး အိမ်ကြီးရှေ့ ဆိုက်ရပ်ပြီ. . .

"ထွန်း. . . သွား. . . ထွန်း ပြေး"

"အို. . . ပြေရော"

"နေပစေ. . . ပြေ ရှင်းမယ်၊ ထွန်း. . . ပြေး၊ ဒီမှာ မရှိဘူး ပြော၊ နောက်မှ ပြန်လာနော်၊ သွား. . . သွားတော့ ထွန်းရဲ့၊ ပြေး. . . ပြေးပါ"

ထွန်းက သစ်သားချောင်းကြီးကို လွှတ်ချပြီး ချောင်းအောက်မှ ပတ်လျက် အားကုန်ပြေးတော့သည်။

ပြေမှာ သစ်သားချောင်းကြီးကို ကောက်ယူရင်း သိဒ္ဓိ ကြည့်မိသည်။





"အို. . . သူသေပြီ ထင်ပါရဲ့"

"ငါသတ်တာလို့ ပြောမယ်"

"ငါသတ်တာလို့ ပြောမယ်"

"ငါ့ကို ဝင်ကယ်တဲ့ ထွန်းကိုယ်စား ငါခံမယ်"

အမယ်လေး. . . လာကြပါဦး. . . လာကြပါဦး

အတွေးအဆုံးတွင် အင်အားရှိသမျှ ပြေ ကြုံးအော်လိုက်တော့သည်။

ရှေ့ဆုံးမှ ပြေးလာသူက အဖေ။ နောက်မှ ဦးမောင်မောင်မြတ်၊ ဒေါ်ထိပ်ထားစုနှင့် ဒေဝီ။

"သမီး. . . သမီး. . . ဘာဖြစ်လို့လဲဟင်. . . ဘာဖြစ်လို့လဲ"

'သူ. . . သူ"

ပြေ လက်ညှိုးထိုးပြရာသို့ ဦးလူညိုက ကြည့်လိုက်ပြီး သမီး၏လက်မှ သစ်သားတုတ်ကြီးကို ကြည့်လျက်. . .

"ကိုယ်ကျိုးနည်းပါပြီဗျာ၊ ဘယ်လိုဖြစ်တာလဲသမီးရဲ့"

ပြေ. . . ဘာမှမဖြေနိုင်။ မျက်ရည်တွေ အလိတ်လိုက်ကျ လာပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေရှာသည်။

"အမယ်လေးတော်. . . သိဒ္ဓိလေးကို ညည်း. . . ညည်း. . . လုပ်လိုက်တာလား"

"ဟုတ်တယ်၊ ပြေ. . . ပြေ သတ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထိပ်ထားစုက ရင်ဘတ်စည်တီးဖြင့် လဲနေသူ ဘေးကို ဒူးထောက်ထိုင်ချလိုက်ချိန်မှာ ဦးမောင်မောင်မြတ်က ငုံ့ကြည့်လိုက်ပြီး. . .

ချောက်ချားတုန်လှုပ်လွန်းသော အသံကြီးဖြင့်. . .

"ဟင်. . . ဟင်. . . ဒီကောင်ဟာ ဟိုကောင်မဟုတ် လား"

အသံများ၊ လှုပ်ရှားမှုများသည် ပြေ့အမြင်၊ ပြေ့အကြား ဝေဝါးလာသည်။

ဖြစ်ရပ်နှင့် နှလုံးသား ခံနိုင်စွမ်းအားက မဆုံတော့။

တုတ်ကြီးကိုင်ပြီး ရပ်နေသော ပြေမှာ ယိမ်းယိုင် သည်။ မျက်စိများ ပြာသထက်ပြာ၍ အားလုံး အနက်ရော ပိန်းပိတ်သွားချိန်မှာ။

ပြေသည် မြေကြီးပေါ်သို့ ခွေခနဲ လဲကျသွားတော့သည်

လူသားများနှင့် လောကကြီးတစ်ခုလုံးသည် ပြေနှ ခေတ္တမျှ ခွဲခွာသွားသည်သို့၊ ဘာဆိုဘာမှ ပြေ မသိတော့ မကြားတော့၊ မမြင်တော့ပါချေ. . .

◆ ◆ ◆





"စု. . . စု. . . နဲ့ ခေါင်းပေါ်တင်ထားလိုက်ရတာ၊ ဟင်. . . ခုတော့ ခွေးဇာတ်ခင်းတယ်၊ ကိုယ့်ရဲ့ မျိုးရိုးဂုဏ် သိက္ခာမှ မထောက်၊ မိုက်ဦးဟဲ့၊ မိုက်လုံးကြီးဦး. . . ကဲ"

ဒေါသများ မီးလို ဟုန်းဟုန်းတောက်နေသော "ဒေါ်ခင် ပပ" သည် အချစ်ဆုံးသော တစ်ဦးတည်းသမီးလေးကို စိတ်ရှိ လက်ရှိ ရိုက်နှက်ဆောင့်ကန်ပစ်နေတော့သည်။

အတိအကျ ဆွေမျိုးစပ်ပြနိုင်သည်တော့မဟုတ်။ ဘယ်သူ့ လက်ထက်က ဘယ်လိုသွေးကြွအောင် လှုံ့ဆော်ခဲ့သည်မသိ၊ ဒေါ်ခင်ပပတို့က သူ့ကိုယ်သူ မင်းမျိုးဟု ခံယူလျက် မျိုးရိုးမာန် စီးပွားမာန်တက်လွန်းနေရာက. . .

ထိပ်ထားစုသည် သူတို့စက်မှ အလုပ်သမားလေး တစ်ယောက်နောက်သို့ ခိုးရာလိုက်ပြေးသွားတော့သည်။

ဘာရမလဲ ဒေါ်ခင်ပပပဲ. . .

အတင်းလိုက်၊ အတင်းရှာ၊ အတင်းခွဲ၍ ခေါ်လာခဲ့သည်။ အိမ်ရောက်သည်နှင့် ဒေါသလုံးဆို့ မသေရုံ ခုန်ပေါက်အော်ဟစ် ပြီး သမီးကိုလည်း လှိမ့်ရိုက်ပစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့မှာပင် ခင်ပွန်းရှိစဉ်က သစ်ခွဲစက်ထောင်ပြီး ကြီးပွားချမ်းသာကြသည်။ စက်နှင့်၊ တိုက်နှင့်၊ ကားနှင့် အတွင်းပစ္စည်း အထုပ်ကြီးနှင့်ရှိနေသော ဒေါ်ခင်ပပသည် မော်ချင်တိုင်းမော်၊ မောက်ချင်တိုင်း မောက်ခဲ့သူပါ။

တော်ရုံအဆင့်ကို လူမထင်၊ အောက်တန်းစား ဆင်းရဲသားများနှင့် အနီးကပ်ပင် စကားမပြော။ သူ၏ လှပညက်ညောသော အသားအရည်ကို ဂုဏ်ယူမဆုံး၊ အထက်တန်းလွှာများကြားမှာ ပွဲလယ်တင့်ခဲ့သော ဂုဏ်ရှိန်မြင့်ခဲ့သော ဒေါ်ခင်ပပသည်. . .

"ဒီလိုကောင်မျိုးကို ဘယ်နည်းနဲ့မှ အိမ်ပေါ် ခေါ်မတင်နိုင်ဘူး မိစုရဲ့၊ နင့်လင် နင်လွှမ်းလို့ သေလည်း ငါက သင်္ဂြိုဟ်လိုက်ရုံပဲ"

လူငယ် ချစ်သူနှစ်ဦးကို ရက်ရက်စက်စက် ခွဲပစ်လိုက်ရုံမက "မောင်တင်အောင်" ဆိုသော အလုပ်သမားလေးကိုလည်း သူ၏ငွေလက်နက်ဖြင့် တပည့်များကို ခိုင်းစေ၍ မန္တလေးမြေမှ လွင့်စင်စေနိုင်ခဲ့ပြီး သုံးလအကြာမှာ. . .

"အမယ်လေး. . . မြတ်စွာဘုရား၊ မိစု. . . မိစုမှာ"

ဒေါ်ခင်ပပ ကြောက်ရွံ့စွာ တွေးထင်လိုက်သည့်အတိုင်းပင် ထိပ်ထားစု၌ ကိုယ်ဝန်ကျန်ရစ်ခဲ့လေပြီ။

ဖျက်ချရန် ကြံစည်အားထုတ်ခြင်းကို ထိပ်ထားစုက ပြင်းပြင်းထန်ထန် ငြင်းဆန်ပြီး အသက်နှင့်လဲ၍ ကာကွယ်မည်ဟု မြတ်သားစွာ ရင်ဆိုင်၍. . .





ဒေါ်ခင်ပပ လက်လျှော့လိုက်ရပါ၏။ 'မောင်တင်အောင်' နှင့် တရားရုံးမှာ တရားဝင်လက်ထပ်ပြီးသားမို့ ကလေးမွေးစဉ်က ဖခင်အမည်ကို ထည့်သွင်းနိုင်ခဲ့ပါ၏။

"ဒီလို အောက်တန်းစား ဆင်းရဲသားရဲ့ သွေးကို တို့လို တောဆိ မဟာသွေးထဲမှာ အကြီးပြင်းမခံနိုင်ဘူး"

ဆိုသော မဟာစီမံချက်ကြီးဖြင့် စစ်ကိုင်းရှိ ဆွေနီးမျိုးစပ်တော်သော ဆင်းရဲသား မိသားစုကို မွေးခိုင်းစေခဲ့သည်။ လိုအပ်သမျှ ကလေးအသုံးအဆောင်ကို ပေးသည်။ ကုန်ကျသမျှငွေကိုလည်း ဒေါ်ခင်ပပက တာဝန်ယူခဲ့သည်။

ဒေါ်သမာန်မာနတရား ကြီးလွန်းသော ဒေါ်ခင်ပပကို တွန်းလှန်နိုင်သော ထိပ်ထားစုမှာ ချစ်သူနှင့် ရင်သွေးနှင့် တကွဲစီ ဖြစ်ခဲ့ရပါ၏။

ထိပ်ထားစုနှင့် ထာဝရ အတူရှိနေသည်ကတော့ ဈာတ်ရည်သာ. . .

"တို့လို မင်းမျိုးမဟုတ်ပေမယ့် မျိုးရိုးသန့်တယ်၊ ပညာလည်း ရှိတယ်၊ ကြံရည်ဖန်ရည်လည်းကောင်းတဲ့ မောင်မောင်မြတ်နဲ့ ပေးစားရင် ကောင်းမှာပဲ"

ဟူသော မဟာအကြံအစည်ဖြင့် သူတို့၏ သစ်စက်မှ မန်နေဂျာ မောင်မောင်မြတ်နှင့် နီးစပ်အောင် ဒေါ်ခင်ပပ စီစဉ်တီထွင်သည်။

ထိပ်ထားစုသည် ခိုးရာလိုက်ပြေးဖူးသည်၊ ကလေးတစ်ယောက် ရှိဖူးသည်။ ဤကလေး မပါစေရပါ. . . ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံချက်များနှင့် မောင်မောင်မြတ်ကို ကမ်းလှမ်းတော့...

"အမေတစ်ခု သမီးတစ်ခု၊ ပစ္စည်းဥစ္စာက အပြည့်အစုံ... သူလက်ရှိ လခစားနှင့် လုပ်နေရသော လုပ်ငန်း၏ လုပ်ငန်းရှင်ကြီး ဖြစ်လာနိုင်မည်"

ဘယ်ဘက်က တွက်တွက် တွက်သားကိုက်ပြီးသားမို့ ထိပ်ထားစု အပျိုမဟုတ်လည်း ရှိစေတော့။ ဒီလောက်တော့ အလျှော့ပေးရပေမပေါ့။

တခြားမှာ မွေးခိုင်းထားသော ကလေးသည်သာ လာမရှုပ်ပါစေနှင့်ဆိုသော ကတိကို တောင်းသည်။

ဒေါ်ခင်ပပ ကိုယ်တိုင်က မလာစေလို၍ တခြားပို့ထားပြီးမို့ ဒီစကားကို ကတိမပေးနိုင်စရာမရှိပါ။ မရှုပ်စေရပါ။ မလာစေရပါ။ အမွေမပေးနိုင်ပါ စသော ခံဝန်ချက်များကြောင့်...

မောင်မောင်မြတ် ထိပ်ထားစုကို လက်ထပ်ယူခဲ့ပါ၏။

သမီးလေး မြတ်ဒေဝီကို မွေးဖွားပြီးချိန်မှာ စီးပွားက ပို၍ တက်ခဲ့သည်။

အကြံအဖန်ကောင်းသော ဦးမောင်မောင်မြတ်သည် စီးပွားရေးကို ဘယ်လိုပုံစံနှင့် လုပ်ရ လုပ်ရ လုပ်နိုင်သူ၊ လုပ်ရဲသူပါ။

မန္တလေးမှတစ်ဆင့် လှိုင်ကော်နှင့် စီးပွားရေး ဆက်သွယ်ရာမှ လှိုင်ကော်တွင် အခြေခိုင်မာလာသည်။ သည်မြို့မှာ ပို၍ စီးပွားရေးဖြစ်ထွန်းလို့လား...





သို့မဟုတ်...

မန္တလေးတွင် နေ၍ မဖြစ်လို့လားဖြင့် ဘယ်သူမှ မသိကြ။ ဒေဝီလေး ကြီးပြင်းလာချိန်မှာ...

သူတို့မိသားစု လှိုင်ကော်မြို့သို့ ပြောင်းရွှေ့ကာ ခြံကြီး တစ်ခြံဝယ်ပြီး နေထိုင်ကြသည်။

ဒေါ်ထိပ်ထားစု၏ နှလုံးသည်းပွတ်တစ်စုံသည် မန္တလေး တစ်ဝိုက် စစ်ကိုင်းဘက်မှာ ကျန်ရစ်သော်လည်း အဆက်သွယ် ပြတ်၏။

မိခင်က သနားတိုင်း ငွေတွေ မတရား ကျိတ်ပေးခဲ့၍များ ပျက်စီးလေသလားတော့မသိ။

ယခု သူ လှိုင်ကော်အထိ လိုက်လာခဲ့လေပြီ။

ဒေါ်ထိပ်ထားစု၏ နှလုံးသည်းပွတ်တမျှ ချစ်ရပါသော ဒီသူသည် သူ၏သားကြီး ကိုသိဒ္ဓိ မည်ပါသတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကြီးစွာ အနာတရ မဖြစ်သော်လည်း သွေးပျက်ဖွယ် အဖြစ်ပျက်များကြောင့် ပြေ အပြင်းဖျားပြီး အိပ်ရာထဲမှ မထနိုင်တော့။

ကိုသိဒ္ဓိ သေဆုံးလေပြီဆိုသော အသိဖြင့် ချောက်အိပ်မက်များကြောင့် ညဥ့်နက်သန်းခေါင်မှာ အလန့်တကြား ထထအော်နေတတ်သော ပြေမှာ. . .

ယနေ့တော့ ကြည်ကြည်လင်လင် နိုးလာသည်။ ကိုယ်ရှ မကျသေး၍ ခေါင်းတစ်ခုလုံး အုံခဲနေပါ။ မျက်စိကို မနည်းအားယူ၍ ဖွင့်လိုက်တော့. . .

“အို. . . ဒါ ငါတို့တဲမှ မဟုတ်ဘဲ”

“ဒါ အိမ်ကြီးပေါ်မှာပါလား”

ဟူသော အသိကြောင့် ပြေ ကြုံးထလိုက်တော့ မိုက်ခနဲ မူးသွားရသည်။

“မထနဲ့လေ၊ ပြေ. . . မထနဲ့”





အိမ်ကြီးပေါ်မှ အိမ်ဖော် မမတင်က ပြေ့ကို ဖေးမပြီး အိပ်ရာထဲ ပြန်လှဲစေသည်။

“အဖေရောဟင်၊ ထွန်းရော၊ ပြေ့တဲလေးကိုပဲ ပြန်ပါရစေ မမတင်၊ ပြေ ကြောက်တယ်”

“ဘာကိုကြောက်တာလဲ ပြေရဲ့”

ပြေ မပြောရဲ၊ သွေးစီးကြောင်းများနှင့် လဲသေသွားသော သိဒ္ဓိမျက်နှာကြီးကို အနီးကပ်မြင်လာသဖြင့် မျက်နှာကို လက်ဝါးနှင့် ပိတ်ဆီးကာပြီး ပြေ ငိုတော့သည်။

“ပြေ ကြောက်တာ မမတင် သိပြီ၊ ကိုသိဒ္ဓိ သေတယ်ထင်လို့ မဟုတ်လား”

“ရှင်”

“သိဒ္ဓိ မသေပါဘူး ပြေရဲ့”

“ဟာ”

“ပြေ့ကိုရော၊ သိဒ္ဓိကိုရော အိမ်မှာပဲ ဆရာဝန်ခေါ်ပြီး ကုကြတယ်၊ ဆေးရုံလည်း မတင်ဘူး၊ ရဲလည်း မတိုင်ဘူး”

“အို. . . ဟုတ်လား၊ သူ. . . သူ မသေဘူးနော်”

“မသေပါဘူး၊ ဒီအိမ်တစ်နေရာမှာပဲ ရှိတယ်”

“ပြေ့ကိုရော ဒီကိုဘာလို့ ခေါ်ထားကြတာလဲရှင်၊ အဖေရောဟင် မမတင်”

“ဦးလေးညို ဆရာနဲ့လိုက်သွားတယ်၊ ပြေ့ကို သနားလို့ ရောဂါပျောက်အောင် ကုပေးဖို့ပေါ့”

“ရှင်”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဦးမောင်မောင်မြတ် တွေ့သွားတာ သိပ်ကောင်းတယ် ပြေ၊ ဖြစ်ရတာလဲ ချောင်းဘေးမှာ၊ ပြေက ရင်ရှားနဲ့ အဝတ်လျှော်နေတုန်း သူလာနှောင့်ယှက်တယ်ဆိုတာ ထင်ရှားလို့ပေါ့၊ ဆရာက သိပ် ဒေါပွနေတယ်၊ ပြေ့ကို ဘယ်သူမှ အပြစ်မမြင်ကြပါဘူးကွယ်"

"တော်ပါသေးရဲ့ မမတင်ရယ်၊ ပြေဖြင့် ကြောက်လိုက်တာ၊ အသက်ထွက်မတတ်ပါပဲ"

"ဒါပေါ့၊ ဒီကောင်က တကယ်ရမ်းကားတာ"

"မမတင်"

"ဟင်"

"ထွန်းရော"

"ရှိတယ်၊ နောက်ဖေးမှာ ရေဆွဲနေရတယ်လေ၊ သူလည်း သနားပါတယ်၊ ပြေက အဖျားပြင်းပြီး ကယောင်ကတမ်းတွေ ပြောတော့ သူ သိပ်စိတ်ပူရှာတယ်၊ မမတင်နဲ့ အတူစောင့်ရင်း ပြေ့ကို စိတ်ပူတယ်၊ သနားတယ်ဆိုပြီး ငိုလို့"

"ဟယ်...ပြေ့တွက် ထွန်း ငိုတယ်"

ကိုယ့်အတွက် ငိုလောက်အောင် ထိခိုက်ရှာသော အဖြစ်ကို ကြည်နူးဝမ်းသာမိပါသော်လည်း ငိုသောချစ်သူကိုမူ သနားရပြန်ပါသည်။

"ထွန်း...ရေဆွဲနေရတာ ကြာပြီလားဟင်"

"အေးပေါ့၊ အရင်ထက် လူက ပိုလာတယ်လေ၊ ဒေဝီ ရေချိုးရင် ရေအိုးကြီး လှံသွန်သလား မှတ်ရတယ်၊ ကိုသိဒ္ဓိက





ည်း ယောကျ်ားဖြစ်ပြီး ချောင်းထဲရေဆင်းချိုးတာမဟုတ်ဘူး"

"ထွန်းကို သနားလိုက်တာ၊ ပြေ...သွား ကူသယ်ပေးတယ်"

"အို...ကိုယ်မှ နေမကောင်းတာ၊ ကဲ...နိုးရင် ဆေးရမယ်တဲ့၊ ပြီးတော့ ဆန်ပြုတ်သောက်ရအောင်နော်"

တကိုယ်လုံး မသယ်ချင်အောင် နုံးနေ၍ မမတင် တွဲထူမှ နိုင်သော ပြေ၏စိတ်က ထွန်းဆီမှာချည်းပါ။

"ထနိုင်ပြီလား"

"ဩော်...ဒေဝီ...ဟုတ်ကဲ့"

အခန်းဝမှာ လှပစွာ ပေါ်လာသော ဒေဝီက တံခါးာင်ကို ပခုံးဖြင့်မှီ၍ ပြေတို့ကို ကြည့်နေသည်။ သူ့ အိမ်ရင်းတ်စားများက ပြေတို့ လမ်းထွက်သည့် အဝတ်စားများထက် ယ်ပြန် ဆယ်ဆ၊ လှပအဖိုးတန်လှချေသည်။

"တစ်ချိန်လုံး ထွန်း...ထွန်းနဲ့ပဲ ထထ အော်နေလို့ မေကတောင် ပြောနေတယ်၊ အစ်ကိုကြီးကို ငထွန်းများ တ်သလား မသိဘူးတဲ့"

"အို...မ...မဟုတ်ပါဘူး၊ သူ မရှိပါဘူး"

ပြေက အကြောက်ကြောက် အလန့်လန့်နှင့် ဖြေမိသည်။

"ပြေက ဘယ်တော့ နေကောင်းမှာလဲ"

"ရှင်"

"ပေးနေတဲ့ ဒေဝီလုံချည်တွေရှိတယ်၊ မမတင်ကို မနိုင်း ငရဲကြီးမယ်ဆိုလို့ ရေချိုးခန်းမှာ ဒီတိုင်း ထားထားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ ရှိလို့၊ ပြေ. . . လျှော်ပေးပါနော် ရော့. . . ငွေနှစ်ကျ
ယူပါ"

ကျပ်တန်နှစ်ရွက်ကို ပေါင်ပေါ် တင်ပေးပြီး ဒေဝီ ထွ
သွားတော့သည်။

"ဝမ်းမနည်းပါနဲ့ ညီမရယ်၊ တို့များဘဝက ဒီလိုပဲပေါ့ေ
ကဲ. . . ကဲ. . . ဆန်ပြုတ်သောက်လိုက်၊ သူ့ ထဘီတွေ မမတ
ပဲ လျှော်လိုက်ပါ့မယ်"

အားငယ်တတ်သော ပြေမှာ မငိုမိအောင် ထိန်းထ
ပြီး. . .

"နေပါစေ မမတင်ရယ်၊ နက်ဖြန်လောက်ဆို
လျှော်နိုင်ပါပြီ၊ အဖေနဲ့ ထွန်းနဲ့ အားရင် ပြေ တွေ့ပါရ
ဒီအိမ်ကြီးပေါ်မှာ ပြေ မနေချင်ဘူး မမတင်"

"မနေရပါဘူး၊ ခုဟာက လူမှန်းမသိအောင် အပြင်း
နေလို့. . . ပြီးတော့ သူ့သားက ဗလက္ကာရလုပ်တာလ
လူသိမှာစိုးလို့ ဒီမှာခေါ်ထားတာပါ"

"ဒါနဲ့ ကိုသိဒ္ဓိဒဏ်ရာက ပြင်းသလားဟင်"

"မပြင်းပါဘူး ပြေ၊ ခေါင်းတော့ နည်းနည်း ပေါက်သ
တယ်. . . ချုပ်ရတယ်။ မေ့သွားတာပါ၊ သူ နေကောင်းနေပ
ပတ်တီးတော့ စည်းထားရပါတယ်"

"အမယ်လေး. . . တော်ပါသေးရဲ့၊ သေများသွား
ဒုက္ခ"

"ဆရာကတော့ ပြေက တစ်ခါတည်း အသေ ရိုက်သ





ိုက် ပြီးရောတဲ့"

"ဦးလေးက ပထွေးပေါ့နော်"

"ပထွေးမို့ ပြောတာ မဟုတ်ဘူး ပြေရဲ့၊ သူတို့ကိုက
အလုပ်မဟုတ်တာ၊ အဲ့ဒီသားမိ သုံးယောက်လုံး တစ်မျိုးပါပဲ"

"မမတင်"

"ပြေ"

"အဲဒီ ကိုသိဒ္ဓိ ရောက်နေတာ ဘယ်လောက်ကြာပြီလဲ
ဟင်. . ."

"မပြောတတ်ဘူး၊ ဘယ်အချိန် ရောက်လာပြီး ဘယ်
အချိန် ပျောက်သွားမှန်းကို မသိပါဘူး။ ဆရာ မသိအောင်ဘဲ
အိမ်ရဲ့ တစ်နေရာရာမှာ ပုန်းခိုနေသလားမှ မသိတာ"

"ဟင်"

"မမဒေါ်ထိပ်ထားစုကတော့ သူ့သားနဲ့သမီးကို အလို
ိုက်လွန်းတယ်၊ ခု. . . ဒေဝီလည်း ပြဿနာဖြစ်နေပြီတဲ့"

"ဘာပြဿနာလဲ"

ပြေမှာ ဆန်ပြုတ်ကလေး နည်းနည်းသာ သောက်နိုင်၏။
ခေါင်းထဲက အုံခဲပြီး အာတွေခြောက် မျက်လုံးတွေပူလို့ ပြန်လှဲ
နေရပါ၏။

"အပျိုဖြစ်မယ်မှ မကြာသေးဘူး၊ ရည်းစားထားလို့တဲ့
. . ."

"အို"

"အဲဒါ ဒီနှစ် ကျောင်းဖွင့်ရင် ပြန်မပို့တော့ဘူးလို့ ဆရာက



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းနေတယ်၊ မမကတော့ ပြန်လည်း ပို့ချင်တယ်၊ ငယ်ငယ်
လေးနဲ့ ယောကျ်ားရသွားမှာလည်း ကြောက်တယ် ထင်ပါရဲ့
ဘယ်လိုဖြစ်ကြဦးမယ် မသိပါဘူးလေ"

ဒါက သူတို့မိသားစုကိစ္စမို့ ပြေ စိတ်မဝင်စားပါ။

"ဒါနဲ့. . . ဒီအိမ်ကြီးပေါ်မှာ ဦးလေးနဲ့ ဒေါ်ထိပ်ထား
ရယ်၊ ဒေါ်ခင်ခင်လတ်ရယ်၊ ကိုသိဒ္ဓိနဲ့ ဒေဝီရယ်၊ ဒါပဲလားဟင်
မမတင်"

"ပြေ ဘာကြောင့်မေးတာလဲ၊ တို့ သိတာ ဒါအကုန်ပဲပေ
ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ကိုသိဒ္ဓိဆိုတာက ပုန်းနေတယ်ဆိုတော့
တခြားပုန်းတဲ့လူများ ရှိသေးသလားလို့ သိချင်လို့ပါ"

"ပြေ သိတဲ့အတိုင်း မမတင်တို့နေရတာက ဒီနောက်ဖေ
အဖီလေးမှာပဲလေ၊ အိမ်ကြီးပေါ်က ခိုင်းစရာရှိလို့ ခေါ်
သွားရတာ၊ သူတို့ ဘာတွေပဲ ဖြစ်နေဖြစ်နေ မမတင်တို့ သိခွင့်မ
ပါဘူးကွယ်"

မမတင်သည် သဘောကောင်းသလောက် သစ္စာလည်း
ရှိသော အိမ်ဖော်တစ်ဦးမို့ သူသိသည့်တိုင် ပြေ သိခွင့်ရှိ
မဟုတ်၍ ဘာမှ ဆက်မမေးတော့ပါပဲ. . .

"ထွန်း ရေဆွဲနေရတုန်းလား ကြည့်ပေးပါနော်. . .
မမတင်၊ ပြေ သူနဲ့တွေ့ချင်တယ်"

"အမယ်လေး. . . စိတ်ချ၊ ပြီးတာနဲ့ ပြေးလာမှာ
ပြေတို့နှစ်ယောက် သိပ်ချစ်ကြတယ်နော်"





"မမတင်ကလည်း. . ."

"ရှက်မနေပါနဲ့အေ၊ ဦးလေးညိုကအစ သိတာ၊ ဒီအိမ်က
ခေတို့လည်း သိတာပဲ၊ ပြေတို့ နှစ်ယောက်ကို ဘာသဘောမတူ
ရာ ရှိမှာလဲ၊ ငယ်ကြသေးလို့သာ"

"ဒီအိမ်က ဒေါ်ထိပ်ထားစုတို့လည်း သိလားဟင်"

"သိမှာပေါ့၊ ကျေနပ်လို့သာ ဘာမှ မပြောတာ နေမှာပေါ့၊
ဒီနှစ် အထွန်း ဆယ်တန်းအောင်ပြီလေ၊ အလုပ်ကလေး
ဘာကလေးရရင် ယူကြပေါ့"

"ထွန်းက သိပ် ကျောင်းနေချင်တာ၊ ဦးလေးတို့က ထား
ပေးဘူးတဲ့လားဟင်"

"မသိဘူး၊ ဘာမှ ပြောသံမကြားဘူး"

ထွန်း၏ ပညာရေးခရီးလမ်းကား ဝေဝါးဆဲ၊ လမ်းပျောက်
ဆဲပါလား။

"ကောင်လေးလည်း သနားပါတယ်၊ ဘယ့်လောက်
ရုပ်လုပ် မမက မကြည်ဖြူဘူး၊ သူ့အမျိုးမှ မဟုတ်တာ၊
သူ့သားဆိုတဲ့ ကောင်ကလည်း ရမ်းကားလိုက်တာ၊ နေကောင်း
ရင် မနေရတော့ဘူး၊ မန္တလေးပြန်ရမယ်လို့ ဦးလေးက ပြောနေ
တယ်"

"သူက မန္တလေးမှာ နေတတ်လား"

"အင်း. . . သူ့အဘွားအိမ်မှာ နေလိုက်၊ မိန်းမအိမ်
နေလိုက်တဲ့၊ မိန်းမလည်း အတည်တကျမရှိဘူး၊ ယူလိုက်၊
ကွာလိုက်၊ တပြိုင်တည်း နှစ်ယောက်လောက် ယူလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဘွားဆိုတာ မမတင်ပြောပြတဲ့ ဒေါ်ခင်ပပ ဆိုတာ
လား"

"ဟုတ်မယ်ထင်တာပဲ၊ သူ့အဖေ ကိုတင်အောင့် ဘက်က
တော့ ဘာမှပြောသံမကြားရဘူး"

"မမတင်"

"ဟေ"

"ဒီအိမ်ကြီးပေါ်မှာ လူပိုတစ်ယောက်ယောက်များ ရှိနေ
သေးသလားဟင်"

နှစ်ယောက်လုံး ငြိမ်သက်စွာ တွေဝေနေကြသည်
မမတင်သည် လေးနက်စွာ တွေးနေပြီးမှ. . .

"ဒီကိစ္စ မြေ့ ဝမ်းထဲမှာပဲ ထားနော်"

"စိတ်ချ. . . စိတ်ချပါ၊ ဘာဖြစ်လို့လဲဟင်"

"မမတင်တို့ တစ်ခါမှ မမြင်ရတဲ့ တစ်စုံတစ်ယောက်
ဒီအိမ်ရဲ့ တစ်နေရာရာမှာ ရှိနေလိမ့်မယ်လို့ မမတင်လည်း
ထင်နေတာ ကြာပြီ"

"ရှင်"

"ထမင်းဟင်း စားစရာတွေ ဒေါ်ထိပ်ထားစုကိုယ်တိုင်
သယ်သယ်ယူသွားတယ်"

"ဟုတ်လား၊ လူတစ်ယောက်စာပဲလား"

"များတော့များတယ်"

မြေ မြင့်ရသူမှာ လူလား၊ သတ္တဝါလား၊ ခုထိ မကွဲပြား
နိုင်သေး။





"ကိုသိဒ္ဓိဆိုတာရော ခု ဘယ်မှာလဲဟင်"

"ရှိတယ်။ ဒီအိမ်ကြီးပေါ်က အခန်းတစ်ခုထဲမှာပဲ၊
ရင်တုန်းကတော့ အိမ်ကို မလာရဘူးလေ၊ ခုမှ ဒဏ်ရာရလို့
ခေါ်တင်ထားတာ၊ အရင်တုန်းကဆိုရင် လှေဆိပ်မှာပဲ ချိန်းချိန်း
တွေ့ကြရတယ်တဲ့။ အမေကိုတောင် အမေလို့ ခေါ်ခွင့်မရှိရှာဘူး။
လို့ ခေါ်ရတယ်တဲ့"

လပြည့်တစ်ညက သားအမိနှစ်ယောက် ပြေးဖက်ကြ
ည့် မြင်ကွင်းကို မြေ ပြန်လည်မြင်မိသည်။ ဒေါ်ထိပ်ထားစု
လွဲမှားသော အမြင်များ ရှိခဲ့မိသည့်အတွက် ငရဲကြီးတော့
မှာပဲဟု မြေ စိတ်မကောင်းဖြစ်မိ၏။

"မမတင်"

"ဟင်"

"အဲ့ဒီ အိမ်ပေါ်မှာ ရှိနေတဲ့ လူတစ်ယောက်ဆိုတာ
ယောက်ျားလား. . . မိန်းမလားဟင်၊ သူ့အဝတ်တွေဘာတွေ
တွေ့ရဘူးလား"

"မခိုင်းဘူး၊ တကယ် ပိရိတယ်၊ မမတင်တို့ဆို ခေါ်မှ
အိမ်ပေါ်တက်ရတာ၊ မမတင် ထင်တော့ ယောက်ျားကြီး
င်တယ်၊ ခြေဖဝါးရှိပုံလည်းရတယ်၊ သူတို့လင်မယား တစ်ခါ
လေ ပြောကြရင် ဟိုကိုမေးဦးလေ. . . ဟိုက ကြိုက်ပါ့မလား
တာ တစ်ခါတစ်ခါ ကြားမိတယ်"

"အင်းလေ. . . သူတို့တွေဟာ ဒီမှာ ဘာလာလုပ်နေကြ
တာလဲ မသိဘူးနော်၊ ရောက်လာတာလည်း မကြာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကတော့ စီးပွားရေး ကောင်းနေပုံရတယ်"

"ဘာတွေ လုပ်နေလို့လဲ"

"မသိဘူး ပြေရေ. . .၊ ဟော. . . မမတင်ကို ခေ ခေါ်နေပြီ၊ သွားလိုက်ဦးမယ်နော်. . . ပြေ"

"ထွန်း ပြီးရင် လာပါလို့ ပြောပေးပါနော်"

"အေး. . . အေး"

ကိုယ့် ကိုယ်ခန္ဓာကို သူများပိုင်ဆိုင်သော ဘဝနှင့် နေရ သော အိမ်စေ မမတင် ပြေးထွက်သွားရရှာသည်။

ဤအိမ်ကြီးပေါ်မှ အရှုပ်အထွေးများကို စဉ်းစား ထွန်းကို မျှော်နေဆဲ. . .

"ပြေ နေကောင်းသွားပြီလားဟင်"

ထွန်းက ပြေ့နဖူးကို စမ်းရင်း မေးလာသည်။ ရေစို ကြောင့် တွန့်ရှုံ့နေသော လက်အေးလေးနှင့် ထိတွေ့လာသည်

"ကိုယ်ပူမကျသေးပါလား"

"ထွန်း လက်တွေ အေးနေလို့ပါ၊ ဒီမှာ ထွန်း. . ."

"ပြေ"

"ပြေ အိမ်ကိုပြန်ချင်ပြီ"

"သူတို့ကို ပြောဦးမှ"

"ဒီခြံထဲမှာပဲဟာ"

"ဒါပေမယ့် သူ့သားကြောင့် ပြေ့ကို ဂရုစိုက်နေကြတာ လေ၊ သူ့သားကိစ္စကို လူသိမှာစိုးလို့၊ ပြေ့ကို တာဝန်ယူနေ သဘောပါ၊ အဲ့ဖြစ်မှန်သိပြီး ထွန်းရိုက်တာ. . ."





ပြေက ထွန်း၏ပါးစပ်ကို လှမ်းပိတ်လိုက်သည်။

"ဘာမှ ပြောမနေနဲ့တော့လေ"

"ပြေရယ်. . . ထွန်းအတွက် တကယ် အနစ်နာခံပေးနိုင်တယ်နော်"

"အခုကိစ္စက ပြေ့ကို ထွန်းက ဝင်ကယ်တာပါကွယ်၊ ဒီမှာ ထွန်း"

"ဟင်"

"ထွန်းအတွက်ဆိုရင် ပြေ ဘာမဆို အနစ်နာခံရဲပါတယ်၊ တခြားတစ်စုံတစ်ယောက်ကို ထွန်း သတ်လာခဲ့စေဦး. . . ထွန်းကိုယ်စား ပြေ ကြိုးစင်တက်ရဲတယ်၊ အသက်ပေးချစ်တယ်ဆိုတဲ့ စကားဟာ အလကားပြောနေကြတာ မဟုတ်နိုင်ဘူး ထွန်း၊ ပြေ့လို မိုက်မိုက်မဲမဲ ချစ်ရဲသူတွေအတွက် အမှန်ပဲဖြစ်မှာပါ ထွန်းရယ်"

ဇောနှင့်ပြော၍ မောသွမ်းသွားရှာသော ပြေ၏ ပါးလေးကို ထွန်းက ငုံ့မွှေးလိုက်သည်။

ပြေ၏ ပါးပြင်လေး၊ နဖူးပြေလေးများ နွေးပူနေဆဲပါ. . .

"ပြေ အဖျားမကျသေးဘူး၊ ချက်ချင်းပျောက်သွားအောင် ထွန်း လုပ်ပေးချင်လိုက်တာ ပြေရယ်"

"ထွန်းသာ ဆရာဝန်ကြီးဖြစ်ရင် လုပ်ပေးနိုင်မှာနော်"

"ပြေရယ်"

ထွန်းက ပြေ့လက်ခုံလေးကို ဆုပ်ပြီး သူ့ပါးမှာ အပ်ရင်း သက်ပြင်းချရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွန်း ကျောင်းနေဖို့ကိစ္စ ဘာပြောကြသေးလဲဟင်"

ထွန်းက ခေါင်းယမ်းသည်။ နှုတ်က မဖြေ. . .

"မနေရဘူးလို့ ပြောလို့လားဟင်"

"ဘာမှကို မပြောကြသေးတာပါ"

ပြေ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခုနှင့် စက်လဲ ထွန်း ကျောင်းနေခွင့်ရမည်ဆိုလျှင်လည်း စက်လဲရဲသည့် ပြေပါ။

"ပြေ တရေးပြန်အိပ်လိုက်ဦးလေ"

"မအိပ်ချင်တော့ဘူး၊ ပြေ့တဲလေးကိုပဲ ပြန်ချင်တယ် ထွန်း ရယ်။ ဒီအိမ်ကြီးပေါ်မှာ နေရတာ စိတ်ကျဉ်းကျပ်လိုက်တာ"

"အဘညီလာမှ ဖြစ်မှာပြေ၊ ထွန်း မပြောရဲဘူး၊ နောက်ပြ ကိုသိဒ္ဓိအခန်းထဲမှာပဲ ဒေါ်လေးက ရှိနေလို့ ထွန်း မသွားရဲဘူး"

"ဒါဆို နေပါစေ၊ အဖေလာတဲ့အထိ စောင့်ကြတာ နော်"

ထွန်းသည် အေးနေသော ပြေ၏ ခြေဖျားလေးများ အစ ဆုပ်နယ်ပေးနေ၍ ပြေ ရှုန်းရ၊ တားရပါ၏။ ရင်ခွင်ထဲ ပွေ့ပိုက်မထားရုံတမယ် ထွန်းသည် ပြေ့ကို ပြုစုနေရှာ၍. . .

"ထွန်းသာ ဆရာဝန်ကြီးဖြစ်ရင် ငါ့ကို သိပ်ပြုစုကု ရှာမှာ. . . ထွန်းရယ်. . . ပြေ့ အချစ်ဦးရဲ့၊ ကျောင်းလည်း နေ ပါစေ၊ ဆရာဝန်လည်း ဖြစ်ပါစေ၊ ပြီးတော့. . .

ပြေ့ကိုလည်း ခုလို တစ်သက်လုံး ပြုစုယုယနိုင်ပါ အချစ်ရယ်. . ."

ထွန်းရင်ခွင်မှာမှီရင်း ပြေ့အတွေး၌ ပြောနေဆဲ အခန်





သိပ်မှာ လူရိပ်မြင်လိုက်ရ၍ ပြေနှင့်ထွန်းတို့ လူချင်းခွာလိုက် ဖြရသည်။

ရောက်လာသူက ဒေါ်ထိပ်ထားစု ကိုယ်တိုင်ပါ။

အခန်းဝမှာ ခါးထောက်လျက် အကြည့်စိမ်းများနှင့် ကြည့်ပြီး. . .

"ငါ့ကို မှန်မှန်ပြောစမ်း၊ သိဒ္ဓိကို ရိုက်တာ ငထွန်း မဟုတ် သား"

"မဟုတ်. . . မဟုတ်ပါဘူး၊ ပြေ ရိုက်တာပါ"

"ညည်း ဝင်မပြောနဲ့၊ ငထွန်း. . . ငါမေးနေတာ ကြား သား. . ."

ထွန်းက ခေါင်းလေးငုံ့ပြီး ငြိမ်နေသည်။ ပြေ့ရင်၌ ယ်သို့သော အရပ်ကသတ္တိတွေ ဝင်လာသည်မသိ။

"ပြောလိုက်လေ၊ ထွန်းရိုက်တာမှ မဟုတ်တာ"

"နင့်အကောင်ဘက်က ဝင်ကာမနေနဲ့၊ ငါမေးတာ ပြော ငထွန်း"

"ကျွန်တော်. . . ကျွန်တော်"

ပြေသည် ထွန်းနှုတ်က ထွက်ကျလာမည့် စကားလုံးကို ၏ ဦးခေါင်းထက်ပေါ်သို့ လေးလံသည့် ကျောက်တုံးကြီး တုံး လိမ့်ကျလာတော့မလို ကြောက်ရွံ့ခြင်းကြီးစွာ စောင့်စား ဆဲ. . .

"ကျွန်တော်. . . ဒီခြံမှာ မရှိပါဘူး ဒေါ်လေး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာမှမသိရပါဘူး။ ကျွန်တော် မရှိတုန်း ဖြစ်တာပါ ခင်ဗျာ"

ပြေ ကြောက်နေသော ကျောက်တုံးကြီးသည် ပြေ့ခေါင်း နှင့် လွတ်ကင်းရာ၌ ကျလေပြီ။

"အေး. . . မင်းနဲ့အတူ အားလုံးကလည်း ဒီလိုပဲ ဖြစ်စေ ချင်နေကြတော့ ထားလိုက်တော့၊ တစ်နေ့ ငါ့အကြောင်း သိရမှာပေါ့ ငထွန်းရယ်"

ကျိန်စာထက် ကြောက်မက်ဖွယ်ကောင်းသော စကား တစ်ခုသည် ထွန်း၏ မျှော်လင့်ခြင်း ဘဝမီးအိမ်ကို ငြိမ်းသတ် လိုက်ပြီ ထင်ရ၏။

ကမ္ဘာပေါ်မှာ ကြောက်မက်ဖွယ်ရာ အကောင်းဆုံးသော သတ္တဝါတစ်ကောင်အဖြစ် ထွန်းနှင့် ပြေတို့ ဒေါ်ထိပ်ထားစုကို မော့ကြည့်နေကြဆဲ. . .

"နင့်ကို ငါ မပြောချင်လို့ မပြောသေးတဲ့ ကိစ္စတစ်ခု ရှိသေးတယ် ငထွန်း"

"ခင်ဗျာ"

ထွန်း၏အသံက တုန်၍ တိမ်ဝင်နေသည်။

"ဟိုတစ်ညက ငါနဲ့ ငါ့သားနဲ့ တွေ့ကြတာကို နင်တို့ လိုက် ချောင်းကြည့်ကြတယ် မဟုတ်လား"

နှစ်ယောက်လုံး မမော့ရဲကြတော့. . .

"ညောင်ပင်ကြီးအောက်ကို လူနှစ်ယောက် ဝင်ပြေးသွား တာ မြင်လိုက်တယ်လို့ သိဒ္ဓိက ပြောတည်းက ငါသိလိုက်ပါပြီ။





အသက်ပင် မရှူရဲကြတော့. . .

"နင်တို့ဟာ နင်တို့ ကြိုက်တဲ့နေရာမှာ ကြိုက်သလို ဖြစ်ကြပါ၊ ငါ့ကိစ္စကို ဘယ်တော့မှ ဝင်မပါနဲ့. . . ကြားရဲ့လား"

"ဟုတ်. . . ကဲ့"

"အေး. . . နင့်ကိုပြောရင် ဒီပြဿနာက ရှည်လာဦးမှာမို့ ဘာမှ မပြောဘဲ မိပြေအဖေကိုသာ တိုင်လိုက်တာ. . ."

ထွန်း ယခုအထိ အရိုက်မခံရသေးသည့်ကိစ္စ ယခုမှ ရှင်းပါပြီ။

ဒေါ်ထိပ်ထားစုသည် ညောင်ပင်ကြီးအောက်မှ ဇာတ် သိမ်းကိုသာ သိရှိပုံရသည်။ အိမ်ကြီးပေါ် ဘုရားဆောင်ရှေ့မှ အဖြစ်အပျက်များကို ချောင်းကြည့်ကြသည့်အကြောင်း သူလုံးဝ သိရှိ ရိပ်မိပုံမရ၍ တော်သေးသည်။

"ဒီမှာ"

မိုးချိမ်းသံထက်ပင် ကြောက်လန့်ဖွယ်ပါ။

"ဒီအိမ်က ကိစ္စတွေ. . . အခု ငါ့သားကို ရိုက်လိုက်တဲ့ ကိစ္စတွေကို နင်တို့ ပါးစပ်ထဲမှာပဲ ငုံထားပါ. . . ကြားလား"

"ဟုတ်ကဲ့ရှင့်"

"သတ္တိရှိရင် တစွန်းတစ ပေါက်ကြားကြည့်စမ်း၊ ငါ ဘယ်လို လက်တုံ့ပြန်မယ်ဆိုတာ သိစေရမယ်"

ပြေက မျက်ရည်ပေါက်ပေါက် ကျလာသည်။

"လူတွေ့တဖြင့် လက်တောက်လောက် ရှိသေးတယ်၊ ငါကျွေးတဲ့ထမင်းစားပြီး ငါ့ကို အာခံမယ်မကြံနဲ့၊ ဒီမှာ ငိုလား



www.burmeseclassic.com

www.burmeseclassic.com



ရယ်လား လုပ်မနေနဲ့၊ ကျက်သရေယုတ်တယ်၊ သွားကြ. . . ပြန်ကြ၊ ငထွန်းလည်း ဟိုမှာပဲ တစ်ခါတည်း သွားပေါင်းနေရင် ကောင်းမယ်”

ဘယ်လောက်ပင် ရင့်သီးရက်စက်သော စကားကို ဆိုပါစေ “သွားကြ. . . ပြန်ကြ” ဆိုသော စကားပါလာ၍ နှစ်ယောက်သား အကျဉ်းထောင်မှ လွတ်သည်သို့ စိတ်ချမ်းသာသွားရပါပြီး

သူလည်း အိမ်ရှေ့အထွက် ထွန်းနှင့် ပြေတို့လည်း နောက်ဖေး လှေကားမှ ဆင်းသက်လျက် သူတို့၏ စံရိပ်ငြိမ်တဲလေးဆီသို့ လက်တွဲပြီး ပြန်ပြေးခဲ့ကြပါတော့သည်။

◆ ◆ ◆





“ကိုယ့်သမီး အရင်းခေါက်ခေါက်တော့ ကျောင်းက ထွက်ခိုင်းပြီး ဘာမဟုတ်တဲ့ အုတ်ကြားမြက်ပေါက်ကို ကျောင်းထားပေးမယ်ဆိုတာတော့ ကိုကို တရားလွန်လွန်းပြီ”

“ဟုတ်တယ်. . . စု၊ လုပ်သင့်တာကို ငါလုပ်တယ်၊ တို့သမီးက ရည်းစားထားတယ်၊ ထားတဲ့ အကောင်ကလည်း ကြည့်ဦး၊ မီးရထားတန်းလျားက အလုပ်သမား”

“ဒါကြောင့် ဒီကိစ္စကို စု ဘာပြောခဲ့လို့လဲ၊ ခုတော့”

“အေး. . . ဝင်းထွန်းကို ကျောင်းထားပေးမှာက ထားပေးသင့်လို့၊ သိပ်စာတော်တဲ့ကလေးကို ချီးမြှောက်ရမှာပဲ၊ ငါ့တူတော်တို့လည်း ငါသနားရင် ထားပေးမယ်၊ ငါရှာတဲ့ငွေနဲ့ ငါ တရားသဖြင့် သုံးတာ ဘာဖြစ်လဲ”

“အောင်မယ်လေး. . . မေမေရေ့၊ မေမေ ဘုံမြှောက်ခင်တဲ့ သားမက်ကြီး အောက်ခြေတွေ လွတ်နေတာ၊ သမီးကို သူမထင်တော့တာတွေကို ကြည့်လှည့်ပါဦး မေမေရဲ့”



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးသို့ တမ်းတတိုင်တည်ပြီး ဒေါ်ထိပ်ထားစု ဟစ်၍ ငိုတော့သည်။

ဦးမောင်မောင်မြတ်မှာ ဒေါသဖြစ်ခြင်းလည်း မဟုတ် သနားကြင်နာခြင်းလည်း မရှိသောစိတ်ဖြင့် အကျယ်ချဲ့၍ ငိုနေသော ဇနီးသည်ကို စိတ်ပျက် စိတ်ကုန်လွန်းသော အကြည့်ဖြင့်သာ ကြည့်နေသည်။

"ဒါဆို ဒီကောင့်အတွက် တစ်လတစ်လ ဘယ်လောက်တောင် အကုန်ခံရမှာလဲ"

"တရာ. . . တစ်ရာငါးဆယ်တော့ ပို့ရမှာပေါ့၊ ဒါတောင် စာအုပ်ဖိုး မပါသေးဘူး"

"အမယ်လေး"

"စု တစ်ခုတော့ သိထားပါ၊ ဝင်းထွန်းအတွက် ကိုကို တာဝန်ယူရမယ်၊ ဒါပေမယ့် စု မသိအောင် ပေးတာမျိုး မဖြစ်စေရဘူး၊ ဒီအထိလည်း မလိုအပ်ဘူး"

"နေစမ်းပါဦး၊ ဒီလိုကောင်လေးအတွက် ဒီလောက်ငွေတွေ အကုန်ခံနေတာ ကိုကို့မှာ ဘာရည်ရွယ်ချက်ရှိလို့လဲ"

"ဘာရည်ရွယ်ချက်မှ မရှိဘူး. . .၊ စာတော်လို့ ကျောင်းထားပေးချင်တယ်၊ ဒါပဲ"

"ထားရမယ့်နှစ်လည်း ပြန်တွက်ပါဦး ကိုကိုရဲ့၊ ခုနစ်နှစ်တောင်၊ ကြည့်နေပါ. . . ဒီကောင်မျိုး ဆရာဝန်ဖြစ်ပြီး ရင်လည်း ဘာသောက်ကျေးဇူးမှ သိမှာမဟုတ်ပါဘူး"





"မင်းတို့မျိုးရိုး မြင့်မြတ်လှပါတယ်ဆို၊ စကားပြောတာ လှချည်လား စုရဲ့"

"မကြားချင် မပြောနဲ့ပေါ့"

"ဒီကိစ္စကို စုက စပြီး ပြောတာပါ"

"ကိုကို ဘာလို့ မတရားလုပ်နေလဲ"

"ဒီမှာ. . . စု၊ ကိုကို ရန်မဖြစ်ချင်ဘူးကွယ်၊ အခုလက်ရှိ ခြေအနေကိုလည်း စု သိပါတယ်၊ ဟိုအထဲကလည်း ကြာလေ လေ ဖြစ်နေပြီ မဟုတ်လား၊ စီးပွားရေးရော အဲဒီကိစ္စပါ ဆက်ပြီး ဘယ်လိုစခန်းသွားရမယ်ဆိုတာ ကိုကို့မှာ တွေး တိုင်း အိပ်မပျော်နိုင်အောင် ဖြစ်နေရချိန်ပါ"

"စုကရော စိတ်ချမ်းသာနေလို့လား"

"စုက ပိုပြီး ဆိုးမယ်ဆိုတာ ကိုကို နားလည်ပါတယ်၊ ကြောင့် တခြားကိစ္စတွေ ကိုကိုပဲ သင့်လျော်သလို လုပ်ပါရစေ င်းထွန်းကိစ္စမှာလည်း ဘာပဲဖြစ်ဖြစ် သူ့ကို ကျောင်းထားမယ် ကိုကို ဆုံးဖြတ်ပြီးပြီ၊ ဒါကြောင့်. . ."

ထွန်း. . . ဆက် နားမထောင်တော့။ ငှက်ဆိုးသံလို ဖွယ် ဒေါ်ထိပ်ထားစု၏ စကားများကိုလည်း နားထောင် ရာ မလိုတော့ပါပြီ။

"ကျောင်းထားပေးမယ်"

ဆိုသော ဦးလေး၏စကားတစ်ခွန်းသည် ထွန်း၏ တဘဝ အတွက် ညက်ညော ချောပြေသောလမ်းကို ခင်းစေလျက် ိုင်အရောက် လျှောက်လှမ်းနိုင်ခွင့်ရစေခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းက ထမင်းစားခန်းနားမှာ အသာခွာလျက် နော…ဖေးလှေကားမှ ပြေးဆင်းခဲ့သည်။ လှေကားဆုံး သုံးထစ်ကို…မဆင်းတော့၊ ခုန်ချလျက် ပြေ၏ တဲလေးရှိရာသို့ အား…ပြေးလာပြီး ပြန်ခုန်တက်လိုက်သည်။

"အာ. . . လန့်လိုက်တာ ထွန်းရယ်၊ ဘာဖြစ်လာတာ…

"ဆရာကတော်"

"ဘာ. . . ဒီမှာ ပြေ တစ်ယောက်တည်းရယ်"

"ဆရာကတော်ဆိုတာ ဒီမှာဗျ"

သူ့ကို လက်ညှိုးထိုးနေသော်လည်း ထွန်း၏ စ…အဓိပ္ပာယ်ကို ပြေ နားမလည်။

"ဒီမှာလေ. . . ဆရာကတော်ဆိုတာ၊ ဒီက ဒေါက်…နေမင်းထွန်း"

ရင်ကို ကော့ပြီး မောက်မောက်ကြွားကြွား ပြောနေ…ထွန်း၏ ဟာသပုံစံကို အံ့ဩလွန်းစွာ ငေးနေဆဲ. . .

"ထွန်းကို ကျောင်းထားပေးမယ်တဲ့ ပြေရဲ့၊ ထွန်း…ကောလိပ်ကျောင်း တက်ရတော့မယ်. . . ဆရာဝန်ဖြစ်…မယ်ဗျ"

"ဟယ်. . ."

ဝမ်း သာ ရ ခြင်း ဟူသော ခံစားမှုသည် နှလုံးသာ…ယိုဖိတ်၏။ ဦးနှောက်မှာ ပြည့်လျှံ၏။ ပြီးတော့ အသွေးအ…သို့တိုင် ပျံ့နှံ့ရပါပြီ။

"ပြေ. . . ပြေ. . . မပျော်ဘူးလားဟင်"





"ထွန်း. . . ထွန်း"

"ဟင်. . . ပြေ"

အားရပါးရ ရယ်နေသော နှုတ်ခမ်းကိုမှ အားမနာ။ …တ်ဝန်းဆီမှ မျက်ရည်တို့ သွယ်တန်းကျဆင်းလာတော့သည်။

"ဟာ. . . ပြေက ဘာလို့ငိုရတာလဲ၊ ဒါနဲ့ ထွန်း ကျောင်းနေရပါစေလို့ နေ့တိုင်း ဆုတောင်းတယ်ဆို"

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ ပြေ. . . သိပ် ဝမ်းသာတယ်၊ ပြေ သိပ်ဝမ်းသာတယ်၊ အို. . . ဘယ်လိုဝမ်းသာမှန်း သိဘူး"

စကားတွေ တတွတ်တွတ်ပြောရင်း ပြေ. . . အားရပါးရ ငိုစ်လိုက်တော့သည်။

ဝမ်းသာလွန်းရင်လည်း မျက်ရည်ကျတတ်သည်ဟု လူကြီးတွေထံမှ ပြောသံကြားခဲ့ဖူးသည်။ ယခုတော့ ပြေကိုယ်တိုင် လှိုက်လှိုက်လှဲလှဲ နင့်နင့်နဲနဲကြီး ဝမ်းသာရလွန်း၍ ငိုမိပါပြီ။

"ထွန်းရယ်"

ပြေက အရင် ထွန်းကို သိမ်းကျုံးဖက်လိုက်မိသည်။

အဆီးအတားများ ရှင်းလင်းပြီ။

ရွှေခရီးမှာ ချောလို့ ပြေလို့. . . ပန်းတိုင်သည်လည်း ဝေးကွာ. . .

အို. . . ပြေနဲ့ ထွန်းတို့ ငယ်ချစ်ဦးနှစ်ယောက်အတွက် လိုအပ်ခြင်းဆိုသည်များ ပျောက်ဆုံးလျက်၊ ပြီးပြည့်စုံခြင်းတို့ဖြင့် ဘဝကို တည်ဆောက်ခွင့်ရခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြေသည်. . . ထွန်း. . .

ထွန်းသည်. . . ပြေပါ။

ထွန်း၏ အောင်မြင်ခြင်းသည် ပြေ၏ အောင်မြင်ခြင်း ပါတည်း။

ထွန်း ဆရာဝန်ဆို၊ အို. . . ဒါတော့ ပြေ. . . ဆရာဝ လိုက်ဖြစ်၍ ရမည်မဟုတ်။

"ထွန်းက ဆရာဝန်ဆို၊ ပြေက ဆရာဝန်ကတော်ပေါ့ရှင်"

◆ ◆ ◆





အနောက်တောင်ရာသီလေသည် မိုးပွင့်လေးများကို သွေ့ယူလာပြီး ငွေတောင်မြေပေါ်မှာ ကြဲချနေသည်။

မြေသည် သည်းခံခွင့်လွှတ်ခြင်းများဖြင့် မိုးစက်ပွင့်လေး များကို သူ့ရင်ခွင်မှာ စိမ့်ဝင်နားနေခွင့် ပေးရှာသည်။

ဘီလူးချောင်းတွင်းသို့ ခုန်ဆင်းလာသော မိုးစက်တို့၏ အရှိန်ကြောင့် ညစ်နွမ်းညိုနောက်ခြင်းများဖြင့် အလှပျက်ခဲ့ပေ သော် ဘီလူးချောင်းသည်လည်း သည်းခံခွင့်လွှတ်ခြင်းများဖြင့် သူ၏ စီးဆင်းရာ ခရီးလမ်းတလျှောက်မှာ မိုးစက်လေးများကို တိတ်ပွေ့သယ်ယူသွားရှာသည်။

မိုးနှင့်လေတို့ ခြွေသဖြင့် အလွင့်လွင့်အပျံ့ပျံ့ ဖြစ်နေသော နှင်းကြွေ ရွက်ကြွေလေးများက ချောင်းခြေမှာ နေရာအနှံ့။

"သမီး. . . မိုးဖွားတွေကျနေတယ်လေ၊ အိမ်ထဲဝင်ပါ တော့လား"

စိတ်သည် ကိုယ်မှာမရှိ၊ အဖေ၏ ခေါ်သံကြောင့် သဘာဝ၏ လွမ်းမောဆွတ်ပျံ့ဖွယ် အလှအပများကို ပြေ တျာခိုင်းပြီး တဲလေးတွင်းသို့ ပြန်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှညိုသည် ကုစားရန် ဆေးဝါးမရှိသော သမီးငယ်၏ ဝေဒနာကို ဥပေက္ခာပြုလျက် အိမ်ရှေ့ခန်းမှာ ဆိတ်ဆိတ်နေရှာသည်။

ကျောင်းသင်ခန်းစာများ ရေး၍မကုန်ခဲ့သော ဗလာစာအုပ်မှ ရွက်လွှတ်များ လှန်လိုက်သည်။

မနေ့က လိုပင်. . .

တစ်နေ့က လိုပင်. . .

ဟိုးရက်များက လိုပင်. . .

ပြေသည် တမ်းတ တိုင်တည်စာများကို စာရွက်လွှတ်ရှိသည့် နေရာတိုင်းမှာ လျှောက်ရေးနေမိတော့သည်။

ထွန်း. . .

ပြေ့ချစ်ဦးရေ. . .

ထွန်း နေကောင်းရဲ့လား၊ သိပ်များ ပင်ပန်းနေသလားကွယ်၊ ဝတ်စရာက သိပ်မပါတော့ ဆေးကျောင်းသားတွေအလယ်မှာ ထွန်း မျက်နှာငယ်နေသလားဟင်. . . ချစ်။

ထွန်းဆီက ပထမဆုံးရရှိတဲ့ စာတိုလေးတစ်စောင်ကို ပြေ ဖတ်နေတာ၊ အခေါက်တစ်ရာလောက်များ ရှိပြီလားမသိပါဘူး။

လွမ်းတိုင်း ဖတ်ပြီး၊ ဖတ်ပြီးတိုင်းလည်း လွမ်းနေရတာပါပဲ ထွန်းရေ. . .





ပြေတို့ဆီမှာ လေ မိုးတွေ ရွာနေပြီ ထွန်း၊ ဘီလူးချောင်းထဲမှာ မိုးတွေရွာတော့ ရေတွေလည်း ညိုညစ်လို့၊ ဒါပေမယ့်. . . အိမ်ဘေးက စပယ်ရုံလေးကတော့ ဖွေးလို့ပဲ ထွန်းရေ. . . အစိမ်းရင့်ရောင် စပယ်ရွက်လေးတွေပေါ်မှာ မိုးဥလေးတွေ ခိုနားနေတယ် ထွန်းရဲ့။

မနေ့တုန်းက ထွန်းကြိုက်တဲ့ ငါးခြောက်လေးတွေ ကြော်တယ်သိလား၊ ချဉ်ပေါင်ဟင်းတွေဆမ်း၊ ငရုတ်သီးမှုန့် နိုင်းချင်းနဲ့ ဇလုံကြီးထဲမှာ ငါးခြောက်ကြော်တွေပါနယ်ပြီး ထွန်းနဲ့အတူ စားခဲ့ရတာတွေကို ပြန်မြင်ပြီး ပြေ ဆက်စားလို့မရတော့ဘူး။ အလွမ်းဆိုတာ ရင်ကို ဆို့ကျင်ရုံမဟုတ်ဘူး. . . လှိုက်လှဲပြည့်နှင့်စေပါလား ထွန်းရယ်. . .

ပြေ ဒီနေ့ မနက်စာလည်း မစားရသေးဘူး၊ ချောင်းဘေးမှာ ထွန်းကိုလွမ်းလို့ ပြေ ငိုနေတာ၊ မိုးတွေကလည်း ပြေနဲ့လိုက်ပြီး ငိုကြတယ်ထွန်းရဲ့ သိလား။

ဩော်. . . စနေနေ့ည ၁၀ နာရီက ထွန်း ဘာလုပ်နေသလဲဟင်. . . ပြေက ထွန်းမွေးနေ့ဖြစ်တဲ့ စနေနေ့မို့ ဆီမီးသုံးတိုင်နဲ့ ဘုရားရှိခိုးတယ် ထွန်း. . .



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသာ သက်တော်ထင်ရှားရှိရင် နားညည်းမှာပဲ သိလား၊ ထွန်းအတွက် တောင်း လိုက်ရတဲ့ဆုတွေမှ. . .

ဩော်. . . ဒီနေ့ မနက်စာ ထွန်း ထမင်း စားပြီးပြီလားဟင်. . . ထွန်းတို့ အဆောင်မှာ ဘာဟင်းတွေနဲ့. . .

ပြေ စာအုပ်ပိတ်ပစ်လိုက်သည်။ မျက်စိ စုံမှိတ်ပြီး ခေါင်းယမ်းခါမိပါ၏။

စာထဲမှာ မိုးရွာတာလည်းပါတယ်၊ ဘုရား မီးပူဇော်တာလည်းပါတယ်၊ ချဉ်ပေါင်ဟင်း ချက်တာလည်း ပါတယ်။

"ဒီလိုစာတွေ ထွန်းဆီ ဘယ်ပို့လို့ ဖြစ်ပါ့ မလဲ၊ သူက အားတာ မဟုတ်ဘူး၊ ငါ့စာတွေ ဖတ်နေရလို့ သူ စိတ်အနှောင့်အယှက်တောင် ဖြစ်သွားမှာ၊ မပေးပါဘူး ထွန်းရေ။ ရေးတော့ ရေးနေမယ်နော်"

ပြေသည် ထွန်း စာတိုလေးကို တစ်ခေါက် ပြန်ဖတ်ကြည့် သည်။





ပြေ. . .

ဦးလေး အပြန်မှာ စာရေးလိုက်ပါတယ်။ ထွန်း အဆောင်မှာနေရတယ်။ ကျောင်းတက်ရ တာလည်း နှစ်ရက်ရှိပြီ။ စာတွေကို သိပ် နား မလည်လို့ ထွန်း အစွမ်းကုန် ကြိုးစားနိုင်မှ ဆရာဝန်ဖြစ်မှာ. . .

ထွန်းနဲ့ ခွဲခွာနီးတုန်းက ပြေ သိပ်ငိုနေတာ ထွန်း စိတ်မကောင်းပါဘူး။

ပြေ့အတွက် ထွန်း ကြိုးစားနေပါတယ်။ ပြေလည်း စိတ်ဖြေပါနော်။

ပြေရဲ့ ထွန်း. . .

ထွန်းလက်နဲ့ ရေးပေးလိုက်သော စာလုံးလေးများကို တစ်လုံးစီကောက်ပြီး ရင်ထဲမှာ ထည့်ထားချင်မိသည်။ ထွန်း စာတို အားမရလှသော်ငြားလည်း ကျေနပ်မိပါသည်။ မိုးသည်း ညများမှာ ထွန်း စာကို ရင်မှာထည့်ပြီး အိပ်ခဲ့သည့်အဖြစ်များကို ထွန်းနှင့်ပေါင်းသင်းပြီး သား၊ မြေးများ ရသည်အထိ ပြေ. . . မှတ်မြဲထားပါမည်။ ရှက်စရာကြီးနော်. . . ထွန်း။

ပြေသည် လဲ့လဲ့လေးပြုံးလျက်နှင့် တဲပြင်သို့ ပြန်ထွက်ခဲ့ သည်။ လွမ်းစရာတွေးလျှင် မျက်ရည်တွေ ဝေသီလို့၊ ခုလို ရှက်စရာများ တွေးမိလျှင်တော့ ရှက်ပြုံးကလေးတွေနှင့် တစ်ယောက်တည်း ဖြစ်ချင်တိုင်း ဖြစ်နေမိသည့် ပြေရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းသည် ပြေ၏ တစ်ဘဝလုံးကိုလည်း စိုးမိုးသည်၊ အစိတ်အပိုင်းအလိုက်လည်း စိုးမိုးသူပါ။ နှလုံးအိမ်ထဲမှာ ထွန်း၊ ဦးနှောက်ထဲမှာ ထွန်း၊ သွေးကြောထဲမှာ ထွန်း၊ မျက်လုံးထဲမှာ ထွန်း။

"အိုကွယ်"

"သဲတယ်ပဲ ဆိုချင်ဆို၊ သဲတယ်ဆိုတဲ့ စကားထက် ပိုရပါတယ် အချစ်ဦးရယ်"

အချစ်ရူးမလေး ပြေ၊ အချစ်ဦးအတွက် အချိန်ပြည့် တမ်းတနေမိချိန်မှာ. . .

အိမ်ကြီးပေါ်၌လည်း ထွန်းအတွက် ပြေနှင့် ဆန့်ကျင်ဘက် မဇ္ဈေရများ ပွားများလျက်၊ ထွန်းထံ စိတ်တန်ခိုးနှင့် ပို့နေကြသော ဒေါ်ထိပ်ထားစုနှင့် သူ့အစ်မ ဝမ်းကွဲ ဒေါ်ခင်ခင်လတ်။

"ဟင်း. . . ဘယ်လောက်များ ကျေးဇူးကန်းလိုက်မလဲ ဆိုတာ တွက်သာကြည့်တော့၊ ကျောင်းတက်တက်ချင်း သူ့ကောင်မဆီ ရေးလိုက်တဲ့စာက ပြေ့အတွက် ထွန်း ကြိုးစားနေပါတယ်တဲ့"

"ဟုတ်တယ် မမလတ်၊ ဒီကောင်လေးကို စု ဘယ်လို့မှ စေတနာထားလို့ မရဘူး၊ ကိုကိုက အရေးပေးလေ. . . ဒီကောင်လေးကို မုန်းလေပဲ"

"ဟို သားအဖကို နှင်ထုတ်လိုက်ပါလား"





"ဘာဆိုင်လို့လဲ"

"သူ ဆရာဝန်ဖြစ်ရင် ဟိုကောင်မက အခန့်သား ထိုင်စားတော့မယ်လေ"

"ဒါက နောက်တစ်ပိုင်းလေ၊ ခု လောလောဆယ်မှာက ...ကောင်းနေသေးတာပဲ"

"အေး. . . ကြည့်လည်းလုပ်၊ ငါတော့ မပြောတတ်တော့ဘူး. . ."

"ရင်ထဲမှာ ခံပြင်းစိတ်နဲ့ နာကျည်းစိတ်တွေ များနေသေး...ယ် မမလတ်၊ စု ဘာမှ ဆုံးဖြတ်လို့ မရသေးဘူး"

"ဟိုက သိလား"

"သိတယ်၊ အားလုံး စု ပြောပြထားပါတယ်"

"ဘာ အမိန့်ရှိသလဲ"

"ဘာမှ မပြောဘူး၊ အစီဋ္ဌာန်ကိစ္စပြီးမှ ဆုံးဖြတ်ပေးလိမ့်...ယ်ထင်တယ်"

"အင်း"

ဒေါ်ခင်ခင်လတ်က သင်ပြင်းချပြီး ဘုရားခန်းရှိရာဘက်...ို့ ရင်လေးစွာ မှန်းနေပုံရသည်။

"စုရဲ့ ဘဝက သူမှ ဦးမဆောင်ရင် မဖြစ်တဲ့ အခြေအနေ... သည်းခံနေရတာပါ မမလတ်၊ ကိုကို လုပ်နေပုံတွေကို စု ...ည်းနည်းလေးမှ ကျေနပ်လို့ မရဘူး၊ အင်း. . . လင်ကိုလည်း ...ိုင်၊ သားနဲ့သမီးကလည်း ဆိုး၊ ဟို ဒုက္ခကလည်း တဘက်နဲ့ ... သေသွားရင်ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဘာလို့ ငိုရတာလဲ၊ မောင်မြတ်ကိုချည်း သိ
အပြစ်ပြောမနေပါနဲ့အေ၊ ညည်းသားသမီးတွေ လုပ်ပုံလည်
ကြည့်ပါဦး"

သိဒ္ဓိ မန္တလေးသို့ ပြန်သွားစဉ်က ဒေါ်ထိပ်ထားစု
စိန်လက်ကောက်တစ်ရံကို သော့တူနှင့်ဖွင့်ပြီး ခိုးယူသွားကြော
ဦးမောင်မောင်မြတ်ကို မပြောရဲသေး။

ဒေဝီကလည်း ရည်းစားနှင့် မပြတ်၊ ကောင်လေးလာ
သူက ချိန်းဆိုသည့်စာကို မိသွား၍ အချိန်မလပ် သူ့ကို စော
ကြပ် ကြည့်ရှုနေရသည်။

သည်ကောင်လေးနောက်သာ ပါသွားလျှင်တော့ ဒေဝီ
ဘဝဆုံးသလို သူ့အသည်းနှလုံးလည်း ကွဲကြေစွာ ဆုံးရှုံးမည်

ယောက်ျားလေး ဆိုးပုံက တစ်မျိုး. . . မိန်းကလေ
ကပုံကတစ်မျိုးမို့ သားသမီးနှစ်ယောက် ရှိတော့လည်း ရင်ထဲ
နှစ်မီးပါလား။

"မမလတ်"

"အေး"

"ဒီမျိုးရိုးက ဆင်းသက်လာတဲ့ စု ကိုယ်တိုင်ရဲ့ ရင်သွေး
နှစ်ယောက်ကတော့ ဆယ်တန်းတောင် မအောင်ဘဲ၊ ကိုတိ
ဆွေနီးမျိုးစပ်. . . တူ၊ အောက်တန်းစား နောက်တန်းစာ
အကောင်က ဆရာဝန်ဖြစ်မတဲ့၊ မခံချင်လိုက်တာ မမလတ်ရ
စု ဘယ်လို လုပ်ရမလဲ၊ ဒီကောင်ရဲ့လမ်းကို ဘာတွေနဲ့ ပိတ်
ပစ်ရမလဲဟင်"





"ကဲပါလေ. . . စု ဘာကိုမှ မဆုံးဖြတ်ချင်သေးဘူးဆို၊
တာ အမိန့်လည်း စောင့်၊ ကိုယ် ကိုယ်တိုင်လည်း ခေါင်း
အေးအေးထားပြီး စဉ်းစားပေါ့ကွယ်"

ဒေါ်ခင်ခင်လတ်သည် ဒေါ်ထိပ်ထားစု နားမှ ထသွား
တော့သည်။ ဘုရားခန်းဘေးမှ သီးသန့်ခန်းအတွင်းသို့ ညင်သာ
တိတ်ဆိတ်စွာ ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

ဒေါ်ထိပ်ထားစုသည် စိန်လက်ကောက် ခိုးပြေးသော
သားကြီးအတွက်. . .

ရည်းစားနောက် လိုက်ရန် ကြံစည်အားထုတ်နေသော
အရွယ်ရောက်စ သမီးငယ်အတွက်. . .

စိုးရိမ်ပူရသော မီးများထက် ပိုမို၍ လောင်မြိုက်ရသော
မီးတာ ရင်၌ ဟုန်းဟုန်းတောက်နေသည်။

ဆရာဝန် ဖြစ်တော့မည်ဆိုသော ထွန်းအတွက် ဝန်တို
မြင်း မစ္ဆရိယ မီးတောက်များ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ ကျောင်းပြန်မသွားရတော့သဖြင့် ပြေ အလုပ်တွေ ပိုလာသည်။ အရင်လို တစ်ခါတစ်ရံမှ အိမ်ကြီးပေါ်သို့ သွားရ ခြင်းမျိုး မဟုတ်တော့။

ဒေဝီ့ကိစ္စအတွက် နေ့စဉ်လို သွားသွားနေရသည်ကို ပြေ စိတ်ညစ်မိပါသော်လည်း အဖေ့ကို စိတ်အနှောင့်အယှက် မဖြစ်စေလို၍ ပြေ ဘာမှ မပြောမိ။ ပြေ့မှာလည်း ကျောင်းထွက် လိုက်ရပြီဖြစ်၍ အချိန်တွေက အများကြီး ပိုနေသည်။

“ပြေ ပြန်ခါနီးကျရင် ကော်ဖီ ဖျော်ထားပေးခဲ့ပါဦး ဓာတ်ဗူးထဲ ထည့်ခဲ့နော်၊ ပြေတို့က ကော်ဖီသာ မသောက် တတ်တာ၊ အဖျော်တော့ ကောင်းတယ်နော်”

ဒေဝီက ပြုံး၍ပြောသော်လည်း ရင်ထဲတွင်ဖြင့် နင့်ခဲ ဖြစ်သွားမိသည်။ မလှန်ရဲ၊ မပြောရဲသော ဘဝမို့ ပြေ ခေါင်း ညိတ်ပြပြီး မီးပူကိုသာ ကြုံးတိုက်နေရသည်။ မီးသွေးမီးခဲများ ထည့်တိုက်ရသော ကြေးမီးပူကြီးက လေးလံလှပါဘိ။

“ဘယ်လဲ ဒေဝီ”

“တောင်ကွဲစေတီ”





“မသွားရဘူး၊ နင့်အဖေ ဆူလိမ့်မယ်”

“ဆူစမ်းပါစေ၊ သူက သမီးကို မွေးထားတာ ကောင်းစား အောင် မွေးထားတာမှမဟုတ်ဘဲ၊ ဆူဖို့ မွေးထားတာပဲ”

“ဟဲ့. . .”

“ခင်စောထွေးတို့နဲ့ မတွဲရဘူးလို့ ဟိုနေ့က ပြောထားတာ မေမေကြားတယ်နော်”

“အင်း. . . အခု အဲဒီအုပ်စုနဲ့ သွားမှာ”

“ဒေဝီ”

“ဘာလဲ မေမေရဲ့”

“မသွားရဘူး”

“သွားမှာပဲ”

“အေး. . . သွားဝံ့သွားကြည့်လေ”

“သွားရင် ရိုက်မှာမဟုတ်လား၊ ရိုက်ကြစမ်းပါ၊ သေ အောင် သတ်ပစ်ရင် ပိုတောင် ကျေးဇူးတင်ဦးမယ်၊ ဒေဝီရဲ့ ဘဝကို ခါးလယ်က ရိုက်ချိုးပစ်ကြတဲ့ မိဘတွေနဲ့ ခုလို ဒုက္ခ ရောက်နေရမယ့်အစား သေသွားတာကမှ ကောင်းသေးတယ်၊ ပြန်လာရင်သာ သေအောင်ရိုက်ကြပေါ့၊ ခုတော့ သွားမယ်”

ဒေဝီသည် ခြေကို တအားဆောင့်နင်းပြီး အိမ်ပေါ်မှ ပြောင်ပြောင်တင်းတင်း ဆင်းသွားတော့သည်။ သူ့ကို ကျောင်း ထုတ်လိုက်သည့်အတွက် ဒေဝီတစ်ယောက် အရွဲ့တိုက်ခြင်း လက်နက်များနှင့် အသေအလဲ တိုက်စစ်ဆင်နွဲနေခြင်းပါ။

ပြေ ရှိနေပါလျက်နှင့် ဒေါ်ထိပ်ထားစု ကြွေးနေသည်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှာ။ အခန်းတွင်းမှ ငိုရှိုက်သံက ပြေ မီးပူတိုက်နေရာ အိမ်လယ်ခန်းမသို့တိုင် ပျံ့လွင့်လာသည်။

"မတင်. . . မတင်"

မမတင် နောက်ဖေးမှ ပြေးဝင်သွားသံကို ကြားရသည်။ ပြေမှာ လှည့်မကြည့်ရဲ၍ နားစွင့်နေဆဲ. . .

"ဒီနေ့မှ မမလတ်ကလည်းမရှိ၊ ငါတစ်ယောက်တည်း လိုက်သွားလို့လည်း မဖြစ်ဘူး၊ ငါနဲ့ လိုက်ခဲ့စမ်းပါအေ. . . ဒေဝီပေါ့"

"ဟုတ်ကဲ့. . . မမ ဒေဝီက ဘယ်သွားလို့လဲ"

"ခင်စောထွေးတို့နဲ့ တောင်ကွဲစေတီတဲ့၊ မဟုတ်ပါဘူး ငါသိပါတယ်၊ "တင်မောင်အေး"ဆိုတဲ့ ကောင်လေးနဲ့ ခုတလော ဟိုသွား ဒီသွား လုပ်နေလို့၊ သူ့အဖေသိရင် သတ်လိမ့်မယ်"

"မငိုပါနဲ့ မမရယ်၊ အခု ဒေဝီ့ကို သွားရှာမှာလား"

"အိမ်ပေါ်ကတောင် မအေကို စော်ကားပြီး ဆင်းသွားတဲ့သမီးပဲ၊ ငါလိုက်လည်း ဘယ်ဖြုန်လိမ့်မလဲ၊ အခု သူ့အဖေဆီ လိုက်သွားမလို့၊ ငါတစ်ယောက်တည်း လိုက်သွားရင် အဆူခံရဦးမယ်၊ သွား. . . သွား. . . ထဘီမြန်မြန်လဲချေ"

သူတို့နှစ်ယောက် ပြေးပြေးလွှား အလုပ်တွေများပြီး ထွက်သွားကြတော့သည်။ ဒေါ်ထိပ်ထားစု၏ သောကသည် အရာအားလုံးကို မေ့လျော့အောင် ပိတ်ဖုံးလေပြီထင်၏။ ပြေ့ကို ပင် ဘာမှ မှာကြားမသွား။

အိမ်ကြီးပေါ်တွင် ပြေတစ်ယောက်တည်း. . .





ထုံးစံအတိုင်း ထွန်းအကြောင်း တွေးရင်း ကြေးမီးပူ ားလေးကြီးကို အားစိုက်၍ အမြန်တိုက်သဖြင့် ပြီးခါနီး င်. . .

"နောင်. . . နောင်"

ဆိုသော မောင်းသံသာသာလေးနှစ်ချက် ကြားရ၏။

နားစွင့်နေစရာကိစ္စဟု မထင်မိ၍ အလုပ်ပြီးအောင် မီးပူ တ်တိုက်နေဆဲ. . .

"နောင်. . . နောင်"

စောစောကအတိုင်း ကြားရပြီး စောစောကလို မကြာ၊ လ မဝေးကွာ။

"နောင်. . . နောင်"

ဆိုသော နှစ်ချက်ဆင့်တီးသည့် အသံက ငါးစက္ကန့်ခြား ာက်တစ်ခါ ကြားနေရ၍. . .

"ဒီအသံဟာ ဟိုအခန်းထဲက လာတာ၊ ဒါဆို. . . င်ခဲ့ရတဲ့ သတ္တဝါကြီးဟာ. . ."

ပြေ ဆက်မတွေးရဲတော့။ ကြက်သီးများ ဖြန်းခနဲထပြီး ကြာက်စိတ်ဝင်လာပြီ။

မီးပူ တန်းလန်းကြီးကိုလည်း ထားရစ်ခဲ့ပြီး ပစ်မပြေးဝံ့။

နောင်. . . နောင်. . . နောင်. . . ဒေါင်. . . ဒေါင်. . . ဒေါင်. .

ဆိုသောအသံများ ဆက်ထွက်လာတော့သည်။ မောင်းသံ ည် ကြားစကလို မသာယာတော့။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကာ ဆင့်ကာ တီးသံထွက်လာ၍ ပြေမှာ သည်
အသံကို ဆက်လက်မကြားဝံ့တော့ပါ။

ပြေနှင့် အတော်လေးဝေးသော ဘုရားခန်းဆီသို့
ကြောက်လန့်တကြား လှမ်းကြည့်နေမိဆဲ. . .

"ဝုန်း"

ဆိုသော အသံကြီးနှင့်အတူ အခန်းတံခါးက ပွင့်ထွ
သည်။ ဆောင့်ကန်လိုက်ဟန် ရှိပါ၏။

ပြီးတော့. . .

အမွေးရှည် ထောင်ထောင်ကြီးများကို ပထမ မြင်ရသည်

ပြီးတော့. . . လူသားတို့၏ နားရွက်ထက် နှစ်ဆ
လောက်ကြီးသော၊ ထူသော နားရွက်နီနီကြီးကို မြင်ရပြီး. . .

တဖြည်းဖြည်းထွက်လာသော ဖြူဖြူပိန်ပိန်နှင့် ကြောက်
စရာကောင်းလွန်းသော ကွက်ကျားမျက်နှာနှင့် သတ္တဝါကြီး

မြင်ရသော ကိုယ်တစ်ခြမ်းစာကလည်း ဖြူဖွေးလို့. . .

"အား. . ."

သူကလည်း ပြေ့ကို မြင်ပြီး အရင်အော်၍. . .

"ဂျိုင်း"

ဆိုသော တံခါးကို ပြန်ဆောင့်ပိတ်သံနှင့် ထပ်
နီးပါး. . .

"အမယ်လေး. . ."

ပြေလည်း ကြုံးအော်လျက် အိမ်ရှေ့ဘက်သို့ အားက





ပြေးပြီး လှေကားထစ်များကို ကစဉ့်ကလျားနင်း၍ ပြေးဆင်းလာ
ခဲ့. . .

"အင့်"

အရှိန်ပြင်းသော တိုက်ခိုက်မှုကြောင့် ပြေ လန့်ထိတ်လွန်း
မှာ ကြည့်မိတော့. . .

ပြေ၏ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ပြီး ရပ်တန့်ထား
စေသော ဦးလေး ဦးမောင်မောင်မြတ်။

"ပြေ. . . ပြေ၊ ဘာဖြစ်လာတာလဲဟင်"

"ရှင်. . . ဟို. . . ဟို"

"ပြောလေ. . . ပြော၊ ဟိုကောင် သိဒ္ဓိ နှောင့်ယှက်ပြန်ပြီ
လား"

ပြေက ခေါင်းခါ၍. . .

"ဒါဆို. . . ဘာဖြစ်တာလဲ၊ ဘာတွေ့လာခဲ့လို့လဲဟင်"

"ဟို. . . ဟို"

"စိတ်ငြိမ်ငြိမ်ထားပြီး ပြောစမ်းပါ"

"ဟို. . . ဘုရား. . . ဘုရားခန်းဘေးတံခါး ပွင့်လာ
ပြီး. . ."

"ဟိုက်"

"အကောင်. . . အကောင်ကြီးတစ်ကောင် ထွက်လာ
သယ်"

ဦးမောင်မောင်မြတ်သည် အမှားကို ကျူးလွန်ထားရာမှ
ပေါ်ပေါက်သွားသည့် ကလေးငယ်တစ်ယောက်လို မျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



ဆီးရွက်လောက် ငယ်သွားရာမှ. . .

"ဒါဆို. . . ပြေ အသေအချာ တွေ့လိုက်ပြီပေါ့"

"ဟင့်အင်း. . . ဘာမှ မသဲကွဲပါဘူး၊ ကြောက်လွန်းလို့ အဲဒီအကောင်ကြီးကို သေသေချာချာ မကြည့်ရဲခဲ့ပါဘူး ဦးလေးရယ်"

"အကောင်ကြီး မဟုတ်ပါဘူးကွယ်၊ လူပါ"

"ရှင်. . ."

"အပေါ်မှာ ဘယ်သူမှ မရှိကြဘူးလား၊ စုရော"

"ဦးလေးဆီ လိုက်သွားတယ်၊ ဒေဝီဆီကို သွားဖို့တဲ့ မမတင်လည်း ပါသွားတယ်"

"အင်း. . . မမလတ်ကလည်း မန္တလေး ခဏပြန်သွားတယ်လေ၊ ဒီမှာ ပြေ"

"ရှင်"

"ဦးလေးတို့ အိမ်ပေါ်မှာ လူသိမခံဝံ့တဲ့လူ၊ လူမြင်မခံဝံ့တဲ့ လူတစ်ယောက် ရှိနေပါတယ်"

"ဟင်"

"အဲဒါဟာလည်း သူ့ဆန္ဒအရ ပုန်းလျှိုးပေးထားရတာပါ"

ပြေသည် ဦးမောင်မောင်မြတ်၏ ချောက်ချားနေသော မျက်နှာကို တအံ့တဩ တွေ့နေရသည်။

"ဦးလေး ပြေ့ကို တစ်ခုမေးပါရစေ"

"ဟုတ်ကဲ့ရှင့်. . . မေးပါ"

"ဒီကိစ္စကို ဘယ်သူ့မှ မပြောဘဲ နေနိုင်ပါ့မလား"





"ရှင်. . ."

"ဦးလေးမေးတာ ပြေ ကြားမှာပါ၊ ကဲ. . . ဦးလေးကပဲ တောင်းပန်ပါရစေကွယ်၊ ဒီကိစ္စကို ဘယ်သူ့မှ မပြောပါနဲ့၊ ဘယ်သူ့ကိုမှ အသိမပေးပါနဲ့လား ပြေ"

"ဟုတ်ကဲ့. . . ဘယ်သူ့ကိုမှ ပြေ မပြောပါဘူး ဦးလေးရယ်"

"အေး. . . အေး. . . ကျေးဇူးတင်ပါတယ်"

"ပြေ ကတိပေးပါတယ်၊ ဘယ်သူ့ကိုမှ မပြောပါဘူး၊ အဖေ့ကိုတောင် မပြောနဲ့ဆို မပြောပါဘူး၊ ဒါပေမယ့် အဲဒါ ဘာကြီးလဲဆိုတာ ပြေ သိပါရစေ"

"သူဟာ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်လို့ပဲ ပြေ သိပါ၊ ဒီထက်ပိုပြီး ဦးလေး မပြောနိုင်တာ ခွင့်လွှတ်ပါ၊ ပြေ. . . ကတိလည်း တည်ပါကွယ်"

"စိတ်ချပါ ဦးလေး၊ တကယ်ပဲ ဘယ်သူ့ကိုမှ ပြေ မပြောပါဘူးရှင်"

သူတို့ကို ထမင်းကျွေးထားရုံမက ထွန်းကိုပါ ကျောင်းထားပေးသော ကျေးဇူးရှင်မို့ သူ့ကို ပြောသည့်အတိုင်း ပြေ စောင့်ထိန်းပါမည်။

ထိုစဉ် နှာခေါင်းတွင်းသို့ မီးကျွမ်းနံ့စူးစူး ဝင်လာပါ၍. . .

"ဟာ. . . မီးပူကြီး ဒီတိုင်းချခဲ့တာ၊ အဝတ်တွေတော့ မီးကျွမ်းကုန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပြေက အလန့်လန့် အထိတ်ထိတ်ဖြင့် လှေကားပေါ်သို့ ပြန်တက်ရန် ခြေလှမ်းလိုက်စဉ်မှာ. . .

"နေ. . . ပြေ"

"ရှင်"

"ဦးလေးပဲ သွားကြည့်လိုက်မယ်၊ ပြေ. . . ပြန်တော့"

နောက်ဖေးလှေကားမှ တက်ခဲ့သော ပြေမှာ၊ ဆင်းတော့ အိမ်ရှေ့လှေကားကမှ ဖိနပ်ပင်မပါဘဲ တဲရှိရာသို့ ပြန်ပြေး တော့သည်။

ပြေ ထင်နေသော သတ္တဝါတစ်ကောင် မဟုတ်။ ရုပ်ပျက် ဆင်းပျက်. . . သို့မဟုတ် ရုပ်ဖျက်ထားသော လူတစ်ယောက် ဤအိမ်ကြီးပေါ်မှာ ရှိနေလေပြီ။

မောင်းသံသည် သူ့ထံလာရန် လူခေါ်သည့် သင်္ကေတ ဖြစ်နိုင်ပါသည်။ ခေါ်မရ၍ သူဒေါ်ပွပြီး တံခါးဆောင့်ဖွင့်ရာ ပြေနှင့် ဆုံရခြင်းဖြစ်လေမည်။

"သြော်. . . ဒီလောက် ကြောက်စရာကောင်းတဲ့ မျက်နှာနဲ့ လူဟာ ဒီမှာလာပုန်းနေတာ ဘာကြောင့်ပါလိမ့်၊ သူဟာ ဘယ်သူလဲ၊ ဘယ်ကလဲ"

"သိချင်လိုက်ပါဘိတော့ကွယ်"

◆ ◆ ◆





သြော်. . . အတိုင်းမသိ ဝေဒနာတွေကို ပေးနိုင်တတ်လွန်းတဲ့ ထွန်းရယ်၊

ပြေ ပျော်လိုက်တာ။

ထွန်း ပြန်လာတော့မယ်တဲ့။

တလောကလုံးမှာရှိနေတဲ့ အားအင်တွေကို ပြေ့ရင်ထဲ ထည့်ပေးလိုက်သလိုပဲ၊ ပြေ အားရှိလှချေရဲ့ ထွန်းရေ၊

ထွန်း ပြန်သွားစဉ်က ရရှိခံစားခဲ့ရတဲ့ ဝေဒနာတွေရဲ့ ဆန့်ကျင်ဘက်ပါလား။

ဟိုတုန်းကတော့ တစ်ကိုယ်လုံးမှာရှိတဲ့ အားအင်တွေ၊ အသွေးအသားတွေ အားလုံးဟာ ထွန်းနဲ့အတူ အကုန်လုံးပါသွားသလို ခံစားရတာ ထွန်းရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထွန်း ပြေ့နားမှာ မရှိတာဟာ ပြေ့မှာဘာမှမရှိတော့၊ မကျန်ခဲ့တော့သလိုပဲ အမိပ္ပာယ်အားလုံး ပျောက်ဆုံးသွားခဲ့ရပါတယ်။

ပြေ့အတွက် ပျော်ရွှင်ကြည်နူးမှုအားလုံးဟာ ထွန်းဆီမှာပဲ ရှိနေတယ်။ ထွန်းယူသွားတယ်။

ဟော. . . အခုတော့. . .

ထွန်းနဲ့အတူ အရာအားလုံး ပြေ့ဆီကို ပြန်လည်ရောက်ရှိ လာကြတော့မယ်ကွယ်။

ပြေသည် ရေးပြီးသား စာစုကို တစ်ခေါက်ပြန်ဖတ် ပြုံးလိုက်မိသည်။

အရင်တုန်းဆီကတော့. . .

ကိုယ်ရေးထားတဲ့ စာလေးတွေကို ကိုယ်တိုင် ပြန်ဖတ် ကိုယ်တိုင် မျက်ရည်ဝေခဲ့ရဖူးပါသည်။

မိမိကိုယ်တိုင် ကြည်နူးစေ ချမ်းမြေ့စေသော စာသား ကို ပြေ ရေးဖွဲ့တတ်လာသည်။

ထိုစဉ်က စ၍ စာရေးသားခြင်း အတတ်ပညာကို တတ်မြောက်လာခဲ့သည် ထင်ပါ၏။

အချိန်ကာလ ဆိုသည်များကလည်း မျှော်တွေး တော့သာ ကြာမည်ထင်ရသည်။ တကယ်တမ်း ရင်ဆိ ဖြတ်သန်းရပြန်တော့လည်း အလျှင်မြန်သားပါလား။





ယခု လေးနှစ်တာကာလကိုပင် လွန်မြောက်ခဲ့ချေပြီ။

"သည် ကျောင်းပိတ်ရက်ရှည်မှာ ပြေနဲ့ အကြာကြီးတွေ့ရမှာ ထွန်း ပျော်လိုက်တာ"

လို့ ရေးထားတဲ့ ထွန်းရဲ့စာတိုလေးကို ပြေ ဖတ်ရတာ အခါပေါင်း ရည်တွက်နိုင်စွမ်း မရှိတော့ပါ။

ထွန်းရဲ့စာရရင် ဖတ်လို့ ဆုံးသွားတာနဲ့ အစက ပြန်ဖတ်၊ နောက် ပြန်ဖတ်၊ စာက တိုတော့ လေးခေါက်လောက်ဖတ်ပြီးမှ သိမ်းမိသည်၊ နောက် အားတိုင်း ပြန်ဖတ်၊ အစဉ်လိုက်အတိုင်း စာလေးတွေကို နံပါတ်တပ်ပြီး ထပ်ထား၊ အို. . . ထွန်းရေးတဲ့ စာလုံးလေးတိုင်း နှုတ်ငုံရရုံ မဟုတ်ဘူး။ စာတစ်လုံးချင်း ရင်ထဲမှာ မျိုချထားသလို အလွတ်ရနေတဲ့ပြေ။

ပြေကတော့ အားတိုင်း. . . သတိရတိုင်း. . . လွမ်းတိုင်း ရေးထားတဲ့စာတွေက သံသေတ္တာဟောင်းလေးနဲ့ ပြည့်တော့မယ်။

ရေးထားပေမယ့် ထွန်းဆီကို မပေးခဲ့ မပို့ခဲ့ပါဘူး။ စာ ကျက်ရတာတွေ များလွန်းလို့ ပြေ့စာကြောင့် အချိန်ကုန်မှာ စိုးလွန်းလို့ပါ အချစ်ဦးရယ်။

ညတည်းက ပြေ အိပ်မရ။

မနက်အစောကြီးထပြီး ထွန်း ကြိုက်တတ်တဲ့ ဟင်းလေးတွေချက်ပြီး ဘီလူးချောင်းမှာ ရေချိုးရင်း ပြေ ပြုံးမိသည်။ ထွန်း ရောက်လာလျှင် ဤချောင်းကြီးလည်း မနေရ။ သူ့ကို သက်သေ ထူပြီး ပြောလိုက်ကြမယ့် အချစ်အကြောင်းတွေ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက လိုက်ဦးမလို့လား"

ရှစ်လက်မပတ်လည် မှန်လေးကို ကျောက်ဖျဉ်မှာထောင်ပြီး အလှပြင်နေသော သမီးကို ဦးလှညို့က မလိုက်စေလိုသော သဘောနှင့် လိုက်မှာလားဟု မေးလာသည်။

"အဖေတို့နဲ့ မလိုက်ပါဘူး၊ သမီးဟာသမီး ထွန်းကို ကြိုပါရစေ အဖေရယ်"

အဖေက ဘာမှမပြောဘဲ ထွက်သွား၍ ပြေ အားတက်သွားသည်။ ကြိုချင်ကြို ဆိုသည့် ခွင့်လွှတ်စကားကို ဆိတ်ငြိမ်ခြင်းဖြင့် ပြောကြားသွားသည်ဟု ပြေ သိလိုက်ရ၏။

ယနေ့ အိမ်ကြီးပေါ်မှ ဒေါ်ထိပ်ထားစုရော ဒေဝီပါ လေဆိပ်သို့ သွားကြိုကြလေမည်။

အဖေမောင်းရသော ဂျစ်ကားနှင့် သူတို့ သွားကြပေလိမ့်မည်။

ထုံးစံအတိုင်း ဒေဝီက ခေတ်အမီဆုံး အဝတ်စားများနှင့် ကြော့လို့။ ဒေါ်ထိပ်ထားစုကလည်း စိန်ရောင်တွေ တဖျပ်ဖျပ် တောက်အောင် ဝတ်လျက် သစ်လွင်သော အဝတ်စားများနှင့်ပါ။

တကယ်တော့ သူတို့သည် ထွန်းကို တခမ်းတနား ကြိုကြခြင်း မဟုတ်ပါ။ ယနေ့ လေယာဉ်မှာ ထွန်းနှင့်အတူ ရန်ကုန်မှ ပြန်လာမည်ဖြစ်သော ဦးမောင်မောင်မြတ်ကို သွားရောက်ကြိုဆိုကြခြင်းသာပါ။

ပြေမှာ ကြည့်စရာ နာရီမရှိ၍ သူတို့မထွက်မီ အိမ်က



ပြီး၍ထွက်ခဲ့ရသည်။ ပြေတို့အိမ်နှင့် အတော်လေး ဝေးသည့် လေဆိပ်အရောက် ပြေတစ်ယောက်တည်း ခြေလျင်လျှောက်ရဦးမည် မဟုတ်ပါလား။

ယနေ့အဖို့ ခြေလှမ်းရသည်ပင် မထင်၊ ပေါ့ပါးသွက်လက်လှချေသည်။ နေသည်ပင် ရင်၌ အေးမြစေနိုင်သော အရာလိုပဲလား။ ယနေ့. . . ထွန်း ရောက်မည့် ယနေ့သည် အရာခပ်သိမ်း လှပသာယာစွာ ချမ်းမြေ့ဖွယ်ချည်းပါတကား။

ဒါကိုတာလေယာဉ်တံခါး ပွင့်လာပြီး လှေကားထောင်ပြီးသည်နှင့် ပထမဆုံးဆင်းလာသူက ဦးမောင်မောင်မြတ်၊ ပြီးတော့. . .

"အို. . . ထွန်း. . . ထွန်းရယ်"

အကျီအဖြူရောင်က ဖွေးလို့၊ ဘောင်းဘီ ညိုမှိုင်းမှိုင်း။ ပြီးတော့ လည်ပင်းမှ လည်စီး နက်ကတိုင် အညိုနှင့် အဖြူစင်းကသနှင့် လွင့်လျက်. . .

"ခန့်ညား ကျက်သရေ ရှိလိုက်ပါတဲ့ ချစ်သူရယ်"

ပြေ့ရင်တွေ ဒိတ်ဒိတ်ခုန်လာသည်။

ကိုယ့်အဖေ အပါအဝင် အားလုံး ရှေ့မှာမို့ ထွန်းကို နှုတ်ဆက်သာ။ ပြေကသာ မြင်ရသည်။ လူကြားကွယ်မှ ပြေ့ကို ထွန်း မမြင်နိုင်။

ထွန်းက ကိုယ်ခန္ဓာပါ တောင့်တင်းလာသည်။ မတ်မတ် လျှောက်၍ပဲလား မသိ၊ အရပ်က ပိုမြင့်လာသလိုပါ၊ အသား

www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း ဖြူလို့။ အနောက်တိုင်းဝတ်စုံနှင့်မို့ တကယ့် ဆရာဝန်ကြီးတစ်ယောက်လို ခန့်နေ၊ လှနေ၊ ကျက်သရေ ရှိနေပါသော ထွန်းရယ်။

ဤကဲ့သို့သော ချစ်သူမျိုးကို ချစ်ခွင့်၊ ပိုင်ဆိုင်ခွင့် ရရှိနေသည့် ပြေ့အဖို့ ဘာများလိုသေးသလဲကွယ်။

ကျန်ရှိနေသော သုံးနှစ်တာ ကာလကို ဆွဲချယူဖယ်ခွင့် ရပြီးလျှင် ပြေလောက် ကံကောင်းသော မိန်းကလေးမျိုး ရှိနိုင် ပါဦးမလား။

"ဟာ. . . ပြေ လာကြိုတယ်"

မျက်စိရှင်သော ထွန်းက လူကြားတွင်းမှ ပြေ့ဆီကို ပြေးလာပြီး အားရဝမ်းသာ ပြောလာတော့. . .

"ပြေ. . . ပြေ ဝမ်းသာလွန်းလို့ မဟုတ်လားဟင်"

ဝမ်းသာမျက်ရည်တွေ၊ ဝိုင်းနေသော ပြေက စကားနှင့် မဖြေနိုင်၊ ခေါင်းတွေ ဆက်ကာဆက်ကာ ညိတ်ပြမိသည်။

"သမီး. . . ကားနဲ့ မလိုက်နဲ့နော်"

"သိပါတယ် အဖေ၊ သမီး ခြေကျင်လျှောက်လိုက်ခဲ့မှာပါ"

"ကျွန်တော်လည်း ပြေနဲ့အတူ လမ်းလျှောက်ခဲ့တော့မယ် အဘညိုတို့ သွားနှင့်ကြနော်"

"အေး"

ဦးလူညိုက မျက်နှာပူရှာသည် ထင်ပါ၏။ နောက်ခိုင်း ပြောရင်း ကားဆီသို့ ပြန်သွားတော့သည်။

ဦးမောင်မောင်မြတ်က သူမိတ်ဆွေများနှင့် စကားပြော





နေဆဲ၊ ဒေဝီသည် စက်ဘီးနှင့် ကောင်လေးတစ်ယောက်နှင့် စကားပြောနေသည်ကို ဒေါ်ထိပ်ထားစု မြင်သွားသည်။

လွန်ခဲ့သော တစ်လလောက်ကမှ ပြောင်းလာသော တုန်သွယ်ရေး မန်နေဂျာ၏သား၊ ဒေဝီ၏ ရည်းစားသစ်ဟု မမတင် ပြဖူး၍ ပြေ သိနေသည်။

"ဟဲ့. . . ဒေဝီ၊ လာခဲ့စမ်း၊ ဝင်းထွန်းလည်း လာလေ၊ သွားကြမယ်"

မျက်နှာပုပ်နေသော ဒေါ်ထိပ်ထားစုက သမီးဒေါသနှင့် အရှိန်ဟပ်ပြီး ထွန်းကိုပါ ခေါ်လိုက်ပါ၍. . .

"လာလေ. . . ပြေ"

"သွားပါ ထွန်းရယ်"

ထွန်းလည်း မခေါ်ရဲ၍ ဒေါ်ထိပ်ထားစုအမိန့်ကို နာခံစွာ သွားရရှာသည်။ ဒေဝီသည်မူ တလောကလုံးကို ဂရုမစိုက်ဟန် နှင့် မျက်နှာပိုးမသေဘဲ ကားပေါ်တက်သွားတော့သည်။

ဒေါ်ထိပ်ထားစုနှင့် ဒေဝီက ဂျစ်ကား၏ နောက်ခန်းမှာ ထိုင်ကြသည်။ အဖေ့ဘေးတွင် ထွန်း၊ ပြီးတော့. . . ဦးမောင် မောင်မြတ်၊ ထိုင်ပြီးသည်နှင့် ဂျစ်ကားက လေဆိပ်မှ ထွက်သွား တော့သည်။

ကိုယ့်ချစ်သူ လိုက်ပါသွားသော ယာဉ်၊ ကိုယ့် အဖေ ကိုယ်တိုင် မောင်းသော ကားကိုပင် စီးနိုင်ခွင့် မရှိသော ပြေပါ တည်း။

ကားကို ဘယ်လိုမှ လိုက်မမီနိုင်သော ပြေသည် ပူပြင်း



www.burmeseclassic.com

www.burmeseclassic.com



သော နေရောင်အောက်မှာ တစ်ယောက်တည်း လျှောက်ခဲ့သည်။

ထွန်းနှင့် ထပ်မံ၍ ဆုံတွေ့လိုသော ဇောဖြင့် အမြန်ဆုံး နှုန်းနှင့် လျှောက်လာသော ပြေ့ကိုယ်မှာ ချွေးတွေနှင့် နစ်လျှ နှလုံးခုန်သံက မြန်လို့. . .

ဒါပေမယ့် ပြေ မမောပါ။

◆ ◆ ◆





"သွေးအားနည်းလို့ မူးတာလားမသိဘူး၊ သွေးချိန်တိုင်းကြည့်ရအောင်"

ဟု ဆိုကာ ထွန်းသည် သွေးချိန်တိုင်း ကိရိယာကို လက်မှာပတ်၍ နားကျပ်နှင့်ထောက်ကာ လေးလေးနက်နက် သေသေချာချာ စမ်းသပ်ပေးနေသော 'ထွန်း'ကို ဒေါ်ထိပ်ထားစုက အသေအချာ အကဲခတ်သလို ကြည့်နေသည်။

ဆေးကျောင်းသားတစ်ယောက် ဖြစ်သော်လည်း ကျွမ်းကျင်သော ဆရာဝန်တစ်ယောက်နှယ် ထွန်း ကိုင်တွယ်စမ်းသပ်ပုံက သေသေသပ်သပ်နှင့် စနစ်တကျ ရှိလှသည်။

"ဘယ်နှဲ့လဲ မောင်ဝင်းထွန်း. . . ငါဘာဖြစ်တာလဲ"

အိပ်ရာထဲမှ 'ဒေါ်ခင်ခင်လတ်'က ထွန်းကို အားကိုးသင့်သူ တစ်ယောက်လို ကြည့်ရင်း မေးလာသည်။

"သွေးချိန် ကျနေပါတယ်. . . သွေးအားနည်းလို့၊ အစားသိပ်မရှောင်ပါနဲ့ ကြီးကြီးလတ်၊ ပရိုတိန်းဓာတ်ပါတဲ့ အစာတွေ များများစားကြည့်ပါ၊ အသားတို့၊ ပဲတို့ပေါ့၊ အဲဒါတွေနဲ့မှ သွေးချိန်



www.burmeseclassic.com

www.burmeseclassic.com



တက်မလာရင်တော့ ဆရာဝန်တစ်ယောက်ယောက်ကို ပြသင့်ပါတယ်"

"မင်း ကုလို့ မရဘူးလား"

"ကျွန်တော် မကုတတ်သေးလို့ပေါ့ ကြီးကြီးလတ်ရယ် ဆေးကုသခွင့် လက်မှတ်ရဖို့က နောက်သုံးနှစ်လောက် ကြာဦးမှာပါ"

"သုံးနှစ်"

"ဟုတ်ကဲ့"

ဒေါ်ခင်ခင်လတ်နှင့် ထွန်းတို့ ပြောနေ ဆိုနေကြသည်ကို ဒေါ်ထိပ်ထားစုသည် လေးလေးနက်နက်ကြီး ကြည့်ရှုနေပါ၏။

"သုံးနှစ်တဲ့။ အင်း. . . တကယ်တော့ သုံးနှစ်ဆိုတာ ဘာမှ ကြာတာမဟုတ်ပါဘူး၊ ခုတောင် ဒီကောင့်ကို ကျောင်းထားပေးခဲ့ရတာ လေးနှစ်ကျော်သွားပြီပဲ. . ."

ဒေါ်ထိပ်ထားစုမှာ ထွန်းအကြောင်းတွေးရင်း ဒေဝီကို လှမ်းကြည့်လိုက်သည်။ ဒေဝီသည် မဆလာနှင့် သရက်ပြားကို ရှုံ့ရှုံ့မဲ့မဲ့နှင့် စားရင်းက ချိတ်ထားသောခြေက အငြိမ်မနေ လှုပ်ယမ်းလွှဲခါနေပါ၏။

"အင်း. . . သုံးနှစ်"

"သုံးနှစ်"

ထွန်းသည် သူ့ဦးလေးခိုင်းခဲ့သော ပြတင်းတံခါး ပတ္တာပြုတ်နေသည်ကို ကြည့်ရှုပြီး ပြင်ရန် ပြင်ဆင်နေသည်။ ဘာ လုပ်လုပ် ဂရုတစိုက်နှင့် ဝီရိယရှိစွာ ကြိုးစားတတ်သော ထွန်း၏





အရည်အချင်းများကို ဒေါ်ထိပ်ထားစု ကြည့်တတ် မြင်တတ်လာခဲ့ပြီ။

"သုံးနှစ်"

"သုံးနှစ်ပြီးရင် ဆရာဝန်"

သူတို့ကျွေးသော ထမင်းကိုစား၊ ပေးသော အဝတ်ကို ဝတ်ပြီး ငွေ ထောင်သောင်းချီ၍ အကုန်ခံကာ ကျောင်းထားပေးခဲ့ရသော ဝင်းထွန်းသည်. . .

"ဆရာဝန်ဖြစ်တော့မည်"

ဒေါ်ထိပ်ထားစုသည် ထွန်းသို့ လင်းလက်သော မျှော်လင့်ချက် အပြည့်များနှင့် ကြည့်လိုက်ပြီးနောက်. . . ဖြတ်ခနဲ ဘေးဘက်သို့ လှည့်ကြည့်လိုက်တော့. . .

"ဒေဝီ"

ဘယ်လိုမှ ထိန်းမရနိုင်လောက်အောင် ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားနေသော သမီးမိုက်။

ကြိုက်လိုက်သည့်ကောင်တွေကလည်း တစ်ယောက်မှ ဆန်ဆန်ပန်ပန်မရှိ၊ တက္ကသိုလ်ကျောင်းသားပင် တစ်ယောက်မှ မပါ။

"ဒီတိုင်း လွှတ်ထားလို့တော့ မကြာခင် တစ်နေ့နေ့မှာ တစ်ယောက်ယောက်နောက်ကို ပါတော့မယ်"

"ဝင်းထွန်း"

တစ်ချိန်လုံး ကြည့်မရခဲ့သော ဝန်တို မစ္ဆရိယ ပွားများခဲ့ရသော ဝင်းထွန်းသည် ယခု ဒေါ်ထိပ်ထားစု၏ ရှေ့တွင် အလုပ



www.burmeseclassic.com

www.burmeseclassic.com



ဆုံး အပြည့်စုံဆုံးသော ယောက်ျားမြတ်တစ်ယောက် အဖြစ်နှင့် မြင်လာနိုင်ခဲ့ပြီ။

"သူ့အတွက် အကုန်ခံထားရတာတွေက အများကြီး"

"အဲဒါတွေအတွက်လည်း ပြန်လည်ရရှိစေ"

"ဒေဝီလည်း ခြေငြိမ်စေ"

"ဟုတ်ပြီ. . . ဒီကိစ္စကို ကိုကို့ကို ဖွင့်ပြောပြီး ဖြစ်တဲ့နည်းနဲ့ စီစဉ်မယ်"

ဒေါ်ထိပ်ထားစု၏ အတွေးထဲမှာ. . . ဦးနှောက်ထဲမှာ. . .

"ဝင်းထွန်းနဲ့ ဒေဝီ"

"ဒေဝီနဲ့ ဝင်းထွန်း"

◆ ◆ ◆





"စုံ လား. . . မ လား"

"စုံ"

"အာ. . . ဒီလို အလကားကြေးပြောလို့ ဘာရမလဲ"

ထွန်းက ချောင်းဘေးမှ ကျောက်ခဲလေးတွေကို ကောက်ပြီး လက်မှာဆုပ်လျက် ပြေနှင့် စုံမဂ္ဂတ်တမ်း ကစားနေ၍. . .

"ဘာကြေးလဲထွန်း. . . ပြောလေ"

"ပြေမှားရင် ထွန်းက ပြေ့ကို တစ်ခါနမ်းမယ်"

"တယ်တတ်. . . ဘာရမလဲ"

ပြေက ထွန်းဆုပ်ထားသော လက်သီးကို အတင်းဖြန့်ဖြေသေး. . . ထွန်းက အားနှင့် ဆုပ်ထားလေ. . .

မတတ်သာသည့်အဆုံး ပြေက တစ်ချောင်းချင်း အရင်ဖြန့်သည်။ လက်သန်းကို ဖြန့်တော့ စန့်လာသည်။ ပြီးတော့. . . လက်သူကြွယ်၊ ပြီးတော့ လက်ခလယ်၊ လက်ညှိုးလည်း ဖြန့်ပြီးရော ထွန်းက အားလုံး ပြန်ပိတ်ပစ်လိုက်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းဘူးကွာ. . . မကောင်းဘူးကွာ"

ပြေက ဆိုးဆိုးနွဲ့နွဲ့ အမူရာလေးနှင့် ထွန်းကို ထု
ဆဲ. . . ထွန်းက လက်မှ ကျောက်ခဲလေးများကို လွှင့်ပစ်
ပြေ့ကို ဖက်လျက် ရွက်ခြောက်ကြွေတို့ ဖုံးနေသော မြေပေ
လှဲချလိုက်သည်။

နှစ်ယောက်လုံး ကစဥ့်ကလျား လဲကျသွား၍ ပြေ
အော်သံ၊ ထွန်း၏ ရယ်သံများကြောင့် သစ်ပင်ထက်မှ ငှက်င
လေး နှစ်ကောင်ပင် လန့်ပျံ ပြေးကြပြီ။

"အို. . . ထွန်း"

ပြေ့ပါးကို အားပါးတရ မွှေးကြူပြီး ထွန်းက မြေပေါ်
ပက်လက်အိပ်ချလျက်. . .

"ပြေ့အလှည့်"

"ဘာလဲ"

ထွန်းက သူ့ပါးကို လက်ညှိုးနှင့်ထောက်ပြ၏။

"ဟင်. . . ပြေမှ မရှုံးတာကြီးကို"

"နမ်းမလား၊ မနမ်းဘူးလား ပြော၊ တစ်ကိုယ်လုံး ‌ေ
သွားအောင် ညှစ်ပစ်လိုက်မှာနော်"

"မျက်စိမှိတ်ထား"

ထွန်းက မျက်စိမှိတ်ထားသော်လည်း ဖက်ထားသေ
လက်ကိုမလွှတ်။

သူ့ကို မကြည့်သော ချစ်သူ၏မျက်နှာကို ပြေက အ
ကပ် မြတ်နိုးလွန်းစွာ ကြည့်နေမိသည်။





"ဩော်. . . ရင်ထဲက အသည်းနှလုံးထက်၊ မိမိရဲ့
အသက်ထက်၊ ကိုယ့်ရဲ့ ဘဝထက် ပိုပြီး မြတ်နိုးတွယ်တာစွာ
ချစ်ရပါတဲ့ ပြေရဲ့ အချစ်ဆုံး အချစ်ဦးရယ်"

နှလုံးသားတွင်းမှာ တီးခတ်သော ချစ်တေးသံစဥ်များကို
သီဆိုလျက် ပြေသည် ထွန်း၏ ပါးပြင်နှစ်ဘက်ကို ဖွဖွလေး
နမ်းမိသည်။ ပြီးတော့ နဖူးပြင်ကို လက်တင်ပြီးမှ ဆံပင်ထဲကို
လက်ချောင်းလေးများ သွင်းထားလျက်က ထွန်း၏ နဖူးကို
ညီကြာ ရှိုက်မက်စွာ တအားနမ်းပစ်လိုက်တော့. . .

"အို. . . ထွန်းရဲ့"

မြန်ဆန်လွန်းသော ထွန်း၏ လှုပ်ရှားမှုများကြောင့်
ပြေသည် ထွန်း၏ရင်ခွင်အောက်သို့ ချက်ချင်း ရောက်သွားတော့
သည်။

ထွန်း၏ မညင်သာသော အနမ်း၊ ကြမ်းတမ်းသော
အပွေ့အဖက်အောက်မှာ ပြေသည် ယစ်မူးစွာဖြင့် ထွန်းကို
အားဖက်တွယ်ထားမိသည်။

အောက်ခြေဆီမှ စီးနေသော စမ်းရေ ညည်းသံကိုလည်း
ကြားမထောင်မိ။

အိပ်တန်းတက် အပြန်လမ်းမှ ငှက်ကလေးများ၏
တေးသံကိုလည်း မကြားရ။

ကြွေကျလာသော သစ်ရွက်တို့၏ အထိအခတ်ကိုလည်း
မသိကြ။

နက်ပြာရောင် ကောင်းကင်ဆီမှာ နေဝန်းနီ၏ ရောင်စဥ်



www.burmeseclassic.com

www.burmeseclassic.com



များ ရုပ်သိမ်းသွားပြီဖြစ်ကြောင်းကိုလည်း သတိမရတော့။

သဘာဝတရားအားလုံးသည် သူတို့နှစ်ဦးနှင့် မထ
မတွေ့၊ မသက်ဆိုင်သလို ဘာဆိုဘာမှ မသိကြ၊ မခံစားရတော့

သီးခြား ကမ္ဘာသစ်မှာ ပြေနဲ့ ထွန်း. . .

◆ ◆ ◆





"ဝင်းထွန်းက ဟိုကောင်မလေးနဲ့ ကြိုက်နေတာ မဟုတ်လား"

"ဩော်. . . ကြိုက်တိုင်း ညားရရောတဲ့လား ကိုကိုရယ်"

ဦးမောင်မောင်မြတ်သည်လည်း တစ်ချိန်က ချစ်ရည်းစားများ ရှိခဲ့ပါလျက် ကလေးတစ်ယောက် မိခင်ကို ယူခဲ့ဖူးသူမို့ ငြိမ်တွေသွားရသည်။

"အခု စု ပြောတာက ဝင်းထွန်းကို မက်မောလွန်းလို့ အမိမ်းတာမျိုး မဟုတ်ပါဘူး ကိုကို၊ ကိုကို့သမီးက ထိန်းမရနိုင်အောင် ကဲလွန်းလို့ မတော်တာတွေနဲ့ ဖြစ်ကုန်မှာစိုးလို့ စု ဒီလိုဉီးစားမိတာပါ"

ဦးမောင်မောင်မြတ် ဘာအဖြေမှ မပေးဖြစ်။

"ကိုကိုရှိမှ နည်းနည်းငြိမ်တာ၊ ကိုကို ခရီးထွက်ရင်အေကို နည်းနည်းလေးမှ ကြောက်တာမဟုတ်ဘူး"

"သားသမီးဆိုတာ မိဘကို ကြောက်ရမယ်၊ မိဘဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သားသမီးပေါ်မှာ အမြဲ သြဇာရှိနေရမယ်၊ စု ထိန်းတာထ ပျော့လွန်းတယ်"

"စု မထိန်းခင် ကျောင်းအိပ် ကျောင်းစား ထားကတည်း က ထိန်းမရလို့ ဘော်ဒါအုပ်က တိုင်လို့ ကျောင်းထုတ်ခဲ့ရတာ ကိုကို့အသိပါ"

"အင်း"

"တို့တလောကလည်း စစ်သားလေးတစ်ယောက်နဲ့ ချိန်းတွေ့တာမိလို့ ရိုက်တာ သေလုရော၊ အခု လုပ်ပုံလည်း ကြည့်၊ အဖေ အမေ ရှေ့မှာတောင် လေယာဉ်ကွင်းမှာ သူ ကောင်လေးနဲ့ စကားပြောဖြစ်အောင် ပြောလိုက်သေးတယ်"

"ဗီဇကိုက ပါတာခက်တယ်၊ သိပ်ခက်တယ်"

ဒေါ်ထိပ်ထားစု လင်နောက် လိုက်ပြေးဖူးသည်ကို ရည်ရွယ်လေသလား မပြောတတ်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စ စပြီးမှတော့ ဖြစ်အောင် ပြောရပေမည်ဟု ဒေါ်ထိပ်ထား ဆုံးဖြတ်ပြီး. . .

"အဲဒီတော့ ကိုကိုရယ်၊ သားသမီးဆိုတာ မိဘပြုပြင်ရ ရပါတယ်၊ သူ့ကို အိမ်ထောင်ချပေးလိုက်၊ ပြီးတာနဲ့ ဒီကိစ္စတွေ အားလုံး ပြီးဆုံးသွားမှာပါ၊ ခုလိုသာ လွှတ်ထားရင်တော့ သမီးလေး ဘဝဆုံးတော့မယ်၊ ရေတိမ်နစ်တော့မယ်"

ဒေါ်ထိပ်ထားစု ငိုလေပြီ။ သမီးငယ်အတွက် တကယ် သောက မျက်ရည်ဖြစ်ပေမယ့် ဦးမောင်မောင်မြတ် ရှေ့မှာ ပိုပြီး ငိုပြနေခြင်းပါ။





ပြေလို အစေခံသာသာ မိန်းကလေးတစ်ယောက်၏ အကြောင်းကို ထည့်တွက်နေစရာ ကိစ္စမဟုတ်ပါဟု ခံယူထား သည်။ ပြေ၏ အတုမဲ့ မေတ္တာတရားဆိုသည်များကို နားလည် ခံနာစိတ် ထားရှိကြသည်မှ မဟုတ်ဘဲ။

ဦးမောင်မောင်မြတ်သည်လည်း. . .

ပြေနှင့် ဝင်းထွန်းတို့၏ ချစ်ခြင်းမေတ္တာ ဆိုသည်များကို အပေါ်အလွယ်လေး တွေးသည်။ လူငယ်တို့၏ ချစ်ခြင်းမေတ္တာ ဆိုသည်မှာ ဖြစ်လွယ် ပျက်လွယ်။

အထူးသဖြင့် ယောကျ်ားတို့မည်သည် ကိုယ့်ဘဝ၏ ဘက်ရာလမ်းကို ပိုပြီး ကြည့်တတ်ကြသည့် သဘာဝ ရှိပါ၏၊ သူ့ကိုပဲ ကြည့်. . .

ဝင်းထွန်းကတော့ ငြင်းလိမ့်မည် မထင်။

"သမီး. . . သမီးဒေဝီ. . . ဒေဝီ"

စီးပွားရေးကိုသာ အဓိကထား၍ လှုပ်ရှားနေမိရာမှ သမီးငယ်၏ ဘဝနှင့်ယှဉ်သော ပြဿနာများကို ကြားသိလာ ရသည့်အခါ သောကမီးသည် ရင်၌ တမုဟုတ်ချင်း တောက် လောင်လာသည်။

"ငါ့သမီးလေးများ မတော်တရော် ဖြစ်သွားခဲ့ရင်"

ဆိုသော မိဘတို့၏ ကြောင့်ကြခြင်း၊ ပူပန်ခြင်းများ နှင့်. . .

"ဝင်းထွန်း ဆရာဝန်ဖြစ်ဖို့က သုံးနှစ်တောင် လိုသေးတယ် လေစု"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထိအောင် ဘယ်နေလို့ဖြစ်မလဲ ကိုကိုရဲ့"

"ဘယ်လို"

"ခုပဲ ပေးစားထားမှပေါ့"

"ဟိုကောင်က စာသိပ်ကြိုးစားတာ၊ အိမ်ထောင်ကျသွားရင်"

"အို . . . သူ ဘာတာဝန်ယူစရာလိုမလဲ ကိုကိုရယ် လက်ထပ်ပြီး သမီးကို ဒီအိမ်မှာပဲ ထားမှာပေါ့၊ သူဟာ ကျောင်းတက်ပစေလေ"

"အင်း"

"သူ ဆရာဝန်ဖြစ်ပြီး နယ်တွေ ဘာတွေ ပြောင်းရတော့ သမီးကို ထည့်လိုက်မှာပေါ့၊ သူ့အိုး သူ့အိမ်နဲ့ဆိုတော့လည်း အိမ်ထောင်သည်စိတ် ဝင်သွားမှာပါ"

"အေးပေါ့၊ ဝင်းထွန်းနဲ့ မင်္ဂလာဆောင်ထားလိုက်ရင် သူကြိုက်မယ့် ကောင်တွေ၊ လိုက်မယ့်ကောင်တွေလည်း ဘယ် စရဲကြပါတော့မလဲ"

"ဒါပေါ့ ကိုကိုရဲ့"

"မင်းရဲ့သမီးက နားထောင်ပါ့မလား၊ ငါကတော့ ဝင်းထွန်းကို ပိုင်ပါတယ်၊ ငါ့စကားကို သူ ငြင်းမှာ မဟုတ်ပါဘူး"

"သမီးကလည်း စု ပြောရင် ရမှာပါ၊ တို့လို မင်းမျိုးဆို . . . တာ မောင်နှမချင်းမယူရင် နူတတ်တယ်၊ ဘာတယ်နဲ့ ခြောက် ပြောမှာပေါ့"

မြတ်ဒေဝီသည် ဆင်ခြင်တုံတရားနည်းသူ၊ စဉ်းစား



တွေးခေါ်နိုင်ခြင်းကင်းသူဖြစ်ကြောင်း ဒေါ်ထိပ်ထားစု သိသည်။ သမီး၏ရင်ထဲတွင် ကြီးမားစွဲလမ်းတတ်သော သံယောဇဉ်မျိုး မရှိ၊ ဆန္ဒကျင်ဘက် လိင်တို့ကို စိတ်ဝင်စားသည်။ အတူတွဲလို့ သာယာလိုသော ဆန္ဒက ပိုမိုနေကြောင်း မိခင်ဖြစ်သူက ရှက်ရွံ့ စွာ သိနားလည်လျက်ပါ။

"တစ်ခုတော့ ရှိတယ်နော် စု"

"ဘာလဲ ကိုကို"

"ကိုကို့ နှမသာ သေတာ၊ သူ့အဖေဟာ သက်ရှိထင်ရှား ရှိနေသေးတယ်"

"ဟင် . . . ဒါဖြင့် အခု . . . အခု ဘယ်မှာလဲ"

"ထောင်ထဲမှာ"

"အို . . . ဒါဆို စုကို လိမ်ထားကြတာပေါ့"

"သူ့အမေဟာ ကိုယ့်နှမအရင်း မဟုတ်ပေမယ့် . . . အရင်းလိုပဲ နေခဲ့ကြဖူးတယ်၊ အဲဒီ 'မဝင်းမေ' ဆိုတဲ့ ကိုကိုရဲ့ ညီမတစ်ဝမ်းကွဲဟာ ဝင်းထွန်းတို့ဖခင်ရဲ့ဇနီးကြီး မဟုတ်ဘူး စု"

"ဟင်"

"အဲဒီ ကိုအောင်ထွန်းဆိုတဲ့လူဟာ မယားတွေလည်း အများကြီး၊ ဒီထဲက မဝင်းမေဟာ တစ်ယောက်ပေါ့လေ၊ ကောင် မလေးက ကောင်းကောင်းမမာဘူး၊ ဒါကြောင့် ကိုကို့ကိုတွေ့ တိုင်း သူသေသွားခဲ့ရင် သားလေးကို ပစ်မထားပါနဲ့၊ သားဟာ သိမှာပြီး ဉာဏ်ကောင်းလို့ ကျောင်းထားပေးပါလို့ တတွတ်တွတ် မှာခဲ့ဖူးတယ်။ ဒါပေမယ့် ဒီအကြောင်းတွေ မေ့နေခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုးနှစ်က မိတ္ထီလာရောက်ရင်း တွေ့လို့ သနားတာနဲ့ ခေါ်လာခဲ့တာ၊ ဒီတုန်းက စုတို့ ဝင်းထွန်းကို နည်းနည်းမှ မလိုလားခဲ့ကြဘူးလေ”

“ဒါတွေ ထားလိုက်ပါတော့ ကိုကို၊ အဲဒီ ဝင်းထွန်း အဖေက နောက်ပိုင်းမှာ ဒုက္ခပေးနေဦးမှာလား”

“ငါ့သားလေး ဘယ်ရောက်နေပါလိမ့်လို့ ရှာမယ့်လူစားမျိုးတော့ မဟုတ်ဘူး၊ မတော်တဆ ကြုံကြိုက်ကြရင်တော့ မသိဘူးလေ. . .”

“ဒါဆိုလည်း သူကိုယ်တိုင်က သူ့အဖေကို ရှာမှာ မဟုတ်ရင် ကိစ္စပြီးပြတ်ပြီ ထင်ပါရဲ့နော်”

“မတွေ့ကြရင်တော့ ပြီးပြတ်မှာပဲ၊ မဟုတ်ရင်တော့ ဒီလူက မလွယ်ဘူး။ အဘက်ဘက်က လည်တယ်၊ စီးပွားရေးတို လည်း ဘယ်နည်းနဲ့ဖြစ်ဖြစ် ရှာတတ်တဲ့လူတစ်ယောက်ပဲ”

“ဒါဆို ဝင်းထွန်းကိစ္စကို ကိုကို ဘယ်လိုသဘောရသလဲ ဟင်”

“သူ့အဖေဟာ လူလည်တစ်ယောက်ဖြစ်တာတော့ အမှန်ပဲ၊ ဒါပေမယ့် ခုလို သူနဲ့ သီးခြားဖြစ်နေသမျှတော့ ဘာမှ စိုးရိမ်စရာရှိမယ်မထင်ပါဘူး။ ဝင်းထွန်းကို ကိုကို သိပ်သဘောကျတယ်”

“ဒါဆိုလည်း သမီးကိစ္စကို စီစဉ်ကြပါစို့နော် ကိုကို. . .”

ဦးမောင်မောင်မြတ် ခေါင်းညိတ်သည်။

ဆုံးဖြတ်ပြီးမှ ခေါင်းညိတ်တတ်သော ယောကျ်ားမျိုး





ဖြစ်ကြောင်း ဒေါ်ထိပ်ထားစု သိရှိ၍ ဝမ်းသာရပါပြီ။

ဦးမောင်မောင်မြတ်သည်လည်း တစ်ဦးတည်းသော ချစ်သမီးလေးရဲ့ ဘဝမပျက်ရေးကို ဆောင်ရွက်ပေးသင့်သော ဝတ္တရားနှင့် စေတနာရှိသူပါ။

ဝင်းထွန်းအနေနှင့် ပြေကိုသာမက ဆေးကျောင်းမှ ကျောင်းသူလှလှလေး တစ်ယောက်ယောက်နှင့်လည်း ချစ် ကောင်း ချစ်နေပေမည်။

ယောကျ်ားတို့ မည်သည် အစွဲလမ်းကြီးတတ်သော အမျိုးအစားမဟုတ်။ အချစ်ဦးနဲ့လွဲလို့ ရင်ကွဲရသော ဝေဒနာမျိုး ယောကျ်ားတို့၏ အသည်းနှလုံးတွင် မကပ်ငြိတတ်ဟု သူနှင့် သူ့ဥပြီး ခံယူမိပါ၏။

ဝင်းထွန်းကို သူချစ်သည်။ အားကိုးသည်။

ဤသို့ စီစဉ်လိုက်ခြင်းဖြင့် သူတို့မိသားစုနှင့်လည်း သီးခြား ခွဲထွက်သွားစရာ မလိုတော့။

တကယ်တမ်း တွေးကြည့်လိုက်လျှင်လည်း ပြေလို ဒရိုင် ဘာသမီး၊ အိမ်မှ အဝတ်လျှော် ဗာဟီရ လုပ်နေရသော ဆင်းရဲသူမလေးနှင့်လည်း သူ့တူသည် မထိုက်တန်ပါ။

သူ့အနေနှင့်လည်း တူ ဆရာဝန်ကို ဆရာဝန်မ သို့မဟုတ် ထိုက်ထိုက်တန်တန် ချမ်းချမ်းသာသာ မိန်းကလေးနှင့်သာ ရစေချင်သည်။

စုလိုဖြင့် သူ မစဉ်းစားခဲ့မိ။

သည်တစ်ချီတော့ စု၏ အတွေး၊ စု၏ စိတ်ကူးသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ထက် သာလွန်ပါပေသည်။ ယခုကိစ္စမှာ ဝင်းထွန်းထက် ဒေဝီက ပိုပြီး အရေးကြီးနေသည်။ စိုးရိမ်ရေမှတ် ရောက်နေပြီ။

"ကိုကို ဘာတွေစဉ်းစားနေလဲ"

"သူတို့အကြောင်းပဲ"

"ဖြစ်မှာလား ကိုကို"

"ဖြစ်တဲ့နည်းနဲ့ ဖြစ်အောင်ကို စီစဉ်ရတော့မှာပဲ စု"

◆ ◆ ◆





"ဟယ်. . . ထွန်း ရောက်နေပြီ၊ ဒီမှာ မြေလည်း ထွန်းစားဖို့ ငါးတွေချက်နေတာ"

"မြေ"

"ဟင်. . . ထွန်း၊ မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ ဟင်. . ."

"ချောင်းဘေးသွားရအောင် မြေ၊ ထွန်း. . . မြေ့ကို ပြောစရာ ရှိနေတယ်ကွယ်"

"ဟာ. . . နေပါဦး ထွန်းရာ၊ ဒီမနက်စာ ဒီမှာစားမယ်ဆိုလို့ မြေ အစောကြီးတည်းက ထပြီး ချက်နေတာ ထွန်းရဲ့"

"ထားလိုက်ပါတော့ မြေရယ်၊ ထားလိုက်ပါတော့"

ပထမတော့ ထွန်း နောက်နေသလား ထင်မိသည်။ နောက်တော့မှ ထွန်း၏ မျက်နှာသည်သို့ ညှိုးပုံမျိုးကို မြေ တစ်ခါမှ မမြင်ရဖူး၍ ရင်၌ ထိတ်ခနဲမို့. . .

"ထွန်း. . . ချစ်ရယ်. . . ဘာဖြစ်လို့လဲဟင်. . . ဘာဖြစ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးလေးကို လက်ဝါးနှင့်ကပ်ပြီး နီးနီးကပ်ကပ်ကြည့်ရင်း တိုးတိုးညင်ညင် မေးမိသည်။

ထွန်းက ဘာမှမပြော။ ပြေ၏လက်ကိုဆွဲပြီး နောက်ဖေးပေါက်မှ ဆင်းထွက်ခဲ့သည်။

ပြေနဲ့ ထွန်းနဲ့ ဆုံနေကျ၊ တွေ့နေကျ မြရာပင်ကြီးအောက်မှ နေရာဟောင်းလေးမှာ ထိုင်မိကြတော့. . .

"ဟာ. . . ထွန်း. . . အို. . . အို. . . ထွန်း ငိုနေတယ် ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့များလဲ ချစ်ရယ်၊ ပြောပါဦးကွယ်"

မျက်ခမ်းစပ်မှာ စို့စွတ်လာသော မျက်ရည်များကို ပြေက တုန်နေသောလက်နှင့် သုတ်ပေးရင်း အံ့ဩထိတ်လန့်လွန်းစွာ ထွန်းကို ကြည့်နေမိသည်။

ထွန်းက အံကိုကြိတ်၍ စိတ်ကိုတင်းလိုက်သည်။ ယောကျ်ားမျက်ရည်မို့ ထိန်းလို့ရဟန်တူပါ၏။

"ထွန်း နက်ဖြန်ပဲ ရန်ကုန် ပြန်တော့မလို့"

"ဟယ်"

ထွန်းသည် ပြေကို တစ်ချက်မျှမကြည့်၊ အံကိုခဲလျက် အဝေးသို့သာ ကြည့်နေပါ၏။

"ဦးလေးက ခိုင်းလို့လားဟင်"

သူ ခေါင်းခါသည်။

"ဦးလေးတို့နဲ့တော့ တစ်ခုခုဖြစ်ပြီထင်တယ်၊ ဘာပဲဖြစ်ဖြစ် ပြေကို ဖွင့်ပြောပါထွန်း။ ဒီကမ္ဘာပေါ်မှာ ပြေနဲ့ထွန်းဟာ အရင်းနှီးဆုံး လူသား၊ အချစ်ဆုံးနှစ်ယောက်ပါနော်. . . ထွန်း"





ထွန်း ခေါင်းငိုက်စိုက်ကျသွားတော့သည်။

"ဦးလေးတို့ ဒေါ်ထိပ်ထားစတို့ကို မကျေနပ်တာရှိရင် သည်း သည်းခံလိုက်ပါ ထွန်းရယ်၊ ထွန်းရဲ့ အမျှော်လင့်ဆုံး ပန်းတိုင်ရောက်ဖို့က သုံးနှစ်တောင် လိုသေးတယ် မဟုတ်လားကွယ်"

ပြေသည် ကလေးငယ်တစ်ယောက်လို ထွန်းကို ယုယုယယ ကိုင်တွယ်ပြီး နှစ်သိမ့်ချော့မော့နေရှာသည်။

"ပြေလည်းလေ အချိန်တွေကို ဆွဲချပစ်နိုင်တဲ့ အင်အားရှိချင်တယ်၊ ထွန်း ကျောင်းပြန်သွားတိုင်း ခံစားရတဲ့ လွမ်းဝေဒနာတွေကို ပြေ ကြောက်လှပြီ၊ ထွန်းနဲ့အတူ နေချင်လှပါပြီ ချစ်ရယ်"

"ပြေ"

"ဘာလဲ ထွန်း. . . ဘာပဲဖြစ်ဖြစ် ခုတော့ အားလုံးကို သည်းခံလိုက်ပါဦးနော်. . . နော်ထွန်း"

နဖူးလေးကိုသပ်၊ ပါးလေးကို လက်နှင့်အပ်ပြီး ကလေးငယ်တစ်ယောက်လို ချော့ချော့မော့မော့ ပြောနေသော ပြေကို ထွန်းသည် စူးစူးစိုက်စိုက် ကြည့်လာသည်။

ပြေ၏ အယုအယ၊ ပြေ၏ အကြင်နာကြားမှာ သူ ကြာရှည် နေနိုင်စွမ်းအား ရှိမည်မထင်တော့။

"ထွန်းကိုသာ ခွင့်လွှတ်ပါတော့ပြေရယ်. . . ထွန်းကိုသာ ခွင့်လွှတ်ပါတော့၊ ထွန်း သွားတော့မယ်"

"ဟိတ်. . . ထွန်း"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ထပြီး ထွက်ခွာသွားခါနီး ထွန်းကို ပြေက အတင်းလှမ်းဆွဲထားရင်း. . .

"ဘယ်လိုလဲကွာ. . . စိတ်ညစ်စရာရှိရင် ပြေပါ ဝိုင်းညီမှာပေါ့၊ ဘာလို့ တစ်ယောက်တည်း ခံစားနေရတာလဲ မရဘူး. . . ထွန်း မသွားရဘူး၊ ထိုင်စမ်းပါဦးထွန်းရဲ့"

မတ်တတ်ရပ်နေသော ထွန်း၏လက်ကို ပြေက အတင်းဆွဲပြီး ထိုင်ခိုင်းနေသည်။

"ထွန်းနော်. . . ဒီတစ်ခေါက် ပြန်လာတာ အရေးအရာရာ သိပ်ဆိုးနေတာပဲ၊ အနိုင်ယူတတ်တဲ့ ပညာတွေလည်း သူတတ်လာပြီ. . . ဟင်း"

တစ်နေ့သော ဆည်းဆာနှောင်းဆီမှ အကြောင်းများ ပြေ ရည်ညွှန်းပါသည်။

"ထွန်း သွားပါရစေတော့ ပြေ၊ ပြေ နောက်တော့ အားလုံး သိမှာပါ၊ ထွန်းကိုသာ ခွင့်လွှတ်ပါ"

"ပြေ့ရဲ့ ကိုယ်ခန္ဓာ တစ်ပိုင်းတစ်စကို လှီးဖြတ် ယူသွားစေဦး. . . ပြေ ခွင့်လွှတ်နိုင်ပါတယ် အချစ်ရယ်၊ ကြီးမားသော ချစ်ခြင်းမေတ္တာမှာ ခွင့်မလွှတ်နိုင်ဘူးဆိုတာ မပါဝင်ပါဘူး ပြေ့အချစ်ဦးရယ်"

"ပြေရယ်"

"ပြောစမ်း ထွန်း. . . ထွန်း ဘာဖြစ်နေတာလဲ ဟင်"

"နက်ဖြန်မှပဲ ပြေ. . . သိယူပါတော့"

"ဘယ်ရမလဲ ထွန်းရယ်၊ ဘာပဲဖြစ်ဖြစ် ထွန်း ပြောပြ





တိုပဲ ပြေ ကြားချင်တယ်၊ ဒါမှ ခွင့်လွှတ်နိုင်မှာ"

ပြေသည် စိတ်လှုပ်ရှားနေသော ထွန်းကို ပေါ့ပေါ့ပါးပါးလေး ရင်ဆိုင်ပြီး ပြုံးပြုံးရွှင်ရွှင်ပင် ထွန်းနှင့် မျက်နှာချင်းဆိုင် မတ်တတ် ထရပ်လိုက်သည်။

သူ၏ အောင်မြင်မှုအတွက် ဓားစာခံ သားကောင်မလေး ပြေကို ကြည့်လိုက်ရသည်။

"ထွန်း. . . ထွန်း. . . ဒေဝီကို ယူရမယ်"

မြန်မာစကားပြောပါလျက်နှင့် နားမလည်သော ဘာသာ ရပ် တစ်ခုကို ကြားလိုက်ရသလို ပြေက ကြောင်ကြောင် ငေးငေး လေးသာ ကြည့်နေသည်။ ဘာလှုပ်ရှားမှုမှ မပြုဖြစ်၊

ပြေ ဘာမှ နားမလည်၍ ဘာမှ မခံစားရ၊

"ဒေဝီ့ကို ထွန်း လက်ထပ်ရမယ်တဲ့၊ အဲ့ဒါကြောင့် အားလုံး ပြီးကုန်သွားကြမှာ"

သည်တော့မှ ပြေ နားလည်လာသည်။

ဒါပေမယ့် ထွန်း အံ့ဩစွာ မြင်ရသည်က ပြေ ဘာမှ ခံစားမှုမရှိသလို ဖြစ်နေရာမှ. . .

"ပြေ နားလည်ပြီ ထွန်း၊ ဒေဝီက သိပ် ရှုပ်တယ်လေ၊ သူမှာ. . . ဟို. . . သူမှာ ကိုယ်ဝန်ရှိနေပြီ မဟုတ်လား၊ ကလေးအဖေ ဖော်ရုံပဲ မဟုတ်လားဟင် ထွန်း"

ထွန်း၏ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့တက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ စိတ်ကူးယဉ်ဇာတ်လမ်းတွေမှာ ဖြစ်နေကျကိစ္စပါ။ ခွင့်လွှတ်ရမှာပေါ့ ထွန်းရယ်၊ သူတို့က ထွန်းရဲ့ကျေးဇူးရှင်တွေ မဟုတ်လား။ အရှက်ကို ကာကွယ်ပေးရမှာပေါ့၊ ဒါပေမယ့် ထွန်းကို ပြေ ယုံပါတယ်"

"ဟင်"

"ဒေဝီကို ထွန်း ပေါင်းသင်းမှာ မဟုတ်ပါဘူး၊ ခဏ အရှက်ကာကွယ်ပေးမှာပါနော်၊ ပြီးတော့. . . ပြီးတော့. . . ပြီးတော့လေ. . . ဒေဝီကို ထွန်း မချစ်ပါဘူး၊ ပြေ သိပါတယ် ထွန်းချစ်တာ ပြေပါကွယ်"

ပြေ့ ပခုံး တင်းကျပ်သွားအောင် ထွန်းက ဆုပ်ညှစ်လိုက်ပြီး. . .

"ဟုတ်တယ်. . . ထွန်းချစ်တာ ပြေပဲ၊ ထွန်းတစ်သက်လုံး ချစ်နေမှာ ပြေပဲ၊ ဒါပေမယ့် ပြေ့ကို ထွန်းအပြီးတိုင် နှုတ်ဆက်ရ ပါတော့မယ်ကွယ်"

"ဘာ. . . ဘာ. . . ထွန်း"

"ဒေဝီ့မှာ ကိုယ်ဝန်မရှိပါဘူး၊ သက်သက် လက်ထပ် ခိုင်းတာပါ"

"ဟာ. . . ဒါဆို ငြင်းလိုက်ပေါ့ ထွန်း"

ပြေ့လေသံက အားတွေမာန်တွေနှင့်၊ ချစ်သူ ယုံကြည်ကိုးစားခြင်း အပြည့်နှင့်ပါ။

ထွန်းသည် ပြေ့ကိုကြည့်နေရာမှ ဘေးသို့ မျက်နှာလွှဲ ငုံ့ချလိုက်၏။





"ထွန်း. . . ထွန်း သူ့ကို လက်ထပ်ရမယ်၊ ပေါင်းသင်း ရမယ်တဲ့"

"ဘာ"

"ဒါမှ ထွန်းကို ကျောင်းဆက်ထားပေးနိုင်မယ်တဲ့"

"ဟင်. . . ဒါ. . . ဒါ ဒေါ်ထိပ်ထားစုရဲ့ ညဏ်၊ ထွန်း အတွက် ငွေကုန်မခံချင်လို့ သူ. . ."

"မဟုတ်ဘူးပြေ၊ ဦးလေး ကိုယ်တိုင်က ပြောလို့ပါ"

"အို"

"ပြေ့ကို ထွန်း ချစ်ပါတယ်၊ ဒါပေမယ့် ထွန်း ဆရာဝန် သိပ်ဖြစ်ချင်တယ်၊ ဒါ. . . ဒါကြောင့် ဒေဝီကို လက်ထပ်လိုက် တော့မယ်၊ ပြေ ထွန်းကို မေ့လိုက်ပါတော့နော်"

ထွန်း လက်မောင်းကို ဆုပ်ထားသော ပြေ့လက်များ ပြေလျော့သွားသည်၊ ဝန်းဝိုင်း ပြူးကျယ်သော မျက်လုံးအစုံဖြင့် ငြေ ထွန်းကို ကြည့်နေသည်။

ပြေ သတိမရှိတော့သလိုပါ။

အံ့သြထိတ်လန့်လွန်းသော ခံစားမှုများကို ရုတ်တရက် ကြီး ခံစားရသူတို့တွင် ဖြစ်လေ့ရှိသော ရှော့(ခ်)ဆိုသည့် သတိလစ်သွားတော့မတတ်။

"ထွန်းကို ဒီလိုကြီး ကြည့်မနေပါနဲ့ ပြေရယ်၊ ထွန်းကို ခွင့်လွှတ်ပါ၊ ထွန်း သွားပါရစေတော့၊ ထွန်းကို မေ့ပစ်လိုက်ပါ ပြေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ယင်းစကားသံများကို ကြားရလေမှ ပြေသည် ဆွံ့အသူ တစ်ယောက် ကြိုးစားပြီး စကားပြောနေသလို...

"ထွန်း... ထွန်းကို မေ့... မေ့လိုက်ပါတော့၊ ဟုတ်လား... ဟုတ်လားဟင်"

ပြေသည် ရပ်တည်နိုင်စွမ်း မရှိတော့။ ထွန်း ရင်ခွင်မှာ ညွှတ်ခွေ ယိုင်လဲကျသွားရာက...

"ဒါ... ဒါဆို ထွန်းကို ပြေ ခွဲရတော့မှာပေါ့၊ အပြီးတိုင် စွန့်လွှတ်ပေးရမယ်ပေါ့၊ ဟုတ်လား... ဟုတ်လား ဟင်... ထွန်း"

ရင်ခွင်မှာ မျက်နှာလေးအပ်ပြီး ခက်ခဲပင်ပန်းစွာ မေးလာသော်လည်း ဖြေဆိုသံကို မကြားရ။

ပြေကို ဖေးမ ဖက်တွယ်ထားခြင်းလည်းမရှိ၍ အင်အားမဲ့ ပြေသည် ထွန်း ရင်ခွင်သာမှ ဖြည်းဖြည်းချင်း လျှောကျရင်း ကပင်...

"အမယ်လေ... ထွန်းရယ်၊ ပြေ့ကို တကယ်ပဲ ခွဲရက်တယ်တဲ့လားကွယ်"

"ပြေနဲ့ထွန်း ဘယ်အခြေနေမှာ ရှိခဲ့တယ်ဆိုတာ သိရက်နဲ့... ပြေ့ဘဝ၊ ပြေ့နှလုံးသားတွေကို နင်းခြေတယ်၊ ရက်စက်လှချေလား ထွန်းရဲ့"

ယင်းစကားများသည် ပြေ့နှုတ်မှ ထွက်လာနိုင်ခြင်း မရှိရှာ။ နှုတ်မှ ပြောနိုင်သည်က...

"ပြေ... 'ထွန်းကို မခွဲနိုင်ဘူး... မခွဲနိုင်ဘူး၊ ထွန်းကို





စွန့်လွှတ်မပေးပါရစေနဲ့ ချစ်ရယ်"

"ပြေ့ကို သတ်ခဲ့ပါ၊ သတ်ပစ်ခဲ့ပါ"

ခုချိန်ကျမှ နှလုံးကွဲ ဝေဒနာမှ ယိုစီးကျလာသော မျက်ရည်တို့က ထွန်း ခြေဖမိုးပေါ်မှ စီးဆင်း၏။

ခြေအစုံကိုဖက်ရင်း တစ်ကိုယ်လုံး တုန်နေသော ပြေ၏ ရှိုက်ကြွေးသံများ၊ တောင်းပန်သံများကို ထွန်း ဥပေက္ခာပြုရက်ပြီ တင်ပါရဲ့။ ပြေ့ကို ပိုက်ပွေ့ မ ထူခြင်း မရှိ။

ပြေသည် ညွှတ်ခွေ၍ မြေမှာ ပုံလဲရင်းက...

ပြေ့ကို သတ်ခဲ့ပါတော့ ထွန်းရယ်...

ဒီတိုင်း မထားခဲ့ပါနဲ့...

ပြေ့ကို သတ်ပစ်ခဲ့ပါ။

တိုးတိတ်သော တောင်းပန်သံနှင့် ငိုရှိုက်သံက ရောထွေးလျှာ ရှိနေဆဲ...

"ကိုကိုထွန်း... ကိုကိုထွန်းရေ..."

ဝေးဝေးဆီမှ အသံက တောင်ကမ်းပါးယံ့မှာ ပဲ့တင်ထပ်လာသည်။

"ဟော... ဒေဝီလိုက်လာပြီ"

စိုးမိုးသူ တစ်ယောက်ကို မလွန်ဆန်ရဲသော ဟန်မျိုးဖြင့် ထွန်းအသံကို ကြားလိုက်ရတော့ ပြေသည် ညွှတ်ခွေရာမှ ထောင်မတ်လာပြီး...

ခြေသလုံးကိုဖက်လျက်နှင့် ထွန်းကို မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြင်နာ. . . ဆိုသည်ထက် စိုးရိမ်ကြောင့်ကြခြင်းတ ပိုမို၍ ကြီးစိုးနေသော ထွန်း။

"ကိုကိုထွန်းရေ. . . ဒေဝီ ဒီမှာ"

ထွန်းဆိုသော မိမိ၏ နှလုံးသည်းပွတ်ကို ဝယ်ယူပိုင်ဆိုင် ပြီးသူ၏ ဝင့်ကြွားဟစ်ကြွေးသံကြောင့်. . .

ပြေ ဝုန်းဆို ထရပ်လိုက်သည်။

မိမိ၏ အချစ်ဆုံးသည် မိမိဘက်မှာ မရှိတော့ ဟူသော အသိ ဝင်လာသည်နှင့်. . .

"ဟာ. . . ပြေ၊ ဘယ်လဲ. . . မပြေးနဲ့လေ"

အားမာန် မပြည့်သော ထွန်း၏ တားမြစ်သံကို. . .

"ကိုကိုထွန်းရေ. . ."

"ကိုကိုထွန်း"

ဆိုသော ဒေဝီ၏ အောင်မြင်သံက လွှမ်းသွားတော့ သည်

"ပြေး. . . ပြေး. . . မိပြေ"

"သူတို့နဲ့ ဝေးရာကိုပြေး"

"ပြေး. . . ပြေး"

ဆိုသော အသိဉာဏ်၏ တိုက်တွန်းချက်သည် မိစ္ဆာ ကောင်ကြီး၏ အော်ဟစ်သံလို ပြေ့စိတ်မှာ သိလာသည်၊ ကြား လာသည်။

"ဟို. . . ဟို. . . ဟယ်မလေး"

အမောလုံးသည် ရင်၌ဆို့၏၊

အသိအာရုံ၌ ဦးတည်ချက်တော့ရှိသည်။ ဒါပေမယ့် ခြေ





ကိုယ်တိုင် မသိ။

အင်အားရှိသလောက် လျှောက်ပြေးနေသော ပြေ၏ နှပ်မဲ့ ခြေဖဝါးနုမှ သွေးစိမ်းတို့ ယိုသည်။

ဆူးခြစ်ရာ ကိုယ်ခန္ဓာတို့မှ သွေးစို့ စိမ့်စီး၏။

ပြေ ဘာကိုမှ မမှု၊ ဘာကိုမှ သတိမရ၊ အမောဆို့သံက ကျယ်လာသည်။ အပြေးက မလျှော့။

သူရူးမလေးတစ်ယောက်လို ဆောက်တည်ရာမရအောင် ဆက်၍ ဆက်၍ ပြေးနေသော ပြေ ဦးတည်ရာ၏ ခြေတော်ရင်း ကိုရောက်တော့ ပြေ ဟပ်ထိုးလဲကျပြီ။

"ကယ်ပါ. . . ကယ်တော်မူပါဘုရား"

လဲကျရာမှ လက်လှမ်းလင့်ပြီး အသံမထွက်သော တောင်းပန်ခြင်းဖြင့် ပြေ ခွင့်တောင်းပြီးနောက်. . .

"တောင်ကွဲစေတီတော်"

ပေါ်သို့ အတင်း တက်ပြေးပြန်သည်။

ချွေးတွေနစ်၍ သွေးစများ စို့နေသော သူ ရူး မလေး ရင်မှ. . .

"ထွန်းရယ်. . . ထွန်းရဲ့"

ဟူသော ပဲတင်သံနှင့်အတူ ရင်ပြင်တော်ပေါ် အရောက် တွင် ဟန်နိုင် ထိန်းနိုင်ခြင်းကင်းမဲ့စွာဖြင့် ဝုန်းဝုန်းလဲခဲ့ပါပြီ။

ချွေးတို့ဖြင့် နစ်လျက် တစ်ကိုယ်လုံး အေးစက်နေသော ပြေ၏ အသိဉာဏ်သည် သူ့ကိုယ်မှာ မရှိတော့။

ပြေ လုံးဝ ငြိမ်ကျသွားခဲ့ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းဝတွင် သွေးစလေးများ စိမ့်စို ပေစွန်းခြင်းသည် အမောဆို့၍ နှလုံးကွဲခြင်း လက္ခဏာ တစ်ခုလေလား။

"ထွန်းရေ. . . ထွန်းရယ်"

ဆိုသော ပုံတင်သံတို့ ရင်မှာ ဆင့်ဆင့်ပြီး နောက်မှာ. . . ပြေသည် အချစ်ဆုံးနှင့်တကွ လောကအားလုံးနှင့် ကင်းကွာ သွားခဲ့ပါချေပြီ။

◆ ◆ ◆





"စီးပွားရေးတောင် ကွက်ကျော်ရိုက်တတ်တဲ့ လူတွေက
လုပ်သွားတာ မအံ့ဩပါဘူး၊ ငါ သတ်ချင်တာ ဟိုခွေးမသား

"အဖေ့သမီးကလည်း အဖြစ်သည်းလွန်းပါတယ်"

"ပြောမနေပါနဲ့ အကြီးမ၊ ငါ့သမီးလေးပဲ ငါသနားတယ်"

"မေကလည်း ကရုဏာဒေါသနဲ့ ပြောမိတာပါ အဖေ၊
တောင်ကွဲစေတီပေါ်မှာ လဲနေတုန်းက ဆရာဝန်မိသားစု
ဖူးတာနဲ့ ကြုံပေလို့ပေါ့"

"အင်း. . . အမောဆို့တဲ့ လူနာကို မပြုစုတတ်ရင်
သတ်သေသွားနိုင်. . . တောက်. . . ငါ့သမီးများ သေသွား
ကောင်ကို ငါကိုယ်တိုင် သတ်မိမှာ"

ဆေးရုံ၏ ခုတင်ပေါ်မှာ မှိန်းနေသော ပြေသည် အဖေ
မေတို့၏ စကားသံ မဆိတ်မချင်း မျက်စိမဖွင့်ဝံ့။

မနေ့က. . . ပြေ ဆေးရုံတင်ရသည့်နေ့က တောင်ကြီး
ဘယ်လီဖုန်းဆက်မှာ၍ မမမေ ချက်ချင်း ရောက်လာခဲ့ရခြင်း
အဖေ၏ စိုးရိမ်ပူပန်လွန်းသော ပရိဒေဝကို မြင်ရသော



www.burmeseclassic.com

www.burmeseclassic.com



ပြေ မဖြေနိုင်လောက်အောင် ဝမ်းနည်းခြင်းဖြစ်ရပါ၏။

"လေယာဉ်ပျံထွက်ခါနီးမှ သိလို့ဆိုပြီး လာလိုက်သေ တယ်လေ၊ ငါ ဆွဲထိုးမယ်လုပ်မှ ပြန်လှည့်သွားတယ်"

"ဩော်. . . ထွန်း လိုက်လာသေးတယ်တဲ့လား"

ရင်၌ လှုပ်ခတ်စေသော ဝေဒနာစကားပါ။

"အမှန်တော့ သူ အခရာပါ၊ သူသာ အဓိကပါအဖေရ တကယ်ဆို မိပြေကို တိုင်ပင်သင့်တာပေါ့၊ အဖေ့ကို ဖွင့်ပြေ သင့်တာပေါ့"

"အေးလေ. . . ဒါဆို ဒီသုံးနှစ်စာ ပညာသင်စရိတ် ကျွန်ခံပဲ ပို့ရ ပို့ပါတယ်"

ဩော်. . . အဖေ၏စကားသည် ဟုတ်လိုက်လေခြင်း

အဖေတောင် ကျွန်ခံ ကျောင်းထားပေးမယ်ဆိုတဲ့ စေတနာရှိရင် မိပြေတို့က "ကျွန်" မကလို့ "သဘောက်" အ ရောက်ပါစေ။ အိမ်ပေါက်စေ့ လိုက်ပြီးပဲ အဝတ်လျှော် လျှော်ရ. . . အဝတ်လျှော်ခနဲ့ ကျောင်စရိတ်ရအောင် ေ ရှာပါမည်။

"ခွေးမသား. . . မျိုးရိုးကိုက ယုတ်လာတော့ သင်းလည်း အကျင့်ယုတ်တာပဲ"

"ဘယ်လို အဖေ"

"သူ့အဖေက လူလိမ်လူကောက်၊ အခု ထောင်ထဲမှာ အမေက မယားငယ်လေ၊ အဲဒီက မွေးလာတဲ့သား၊ ကောင်းနိုင် ပါ့မလား"





"အမယ်လေး. . . အဖေတို့က ခုမှ ငယ်ကျိုးငယ်နာတွေ ဖော်နေတာပါ၊ ဟိုတုန်းကတော့ ဒီကောင်ကို အိမ်ဦးခန်းမှာ တင်ပြီး ကိုးကွယ်ထားမတတ်ပါ"

"အေးပေါ့. . . အကြီးမရဲ့၊ ဒါကြောင့် ငါ နာတာပေါ့၊ အိမ်ကြီးပေါ်မှာ သင်း မျက်နှာငယ်လွန်းလို့ ဘာလေးပဲ စားရ စားရ ခေါ်ခေါ် ကျွေးခဲ့တာ၊ ငါ့ထမင်းတွေ သင်း လည်ချောင်း ထဲမှာ ခြေမနဲ့ ကော်ထုတ်ရင်တောင် အတော့်လိုက် ထွက်ဦး မယ်"

အဖေသည် သူ စေတနာထားခဲ့သည်နှင့် တန်မျှစွာ နာကျည်းနေဟန် ရှိပါ၏။

သမီးအတွက် သောက ရောက်နေသဖြင့် အရက်က သည်း တွေတွေနှင့်မို့ အဖေ ပို၍ အာသွက်နေသလားပင်။

ပြေသည် မှိန်းနေဟန် ဆောင်ထားရာမှ မျက်ရည်တို့ စီးကျလာသဖြင့် တဘက်သို့ စောင်းလိုက်ရသည်။

"အလကားပါ၊ ဆရာဝန်ဖြစ်ခါနီးတော့ သွေးကြွလာတာ ပေါ့ အဖေရဲ့၊ မိပြေကို ယူရင် နောက်က ဘာမှ မပါဘူးလေ၊ မေတို့ သားအဖတွေဟာ မွဲတယ်မဟုတ်လား အဖေရဲ့၊ ဒေဝီကို ယူရင် လက်ရှိချမ်းသာသမျှ အမွေအားလုံး သူတစ်ယောက် တည်း စံစားရမှာ။

ဒါကြောင့်သာ ဟိုက ဒေဝီကို ယူပါဆိုတာနဲ့ ချက်ချင်းကြီး ခေါင်းညိတ်လိုက်တာပေါ့"

မမေ၏ စကားများသည် အမှန်တရားဘက်မှ တိမ်း



www.burmeseclassic.com

www.burmeseclassic.com



စောင်းခြင်းမရှိနိုင်ဟု ပြေ နားလည်စွာ ခံယူရပါပြီ။

"ဒီကောင် ငွေမျက်နှာနဲ့ ဒေဝီကို ယူလိုက်တာ၊ ကြ... နေ. . . အဖေ၊ ဒေဝီ့ကြောင့် ဒီကောင် တစ်သက်လုံး စိတ်ဆင်... ရမှာ၊ ဒေဝီလောက် နန့်တဲ့မိန်းကလေးမျိုး မတွေ့ဖူးသေးဘူ... သူ့လက်ထဲမှာလည်း ငြိမ်မှာ မဟုတ်ဘူး"

မမမေကလည်း ခံပြင်းခြင်းများဖြင့် ရင့်သီးသော စကား... များကို ဆက်လက်ပြောကြားနေပေသည်။

ဩော်. . . ထွန်းရယ်. . .

"ဒီကမ္ဘာပေါ်မှာ ပြေ့လောက် ထွန်းပေါ် ချစ်နိုင်မယ့်... မိန်းမမျိုး၊ ကြင်နာနိုင်မယ့် မိန်းမမျိုးကို ထွန်းမရရှိနိုင်ပါဘူးဆိုတာ... ပြေ ပြောရဲပါတယ်"

"တကယ်တော့ အဖေတို့၊ မမမေတို့ပြောနေတဲ့ စကား... တွေဟာ ရင့်သီးရက်စက်ပေမယ့် အမှန်တရားတွေပါပဲ ထွန်း"

"တကယ်ဆိုရင် ပြေ့ကို ထွန်း ဖွင့်ပြောသင့်ပါတယ်... တိုင်ပင်သင့်ပါတယ်လေ"

"ပြေတို့အနေနဲ့ ထွန်းကို ကျောင်းထားပေးနိုင်တဲ့ အင်အားများရှိခဲ့ရင် သူတို့ကို ထွန်း ဆန့်ကျင်လို့ရနိုင်တာပဲ"

"သုံးနှစ်ကျော်လို့ ဆရာဝန်ဖြစ်ပြီးရင် ပြန်ဆပ်နိုင်တဲ့ အခြေအနေရှိပြီမို့ မမမေနဲ့ အစ်ကိုမြင့်အေးတို့က တစ်ဆင့် ချေးငှားပေးရင်လည်း ဖြစ်နိုင်ပါတယ်"

"ဖြစ်နိုင်စရာ နည်းလမ်းတွေကို ပြေနဲ့ ခေါင်းချင်းဆိုင် တိုင်ပင်ဆွေးနွေးပြီးမှ မဖြစ်နိုင်စရာ ဖြစ်လာခဲ့ရင် ထွန်း ပစ်သွား...





...ပါ ပြေ ကျေနပ်ရမှာပါ"

ခုတော့. . . ခုတော့ကွယ်. . .

"ဩော်. . . တစ်ခါက ထွန်း ပြောခဲ့ဖူးတဲ့အတိုင်း၊ ထွန်း ဆရာဝန် သိပ်ဖြစ်ချင်တယ်. . . ဆရာဝန်ဖြစ်မယ်ဆိုရင်. . . ဘာပဲလုပ်ရ လုပ်ရ၊ ဘာနဲ့ပဲ လဲရ လဲရ ဆိုတာ၊ ပြေ မမေ့သေးဘူး"

ခုတော့. . . ထွန်း ဘဝ တင့်တယ်ဖို့၊ ထွန်း ဆရာဝန် ဖြစ်ဖို့. . . ပြေနဲ့ လဲလှယ်သွားခဲ့ပြီပေါ့နော်. . .

ပြေ့ဘဝ၊ ပြေ့နှလုံးသား၊ ပြေ့ရဲ့ ပျိုမျစ်ခြင်း စတဲ့ အရာ အားလုံးကို တစ်ဆင့်စီ ချနင်းပြီး ထွန်းဘဝရဲ့ တက်လမ်းကို သုံးသွားခဲ့ရက်တဲ့ သူရယ်။

ရှိစေတော့. . . ထွန်း. . . ရှိပါစေတော့ကွယ်. . .

ထာဝရ သေဆုံးနေမယ့် နှလုံးသားကို ရင်မှာပိုက်ပြီး လောကကြီးမှာ အဓိပ္ပာယ်ကင်းမဲ့စွာနဲ့ ပြေ ဆက်လက် အသက် ရှင်ရပေဦးတော့မယ် ထွန်းရေ. . .

ပြေ့ ရင်ထဲမှာလေ. . .

မေတ္တာတွေလျှံပြည့် ယိုကျနေတဲ့ အသည်းနှလုံးတစ်စုံ ရှိခဲ့ပါတယ်။

ထွန်းရဲ့ ရက်စက်ခြင်း လက်နက်၊ စွန့်ပစ်ခြင်း အဆိပ်ရည် တွေကြောင့်. . . အဲဒီ အသည်းနှလုံးတစ်ခုလုံး ဟက်တက် ကွဲသွားခဲ့ရပါပြီ။

"ဒီဒဏ်ရာပေါ်မှာ တဖြည်းဖြည်း အမှေးပါးတင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အနာကျက်တဲ့လက္ခဏာ ပြလာတော့မှာပါ၊ ဒဏ်ရာကြောင်း ပင်ကိုလို ပြန်မစေ့ဘူးပေါ့ထွန်းရယ်. . . အက်ကြောင်းရာမှာ အမာရွတ်တော့ ကျန်ရစ်နေမှာပေါ့လေ။

"အနာကျက်အောင်၊ အမာရွတ်တက်အောင် အချိန်ကာလဆိုတဲ့ သမားတော်က ကုစားသွားပါလိမ့်မယ် ထွန်း. . .

"အသည်းနစ်အောင် ချစ်ခဲ့ရသမျှ၊ အသည်းကွဲအောင် ရက်စက်သွားတဲ့ ချစ်သူအတွက် ပြေ့နှလုံးသားပေါ်မှာ တင်ကျန်ရစ်တဲ့ အမာရွတ်ကိုတော့. . .

"နာကျည်းခြင်း. . ."

"လို့ အမည်မှည့်ပြီး ပြေ့ခန္ဓာ ရှင်သန်နေသမျှ ပြေ့ရင်ထဲမှာ တည်ရှိနေစေရမှာပေါ့ ထွန်းရေ. . ."

◆ ◆ ◆





အဖေ့ပေါ်တွင် စူးနစ်နေသော ကြွေးမြီများ၊ အပိုယူသခများ လုံးဝမရှိပါ၍ စာတစ်စောင်ရေးပြီး ထားခဲ့ရုံနှင့် သူတို့အလုပ်မှ နုတ်ထွက်ကြောင်း ပြီးပြတ်စေခဲ့သည်။

အကယ်၍ ပြေသည်သာ သည်မျှမခံစားရပါလျှင် ဦးလှညိုလည်း ဒီလောက် ဒေါသတရား ကြီးမားမည် မထင်။

ဆေးရုံပေါ်မှာ သွေးအလူးလူး ဒဏ်ရာများနဲ့ ရင်ကွဲနာကျနေသော သမီးလေးကို ကြည့်လေ. . . ကြည့်လေ. . . သူတို့ကို ဒေါသထွက်ရလေ၊ နာကျည်းရလေပါ။

"ငါ့သမီးလေးနဲ့ ကြိုက်နေတာ ဒီကောင် ဆယ်တန်းဖြေခဲ့ကတည်းက၊ ငါလည်း သိတယ်၊ သူတို့လည်း သိတယ်၊ ဒွေးမသား ဆရာဝန်မဖြစ်ခင်ကတော့ ကြည့်နေကြပြီး ခုမှ သမီးကို ထိုးအပ်တဲ့ဟာတွေ"

"တစ်တရားခံက သင်းတို့ မဟုတ်ဘူး၊ ငထွန်း ဆိုတဲ့ ဒွေးမသား၊ မိမစစ် ဖမစစ်ကောင်။ မအေ. . ."

အဖေသည် အရက် မူးမူးနှင့် ပျစ်ပျစ်နှစ်နှစ် ဆဲဆိုလျက် အပြီး ပြောင်းရွှေ့ကြဖို့ ပြင်ဆင်သည်။

"ငါ့ သမီးကို စိတ်ဆင်းရဲအောင်လုပ်တဲ့ ကောင်တွေ ငါ့အကြောင်း သိမယ်"

"ငါ့အကြောင်းသိမယ်"

ဟု အဖေကြုံးဝါးစဉ်က ဘာမှန်းကိုမသိ။

လှိုင်ကော်မြို့မှ ထွက်ခွာခါနီးတွင် အဖေသည်



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာသို့ အဖြစ်မှန်ကို တင်ပြတိုင်တန်းခဲ့ကြောင်း၊ နောင်
သောအခါမှ ပြေ သိခွင့်ရခဲ့သည်။

သူတို့ ဇာတ်ရှုပ်ကြီးကလည်း အံ့မခန်းပါ။

အဖေသည် ဤတစ်ခုအပြင် နောက်ထပ် လျှို့ဝှက်
တစ်ခုကိုလည်း လုပ်ကိုင်ခဲ့သေးကြောင်း ဥပေက္ခာပြုနိုင်သည်
အချိန်ကျခါမှ ပြေ သိလာရသည်က. . .

စာရေးကောင်းသောပြေ၊ မိမိ၏ ခံစားမှုများကို စာ
ချ၍ ရေးတတ်လေ့ရှိသော ပြေ၏. . .

ထွန်းထံ မပို့ဖြစ်သော စာများစွာ. . .

ပြေ၏ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီ၊

ကဗျာအတိုအစ၊ ကာရန်မဲ့စာ အလွှအပလေးများ
အပြင်. . .

သူနှင့် ထွန်းတို့၏ဘဝနှင့် နီးစပ်သော အကြောင်း
ပါသည့် တေးများ၊ ကဗျာများကို ကူးထားသည့် ကော်ပီစာအုပ်
များ၊ ပို့စကတ်ကလေးများ၊ ဒေါ်လှရွှေ၏ စန္ဒကိန္နရီသီချင်း
စသော အချစ်ခံစားမှုများကို ကျမ်းတစောင် ပြုစုထားသည့်နှယ်
စေ့စေ့စုံစုံ ရေးသားထားသော. . .

"ပြေ၏ နှလုံးသားခံစားမှု သို့လျှောင်ရုံ"

သို့မဟုတ်. . .

"အချစ်ဦးသို့ အနုစိတ် တိုင်တည်ထားသော တမ်းချင်း
စာတမ်းရှည်များ"

ထည့်ထားသော သံသေတ္တာဟောင်းလေးထဲမှ စာများ





တို ပြေ ခိုင်းသည့်အတိုင်း မေနှင့် အဖေတို့က မီးမရှို့ကြ၊

"သစ္စာမဲ့သော မြေခွေး ထွန်းအတွက်"

ဟု သံသေတ္တာပေါ်မှာ သဘော်ဆေးနှင့်ရေးပြီး မေနှင့်
အဖေက မမတင်သို့ ပေးအပ်ခဲ့ကြသည်ဟု ဆိုပါ၏။

အိမ်ကြီးရှင် သခင်မများ မသိအောင် ထွန်းတစ်ယောက်
ထည်းသို့ ပေးအပ်ပါမည်ဟု မခံချင်သော မမတင်ကလည်း
တာဝန်ယူလိုက်သည်ဟု နောင်သောအခါမှ အဖေကိုယ်တိုင်
ပြေ့ကို ပြောပြခဲ့ပါ၏။

မမတင် ပေးခွင့်ရရဲ့လား။

အထွန်း ရယူဖတ်ရှုခွင့် ရရဲ့လား။

သူတို့တွေ၏လက်တွင်းသို့ ရောက်ရှိသွားလေပြီလား။

ဆိုသည်များကို ပြေ မသိတော့။ သည်မျှ ရက်၊ လ၊
နှစ်များစွာ ရေးသားထားသော စာတစ်ထပ်ကြီးကို ဒေဝီ မမြင်
တွေ့နိုင်ဘဲ ထွန်း ဖတ်နိုင်ခွင့် ရှိမည်မထင်။

အို. . . ရှိစေတော့. . .

နောက်ပိုင်းဆိုက ပြဿနာများသည် ပြေနှင့် မဆိုင်တော့
သလိုတော့ပါ။

ထွန်းနှင့်ပြေဟု ဆိုအပ်သော ငယ်ချစ်ဦးနှစ်ယောက်
ကြားမှာ အမြင့်ဆုံးဘွဲ့တစ်ခု၊ နေဥစ္စာနှင့် အရှိန်အဝါ ဆိုသော
နံရံအထပ်ထပ်သည် သူတို့နှစ်ဦး၏အလယ်မှ အခိုင်အမာ
ခြားကာရံသွားခဲ့လေပြီ။

ဤနံရံ တံတိုင်းသာမက. . .



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာမဲ့ခြင်း" ဆိုသော ထွန်း ဖန်ဆင်းသည့် သမုဒ္ဒရာ ခုနစ်တန်သည်လည်း ဆိုးကာခဲ့ပြီးပါလေပြီ။

ချစ်မေတ္တာ ကြီးမြင့်ခြင်းအပေါ်မှာ နာကျည်းခြင်းအလွှာ ဖုံးအုပ်လိုက်တော့လည်း ဥပေက္ခာ ရောင်ခြည်သည် မြေ နှလုံးအိမ်မှာ ထွန်းပလာပါတော့သည်။

ဒီအိမ် ဒီနေရာ ဒီမြေမှာ မနေပါရစေနဲ့တော့ဟူသော ပြေ၏ တောင်းပန်ချက်ကြောင့်. . .

ယခု ပြေတို့သားအဖ လှိုင်ကော်မြို့မှ အပြီးပြောင်းရွှေ့ ကာ တောင်ကြီးမြို့မှ မမမေတို့နှင့်အတူ လာရောက်ပူးပေါင်း နေဖြစ်ကြသည်။ ကန္တာရဝတီကို စွန့်ခွာခဲ့ရသည့် နေ့က၊ ဘီလူး ချောင်းကို ကျောခိုင်းခဲ့ရသည့်နေ့က၊ တောင်ကွဲစေတီတော်၏ နောက်ဆုံးအကြိမ် ဦးတင်ခဲ့ရသည့်နေ့က. . .

တစ်နေ့နေ့ တစ်ချိန်ချိန်တွင်. . .

အောင်မြင်ခြင်း၊ ပြည့်စုံခြင်း၊ ဂုဏ်ရှိန်မြင့်မားခြင်းများဖြင့် ဤကန္တာရဝတီသို့ တစ်ခါတစ်ခေါက် ပြန်လည်ရောက်ရှိရပေဦးမည်ဟု ပြေ လုံးဝ မမျှော်လင့် မထင်မှတ်ခဲ့မိပါ။

လှိုင်ကော်ကို အပြီးတိုင် စွန့်ခွာလာသည့် ခရီးမှာ ပြေ့ဘဝ၏ တစ်ဆစ်ချိုး အပြောင်းအလဲများနှင့် ရင်ဆိုင်ကြုံ ရတော့မည့် ခရီးလမ်း၏ ပထမခြေလှမ်းများဟု ပြေကိုယ်တိုင် လည်း မသိရှိ၊ မမျှော်မှန်းမိခဲ့ပါချေတကား

◆ ◆ ◆



"ဟဲ့ပြေ. . . ခုပဲ အလုပ်က ပြန်လာတာ၊ ထားလိုက်ပါဦး"

"ထမင်းအိုးတင်ထားတုန်း ဆပ်ပြာတိုက်မှာပါ၊ ထမင်းအိုး ကျတော့ ရေချိုးရင်း လျှော်လိုက်တော့ ပြီးရော၊ သိတယ်မဟုတ် လား၊ ဒီလောက်တော့ အပျော့"

အဝတ်များကို ဆပ်ပြာအမြန်တိုက်ရင်း မေသို့ မျက်စ သေး ပစ်လျက် ပြောလိုက်သည်။

တစ်ချိန်က ဟိုအိမ်မှ အဝတ်ပုံကြီးကို နေ့စဉ် လျှော်ခဲ့ရဖူး သည်ကို ရည်ရွယ်ကြောင်း မေ သိ၍ မျက်နှာမကောင်းမိ။

မေသည် ယခု ဒုတိယကလေး ကိုယ်ဝန်မှာ သိပ်ချူချာ သည်။ လမစေ့မီ သွေးသွန်သဖြင့် ဆရာဝန်က အလှုပ်အရှား လုပ်ရန် ညွှန်ကြားထားသဖြင့် မေ ဘာမှ မလုပ်နိုင်ရှာ။

အဖေကလည်း တောင်ကြီးမှာ ကားကို အော်ဒါ မောင်းရ သည်။ ကိုယ်ပိုင် မကိုင်ရ။ လခစား ဒရိုင်ဘာများ အကြောင်း ကြောင်းဖြင့် မမောင်းနိုင်မှ အဖေ မောင်းရပါ၏။

တစ်နေ့က အဖေ မိတ္ထီလာသို့ ဆင်းသွားသည်။

ယခုလို တစ်ခါ တစ်ခါ ကားမောင်းခွင့်ရလျှင်ဖြင့် နှစ်ရာ ကျော် သုံးရာမျိုး ပါလာတတ်သည်။ ပုံမှန် ဝင်ငွေတော့မရှိ။



www.burmeseclassic.com

www.burmeseclassic.com



မမမေ၏ ဒုတိယကိုယ်ဝန်မှာ စိုးရိမ်ရသည့် အခြေအနေ ရှိနေ၍ ဆေးဖိုးဝါးခ ကုန်ကျလှသည်။ အစ်ကိုမြင့်အေး ဝင်ငွေ နှင့် မလောက်တော့။

ပြေတို့ သားအဖနှစ်ယောက်စာ စားစရိတ်ကလည်း မိုး လာသဖြင့်၊ ပြေမနေသာတော့။ အစိုးရအလုပ်ကလည်း ရှားပါး ပြီ။ ဆယ်တန်းမအောင်ခဲ့၍ ဘယ်ဌာနကမှ မခန့်နိုင်ကြတော့ သဖြင့်. . .

တောင်ကြီးမြို့အပေါ် မှောင်ခိုဈေးမှာ ဗန်းကလေး တစ်ချပ်နှင့်ပြေ ဈေးထိုင်ရောင်းရတော့သည်။

ကရင်ပတ်(ဖ)၊ ပေါင်ဒါ၊ ရေမွှေး၊ လက်သည်းဆိုးဆေး နှုတ်ခမ်းနီ၊ လက်သည်းညှပ်၊ မျက်ခုံးမွှေးဆွဲ ခဲတံ၊ မျက်တောင် တုမှအစ အပ်၊ ချိတ် စသော အသေးအမွှား ပစ္စည်းလေးများ မကျန် သစ်သားလေးထောင့် ဗန်းလေးမှာ ထည့်ပြီး နေပူမရှောင် မိုးရွာမရှောင် ရောင်းရသည်။ ဆိုင်နေရာက မရှိ၍ ဖမ်းသည့် အခါ ပြေးလိုက် ရှောင်လိုက်နှင့်ပါ။

ဤပစ္စည်းများကိုပင်လျှင် ကိုယ်ပိုင်ငွေနှင့် ဝယ်နိုင်သည် မဟုတ်။

ရှမ်းတရုတ်ဆိုင်ကြီးတစ်ဆိုင်မှ ပစ္စည်းစာရင်းနှင့် ပေးအပ် လိုက်သည်ကို တစ်နေကုန်ရောင်းပြီး ညနေစောင်းတော့ ငွေရော ပစ္စည်းရော ပြန်အပ်နိုင်မှ အချိုးကျဝင်ငွေ ရရှိသည်။

ပြေ မြင့်နေရ၊ ကိုင်တွယ်နေရသော အလှကုန်များကို ပြေ တစ်ခါမှ မသုံးဖူးခဲ့။ ဝယ်နိုင်သူ မမများကတော့ သုံးလေးရာ ပေး ပက်ခနဲ ဝယ်ပစ်လိုက်ကြသည်။





တစ်ခါတလေတော့လည်း တစ်နေ့လုံး ငုတ်တုတ်ထိုင် ရောင်းသော်လည်း ဈေးဦးပင်မပေါက်။

ထိုအခါ သူဌေးက တစ်ဆယ်လောက် ကြိုပေးထားတတ် သည်။ ရောင်းကောင်းတဲ့နေ့ကျတော့မှ ပြန်ဖြတ်ယူ။

တစ်လလုံး ရောင်းနိုင်မှ နှစ်ရာခန့်၊ တစ်ခါတလေ တစ်ရာ့ သုံးလေးဆယ်။

ပင်ပန်းလွန်းရှာသော ညီမ ပြေသို့ မေက အားပေးစကား ပြောသည်။

"ကိုမြင့် လျှောက်ထားတဲ့ အရက်ဆိုင် မန်နေဂျာ အလုပ် ကလည်း ရချင်ရမှာပါ"

"ဒါဆို မမမေတို့ ရန်ကုန်ပြောင်းရမှာပေါ့နော်"

"အေးပေါ့. . . နင်ရော အဖေပါ အတူတူပေါ့"

"ပြေနဲ့အဖေ ဖြစ်သလိုပဲ နေခဲ့ရရင် ကောင်းမလား လို့. . ."

"မဟုတ်တာ၊ အဖေကတောင် ရပါစေတဲ့၊ ရန်ကုန် ပြောင်းရမယ်ဆိုလို့ သူက ဝမ်းသာနေရှာတာ၊ နင်က ဘာလို့ လိုက်ချင်ရတာလဲ"

"သြော်. . . အစ်ကိုမြင့်အေးကို အားနာလို့ပေါ့ မမမေ ရယ်၊ ဟိုကျရင် တစ်က ပြန်စရမှာ၊ ပြေ လုပ်စရာအလုပ် ရှိချင်မှ ရှိမှာ"

"မြို့ကြီးပဲအေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . . ကျရာဘဝမှာ ကြံ့သလိုပေါ့"

ငယ်ရွယ်နုပျိုသော ပြေသည် အထိနာခဲ့၍ အရွယ်မတိုင် မီ ရင့်ကျက်မှုကို စတင်ရရှိလာခဲ့သည်။

သူ ကျင်လည်နေရသည့် နေရာကလည်း မှောင်ခိုဈေး လောဘတွေ၊ ကောက်ကျစ်မှုတွေ၊ အချင်းချင်း ကွက်ကျော်ရိုက် မှုတွေကို နေ့စဉ် မြင်တွေ့နေရသည်။

တချို့လူတွေမှာလည်း ညာတာတတ်သောစိတ်နှင့် ဖေး ခြင်း၊ ကူညီခြင်းများ ရှိကြပါ၏။

နုရွနေအောင် မလှသော်လည်း၊ အသားညိုစိမ့်စိမ့် မျက်နှာကျပုံလှလှနှင့် ကိုယ်လုံးကျစ်ကျစ် တောင့်တောင့်နှ ပြေ့ကို ရမလားဟု အကဲစမ်းသူတွေကိုလည်း မကြာခဏ ကြုံ သည်။

ဘယ်လိုပင် မှောင်ခိုဈေးမှာ အောက်တန်းကျ ဈေးရောင်းနေရသော်လည်း တခြား အမျိုးသမီးငယ်အချို့ မှောင်ခိုရေစီးကြောင်းမှာ ပြေ မျော၍ မပါခဲ့။

ဘဝ၏ နာကျည်းခြင်းဒဏ်ကြောင့် လှချင်ပချင်စိတ် လည်း ကုန်ခမ်းခဲ့ပါပြီ။

မိန်းမပျိုတစ်ဦးအတွက် အလှအပကို တပ်မက်လွန်းမိ ကင်းခြင်းသည် အန္တရာယ်ကို ကာကွယ်ထားခြင်းပင်ဖြစ်ပါ၏

ချို့တဲ့ပါလျက် သွားလာ လည်ပတ်ချင်စိတ်နှင့် လှပချ စိတ်၊ ခေတ်နှင့်အညီ ဝတ်ဆင်လိုစိတ်ရှိသူ အမျိုးသမီးလေး သည် ချောက်ကမ်းပါးထိပ်မှာ ရပ်နေသည်နှင့်တူ၏။





ပြေသည် မျက်စိရှေ့တွင် မြင်နေရသော လောက၏ နှပ်ထွေးမှုများအတွင်းသို့ သက်ဆင်းသူများ၊ ကွင်းရှောင်သူများ အကြောင်းကို ကောင်းကောင်းကြီး နားလည်လာခဲ့ရလေပြီ။

"ဘာတွေစဉ်းစားနေလဲ ပြေ။ ရန်ကုန်ကို မလိုက်ချင်လို့ သား:"

"မဟုတ်ပါဘူး မမမေရဲ့. . ."

"ကိုမြင့်က မြင်တဲ့အတိုင်းပဲ၊ သဘောကောင်းပါတယ်၊ မေ့ အဖေနဲ့ ညီမကို ကျွေးထားရတယ်လို့ တစ်ခါမှ မပြောရှာဘူး၊ သူကတောင် ဝမ်းသာနေသေးတာ၊ ဟိုအကောင်ကို သူပါ ခိုင်းမှန်း. . ."

"ဒီအကြောင်း တော်ပါတော့ မမမေရယ်. . ."

"အေးဟယ်. . . မေ့လို့. . . မေ့လို့"

ဘာပဲလုပ်လုပ် ဂရုတစိုက်နှင့် မြန်ဆန် ဖျတ်လတ်သော ပြေသည် အတိတ်ဟောင်းကို ပြန်လည် သတိရလေတိုင်း လေးလံထိုင်းမှိုင်းသွားတတ်ချေသည်သာ။

"ကိုမြင့်အေးက အသိပေါပါတယ်အေ၊ ရန်ကုန်ရောက် ရင် နင့်ဖို့ပါ အလုပ်ရှာခိုင်းမှာပေါ့"

"အင်းပါ. . . ရောက်တော့မှ ကြည့်လုပ်ကြတာပေါ့၊ အစ်ကိုမြင့်အေးဟာ ပြေ့ပေါ် သူ့ညီမတစ်ယောက်လို သဘော ထား ဆက်ဆံတာ ပြေ သိပါတယ်"

"အေးပါ. . . ဘယ်သူပေါ်ဖြစ်ဖြစ် သူက သဘောကို ကောင်းတာ၊ ငါ့ဆို စကားတောင် မာမာမပြောရှာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုမြင့်အေးဟာ တစ်ခါတစ်ရံ သောက်တတ်တာက လွဲလို့ သဘောကောင်းတဲ့၊ သစ္စာရှိတဲ့ ယောကျ်ားတစ်ယောက်ပါ။ သူ့ရဲ့ဇနီးဖြစ်ရတာ မမမေ ကံကောင်းပါတယ်"

"အေး. . . အရက်သောက်တာတော့ ခုဆို ငါလည်း သိပ်မပြောချင်တော့ဘူး၊ ဘာလို့ဆို. . . တို့အဖေ ကိုယ်တိုင်က တစ်ခါတလေ ခေါင်းမထောင်နိုင်အောင် သောက်သောက်လာ တယ် မဟုတ်လား"

ဟာသ အနေနှင့် မေက ရယ်၍ပြောသော်လည်း ပြေက မျက်နှာတည်တည်ငြိမ်ငြိမ်နှင့် နားထောင်သည်။

"သစ္စာမဲ့သူအတွက် ကြေကွဲခြင်းဖြင့် မပူဇော်လိုတော့ပါ"

ဟု ခံယူထားသော်လည်း ပြေသည် ပျော်ပျော်ရွှင်ရွှင် ပြုံးရယ်နေခြင်းမျိုးကို တစ်ခါမှ မတွေ့ရတော့။

"မမမေ. . . ပြေ တစ်နေကုန် ထိုင်နေရတာ ညောင်း လွန်းလို့ လမ်းလျှောက်လိုက်ဦးမယ်၊ လာ. . . တူမလေး ဆောင်းနှင်းဝေ"

ကလေးကို အနွေးထည်ထပ်ဝတ်ပေးလျက် တစ်ချက် မွှေးပြီးမှ လက်ကလေးဆွဲ၍ ခေါ်ထွက်လာတော့သည်။

"အန်တီပြေ. . . မြို့ထဲသွားမှာလား"

"မသွားချင်ဘူးကွယ်၊ လူရှင်းတဲ့ မြို့ပတ်လမ်းဘက်ပဲ လျှောက်ကြရအောင်နော်"

"အန်တီပြေ့ သဘော"

ငယ်ငယ်တုန်းက "အာ. . . တီ. . . ပေ"ဟု ခေါ်ခဲ့သော





တူမလေးသည် ယခု စကားပီရုံမက အသက် ခုနစ်နှစ်အရွယ် နှစ်တန်းကျောင်းသူကြီးပင် ဖြစ်နေချေပြီ။

"အန်တီပြေ. . . သမီးကို ချစ်တယ်နော်"

"သိပ်ချစ်တာပေါ့၊ ဘာလို့မေးတာလဲ"

"ဘာမှ မဖြစ်ဘူး၊ သမီးကလည်း အန်တီပြေ့ကို ချစ်လို့ မေးတာ"

"အန်တီပြေ့ဘဝမှာ ချစ်စရာလူမှ မများတာ၊ အဖေနဲ့ မမမေပဲရှိတာ၊ တူမလေး ဆောင်းနှင်းဝေကိုလေ. . . အန်တီ ပြေရဲ့ သမီးလေးတစ်ယောက်လို ဟောဒီရင်ထဲ အသည်းထဲက ကို လှိုက်လှိုက်လှဲလှဲကြီး ချစ်ပါတယ်. . . တူမလေးရယ်"

◆ ◆ ◆

ချောပြေစ ပြုနေသော ပြေ၏ ဘဝတစ်ဆစ်ချိုးမှာ ထံကြမ္မာဆိုးတစ်မျိုးနှင့် တိုးရပြန်ချေပြီ။

"ကလေးက ပုံမှန်အနေအထားမဟုတ်လို့ ဗိုက်ခွဲမွေးရ မယ်၊ စိုးရိမ်ရတယ်တဲ့"

"မြတ်စွာဘုရား၊ မမမေ ဘာမှမဖြစ်ပါစေနဲ့"

"ချောချောမောမော မွေးဖွားနိုင်ပါစေ"

တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံကြီးပေါ်မှာ ဆောင်းနှင်း



www.burmeseclassic.com

www.burmeseclassic.com



ဝေကို ရင်မှာပိုက်လျက် ပြေမှာ ဆန္ဒကြီးလွန်းစွာ ဆုတောင်းနေ
မိပါသည်။

ဆေးရုံပေါ်တွင် ဆရာဝန်ကြီးများ၊ ဆရာဝန်လေးများ
သည် ဂျူတီကုပ် ဖြူဖြူများကို ဝတ်လျက်၊ နားကျပ်ကို ကိုင်လျက်
သွားလာလှုပ်ရှားနေကြသည်။

"ဩော်. . . ခုလောက်ဆို ရန်ကုန်ဆေးရုံကြီးရဲ့ လူနာ
ဆောင်တွေကြားမှာ ဒီလိုပဲ ထွန်းလည်း ရှိနေရောပေါ့"

နာကျည်းခြင်းဖြင့် ဥပေက္ခာပြုထားခဲ့ပါသည်။ ဆိုသော်
လည်း. . .

အခုလို တိုက်ဆိုင်စရာ အကြောင်းလေးများ ကြုံတွေ့
လေတိုင်း ရင်၌ ဆို့ကျင် ကြေကွဲသော ခံစားမှုသည် အသ
တစ်ဖန် ပြန်လည်၍ ဖြစ်ထွန်းလာတတ်မြဲပါ။

"ထွန်းရေ. . . အချစ်ဦးရဲ့"

ဟု အော်ဟစ်တမ်းတပြီး ရင်ဖွင့် ငိုချပစ်လိုက်ချင်သည့်
ဆန္ဒများကို ချိုးနှိမ်နိုင်ခဲ့ပြီး ဖြစ်သော်လည်း ခံစားတတ်လွန်းသော
နှလုံးသားမှာ နာကျင်ပင်ပန်းလှပါဘိကွယ်။

"အို. . . အားလုံး ပြီးဆုံးခဲ့ပြီပဲလေ၊ ငါ့ရဲ့ အားကိုး
မှီတွယ်ရာ မမမေသည်သာ အသက်ချမ်းသာရာ ရရှိပါစေ"

ပြေ၏ ဆုတောင်းများကား မပြည့်ဝခဲ့ပါချေ။

မိုးသည် ကံဆိုးသူ၏နောက်သို့ အငြိုးကြီးစွာ လိုက်၍
ရွာတက်လေသည့်လား။

◆ ◆ ◆





မမမေ၏ နောက်ဆုံး သက်မဲ့ ရုပ်ခန္ဓာကိုကြည့်ပြီး
အဖေသည် ယောကျ်ားတန်မယ့် ဟစ်အော်ငိုကြွေးရှာသည်။

သားသမီးအတွက် ပရိဒေဝမီးသည် မိဘတို့ရင်မှာ ပူပြင်း
စွာ လောင်မြိုက်တတ်ချေသည်။

"အကြီးမရယ်. . . ငါ့သမီးအစား အဖေပဲ သေလိုက်
ပါတော့"

"ဖြစ်ရလေ သမီးကြီးရယ်"

အဖေ ငိုသည်ကိုလည်း မကြည့်ရက်။ ကိုယ်တိုင်ကလည်း
မမမေအတွက် ရင်ကွဲမတတ် ခံစားခဲ့ရပါ၍. . .

ပြေသည် ကျန်ရစ်ခဲ့သော သမီးငယ်လေး နီနီထွေးထွေး
ကို ရင်မှာပွေ့ပိုက်ရင်း ကြိတ်ခဲထားသမျှ ဖွင့်အော်ငိုပစ်လိုက်မိ
တော့သည်။

အစ်ကိုမြင့်အေးကလည်း. . .

ချစ်ဇနီးအတွက် လှိုက်လှဲလွန်းသော ကြေကွဲခြင်းများဖြင့်
ကြိတ်မနိုင်ခဲမရ ငိုနေရှာသည့် အဖြစ်ကလည်း မမြင်ရက်စရာပါ။

သာမန်စာရေးလေးတစ်ဦး၏ဇနီး၊ ဒရိုင်ဘာတစ်ယောက်
၏ သမီး 'မေ'အတွက်. . .

ဤသုံးဦး၏ မျက်ရည်တို့ဖြင့် သိုက်မြိုက်ရုံမှလွဲ၍ အသုဘ
ရှုသူပင် မစည်ကားသော မေ၏ နောက်ဆုံး ဈာပနကို
မောမြေမြင့်၏ မြို့တော်မှာ နိဂုံးချုပ် ဖာတ်သိမ်းခဲ့ရလေပြီတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သမီးလေးတွေနဲ့ ကျွန်တော် မခွဲပါရစေ အဖေရယ်၊ အဖေတို့ မလိုက်ရင် ဒီကလေးနှစ်ယောက် ကျွန်တော် ဘယ်လိုလုပ်ပြီး မွေးနိုင်ပါ့မလဲဗျာ၊ ကျွန်တော့် မသနားတောင် အဖေ့မြေးလေးတွေကို ငဲ့ညှာပြီး ကျွန်တော် အတူ လိုက်နေကြပါလို့ ကျွန်တော် တောင်းပန်ပါတယ် အဖေ ရယ်"

တစ်လရွယ် သမီးလေးကိုပွေ့လျက်၊ ဆောင်းနှင်းဝေ ဖက်လျက် ငိုပြီး ပြောနေရှာသော အစ်ကိုမြင့်အေးကို ကြည့်ပြီး အဖေက သက်ပြင်းချသည်။

"သမီး . . . ပြေ . . . ၊ နင့်အစ်ကို ပြောတာ ကြားတယ် နော်"

"ဟုတ်ကဲ့"

"ငါ့သမီး ဘယ်လို သဘောရသလဲ"

"အဖေ့ သဘောပဲလေ"

ပြေသည် စီစဉ်စွမ်းဆောင်နိုင်သူမှ မဟုတ်ဘဲ၊ အဖေ အရိပ်ရှိရာ လိုက်ပြီး ခိုလှုံရုံပဲပေါ့။

အဖေသည် သက်ပြင်းလေးလေးကြီးကို ချလိုက်ပြီး မှ . . .

"အေးကွာ . . . အဖေ စဉ်းစားပါရစေဦး ငါ့သားရယ်"

ဆွေးနွေးပွဲလေးက ဆိတ်ငြိမ်သွားရ၏။

မမမေ မျှော်လင့်စောင့်စားခဲ့သော အလုပ်သည် သူဆုံး ကာမှ အစ်ကိုမြင့်အေးထံ ခန့်စာရရှိလာခဲ့သည်။ မမမေအတွက်





တြကွဲမဆုံးနိုင်အောင် ဖြစ်ရပါပြီ။

ဆောင်းနှင်းဝေ တစ်ယောက်တည်းဆို ကြီးလာပြီမို့ ကိစ္စ မရှိတော့။ နို့ဗူးတိုက်၍ မွေးရသည့် လ သမီး နီနီထွေးထွေး လေးက တစ်ဒုက္ခ။

မတတ်နိုင်တော့။ ကိုယ့်အစ်မ ရင်သွေး ကိုယ့်သွေးသား သူမလေးမို့ ပြေ . . . အိပ်ပျက်ခံပြီး ကလေးကို ပြုစုကြည့်ရှုခဲ့ ပါသည်။

ဈေးလည်း မရောင်းအားတော့။

ကလေးကို နို့မှုန့်ပင် ဝယ်မတိုက်နိုင်၊ နို့ဆီကို ပြုတ်ပြီး ခပ်ကျဲကျဲ တိုက်ရသည်။ ရင်ပူ၍လားမသိ။ ကလေးက တဂျီဂျီ ငိုနေတတ်သည်။

"ကလေးက လိုတယ်၊ ကောင်းကောင်း မကျန်းမာဘူး ဆင်တယ်၊ အဖေတော့ တယ် အားမရပါဘူး။ နင်တို့ မွေးကင်း တော ဒီလိုမှ မဟုတ်ဘဲ"

အဖေက မြေးငယ်သို့ကြည့်ပြီး ပြော၏။

ကလေး ပါရဂူများ တော်ကြီးတွင်ရှိသော်လည်း ပြသနိုင် သော ငွေကြေးမရှိ။ နို့ဆီဖိုး ဖြစ်အောင်ရှာပြီး ပြေတို့တွေ ထမင်း နပ်မှန်ဖို့ပင် အနိုင်နိုင်။ ဟင်းဆိုတာ မစဉ်းစားဝံ့၊ ကြုံရာ ဟင်းသီး ဟင်းရွက်သည် ဟင်းခွက်အဖြစ်နှင့် သားအဖတွေ ထမင်းနပ် ပေါင်း များစွာကို ပြီးခဲ့ကြရသည်။

"ဩော် . . . ငါတစ်ယောက်တည်းသာဆို ဘာမှ မလို ဘူး။ ခုတော့ ငါ့သမီး အငယ်လေးကြောင့် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . အဖေ"

"အဖေ့ဟာ အဖေ ကားမောင်း၊ ရောက်တဲ့အရပ်မှာ ကိုယ့်အိမ်ရာပဲ၊ ဒီလိုပဲ သောက်သောက်စားစားနဲ့နေ၊ ကြုံ နေရာမှာ သေနေ့စေ့ရင် သေလိုက်ရုံပဲ သမီး"

"ဩော်. . . အဖေရယ်"

"အကြီးမ မရှိတဲ့နောက် ဒီကလေးတွေလည်း သူ့ထိုက် သူ့ကံပေါ့၊ မောင်မြင့်အေးလည်း ငယ်သေးတော့ အိမ်ထော ပြုချင် ပြုလိမ့်မယ်၊ သားမက်ပဲ၊ သမီးမရှိတော့ ဘာဆိုင်တော့ မှာလဲ"

"အဖေ ဘာပြောချင်တာလဲ"

"ပြေ. . . နင့်အတွက်ကြောင့် အနေခက် အထိုင်ခ ငါ့မှာ ဖြစ်နေရတယ်. . . သိလား"

"ဩော်. . . သမီးဟာ အဖေ့အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတယ်လား အဖေ၊ ဒါဆိုလည်း စွန့်ပစ်ခဲ့ပါအဖေရယ် သမီးထိုက်နဲ့ သမီးကံပဲပေါ့"

ပြေ ငိုသည်ကို အဖေက ကြည့်ပြီး. . .

"နင်တို့ညီအစ်မကို စွန့်ပစ်နိုင်တဲ့စိတ်ရှိရင် ငါ မှုဆိုးဖိုဖြ တာ အသက်သုံးဆယ်ကျော်က၊ မိန်းမယူပစ်လိုက်မှာပေါ့"

"အကြီးမရှိရင် အကြောင်းမဟုတ်ဘူးလေ၊ ခုဆို. . . နင်ရယ်၊ ငါရယ်၊ မောင်မြင့်အေးရယ်၊ ကလေးတွေရယ် အ သွားကြ နေကြရင် လူတွေက ဘယ်လိုထင်မလဲ"

အဖေတွေးသလောက်၊ အဖေစိုးရိမ်သလောက် ထိုစဉ်





ပြေ မတွေးခဲ့မိ၊ မစိုးရိမ်တတ်ခဲ့။

အဖေနှင့် ပြေတို့ သည်မျှသာ ပြောဖြစ်ခဲ့ကြသည်။ ဆုံးဖြတ်နိုင်ခြင်း မရှိခဲ့ကြ။

အတွင်းခန်းမှာ ပြေနှင့် ကလေးနှစ်ယောက်နှင့် အိပ်ရသည်။ အိမ်ရှေ့ခန်းတွင် ကုလားထိုင်များဖယ်ပြီး ယခင် ပြေ အိပ်ရသည့်နေရာမှာ အစ်ကိုမြင့်အေးနှင့် အဖေတို့ အိပ်ကြပါ၏။

ပြေ မအိပ်နိုင်သော ညတစ်ညမှာ အပြင်က စကားသံ များကို အတိုင်းသား ကြားနေရသည်။

"ငါ့သားရယ်. . . အဖေ့အနေနဲ့ ရှင်းရှင်းပြောရရင်တော့ ပြေနဲ့မင်းနဲ့ အဆင်ပြေသွားကြရင် ပိုတောင် စိတ်အေးရဦးမယ်"

"မြတ်စွာဘုရား"

ပြေသည် လှဲနေရာမှ ကြောက်လန့်တကြားနှင့် ထထိုင် လျက်သား ဖြစ်သွားသည်။

သို့ပေမယ့် ဆက်လက်ကြားရသော စကားများကြောင့် ပြေ ရင်ဖိကာ သက်ပြင်းချနိုင်ပါပြီ။

"ဒါပေမယ့် အငယ်မအကြောင်း အဖေသိတယ်။ ဟို တောင်ကြောင့် သူ မသေရုံ ခံရတာ၊ သူ့စိတ်ကို သူတင်းပါတယ် ဆိုပေမယ့် ဘယ်မှာများ ပြုံးပြုံးရွှင်ရွှင် မြင်ဖူးလဲ"

"ကျွန်တော်သိပါတယ် အဖေ"

"အေး. . . ဒါကြောင့် သူတစ်သက်မှာ အိမ်ထောင်ပြုပါ သို့ အဖေ မတိုက်တွန်းရက်ဘူးကွယ်။ သူ့စိတ်နဲ့ သူ့သဘောသူ သူကြိုက်သလို ဆုံးဖြတ်ပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



"အဖေတော့ သူ့အိမ်ထောင်ရေးကို စိစဉ်ပေးဖို့ စိတ်
တော့ဘူး"

"အဖေ ဘာဆိုလိုချင်တယ်ဆိုတာ ကျွန်တော် နားလ
လို့ ကျွန်တော် ဝမ်းနည်းမိတယ် အဖေရယ်"

ခဏ ငြိမ်သွားပြီးမှ. . .

"မေ သေလို့ အလွမ်း မပြေသေးပါဘူး၊ ဘယ်တေ
လည်း ပြေမှာမဟုတ်ပါဘူး အဖေ၊ ကျွန်တော် အဖေ့ကို ထ
ပြောပါရစေ"

"အေး. . . ပြောပါ"

"ကျွန်တော် ဘယ်တော့မှ အိမ်ထောင်မပြုဘူးလို့ စိတ်
ထားပါတယ်၊ တကယ်လို့ ပြုခဲ့မိရင်လည်း တခြားတစ်ယော
ဖြစ်စေရပ့ါမယ်၊ မြေ့ကိုကျွန်တော့်ညီမအရင်းလေး တစ်ယော
လို တစ်သက်လုံး သဘောထားပ့ါမယ်လို့ အဖေ့ကို ကျွန်တေ
ကတိပေးပါတယ်ဗျာ"

"အေးကွယ်. . . ဒီစကားကြားရတာ အဖေ သိပ်ဝမ်း
တယ်၊ ယုံလည်း ယုံကြည်တယ်၊ အားလည်းကိုးပါတယ် ငါ
ရယ်၊ ဘယ်သူတွေ ဘာပြောပြော ကိုယ့်မိသားစုအရေး ပြေလ
ဖို့ပဲ အရေးကြီးပါတယ်၊ ဒါဆို. . . အဖေတို့ မင်းနဲ့အ
လိုက်ခဲ့ပါတော့မယ်ကွယ်"

"ကျွန်တော် ဝမ်းသာရပါပြီ အဖေ"

◆ ◆ ◆





အဖေ ခံယူသလို လူတွေ ဘာပဲထင်ထင် ကိုယ့်မိသားစု ပြေလည်ဖို့ပဲ အရေးကြီးတယ်ဆိုသော မာန်တင်းစိတ်တို့သည် တကယ်တမ်း လူတွေနှင့် ထိတွေ့ လာရသည့်အခါ ရှက်စိတ်၊ ကြောက်စိတ်၊ မလုံလဲစိတ်များ ဖြစ်ထွန်းလာစေရအောင် လူတွေသည် စပ်ပဲ စပ်စုနိုင်လွန်းလေစွ။

"ကလေးကို နို့ဗူးတိုက်တယ်နော်"

ရွှေညောင်ဘူတာမှာ ရထားစောင့်တည်းက စတင် ရင်ဆိုင်ရသော ပတ်ဝန်းကျင်၏ဒဏ်။

"ကလေးဆိုတာ မအေ့နို့တိုက်တာ အကောင်းဆုံး ညီမရဲ့"

အဖေ့လက်ထဲမှာ ကျိကျိတက် ငိုနေသော ကလေး အတွက် နို့ဗူးဖျော်ခြင်းကို သေပြေးရှင်ပြေး လုပ်နေရချိန်မှာ ဒေသပေးသူနှင့် တွေ့နေရသည်။

"အဲဒါ ဘာတော်လဲ"

"ကျွန်မ အဖေ"

"အို. . . ဟိုး"

အမျိုးသမီးက ဇက်ကလေးပုပြီး ရယ်ကျဲကျဲ လုပ်လိုက်သည်။ အဘိုးကြီးဇနီးလားဟု ထင်မိကြောင်း ဖွင့်မပြောရုံ တမယ်။

"နို့. . . ကလေးအဖေကရော"

"ဟိုးမှာ ရပ်နေတယ်ရှင်"

ကလေးက တဝါးဝါးနှင့်ငိုပြီး နို့ဗူးမစို့ဘဲ ကော့လန်နေ၍



www.burmeseclassic.com

www.burmeseclassic.com



ပြေ မနိုင်မနင်း ဖြစ်နေရသည့်အထဲ ခရီးသည် ဒေါ်စပ်ငွေ
အားနာရကောင်းမှန်း မသိလွန်းပါလား။

"ဟိုဟာ အကြီးလေးလား"

ပြေသည် နီမြန်းသော မျက်နှာနှင့် ခေါင်းငုံ့မိလိုက်သည်
တကယ် တွေ့တွေ့ဆိုင်ဆိုင် အပြောခံရတော့ အရှက်သည်
အားမာန်အားလုံးကို နှင်ထုတ်နေ၏။

အစ်ကိုမြင့်အေးနှင့် လက်တွဲထားသော ဆောင်းနှ
ဝေကို လှမ်းကြည့်ပြီး. . .

"ညီမက ကလေးဝေးသားပဲ၊ ကြားမှာ ရှိသေးလား"

"အို"

ရင်တွေ ခုန်လှသည်။ ဘာစကားမျိုး ပြန်ပြောရမည်မှ
မတွေးတတ်။

"ဒီမျာဗျ. . . ခင်ဗျား သောက်ရမ်း ပြောမနေနဲ့၊ အဲ
ကျုပ်သမီး၊ ဟိုဟာက သား၊ ကလေးတွေရဲ့အမေက ဆုံးပြီ"

"အာ. . . ဟာ. . . ဟာ. . . ကန်တော့. . . ကန်တော့. .
ဦးလေးရယ်. . . မသိလို့. . . မသိလို့"

အဖေ ဝင်ဟောက်တော့မှ မစပ်စု ပြေတို့နှင့် ဝေးရာ
ပြေးလေ၏။

အကယ်၍ ဤခရီးတွင် အဖေသာ ပါရှိမလာခဲ့ပါလျှ
ပြေ ဘယ်လိုမှ ရှင်းရဲမည် မဟုတ်။

ဖခင်တစ်ယောက်၏ အရှိန်အဝါနှင့် မေတ္တာရိပ်သည်
တန်ဖိုးကြီးလွန်းလေစွတကား။

◆ ◆ ◆



အမှန်တော့ အားလုံးအတွက် ကြီးလေး ပိပိုးနေသော
တာဝန်တစ်ခု လျော့သွားခြင်းဖြစ်သော်လည်း. . .

အားလုံး ငိုမိကြပါသည်။

အမိမဲ့ သမီး၊ ကံဆိုးမလေးသည် ရန်ကုန်ရောက်ပြီး
နှစ်ပတ်အကြာတွင် ကလေးဆေးရုံကြီး၌ ဆုံးသွားခဲ့ရှာသည်။

နှစ်လနီးပါး ကိုယ့်ရင်၌ ပိုက်ပွေ့ခဲ့ရသော သံယောဇဉ်
ကလေး. . . ချစ်စရာ သနားစရာ တူမလေးအတွက် ပြေသည်
ရှိုက်လှဲ့စွာ ငိုမိရပြန်ပါသည်။

ဖအေကလည်း ငိုလို့၊ အဘိုးကလည်း မျက်ရည်ကျလို့၊
ဆောင်းနှင်းဝေကလည်း ညီမလေးဆိုပြီး ငိုလျက်ပါ။

ဤကလေးငယ်သည် တလောကလုံးအတွက် ဘာမှ
အသုံးမဝင်သေးပါသော်လည်း သွေးသား မိသားစုများအတွက်မူ
မြောတသစွာ ကြေကွဲကြလျက်ပါ။

ဩော်. . . ဒုက္ခပင်လယ်ဝေနေချိန်မို့ နာမည်တောင်
ပေးရသေးတဲ့ တူမလေးရယ်၊ အန်တီပြေ သနားလှတယ်၊
မမေနဲ့အတူ ကောင်းရာသုဂတိသို့ လားပါစေကွယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ အဖေ အလုပ် လုပ်စရာမလိုတော့. . .

အစ်ကိုမြင့်အေး၏ ဝင်ငွေနှင့် မိသားစုလေးယောက် ဝဝလင်လင် စားသုံးနိုင်သောအဆင့်သို့ ရောက်ခဲ့ကြသည်။

သွက်လက်ဖျတ်လတ်၍ အလုပ် လုပ်ခြင်း၌ ပျင်းရိခြင်း ကင်းသော ပြေသည် မနက်စောစောထ၊ ရုံးမီ၊ ကျောင်းမီ အောင်ချက်ပြုတ်ပေးပြီး. . . အဝတ်လျှော်၊ အိမ်ရှင်း၊ မီးပူ တိုက်ခြင်းများကို တမနက်ခင်းနှင့် ပြီးစီးအောင် လုပ်နိုင်ခဲ့သူပါ။

နေ့လယ်လည်း ဘာလုပ်စရာမှမရှိ ညနေ ထမင်းတစ်အိုး ကိုလည်း လျှပ်စစ်ထမင်းတစ်အိုး အစ်ကိုမြင့်အေးက ကုန်သွယ် ရေးဈေးနှင့် ထုတ်လာပေး၍ ထမင်းချက်ရသည်ပင် မမည်ပါ ဆန်ဆေးပြီးသည်နှင့် ထမင်းဖြစ်တော့သည်။ ဟိုစဉ်တုန်းကလို မီးခိုးတလူလူနှင့် ကုန်းကုန်းမှုတ်ခဲ့ရသော ထင်းမီးလို မပင်ပန်း တော့။

ဆန်ပုံးထဲတွင် ဆန်နည်းနေ၍ မီးဖိုကိစ္စကို သိသော ပြေက လျှော့စားရသည့် အဖြစ်များ၊ ငါးပိရွက် ရေနွေးဖျော့ပြီး ဆားနှင့်သာ ထမင်းစားခဲ့ရသော ဟင်းမရှိသည့် ထမင်းဝိုင်းမျိုး မဟုတ်တော့၊ အသီးအရွက်ပင် ချက်စေဦး။ အသားလေး ငါးလေး လုံလုံလောက်လောက် ထည့်ချက်နိုင်၍ ပြေတို့တတွေ အူစိုခဲ့ကြလေပြီ။

"သမီးရယ်. . . နင့်ဟာကလည်း ဖတ်ပဲ ဖတ်နိုင်လွန်း လှတယ်. . ."

"အလုပ်ကလည်း ဘာမှမရှိတော့ ပျင်းတယ်အဖေရဲ့"





"ဒီလောက် ဖတ်နေတဲ့ စာအုပ်တွေက ကုန် မကုန်တော့ ဘူးလား"

"ဟာ. . . အဖေနှယ်၊ ဖတ်တဲ့လူက ဘယ်နိုင်ပါ့မလဲ၊ စာအုပ်က တစ်လကို တစ်ရာလောက်ထွက်နေတာ သမီးက ကြိုက်တဲ့ စာရေးဆရာရဲ့ ဝတ္ထုတွေမှ ဖတ်လို့"

"သမီး မုန့်မစားဘဲ ဖတ်တာပါ. . . အဖေကလည်း"

ဦးလူညိုက ခွင့်လွှတ်စွာ ပြုံးပြရှာသည်။ အဖေက အားချိန်ပိုရ၍ အရက်ပိုသောက်လာသည်။

သမီးကလည်း အားချိန်ပိုရ၍ စာပိုဖတ်လာသည်။ အရင် ကလို စာတိုစာစလေးများ မရေးဖြစ်တော့။

ပြေ့ဘဝအတွက် ထိုကာလဆီက အပိုရရှိသော အချိန် များသည် စာဖတ် 'နာ'စေခဲ့၏။

ဝတ္ထု စာပေသာမက. . . သုတ. . . ရသနှင့် ရှေး ရိုးကျိုက်ခေတ် စာပေများအထိ နယ်ချဲ့၍ ဖတ်ဖြစ်လာခဲ့သည်။

ဝတ္ထုတစ်ပုဒ်ဖတ်လျှင်လည်း မင်းသမီး၊ မင်းသား ညား သလား၊ ဇာတ်လမ်း ဘာတွေလဲဟု ကသောကမျောနှင့် အကျော်ဖတ်တတ်သော စာဖတ်နည်းမျိုးမဟုတ်။

စကားပြောတွေလောက်သာဖတ်ပြီး ဝတ္ထုဇာတ်လမ်း သိရုံထက် စာရေးဆရာ၏ တင်ပြချက်၊ ဖွဲ့နွဲ့မှု စာသားများကို ၍ အရေးထားဖတ်ခဲ့သည်။

ဘယ်သူတွေ ဘယ်လိုရေးနေကြသည်ဆိုသော စာရေးသူ တို့၏ အာဘော်ကို ထိုစဉ်ကစ၍ ပြေ 'ငုံ'မိခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကပင် အဖေ့ထံမှ အမှတ်မထင် အလွန်ကောင်းမြတ်သော အကြံပြုချက်တစ်ခုကို ပြေ ရရှိခဲ့သည်။

"ငါ့သမီး ဒီလောက်တောင် စာအုပ်တွေ ငှားဖတ်နေရတာကွယ်၊ စာအုပ်အငှားဆိုင်ပဲ ဖွင့်ပါတော့လား. . ."

ပြေ မတွေးမိသော လုပ်ငန်းတစ်ရပ်ကို အဖေ တွေးပေးသဖြင့် အစ်ကိုမြင့်အေး၏ အကူညီဖြင့် မကြာခင်မှာပင် "စေတနာ"ဆိုသော စာအုပ်အငှားဆိုင်လေးကို ပြေတို့နေသော တောင်ဥက္ကလာပမြို့ ၁၃ ရပ်ကွက်၊ အနော်မာလမ်းသွယ်လေးတစ်ခုအတွင်းမှာပင် ဖွင့်ဖြစ်ခဲ့ပါသည်။

ဤသို့သော လုပ်ငန်းသည် ပြေ့အတွက် စာပေနယ်တွင် အောင်မြင်ကြော်ကြားဖို့ ဖြစ်လာရအောင် ဖန်တီးစေခဲ့သော ပထမပိုင်းခြေလှမ်းများ ဖြစ်ပါလေသည်။

၃၂ လမ်းမှ ထုတ်ဝေသူ နာမည်ကြီး အရောင်းဆိုင်ပိုင်ရှင်တစ်ဦးထံမှ စာအုပ်သစ်များ ဝယ်နေကျ ဖောက်သည်တစ်ဦးဖြစ်လာရာမှ ဦးလေးတစ်ယောက်သဖွယ် ခင်မင်ရင်းနှီးခွင့် ရခဲ့သည်။

သူ့အမည်က ဦးတင်နွယ်. . .

◆ ◆ ◆





"ချောတယ်ကွာ"

"လုပ်မနေနဲ့. . . မန်နေဂျာရဲ့ လိုက်ပွဲကွ"

"မစားသေးပါဘူး"

"ခိုးစားချင် စားနေမှာပေါ့"

လူငယ်တစ်စု၏ စကားသံကြောင့် ပြေသည် သူတို့အနီးမှသာမက တလောကလုံး၏ အပြင်ဘက်သို့ ရောက်သွားအောင် ထွက်ပြေးသွားချင်ပါသည်။ ရှက်စိတ်သည် ငယ်ထိပ်မှ အဆိပ်သဖွယ် ဖောက်ထွင်းဝင်၍ တစ်ကိုယ်လုံး မူးမေ့သွားမတတ် ပူနွေး၏။

ယနေ့ လူငယ်တို့ တင်စားနေသည့် လိုက်ပွဲဆိုသည်မှာ ခယ်မကိုဆိုလိုကြောင်း ပြေ သိရှိပါ၏။

ထီးကို ခပ်ကုပ်ကုပ်ဆောင်းပြီး ကျောင်းသို့ ပြေးမတတ် သုတ်ခြေတင်မိသည်။

မမမေ ဤလောကမှ ထွက်ခွာသွားစဉ်က ပြေ၏ သိက္ခာတရားများကိုပါ သူနှင့်အတူ တမလွန်သို့ ယူဆောင်သွားခဲ့လေပြီ။

ဟိုစဉ်ကလည်း အစ်ကိုမြင့်အေးနှင့် ဒီလိုပဲ နေကြသည်။ ယခုလည်း ဒီလိုပင် နေကြပါလျက် လူတို့သည် ဘာကြောင့်များ သူတစ်ပါး၏အကြောင်းကိစ္စတို့၌ မွေ့လျော်ရပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ဆိုင်မှာလည်း လာငှားသူ မျက်နှာသိက. . .

"ငါ့ညီမယောကျ်ားက ဘယ်ဌာနမှာလုပ်တာလဲ"

"အို. . . ကျွန်မယောကျ်ား မဟုတ်ပါဘူး"

"ဪ. . . မသိလို့. . . မသိလို့"

သိလျက်နှင့်မေးမှန်း သိသာလွန်းသော မျက်နှာထား ဖြစ်ကြောင်း ပြေ ကောင်းစွာသိပါ၏။

"ကိုယ့်တူမလေး. . . သမီးလေးလို အောက်မေ့လို့ ပြောတာနော်၊ မောင်မြင့်အေး တခြားမိန်းမယူပြီး တက်လာရင် ပြေတို့အားလုံး ကစဉ့်ကရဲ ဖြစ်ကုန်ကြမယ်၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုတာလို အဒေါ်က စေတနာနဲ့ ပြောတာနော်"

အိမ်နီးချင်း မျက်နှာသိများကျတော့လည်း ပြောင်ပြောင်တင်းတင်း ပြောလာကြသည်။

"ဪ. . . လူတွေ. . . လူတွေ၊ ကိုယ့်ထမင်း ကိုယ်စား ကိုယ့်အလုပ် ကိုယ်လုပ်ပြီး ဘာကြောင့်များ ကိုယ့်အကြောင်း ကိုယ်မေ့ထားပြီး သူတစ်ပါးကိစ္စကို စိတ်ဝင်စားနေကြပါလိမ့်"

ပြေသည် လောကကို သုံးသပ်စိတ်နှင့် ရှုကြည့်တတ်သည် မှလွဲ၍ အားလျှင် စာနှင့်မျက်နှာ မခွာ။ စာပေဆိုသည် လူသားတို့အတွက် အကောင်းမြတ်ဆုံးသော အဖော်မွန်ပါတည်း။

"အန်တီပြေ ဘာငေးနေတာလဲ၊ လာလေ. . . သွားကြစို့"

"ဟင်. . . ဆောင်းနှင်းဝေ"

ကျောင်းလွှတ်ချိန် လာကြိုနေကျ ပြေသည် ကမ္ဘာပျက်တော့မလို ကျွက်ကျွက်ညံနေသော ကလေးတို့၏အသံများ





ဆူပ်ရှားမှုများကို မကြားသိ၊ မမြင်မိခဲ့ပါလား။

"အန်တီ ပြေ"

"ဟေ"

"မနေ့က ကျောင်းလာပို့တုန်းက အန်တီပြေ ဝတ်လာတဲ့ အိရှန်အပွင့်လေး သိပ်လှတာပဲတဲ့၊ သမီးတို့ဆရာမက အဲဒါ ထိုချင်လို့တဲ့၊ ကျသလောက် ပေးပါ့မယ်တဲ့"

"ဪ. . . အေး. . . အေး၊ ဒီတိုင်း ဆင်တူတော့ ရမှာမဟုတ်ဘူး ထင်တယ်၊ ဝယ်ထားတာ တောင်ကြီးမှာထဲက၊ ဒါတော့ ၁၀ ရပ်ကွက်ဈေးက အန်တီပြေ သွားဝယ်ပေးပါ့မယ်၊ အဲဒါပေးရင် သမီးကန်တော့တာပါဆိုပြီး ထိုင်ကန်တော့လိုက်နော်"

"ဟုတ်ကဲ့. . . အန်တီပြေ"

အလှူခံပုဂ္ဂိုလ်အနေနှင့် ဘယ်လိုပင် စိတ်ထားပါစေ၊ ပေးလှူသူက ဘယာဆိုသော ဘေးရန်ကြောင့် ပေးရစေဦး၊ သဒ္ဓါပါစွာ ကန်တော့လျှင် ကိုယ့်အတွက် အကျိုးထူး ရလေမည်သာ။

ဘယ်နေရာမှာ ဘယ်လိုလူမျိုးနဲ့ ဆက်ဆံရ ဆက်ဆံရ စေတနာထားတတ်လျှင် ကောင်းမြတ်သည်ချည်းသာ။ အကောင်းမြင်ဝါဒရှိသူတို့အဖို့ ရင်၌ လောဘ ဝန်တိုခြင်း မနာလိုမှု စသည်တို့ မကပ်ငြိနိုင်။

ချစ်လှစွာသော တူမလေး၏ လက်ကိုဆွဲလျက် ကျောင်းမှ တူအရီးနှစ်ယောက် ခြေလျင်လျှောက်၍ ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

လူတို့၏ဘဝကို မြစ်တစ်ခုနှင့် နှိုင်း၍ ရကောင်းအံ့ ဆိုပါလျှင် ပြေသည် ဧရာဝတီလို၊ သံလွင်လို၊ ငြိမ်းအေးစွာ ထာဝရ စုန်ဆင်းနေတတ်သော မြစ်လိုဘဝမျိုးမဟုတ်။

ပင်လယ်နှင့်နီးသော မြစ်ဝကျွန်းပေါ် မြို့များဆီမှ မြစ်များ လို. . . ဒီရေ၏ စေစားရာအတိုင်း ဆန်တက်လိုက်၊ စုန်ဆင်း လိုက် ဖြစ်နေရသော ဘဝမျိုးသာ. . .

ပတ်ဝန်းကျင်၏ ဂယက်ငယ်လေးများမှလွဲ၍ အေးအေး ပြည့်စုံစွာ နေထိုင်ရသော အချိန်ကာလလေးသည်လည်း ဘာမှ မကြာရှည်လိုက်။

"ဟာ. . . အန်တီပြေ ကြည့်လိုက်စမ်း"

ထာဝရ တွေးနေတတ်သော ပြေက အတွေးလေးနှင့် လျှောက်လာဆဲ တူမလေး၏ အလန့်တကြားသံကြောင့် ညွှန်ပြရာသို့ ကြည့်လိုက်တော့. . .

"ဟာ. . . အိမ်ရှေ့မှာ လူတွေဝိုင်းလို့၊ အို. . . ဘာဖြစ် တာလဲ၊ ဘာဖြစ်ပါလိမ့်"

တူအရီးနှစ်ယောက် လက်တွဲပြီး ပြေးလာတော့. . .

"အာ. . . အဖေ. . . အဖေ ဘာဖြစ်လို့လဲ"

လမ်းထိပ်မှ ဒေါ့ဂျစ်ကားကြီးပေါ်သို့ လူအများက ဒွေ တင်နေကြသဖြင့်. . .

"အ မ ယ် လေး. . . အ ဖေ ပါ လား ကျွန်မ. . . ကျွန်မ. . . အဖေ ဘာဖြစ်လို့လဲရှင်. . ."

"အိမ်ပေါ်က ထိုးကျပြီး ခေါ်လို့မရတော့ဘူး၊ သွေးတွေ





လည်း အန်ထားလိုက်တာ၊ ဟိုမှာ ဗွက်ဆိုင်းနေတာပဲ"

"အို. . . အဖေ. . . ကျွန်မ အဖေ အသက်မှ ရှိသေးရဲ့ လားရှင်. . ."

"ရှိတယ်. . . ရှိတယ်၊ အသက်ရှူနေတယ်လေ၊ မေ့သာ နေတာ၊ ကဲ. . . လာ. . . လာ. . . ကားပေါ်တက်၊ တို့များ ဆေးရုံသွားပို့ကြမလို့"

ပြေတို့ တူအရီးနှင့် အရပ်ထဲမှ ယောကျ်ား၊ မိန်းမ ဆယ်ယောက်ခန့်က အဖေ့ကို မသူက မ၊ ပွေ့သူကပွေ့၊ သွေးသုတ်သူက သုတ်၊ ခေါ်ကြည့်သူက ကြည့်နှင့်. . .

ဒေါ့ဂျစ်ကားပိုင်ရှင်ကလည်း ကားနားခိုက် စေတနာဖြင့် သာကူသည်ဟု ဆိုပါ၏။

ဩော်. . . မြန်မာဆန်သော မြန်မာရပ်ကွက်ကလေးမှာ ဤနှယ် အရေးအကြောင်းရှိပြန်တော့လည်း ဝိုင်းလို့အုံလို့ ကိုယ့်ကိစ္စတွေပစ်ပြီး ကူညီကြလို့ပါလား။

ဆေးရုံကိုရောက်တော့. . .

"အဖေ. . . ကျွန်မအဖေရဲ့ အခြေအနေ ဘယ်လိုလဲ ဒေါက်တာရယ်"

"အရက် အလွန်အကျွံသောက်လို့ ဖြစ်ရတာပါ၊ စိတ်မပူ ပါနဲ့လေ၊ ကျွန်တော်တို့ ကြိုးစားကြသေးတာပေါ့. . ."

တကယ်လည်း အဖေ့ကို ကြိုးကြိုးစားစား ကုသကြပါ သည်။ အစ်ကိုမြင့်အေးကို ဖုန်းဆက်ခေါ်၍ ရောက်လာသော် ဆရာဝန်က ဆေးများဝယ်ခိုင်းသည်။ မမမေတုန်းကလို



www.burmeseclassic.com

www.burmeseclassic.com



ကျပ်တည်းချိန်မဟုတ်၍ နာရီပိုင်းအတွင်းမှာ အစ်ကိုမြင့်ဆေ
ဆေးတွေတပွေ့ကြီးနှင့် ပရိုက်ဗိတ်တက္ကစီကားငှားပြီး ပြန်ရော
လာခဲ့ပါသည်။

သွေးအန်ရပ်၍ အမောငြိမ်သွားသော်လည်း အဖေသ
ပြန်လည်၍ ကောင်းစွာ သတိမရတော့. . .

အဖေ့ကိုယ်ခန္ဓာတွင်းသို့ သွေးကြောများမှတစ်ဆ
တစ်စက်ချင်း ကျဆင်းနေသော အားဆေးရည်များထက် အ
များစွာ ပြေ၏ မျက်ဝန်းမှ မျက်ရည်တို့ တစ်ပေါက်ချင်း ကျဆ
နေသည်။

"အဖေရယ်"

"သမီးကို ပစ်မသွားပါနဲ့"

"အဖေမရှိဘဲ သမီးဘဝ ရပ်တည်လို့ မရနိုင်ပါဘူး အ
ရဲ့"

"အငယ်လေးဆိုပြီး သမီးကို သိပ်ချစ်ခဲ့တဲ့ အဖေရေ"

"သမီးကို ပစ်မသွားပါနဲ့နော်"

"သမီးကို မခွဲပါနဲ့၊ သမီးတစ်ယောက်တည်း မထားခဲ့
အဖေရယ်"

"အဖေ မသေပါနဲ့နော်"

"အဖေ မသေပါစေနဲ့ရှင်. . ."

ကံဆိုးသူ၏ ပန်ဆုမည်သည် ပြည့်ဝရိုးထုံးစံမရှိ. . .
ဆေးရုံတက်ပြီး နှစ်ရက်အကြာတွင် ဦးလူညိုသည် 





စိတ်မချနိုင်ပါဆိုသော အငယ်လေးဟု ချစ်စနိုး တင်စားခဲ့ရှာသော ပြေ့ကို ရှုပ်ထွေးလှသော လောကအလယ်တွင် တစ်ယောက်တည်း ထားရစ်ခဲ့ရရှာပြီတကား။

သေခြင်းတရားသည် အချစ်ဆုံးသားအဖကို ခွဲ၏။

ဂုဏ်မနှင့် ဘွဲ့တစ်ခုသည် အချစ်ရဆုံးကို ဆုံးရှုံးစေခဲ့ဖူးသည်။

ပြေမှာ. . .

ထွန်းနှင့် ထာဝရ ခွဲခွာရမည်ဟု သိရစဉ်ကထက်. . .

သာလွန်သော ပရိဒေဝများဖြင့် ဖခင်ကြီး၏အလောင်းကို တအားဖက်ထားပြီး. . .

"အဖေရယ်. . . အဖေရဲ့"

"ကံဆိုးမကို တကယ်ပဲ ထားပစ်ခဲ့ပြီလားရှင်"

နောက်ဆုံးစကားသံလေးများသည် မပီမပြင်နှင့် တိမ်ဝင်သွားပြီးနောက်. . .

သက်မဲ့ဖခင်ကို ဖက်ထားသော လက်တို့သည် လျော့၏။

ခြေတို့သည် ညွတ်ခွေ၏။

ပြေသည် ဆေးရုံ၏ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေပြီတကား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ပြေ၏ ဒုတိယဘဝမှ ဒုတိယကဏ္ဍ

ကိုသဲမောင်မောင်ရှင့်. . .

အမှန်တော့ ရေးလက်စ စာမူကြီး ပြီးမှ ပြန်ကြားဖို့ပါ။

ဟိုလကတည်းက စာသုံးစောင်၊ ဒီလမှာ စာလေးစောင် ရောက်ရှိလာတာနဲ့ အချိန်ယူပြီး ပြန်ကြားလိုက်ပါတယ်။

ကျွန်မရဲ့ ပျက်ကွက်မှုများကို တောင်းပန်ပါတယ်။ ပထမ တစ်စောင်ပြန်ပြီး မေ့သွားပြီလားလို့ စာတိုင်းမှာ ပါရှိနေပါတယ်။

မမေ့ပါဘူး ကိုသဲမောင်မောင်၊ ကျွန်မ မမေ့တတ်ပါဘူး။ စာကိုလည်း အထပ်ထပ် စဉ်းစား၊ အထပ်ထပ် ဖတ်ပြီးမှ ပြန်ကြားလေ့ရှိပါ။ ဝတ္ထုရှားကျော်ရှုံ့လေး၊ မာန မကြီးတတ်ပါဆိုတာ





ပြုံ့ရုံလေးအဖြစ်နဲ့ ဘယ်တုန်းကမှ ကျွန်မရဲ့ စာဖတ်သူတွေဆီကို ပြန်ကြားလေ့မရှိခဲ့ပါဘူး။

ကျွန်မရဲ့ဝတ္ထု စထွက်ကတည်းက အစဉ် တစိုက် ဖတ်ရှုပြီး အပြုသဘောနဲ့ ထာဝရ ဝေဖန် ဆွေးနွေးခဲ့တဲ့ ကိုသဲမောင်မောင်ကို ကျေးဇူးတင်ရှိ နေပါကြောင်း ပထမစာတုန်းကလိုပဲ ကျွန်မ ထပ်ပြီး ပြောပါရစေ။

ကျွန်မရဲ့ တတိယမြောက် ဝတ္ထုဖြစ်တဲ့ "ဘဝပျောက်သောမိန်းကလေး"ကို ဖတ်ပြီး စာ အရှည်ကြီး စရေးကတည်းက ကျွန်မ ကိုသဲမောင် မောင်ရဲ့ ဘဝဆိုတာကို စိတ်ဝင်စားခဲ့ပါတယ်။ ဒါပေမယ့် မအားလပ်လွန်းတဲ့ တာဝန်တွေကြောင့် ရယ်၊ စောစောက ပြောသလို စာပြန်ပြီးရင်လည်း ထာဝရ ခင်မင်ချင်လို့ ထပ်လာတဲ့ စာတွေကို ဖတ်ကြည့်ရင်း လေ့လာရင်းက အချိန်တွေ ကြာ သွားခဲ့တာပါ။ ပြန်ကြားပြီးတော့လည်း စာမရေး ဖြစ်တာ ကိုသဲမောင်မောင် ထင်သလို မေ့ပစ် လိုက်တာမျိုး မဟုတ်ရပါဘူးရှင်။

ကျွန်မ ဓာတ်ပုံကို မြင်ပါရစေ၊ ကျွန်မ အကြောင်း သိပါရစေ. . . လို့ ပြောကြားလာတာ ကို ပြန်ကြားပါ့မယ်။

ဓာတ်ပုံတော့ မပေးပါရစေနဲ့လေ။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတော့ ပြောပြပါ့မယ်။ တကယ် စေ့စုံအောင် ပြောရရင်တော့ ကျွန်မရေးနေကျထက် သာလွန်ပြီး အခန်းဆက်ဝတ္ထုရှည်ကြီး ဖြစ်သွားလိမ့်မယ် ကိုသဲမောင်မောင်။

ခုတော့ သာမန်ပဲ သိထားပါ။ ကျွန်မ လုံးချင်းဝတ္ထုတွေ ရေးနေပါတယ်။ မဂ္ဂဇင်း တစ်စောင်ကို ကိုယ်တိုင် ထုတ်ဝေနေပါတယ်။ မိဘ ညီအစ်ကိုမောင်နှမ မရှိဘူး။ သမီးလေး တစ်ယောက်နဲ့အတူ အခု ကိုသဲမောင်မောင် စာရေးနေတဲ့ လိပ်စာအတိုင်း ဝင်ဒါမီယာအိမ်မှာ နေပါတယ်။

စာပေရေးသားခြင်းသာ မကဘဲ ဂီတ၊ ကဗျာ၊ ရုပ်ရှင်၊ သဘင်ကအစ အဆို အက အနုပညာအားလုံးကို လေးစားသူ ဖြစ်ပါတယ်။

နားနေချိန်ဆိုတာ လုံးဝမရှိဘဲ အိပ်စက်ချိန်ကိုတောင် အလုအယက် ယူနေရအောင် အလုပ်များလွန်းတဲ့ မိန်းမသားတစ်ယောက်ဆိုတာ နားလည်ပေးရင်း စာရေး နှောင့်နှေးခဲ့ရင်လည်း ခွင့်လွှတ် ပါလို့ ကြိုတင် တောင်းပန်ထားပါရစေ။

ဘာပဲဖြစ်ဖြစ်. . . ကိုသဲမောင်မောင်ဟာ ကျွန်မရဲ့ မိတ်ဆွေတစ်ယောက်ဖြစ်ပြီလို့ ခံယူထားပါပြီဆိုတာ ယုံပါ။





စာရေးတိုင်း ဘဝရဲ့ နာကျည်းချက်တွေ ပါနေဝါလား။ ဆန္ဒရှိမယ်ဆိုရင် ရေးပြပါ။

မအားဘူးဆိုပေမယ့် စာဖတ်ချိန်တော့ ရပါတယ်။ စာရေးကောင်းတဲ့ ကိုသဲမောင်မောင်ရဲ့ စာကိုလည်း ကျွန်မ ဖတ်ချင်ပါတယ်။

အချိန်ရခဲ့ရင်တော့ ကျွန်မရဲ့အကြောင်းတွေလည်း ပြောပြပါ့မယ်။

ကိုသဲမောင်မောင် အကြောင်းလည်း ဇီစာပြန်ချိန်မှာ အားလပ်ရင် ထည့်ရေးလိုက်ပါ။

ကဲ. . . စာလည်းရှည်ပြီ။ ကျေနပ်ပါနော်။

ဆန္ဒရှိသမျှ ပြည့်ဝပါစေ. . .
ခင်မင်တတ်တဲ့
မသဲဖြူ

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်တတ်တဲ့

မသဲဖြူရေ. . .

ကျွန်တော်လေ မသဲဖြူရဲ့စာကို အခါပေါင်းများစွာ ဖတ်ပြီးမှ ဒီစာကို ရေးလိုက်ပါပြီ။

မမျှော်လင့်ရဲခဲ့ပါဘူးဗျာ၊ နိုင်ငံကျော်စာရေးဆရာမကြီးတစ်ယောက်ဆီကနေပြီး ကျွန်တော်လို သူညကောင်တစ်ယောက်ဆီကို ဒီလို တရင်းတနှီး ရေးသားလိမ့်မယ်လို့. . .

လူချင်းတွေ့ခွင့် ရရင်တော့ ဒီစကားမျိုးပြောရဲမှာ မဟုတ်ပါဘူး။ စာထဲတော့ အရှက်မဲ့စွာပဲ ရေးလိုက်ပါရစေတော့။

မသဲဖြူရဲ့စာလေးဟာ ကျွန်တော်နဲ့ အမြဲအတူ ရှိနေပါတယ်ခင်ဗျာ။

လမ်းထွက်တော့ အိတ်ထဲ ထည့်သွား





တယ်။ အိပ်ရာထဲဝင်တော့ ခေါင်းအုံးအောက်မှာထားအိပ်မိတယ်။ ဘာသဘောမှ မဟုတ်ပါဘူးဗျာ။ လေးစားလွန်းလို့. . . ခင်မင် မိလွန်းလို့ပါ။

မြန်မာတစ်ပြည်လုံးအတွက် ရေးသားနေတဲ့ မသဲဖြူရဲ့ ဝတ္ထုထဲက စကားလုံးလေးတွေ၊ ဇာတ်ကောင်အမည်တွေ၊ နယ်မြေဗဟုသုတတွေကိုတောင် အလွတ်ရအောင် ဖတ်နေတဲ့ကောင်က ကျွန်တော့်တစ်ယောက်တည်းအတွက် ရေးလိုက်တဲ့ စာ ဆိုတော့ ဘာပြောကောင်းမလဲဗျာ. . . အလွတ်ရရုံမကဘူး၊ စာလုံးအဆွဲအငင်၊ အပင့်၊ အရစ်ကလေးတွေကအစ မြင်နေတာဗျ။

မသဲဖြူရဲ့စာနဲ့ ဝတ္ထုတွေအကြောင်းချည်းသာ စာမေးပွဲစစ်ခဲ့ရင် ကျွန်တော်ပြောရဲတယ်၊ ကျွန်တော်ပဲ ပထမရမယ်၊

ကဲပါလေ. . . ကျွန်တော် ရေးချင်တိုင်းသာ စွတ်ရေးနေမိရင် မသဲဖြူကို အနှောင့်အယှက်ပေးနေရာကျတော့မယ်။

တခြားအကြောင်းတွေ မရေးတော့ဘဲ ကျွန်တော်ပြောချင်လွန်းတဲ့ ကျွန်တော့်အကြောင်းပဲ ရေးပါရစေတော့။

မသဲဖြူရဲ့ "ဘဝပျောက်သောမိန်းကလေး" ကို ဖတ်ပြီး ကျွန်တော် ငိုတယ် မသဲဖြူ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အထင်သေးသွားလားဟင်... ဒါမှမဟုတ် မသဲဖြူရဲ့ တင်ပြမှုအောင်မြင်တဲ့အတွက် ဂုဏ်ယူမိပါသလား။

မျက်ရည်လွယ်တာ ယောကျ်ားမဟုတ်ဘူး ကျွန်တော်သိပါတယ်။

ကျွန်တော် ဘာကြောင့် ငိုလဲလို့ မသဲဖြူ သိရပါစေမယ်၊

ဝတ္ထုထဲက 'ငုဝါ' အတိုင်း ကိုယ့်မိဘ ဘယ်သူမှန်း မသိဘဲ မျက်နှာစိမ်းတွေကြားမှာ ရောက်နေရတဲ့ ငုဝါရဲ့ ဘဝလိုပဲ။

ကျွန်တော်ဟာလည်း ဘဝပျောက်နေရတဲ့ သူတစ်ယောက်ပါ မသဲဖြူရယ်။

မသဲဖြူ နားထောင်ပါနော်။

ဟိုးလွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်ကာလ ညတစ်ညမှာ ရန်ကုန်မှ မန္တလေးမြို့ကို ဆန်တက်လာတဲ့ အမြန်ရထားကြီးဟာ ပျဉ်းမနားဘူတာ မရောက်ခင်မှာ ပြဿနာတစ်ခု ကြုံတွေ့ခဲ့ရပါသတဲ့။

မန္တလေးအထိသွားမယ့် လက်မှတ်ကို ကိုင်ပြီး၊ သိပ်လှပချောမောတဲ့ မိန်းကလေး တစ်ယောက်ဟာ ကိုယ်ဝန်အရင့်အမာနဲ့ ရထား





စီးလာရာက မွေးဖွားတော့မယ့် လက္ခဏာတွေပြပြီး ဝေဒနာ မချိမဆံ့ ခံစားနေရလို့ ရထားမှာ ပါလာတဲ့ ဆရာဝန်ကို အကူညီတောင်းပြီး ရထားပေါ်မှာပဲ ဖြစ်သလို မွေးဖွားခဲ့ရပါတယ်။

ကလေးကို မွေးဖွားပြီးပြီးချင်းပဲ သွေးလွန်တဲ့ ဝေဒနာကြောင့် အဲဒီ သိပ်လှတဲ့ အမျိုးသမီးဟာ သေဆုံးခဲ့ရရှာပါတယ်တဲ့ မသဲဖြူရယ်။

လှပြည်လည်းရောက်ရော... မိခင်ရဲ့ မေတ္တာလည်း ပျောက်ကွယ်သွားခဲ့ရတဲ့ မွေးကင်းစ ကလေးငယ်နဲ့အတူ သူ့မိခင်ရဲ့ အလောင်းကို အနီးဆုံး ဆိုက်ရပ်တဲ့ ပျဉ်းမနားဘူတာမှာ ချထားခဲ့ကြပါတယ်။

သူနဲ့အတူ ဘာသဲလွန်စမှ ပါရှိမလာလို့ ဘယ်သူဘယ်ဝါမှန်း မသိတဲ့ အလောင်းကို ပိုင်ရှင်ရှာမရတာနဲ့ သင်္ဂြိုဟ်လိုက်ကြရပါတယ်။

အဲဒီကလေးကို စောင့်ရှောက်ပေးရှာသူက ပျဉ်းမနားကို တာဝန်နဲ့ရောက်ရှိလာတဲ့...

"ဒေါက်တာသက်ဦးလွင်"ပါတဲ့ ခင်ဗျာ၊

"အဲဒီဆရာဝန်ကြီးဟာ သူနဲ့ထိုက်လို့ရတဲ့ ကလေး၊ သူမွေးမယ်ဆိုပြီး ကလေးထိန်း ကရင်မ တစ်ယောက်ကိုငှားပြီး နို့ဗူးတိုက် မွေးခဲ့ရှာပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မသဲဖြူဆိုတဲ့ စာရေးဆရာမကြီးရေ. . .

ဇာတ်ကွက် ဇာတ်လမ်း အဆန်းအပြားတွေနဲ့ ပရိသတ်ကို လှည့်စားပြီး တင်ပြသွားနိုင်သူမို့ ဒီလောက်ဆို သိပြီးပြီမဟုတ်ပါလားခင်ဗျာ။

အဲဒီကလေးဟာ "ကျွန်တော်"ပါ ဆိုတာ မသဲဖြူ သိလောက်ပါပြီနော်။

ဒါဆို ကျွန်တော် ဆက်ပြောမယ်။

ကျွန်တော်ဘာမှ မသိနိုင်တော့တဲ့ နှစ်နှစ်သား အရွယ်ထိတော့ ကံကောင်းခဲ့ပါတယ်။

အရှင်မွေး နေ့ချင်းကြီး၊ ရွှေပင်နားတော့ ရွှေကျေးဆိုတဲ့ စကားတွေလိုပေါ့ဗျာ၊ ဆရာဝန်တစ်ယောက်ရဲ့ ကောက်ရ မွေးစားသားဆိုတော့ ဆရာမတွေ၊ ဆေးဝန်ထမ်းတွေ၊ လူနာရှင်တွေက ဝိုင်းဝိုင်းလည်အောင် ချစ်ကြပါသတဲ့. . .

ဒါပေမယ့်၊ မသဲဖြူရေ. . .

ကျွန်တော့်ကျေးဇူးရှင် မွေးစားဖခင်ကြီး ဒေါက်တာသက်ဦးလွင်ဟာ ဆရာဝန်မတစ်ယောက်နဲ့ လက်ထပ်ခါနီးမှာ ပြဿနာတက်ပါလေရော. . .

လူအများရှေ့မှာ ဖြစ်ပျက်ဆုံဆည်းခဲ့ရတဲ့ ကိစ္စမို့ ကျွန်တော်ဟာ သူ့ခင်ပွန်းလောင်းရဲ့ တိုက်တခိုက်သားအရင်း မဟုတ်ဘူးဆိုတာတော့ ယုံပါသတဲ့၊

ဒါပေမယ့် တခြားပတ်ဝန်းကျင် အမြင်မှာ ကလေးတစ်ယောက်ပါလာတဲ့ ယောကျ်ားဆိုပြီး အပြောမခံချင်ဘူး။ ပြီးတော့. . . လက်ထပ်စ လွတ်လွတ်လပ်လပ်နေရမယ့်အချိန်မှာ ဒီကလေးက ကန့်လန့်အပါမခံနိုင်ဘူးလို့ တင်ပြလာပါတယ်တဲ့ မသဲဖြူရယ်. . .

ဩော်. . . ဘာမဆိုင် ညာမဆိုင် မီးရထားပေါ်က ကောက်လာခဲ့တဲ့ သံယောဇဉ်အမှုန်အမွှားလေးနဲ့စာရင် ဆေးကျောင်းသူကျောင်းသားဘဝတည်းက ချစ်လာခဲ့ကြတဲ့ "ဒေါက်တာနှင်းလွှာနု"ရဲ့ဆန္ဒကို ပိုပြီး အလေးထား ဦးစားပေးသင့်ပါတယ်လေ။

ဒါနဲ့ပဲ ငွေသုံးထောင်နဲ့ ကလေးတစ်ကောင်ကို ဆေးရုံက အထက်တန်းသူနာပြု ဆရာမ အပျိုကြီး "နန်းမွန်ခမ်း"ရဲ့လက်ကို အပ်ပစ်ခဲ့ပါတော့တယ်။

ကျွန်တော့်ကို မလိုချင်ဘဲနဲ့ ဆရာဝန်နဲ့ ခင်မင်လို့ တာဝန်ယူလိုက်ရတဲ့ သဘောပါ မသဲဖြူရယ်။

အန်တီဟာ ကျွန်တော့်ကို လုံးဝမချစ်ပါဘူး ခင်ဗျာ။




ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နည်းနည်းလေးမှလည်း မုန်းတဲ့ စိတ် မထားရှာပါဘူး။

ကျောင်းထားပေးတယ်၊ တစ်နှစ်ကို အဝတ်စား နှစ်စုံ ဝယ်ပေးတယ်။ ကျောင်းကိစ္စ လိုသမျှ ထုတ်ပေးတယ်၊ ထမင်းမှန်မှန် ချက်ကျွေး ပါတယ်။ သူ့တာဝန်တော့ အစအဆုံး ကျေပွန်ခဲ့ ရှာပါတယ်။

သူ ပင်စင်ယူတော့ သူ့ညီမတွေရှိတဲ့ လှိုင်ကော်မြို့ကို အပြီးပြောင်းသွားခဲ့ပါတယ်။ ကျွန်တော် ကိုးတန်းနှစ်မှာပါ. . . လှိုင်ကော်ကပဲ ကျွန်တော် ဆယ်တန်းအောင်ပေမယ့် ကျောင်း ဆက်မတက်နိုင်တော့ပါဘူး။ ခုဆို ကျွန်တော့်ရဲ့ ကျေးဇူးရှင် ကျွေးမိခင်ကြီး ဒေါ်နှမ်းမွှန်ခမ်း ကွယ် လွန်ခဲ့တာ သုံးနှစ်ကျော်သွားပါပြီ။

သူ သင်ပေးခဲ့တဲ့ ဆယ်တန်းအောင်တဲ့ ပညာနဲ့ ကျွန်တော် အခု စာရေးလေးလုပ်ပြီး ထမင်းဝရုံ စားနေရတယ်ဆိုပါတော့။ နေတော့ သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်ဘေး အဖီလေး မှာ နေပါတယ်။ ကိုယ့်ဟာကိုယ် ချက်စားပါ တယ်။ သူငယ်ချင်းမိသားစုက စားဖို့ခေါ်တိုင်း ကျွန်တော် အမြဲ ငြင်းပါတယ်၊ နေစရာလေးရပြီး ခိုလှုံခွင့်ပေးထားတာပဲ ကျေးဇူးတင်လှပါပြီ၊





လူဆိုတာလည်း အလိုက်သိတတ်မှ လူများက ကြည်ဖြူချင်ကြမှာ မဟုတ်လား။

သူငယ်ချင်းမိသားစုက ငါးယောက်ပါ၊ မချမ်းသာပေမယ့် မိသားစုစည်းလုံးစွာ ချစ်ခင် ကြပါတယ်၊ ကျွန်တော့်သူငယ်ချင်း "ဆွေလွင်" နေထိုင်မကောင်းဖြစ်တဲ့အခါ၊ သူ့အမေက ကိုယ်လေးစမ်း၊ စောင်လေး ခြုံပေးတာမျိုး၊ အဖေ က သားသောက်ဖို့ ချိုင့်လေးနဲ့ ဆန်ပြုတ်သွားဝယ် ပေးတာမျိုး တွေ့တော့၊ သူငယ်ချင်းကို အားကျ တာနဲ့အမျှ ကျွန်တော့်ဘဝကို ကျွန်တော် နာကျင် လွန်းလို့ ဝမ်းနည်းမျက်ရည်ကျခဲ့ရတာ အခါခါပဲ မသိဖြူရယ်။

ငယ်ဘဝ မှတ်မိတဲ့အချိန်ကစလို့ မေတ္တာ ရင်ခွင်ကိုမှီပြီး ဘယ်လူကြီးတစ်ယောက်ရဲ့ ပေါင်ပေါ်မှာမှ မထိုင်ခဲ့ရဖူးပါဘူး။

ကြီးလာတော့လည်း ကျွန်တော့်အတွက် စိုးရိမ်ပူပန်ပေးမယ့်သူ၊ မျှော်နေရှာမယ့်သံယော ဇဉ် ရှိသူရယ်လို့ ကျွန်တော့်ဘဝမှာ တစ်ခါမှ မရရှိခဲ့ဖူးသေးဘူး။

ယောက်ျားပဲဆိုပြီး တစ်ခါတလေတော့ လည်း အားတင်းစိတ်နဲ့ သူငယ်ချင်းတွေနဲ့ ပျော်တဲ့ အခါမျိုးလည်း ရှိပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုယ့်ဘဝကို ကိုယ် ပြန်တွေးလိုက်တဲ့အခါတိုင်းမှာ လူသားအားလုံးမှာ မခံစားကြဖူးတဲ့ သီးခြားဝေဒနာသစ်တစ်ရပ်ကို ကျွန်တော် ကြေကြေကွဲကွဲ ခံစားနေရပါတယ်။

အမိရယ်၊အဖရယ်ရှိမှလူသားတစ်ယောက် ဖြစ်လာနိုင်မယ်မဟုတ်လား။

ကျွန်တော့်မိခင် သေဆုံးသွားတာကတော့ အားလုံးရဲ့ရှေ့မှာမို့. . . ထားပါတော့. . .

ဒါဆို ကျွန်တော့်ဖခင်။

"ဖေဖေဆိုတဲ့သူ"ဟာ ဒီကမ္ဘာပေါ်မှာ ရှိနေရဦးမယ်။ ခု မရှိတော့တဲ့တိုင် ရှိခဲ့ဖူးရမယ်။

အဲဒီ ဖေဖေတို့၊ မေမေတို့နဲ့ ဆက်နွှယ်တဲ့ သွေးသားတွေ. . .၊ အို. . . တွေးစရာတွေ အများကြီးပါနော်။

လူတစ်ယောက်ဟာ သီးခြားဖြစ်ထွန်းလာတာမျိုး မဟုတ်ပါဘူး။ မိဘ၊ ဆွေမျိုးသွေးသားအရင်း၊ တဝမ်းကွဲ၊ နှစ်ဝမ်းကွဲ၊ မောင်နှမ၊ အစ်ကို၊ ညီ စသည်တွေ အများကြီး ရှိလာနိုင်မှာပါ။

ကျွန်တော်လည်း ဒီလိုပဲရှိမှာပါနော် မသဲဖြူ။

ဒါဆို. . .

ကျွန်တော် ဘယ်သူလဲဗျာ။





ဒီအကြောင်းတွေ တွေးမိတိုင်း အိပ်မရတဲ့ ညတွေက မရည်မတွက်နိုင်တော့ပါဘူး။

ကျွန်တော် ဘာလုပ်ရမလဲ။

ဒီလိုပဲ နေရမလား။

စွမ်းဆောင်နိုင်တဲ့ ကိုယ်ခန္ဓာအင်အား ရှိပေမယ့် ငွေအင်အား၊ အရှိန်ဝါအင်အား ဆိုတာ ဘာမှမရှိတဲ့ ကျွန်တော်ဟာ ဒီလိုပဲ ဘဝဆုံးတဲ့ အထိ နေရတော့မှာလားဗျာ။

အနှောင့်အယှက် မဖြစ်ဘူးဆိုရင် အားလပ်မယ့် တစ်ချိန်လောက်မှာ ကျွန်တော် ဘာလုပ်သင့်သလဲဆိုတဲ့ ညွှန်ကြားချက်မျိုးလေး တွေးပေးနိုင်မလား မသဲဖြူ။

ဩော်. . . တစ်ခုတော့ရှိတယ်။ကျွန်တော် ပြောဖို့ မေ့သွားတယ်။

ကျွန်တော့်မေမေရဲ့ ပစ္စည်းတဲ့။ တစ်ခုတည်းသော သဲလွန်စပစ္စည်းလေးပါ။ အဲဒါကတော့. . .

T+K ဆိုတဲ့ စာတမ်းထိုးထားတဲ့ ရွှေလက်စွပ်လေးတစ်ကွင်းတော့ ကျွန်တော့်ဆီမှာ ရှိပါတယ်။

လက်စွပ်ကို ကိုင်၊ သားကိုပိုက်ပြီး ကျန်စစ်သား ဘုရင်ကြီးဆီ လိုက်သွားခဲ့တဲ့ ပုဂံရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com



ထဲက သမ္ဘူလလို ကျွန်တော့်ကို ဦးဆောင်ခေါ် သွားမယ့် မိခင်လည်း မရှိတော့ဘူးလေ။

ဒီလက်စွပ်ကို ကိုင်ပြီး ဖခင်အရွယ်တိုင်းကို လိုက်မေးလို့ တွေ့နိုင်မယ်မျှားဆိုရင်. . . ကျွန်တော် မနားမနေ ရှာဖွေမိမှာပါ။ ဒါပေမယ့် ဒါဟာ သူရူးတစ်ယောက်ရဲ့ စိတ်ကူးထက် ဆိုးဦးမှာပါဗျာ။

ဘာမှ မတွေးမိတဲ့ အခါမျိုးမှာတော့ ယောက်ျားလေးမို့ သွားသွားလာလာပါပဲ။ ဒီအကြောင်း တွေးမိတဲ့အခါတိုင်းမှာတော့ မသဲဖြူ ဝတ္ထုထဲကစာသားလို နွေကန္တာထဲက နှလုံးသား လေးပါပဲ မသဲဖြူရယ်။

ကျွန်တော်စာတွေ ဘယ်လောက်အထိ မျှား ရေးမိသွားပြီလဲ မသိပါဘူး။ ကျွန်တော့်စာ ရောက်ချိန်ဟာ မသဲဖြူရဲ့ အားလပ်ချိန်နဲ့ တိုက်ဆိုင်ပါစေသားဗျာ။

မသဲဖြူရေ. . .

လူဆိုတာ တမ်းတခြင်း၊ သတိရခြင်း၊ လေးစားခြင်း၊ အားကိုးခြင်း၊ လှိုက်လှဲစွာ ခင်မင်တတ်ခြင်း စတဲ့ ခံစားမှုတွေ ဖြစ်ထွန်းတတ်တဲ့ သတ္တဝါတစ်မျိုးပါနော်။

ဒီထဲမှာ ကျွန်တော့်ဟာ အဲဒါတွေ အားလုံး





ရဲ့ အမြင့်ဆုံးခံစားမှုနဲ့ မသဲဖြူကို တွယ်တာနေမိ ပါပြီ။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဘဝရဲ့ တစ်ဦးတည်းသော ခင်မင်အားကိုးရာဖြစ်လို့ပါ။

ကျွန်တော့်စာမှာ ချွတ်ယွင်းတာ၊ မှားယွင်း တာ ပါခဲ့ရင် ခွင့်လွှတ်ပေးပါလို့ လေးလေးစားစား ကျွန်တော် တောင်းပန်ပါတယ်။

အခု မသဲဖြူ ကြော်ငြာထားတဲ့. . .

"အလွမ်းလမ်းခွဲလေး"

ဆိုတဲ့ ဝတ္ထုရှည်က ဘယ်တော့လောက် ထွက်မှာလဲ။

စာအုပ်ဆိုင်မှာ ကျွန်တော့်ကို အရင်ဆုံး ငှားပါလို့ ကြိုတင်ပြောထားရပါတယ်။ မဟုတ်ရင် မသဲဖြူရဲ့ စာအုပ်က လက်မလည်တော့ဘူးလေ။

ဝတ္ထုဖတ်ပြီးမှ ထုံးစံအတိုင်း ဝေဖန်ချက် ရေးပေးလိုက်ပါဦးမယ်။

ဝတ္ထုမထွက်သေးလည်း စာတော့ ရေးနေ ပါရစေ၊ ခွင့်ပြုပါနော် မသဲဖြူ။

ကျွန်တော်တို့ရဲ့ လှိုင်ကော်မြို့ကိုလည်း တစ်ခါလောက် လာရောက်လေ့လာပြီး ရေးသား ပါဦးလို့ ဖိတ်ခေါ်ပါရစေ။

အားရင်လည်း စာပြန်ပါဦးနော် မသဲဖြူ။



www.burmeseclassic.com

www.burmeseclassic.com



စာလာတဲ့နေ့များဆိုရင် ဖွင့်ရတဲ့ ကျွန်တော့်လက်ကလေးတွေ တုန်နေအောင် လှိုက်လှိုက်လှဲလှဲ ဝမ်းသာရပါကြောင်း မသဲဖြူရယ်. . . သိပါစေ။

ရေးချင်တာတွေများလွန်းလို့ ကျွန်တော့်စာတွေ အစီအစဉ်မကျရင်လည်း ပြင်ဆင်ဖတ်ရှုပါတော့နော်။

ကျွန်တော့်စာကြောင့် စိတ်အနှောင့်အယှက် ဖြစ်မသွားပါစေနဲ့လို့ ဆုတောင်းရင်း နိဂုံးချုပ်ပါပြီ။

ထာဝရ အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက် ဖြစ်ပါစေ။

ခင်မင်တတ်တဲ့ မသဲဖြူကို
သိပ်ပြီး ခင်မင်ရပါတဲ့. . .
သဲမောင်မောင်
လှိုင်ကော်မြို့။

◆ ◆ ◆





ကိုသဲမောင်မောင်ရေ. . .

စာရှည်ကြီး လာပြီးတဲ့နောက် ကျွန်မစာချက်ချင်းပြန်ခဲ့ပေမယ့် ဝတ္ထုဇာတ်သိမ်းပိုင်းရေးနေလို့ တစ်မျက်နှာတည်း ပြန်ကြားခဲ့မိပါတယ်။

ခုဆို နောက်ထပ် ကိုသဲမောင်မောင်စာတွေ သုံးစောင် ဆက်တိုက်ရရှိထားပါပြီ။

ကျွန်မ အားလပ်သွားပါပြီ။

စာအရှည်ကြီး ပြန်ကြားမယ်နော်။

ကိုသဲမောင်မောင်ရဲ့ဘဝ လက်ရှိရပ်တည်မှုကို ကြားသိရတာ တကယ့်ကို တစ်မျိုးပဲ ခံစားခဲ့ရပါတယ်။ လောကမှာရှိတဲ့ လူတိုင်းဟာ သီးခြားသောကတွေနဲ့ ရှုပ်ထွေးပူလောင်နေကြတာချည်းပါပဲလား။

ဒီအထဲမှာ လုံးဝ ကွဲလွဲတဲ့ ခံစားမှုသစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်နဲ့ လောကကို ရင်ဆိုင်နေရရှာတဲ့ ကိုသဲမောင်မောင်ရယ်. . .

စာလာတဲ့နေ့က စာရေးပျက်သွားလောက်အောင်ကို ကိုသဲမောင်မောင်အကြောင်း ကျွန်မတွေးနေမိပါတယ်။

တကယ်စိတ်မကောင်းပါဘူးရှင်၊ ဘယ်ကဏ္ဍ၊ ဘယ်ရှုထောင့်ကနေပြီး ကူညီဖြေရှင်းပေးရရင် ကောင်းမလဲလို့ မကြာခဏ တွေးတောမိ၊ စဉ်းစားမိခဲ့ပါတယ်။ ခုထိတော့ အဖြေမပေါ်သေးဘူး။

ဒါပေမယ့် ကျွန်မစဉ်းစားမိသလောက်ပြောရရင်တော့ ကိုသဲမောင်မောင်ရဲ့ မိခင်ဟာ ရန်ကုန်က စထွက်ခဲ့တာနော်။ ဒါကြောင့် သူ့ရဲ့ ပြဿနာဟာ ရန်ကုန်မှာပဲ ကျန်ရစ်ခဲ့နိုင်မယ်လို့ ကျွန်မထင်နေမိတယ်။

ဘာဖြစ်လို့လဲဆိုရင် တောမြို့ တောနယ်မှာ လူတစ်ယောက်ယောက် ပျောက်သွားရင်၊ ပြဿနာတစ်ခုခု ဖြစ်ခဲ့ရင် တစ်မြို့လုံး မသိတောင် တစ်ရပ်လုံး သိကြတာချည်းပါပဲ။ ကိုသဲမောင်မောင်ရဲ့ မိခင်ဟာ ရန်ကုန်သူတစ်ယောက်ပဲ ဖြစ်လိမ့်မယ်ထင်ပါရဲ့။

ရန်ကုန်ဆိုတာကလည်း နံရံ တစ်ချပ်ခြားရင်တောင် ဟိုဘက်ခန်းက ဘာတွေလုပ်ပြီး ဘာတွေဖြစ်နေတယ်ဆိုတာ မသိနိုင်ကြပါဘူး။ ဒါကြောင့်သာ ကိုသဲမောင်မောင်ရဲ့မိခင် ပျောက်ဆုံးသွားတဲ့ ဇာတ်လမ်းဟာ သူနဲ့အတူ တိမ်မြုပ်ပျောက်ဆုံးသွားခဲ့ရတာ ဖြစ်မှာပါ။

ကျွန်မက စိတ်ကူးယဉ်ဇာတ်လမ်းတွေဆင်နေသူမို့ ကျွန်မတွေးမိသလောက် ပြောရရင်. . . သိပ်လှတဲ့ ကိုသဲမောင်မောင်ရဲ့ မိခင်ကို သူ့မိဘ ဆွေမျိုးအသိုင်းအဝန်းက စွန့်ပစ်ထားကြဟန် တူပါတယ်။ အဲဒီအချိန်မှာ သူဟာ သူ့ခင်ပွန်းနဲ့ အကြောင်းကြောင်းကြောင့် အကြီးအကျယ် အဆင်မပြေတာမျိုး ဖြစ်ခဲ့ပြီး. . .

ကိုယ်ဝန် အရင့်အမာနဲ့ တစ်ယောက်တည်း ထွက်လာခဲ့တာနေမှာပါ။

သူ့ရဲ့ ခရီးဆုံးဟာ မန္တလေးတဲ့၊ ဒါကြောင့် မန္တလေးမှာ မှီခိုအားကိုးရာ တစ်ခုခုပဲ ရှိလို့လား။ မန္တလေးရထားမို့ မန္တလေးလက်မှတ်ဝယ်ပြီး ကြုံသလို တက်စီးလိုက်တာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပဲပေါ့။

သူ ဘယ်သွားမလဲလို့ မသိတာထက်ကို သူ့နာမည်လေးတောင် မသိလိုက်ရတာက တကယ်ဆိုးတယ်။ သူ့ရဲ့ ရထားလက်မှတ်လည်း







www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်တော့မယ် မဟုတ်ဘူးနော်။ ရှိခဲ့ရင်လည်း လက်မှတ်မှာ မှတ်ပုံတင်အမှတ် ပါရဲ့လားလည်း မသိ။

ထားပါတော့လေ။ လက်စွပ်ကလေး တစ်ကွင်းမှာ စာတမ်းလေးပါနေတာတော့ အားရှိစရာပါပဲ။ အဲဒါလေးဟာ ကိုသဲမောင်မောင်ဘဝကို သိရစေဖို့ရဲ့ တစ်ခုတည်းသော သဲလွန်စလေးပါ။

အဲဒါကိုတော့ မပျောက်အောင် သိမ်းထားပါနော်။

ဖြစ်နိုင်ရင် တစ်ခါလောက် ရန်ကုန်လာခဲ့ပါ ကိုသဲမောင်မောင်။

ခုဆို ကျွန်မမှာ အပေါင်းအသင်းတွေ၊ မိတ်ဆွေတွေ၊ အကူညီပေးမယ့်သူတွေ အများကြီး ရှိနေပါပြီရှင်။

လှိုင်ကော်မှာ ရှိနေတာထက် စာရင်တော့ ပိုပြီး ဖြစ်နိုင်စရာ အလားအလာ ရှိမှာပေါ့။ နောက်ပိုင်း ထပ်ဆွေးနွေးကြသေးတာပေါ့၊ ကျွန်မ စာရေးပါ့မယ်။ ရန်ကုန်လာဖြစ်မယ့် အချိန်ကျရင် လာနိုင်ဖို့ ကိစ္စက အစ ကျွန်မ အကူညီပေးပါ့မယ်။

ဒီအတွက်တော့ အားမနာပါနဲ့။ အကူညီ





ပေးနိုင်တဲ့ဘဝမို့ ပေးရတာပါလေ။

စာထဲမှာ ကျွန်မ သိပ်ပညာရှိကြောင်း၊ ဝင်ငွေတွေ ကောင်းလွန်းတဲ့ သူဌေးမတစ်ဦး ဖြစ်ကြောင်းတွေ. . . ပါတော့ ပြုံးမိတယ် ကိုသဲမောင်မောင်ရေ. . .

ဪ. . . လူ့ဘဝဆိုတာ အဆစ် အချိုး၊ အကွေ့ အကောက်၊ အနိမ့် အမြင့် များစွာနဲ့ ပြောင်းလဲတတ်ပါလားနော်။

ကိုသဲမောင်မောင်ရဲ့ ကိစ္စကိုတော့ ကျွန်မ တတ်စွမ်းသမျှ အကူညီပေးပါ့မယ်လို့ ပြောကြားရင်း တချိန်ချိန်မှာ ဆုံကြရအောင်ပါလေနော်. . .

ခုတော့. . .

ကိုသဲမောင်မောင် သိပ်သိချင်နေတဲ့ အထပ်ထပ်အခါခါ မေးလွန်းတဲ့ ကျွန်မရဲ့ အကြောင်းစုံကို ရေးသားတင်ပြပါ့မယ်။

"သမီးတစ်ယောက်နဲ့ နေပါတယ်"ဆိုလို့ ခင်ပွန်းက ဘယ်သူပါလဲ၊ အတူ နေပါသလား၊ တခြားမှာလားဆိုတဲ့ မေးခွန်းကို အရင်ဆုံး ဖြေပါ့မယ် ကိုသဲမောင်မောင်။

ကျွန်မမှာ သမီးတစ်ယောက် ရှိနေပါတယ်။ ဘဝပျက်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှာ တရားဝင်လင်ယောကျ်ားအဖြစ်နဲ့ ဘယ်သူ့ကိုမှ လက်မထပ်ခဲ့ဖူးပါဘူး။

အံ့ဩသွားလား ကိုသဲမောင်မောင်. . .

ကိုသဲမောင်မောင် အခုနေတဲ့မြေ၊ ကိုသဲမောင်မောင် ကျွန်မကို ဖိတ်ခေါ်နေတဲ့ လွိုင်ကော်မြို့ကို အခြေခံအနေနဲ့ ရေးဖွဲ့ပါဦးဆိုတဲ့ ကန္တာရဝတီရဲ့. . .

ဘီလူးချောင်းရေအလျဉ်၊ တောင်ကွဲစေတီတော်၊ လွှမ်းစေတီရှိရာ တောင်ကုန်းမြင့်သာ၊ ကယားတို့ရဲ့ ယဉ်ကျေးမှု ထိန်းသိမ်းထားဆဲ "ချီကယ်"ရွာ. . .

စတဲ့ နေရာတွေဟာ ကျွန်မနဲ့ ကိုးနှစ်ပတ်လုံး ထိတွေ့ နေထိုင် ရင်းနှီးခဲ့ရတဲ့ နေရာဟောင်းလေးတွေပါ ကိုသဲမောင်မောင်ရယ်။

အဲဒီမြေကို ကျွန်မချစ်တယ်။ အဲဒီမြို့မှာ ကျွန်မပျော်မွေ့ခဲ့ပါတယ်။ နှလုံးကြေကွဲခဲ့ပါတယ်။ ကျွန်မရဲ့ ခံစားမှုပေါင်းစုံ ဖြစ်ထွန်းခဲ့တဲ့ နေရာဟောင်းလေးပါဆိုရင် ကိုသဲမောင်မောင် အံ့ဩသွားမလားဟင်. . .။

ကျွန်မရဲ့ ချစ်ခြင်းမေတ္တာသည်သာ. . . ကိန္နရီ ကိန္နရာ မောင်နှံလို. . . ဂန္ဓဝင်တွင်ရစ်မယ့် အချစ်ဒဏ္ဍာရီလေးတစ်ပုဒ် ဖြစ်ခဲ့ရင်. . .





ကိုသဲမောင်မောင်ရေ. . .

တောင်ကုန်းလေးပေါ်က မြရာပင်ကြီးအောက်က ဘီလူးချောင်းနံ့ဘေးမှာ ကျကြွေကျန်ရစ်ခဲ့တဲ့ ကျွန်မရဲ့ သွေးစွန်းနေတဲ့ နှလုံးသည်းပွတ် အစအနလေးတွေကို ပြန်လည် ဖွေရှာကြည့်ရင် တွေ့နိုင်မှာပါလို့ တင်စားတင်ပြပါရစေ။

ဩော်. . . အခု အောင်မြင်နေတဲ့၊ အများတကာ အထင်ကြီးနေတဲ့ မသဲဖြူဆိုတဲ့ စာရေးဆရာမတစ်ယောက်ဟာ. . .

တစ်ချိန်က ဘီလူးချောင်း ကမ်းစပ်နေပူထဲမှာ ခနရှင်မိသားစုရဲ့ အဝတ်တွေကို နေ့စဉ် လျှော်ဖွပ်ပြီး အိမ်ရှင်ကြီးတို့ရဲ့ ခိုင်းစရာ. . . စေစရာ. . .

"ပြေ" ဆိုပါတဲ့ မိန်းကလေးတစ်ယောက်အဖြစ်မှသည်. . .

အောင်မြင်ကျော်ကြားသော စာရေးဆရာမ မသဲဖြူ ဖြစ်လာခဲ့ပါသည်ဆိုရင် ကိုသဲမောင်မောင် ယုံမလားဟင်။

ပြေ့ အဖြစ်ကတော့. . . . . . . . .

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"မိုးရာသီဆို ဝတ္ထုသစ်တွေကလည်း တအားထွက်တာ
အားလုံးဝယ်ဖို့ ငွေမလောက်တော့ဘူး ဦးလေးရဲ့"

"ညည်းကို ကျုပ်ယုံပါတယ်၊ ယူသွား ငွေပြည့်မှ လာ
လှည့်"

"ဦးတင်နွယ်"၏ ယုံကြည်ခြင်း၊ ပြေ၏ သစ္စာရှိခြင်း
ကြောင့် ရင်းနှီးမှုက ပိုမိုခိုင်မာလာခဲ့ကြသည်။

ဦးလေးတင်သည်လည်း တောင်ဥက္ကလာပတွင် အိမ်
၍ နေခဲ့ရာမှ ပြေတို့အနီး မေတ္တာလမ်းမကြီး၌ အိမ်ဝယ်
ပြောင်းရွှေ့လာခဲ့သည်။ အဖေနှင့်ပါ "ဗျို့. . . ဦးညို"
"ဟော. . . ဦးတင်နွယ်"နှင့် စိတ်သဘော ကောင်းသူ
မိတ်ဟောင်းဆွေဟောင်းတွေလို ရင်းနှီးသွားကြသည်။ အ
နှစ်ယောက် တစ်ခါတလေ နာရီများစွာကြာအောင်
လက်ဆုံ ကျနေကြတတ်၏။





"ဟဲ့. . . ပြေ၊ ညည်း စာရေး တယ်ကောင်းဆိုပါလား"

"ဟာ. . . မဟုတ်တာ၊ ဦးလေးတင်ကို ဘယ်သူတ
ပြောလဲ"

"ဘယ်သူရှိရမလဲ၊ ညည်းအဖေ ဦးညိုပေါ့"

"အလကားပါ ဦးလေးရာ"

ပြေ ရေးခဲ့ဖူးသော ငယ်ချစ်ဦးသို့ တမ်းချင်း စာတမ်း
များကို အဖေ ဖတ်ခဲ့ဖူးလေသည်လား မသိ။

"ညည်း ဝတ္ထုရေးမလား"

"ဘယ်ရေးတတ်ပါ့မလဲ"

ရင်ထဲက နောက်ဆက်တွဲ စကားလုံးလေးများကတော့
"ဝတ္ထုတော့ မရေးတတ်ဘူး၊ ရည်းစားစာတော့ စာမျက်နှာ
တစ်ရာလောက်ရေးလည်း စာလုံးမထပ်စေရဘူး"ဟူ၍. . .

ထွန်းသို့ ရည်ညွှန်းရေးသားခဲ့သော စကားလုံးများကို
ဘယ်အချိန်မှာပဲ စဉ်းစား စဉ်းစား အလွတ်ရနေသေးသည်
သာ. . .

ကြည်နူးစရာ စာတမ်းလေးများ ပြန်ဖတ်မိတဲ့အခါမှာ
တော့ တစ်ယောက်တည်း ပြုံးလို့. . .

ကြေကွဲလွမ်းဆွတ်ဖွယ်ရာ ကိုယ့်စာ ကိုယ်ဖတ်ပြီး မျက်
ရည်ကျရသည်ကလည်း အခါခါပါ။

ကိုယ်ရေးတဲ့စာကို ကိုယ့်ဟာကိုယ် ခံစားရသလိုသာ၊
ပြေ့စာကို ဖတ်မိသူတို့မှာ ပြေ၏ ခံစားမှုရောဂါ ကူးစက်စေနိုင်း
ဆိုပါလျှင် ပြေ စာရေးဆရာဖြစ်လောက်ပါပြီ။ ခုတော့ နေ့တာတ်



www.burmeseclassic.com

www.burmeseclassic.com



တာက ထွန်းအကြောင်း၊ ရေးချင်တာက ကြေကွဲမှုဝေဒနာ ဘယ်မှာဖြစ်ပါမလဲ။

"ဒီလိုလုပ် လျှောက်လွှာစာမျက်နှာနဲ့ အရွက်နှစ်ဆယ်နဲ့ နှစ်ဆယ့်ငါးမျက်နှာလောက် ဝတ္ထုတိုတစ်ပုဒ် စမ်းရေးကြည့်စမ်း"

"ဖြစ်ပါ့မလား ဦးလေးတင်ရယ်"

"ဖြစ်တယ် ဦးတင်၊ ကျုပ်သမီးက အားကြီး စာရေးနိုင်တာဗျ၊ ခင်ဗျားပြောတဲ့ လျှောက်လွှာစာမျက်နှာ နှစ်ဆယ် အစိတ်လောက်ဆိုရင် ရေးရလွှ နှစ်ရက်ပဲ"

"ဟာ. . . အဖေကလည်း ဟိုတုန်းက ရေးတာက. . ."

ပြေ စကားမဆက်တော့။ ဆက်မည့်စကားကို ဖြေ ရော. . . အဖေရော သိသည်။ ဦးတင်နွယ်ကသာ. . .

"ဒီမှာ ပြေ၊ စာရေးဆရာ ငါးဦးရဲ့ ဝတ္ထုတိုတွေ ထုတ်မလို့ ငါ့ဆီမှာ နာမည်ကြီးနှစ်ယောက်၊ အလယ်လတ် နှစ်ယောက်ရဲ့ စာမူ ရထားပြီ၊ လိုတဲ့တစ်ယောက်ကို အသစ်ထည့်မလို့၊ ငါထင် ပြီး စာမူဝယ်ရရင်လည်း မကိုက်တာတစ်ကြောင်း၊ ညည်းရဲ့ လက်စွမ်းလက်စကိုလည်း ကြည့်ချင်လို့. . ."

"သမီး. . . ဒီအခွင့်အရေးမျိုးဆိုတာ ရဖို့ မလွယ်ဘူး ရေးသာရေးကြည့်စမ်းပါ၊ ဦးတင်နွယ်က ဖတ်ကြည့်ဗျာ၊ အမှား အယွင်းတွေ့ရင် ပြင်ခိုင်းပေါ့၊ ကဲ. . . အငယ်လေး ဒီညတစ်ပြီး ရေးပေတော့. . ."

အပေးအယူ တည့်ကြလေပြီ။

ပြေ့၏ ပထမဆုံး အခက်ခဲက ဝတ္ထုခေါင်းစဉ် အရ





ွေးပြီးမှ ဒီနာမည်နဲ့လိုက်အောင် ရေးရမှာလား။

သို့မဟုတ် ရေးစရာအကြောင်းရာရှာပြီးမှ ဝတ္ထုခေါင်းစဉ် တပ်ရမှာလားမသိ။

အဲဒီနေရာတွင် ချာလပတ်လည်နေသည်က တစ်ပတ် လောက် ကြာသွားသည်။

နောက်ဆုံးတော့. . .

"နှလုံးသားသစ်၏ ခံစားမှုဝေဒနာဦး"

ဟူသော ခေါင်းစဉ်အောက်မှ ပြေ ရေးဖွဲ့မိသည်က သယ်ချစ်ဦးနှင့် ဂုဏ်ပကာသန ခြားနား၍ ခွဲခွာရသည့် အလွမ်း ဝတ္ထုငယ်. . .

စာလုံးလေးများ ဆက်ဖွဲ့ပြီး ဝါကျတစ်ခု ဖြစ်လေတိုင်း ထွန်းကို ပြန်လည် သတိရစေရုံမက. . . ယခု ဝတ္ထုမှ ဇာတ်ကောင်၏ ခံစားမှုပါ ကူးစက်လာ၍. . .

ဤဝတ္ထုကို ပြေ ရေးရင်း ငို၊ ငိုရင်း ရေးမိပါသည်။

နောင်သောအခါတွင်လည်း ခံစားမှု ဝတ္ထုနှင့် ရင်နာ ကြေကွဲဖွယ် အကြောင်းများ ရေးမိလေတိုင်း ပြေ့ စာမူပေါ်သို့ ပြေ၏ မျက်ရည်စက်တို့ ကျကြွေနေကျ။

ဩော်. . . ခံစားမှု စာပေဟူသည် ကိုယ်တိုင် ပြင်းပြင်း ထန်ထန် ခံစားပြီးမှ မျှဝေရသည်ပါလား

စာရေးဆရာဟူသည် ပထမ ခံစားရသူပါတကား။

စာမျက်နှာ သုံးဆယ်လောက် ဖြစ်နေ၍ ပြန်လျှော့ရ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ကိုယ်ရေးချင်သည့် အကြောင်းကို သတ်မှတ်သော ဘောင်နှင့် စာဖောင်နှင့် အံဝင်အောင် ရေးတတ်ရသည်။ လည်း စာရေးဆရာတစ်ယောက်၏ ခက်ခဲမှုပညာတစ်ရပ်ပါပေ

နားမလည်၍ စာမျက်နှာနှစ်ဘက် ရေးမိ၍ အစအဆုံး ပြန်ကူးရပြန်သည်။

တဘက် တစ်မျက်နှာတည်း ရေးရခြင်းမှာ စာစီသ များ စာစီခုံပေါ်တွင်ချ၍ စီကြရသည်။ ကျောဘက်တစ်ခုလုံး ခဲစာလုံးများမှ မင်များ ပေစွန်းကုန်၍ ကျောဘက်မှ စာ ဖတ်၍ မရနိုင်တော့သဖြင့် တစ်မျက်နှာတည်းသာ ရေး ဟူသော သတ်မှတ်ချက် ထားရသည်ဟု ပြေ နားလည်လာ ၏။ စာဖောင်ဆိုသည်မှာ ၁၆ မျက်နှာကို ခေါ်ကြောင်း ဦးလေးတင်ပြောမှ ပြေ ကြားဖူးရသည်။ စက်ကြီးပေါ်တွင် တစ်ခါတင်ရိုက်လျှင် ၈ မျက်နှာ ရိုက်နိုင်သည်။ ကျောဘက် လှန်ပြီး တစ်ခါရိုက်လျှင် ၈ မျက်နှာ။

"ငါ့ညီမ မဆိုးဘူး။ ရေးတတ်လိုက်တာ"

အစ်ကိုမြင့်အေးက စာမူဖတ်ပြီး ချီးကျူးသည်။ အဖေ မျက်မှန်ကြီး တကားကားနှင့်။

"ငါ့သမီး ဖြစ်ထွန်းပါတယ်လို့ ငါမပြောလား"

ဦးလေးတင်ကလည်း တက်နိုင်သည်ဟု ဖတ်ပြီး မှတ်ချ ချသည်။

ပြေ့ စာမူကြီးကိုင်ပြီး ဆွေးနွေးနေကြသည့်နေ့တ... အမယ်လေး... ရုက်လိုက်တာမှ သေချင်ပါရော





မြကြီးထဲပင် ခွဲဝင်ပြီး ပုန်းနေချင်မိသည်။

ယခုထက်တိုင် ပြေ့ရှေ့မှာ ပြေ့စာကို ဖတ်နေလျှင် ှက်နေတတ်တုန်းပါ။

ဦးလေးတင်တို့၊ အဖေတို့၊ အစ်ကိုမြင့်အေးတို့ သဘောကျ ကြသည်ဆိုသော ဤဝတ္ထုမှာ နွေရာသီ ပွဲတော်ချိန် စာအုပ်တွေ ချိန်မှီ မထုတ်ဖြစ်နိုင်သေးတဲ့။

မိုးရာသီ ရောက်ပြန်တော့လည်း ငါးယောက်တွဲဝတ္ထုတွေ ခွဲ့လို့ 'အောင်း'ထားရသည် ဆိုပြန်သဖြင့် ယင်းကိစ္စကို ပြေပင် ေမ့ပျောက်သွားရသည်။

သည်အတွင်းမှာမှ အဖေ ဆုံး၏။

တစ်နှစ်ခွဲခန့် အကြာမှာတော့ ဤဝတ္ထု ထွက်ဖြစ်သည်။

"မသဲဖြူ ဆိုတဲ့ အသစ်ကလေး မဆိုးဘူး"

ဆိုသော ဝေဖန်သံများ ထွက်လာပြီးနောက် ဦးလေးတင် ၏ အဆက်အသွယ်ဖြင့်ပင် အသစ်တင်ချင်သော စာပေတိုက် တစ်ခုက လာဆက်သွယ်ခဲ့သည်။

ဝတ္ထုရှည်သုံးပုဒ် အလကား ရေးပေးပါ။ ငွေကုန်ခံ၍ ထုတ်ပေးမည်။ မအောင်မြင်လျှင် သူ ရှုံးပါစေ၊ အောင်မြင်လျှင် သူ့တိုက်ကသာ ထုတ်ရမည်။ ထုံးစံအတိုင်း ငွေပေးမည်ဟု ပြောလာသည်။

အဖေဆုံးပြီးနောက် နဂိုကမှ အပြောမလွတ်သည့် ခဲအို ၏ တူမလေးနှင့် နေရချိန်မှာ ပြေ စိတ်အဆင်းရဲရဆုံး၊ စိတ် အညှိုးကျုပ်ရဆုံး အချိန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သည်ကာလမှာ စာပေရေးသားခြင်း၌ နှစ်မြုပ်ထားခြ
ဖြင့် ပြေ၏ လောကလွင်ပြင်မှ စမ်းရေအိုင်တစ်ခု ဖြစ်လာသည်

"နေမလား၊ ဒီလောက် တစ်အိမ်တည်းနေကြတာ"

"အေးလေ. . . ပေါ်ပေါ်ထင်ထင် ယူလိုက်ကြလည်
ဘယ်သူက ဘာပြောမှာလိုက်လို့"

ပတ်ဝန်းကျင်၏ ဂယက်သည် တည်ငြိမ်နေစ ပြေ
ဘဝလေးကို လွင့်စဉ်မတတ် လှုပ်ခါစေအောင် ရိုက်ပုတ်ထ
ပြန်သည်။

"ပြေ့ကို အစ်ကိုမြင့်အေး ပြောစရာရှိတယ်"

ဆောင်းနှင်းဝေ ကျောင်းသွားနေစဉ် နှစ်ယောက်တည်
ရှိချိန်မှာ. . .

"ပြေ ကြားသလို၊ ပြေ သိနေသလို အစ်ကိုလည်း ကြား
သိပါတယ်"

"ဘာကိုလဲဟင်"

"သြော်. . . ပတ်ဝန်းကျင်ရဲ့ အသံတွေပေါ့"

ပြေ ခေါင်းငုံ့လိုက်မိပါသည်။

"ပွင့်ပွင့်လင်းလင်း ဆွေးနွေးချိန်တန်လာပြီ ပြေ"

ပြေ ပို၍ ငုံ့ချမိသည်။

"ပြေ စိတ်မဆင်းရဲဘူးဆိုရင်တော့ အစ်ကိုတို့ နှစ်ယော
လက်ထပ်လိုက်ကြရင် အားလုံး အဆင်ပြေသွားမယ်လေ"

ပြေ့နှုတ်က ဘာမှမပြောနိုင်ပါသော်လည်း အသည်းနှ
မှ စကားများသည် မျက်ဝန်းမှတစ်ဆင့် မျက်ရည်စက်





အဖြစ်နှင့် ပြေ့လက်ခုံပေါ်သို့ ပေါက်ပေါက်ကျလာသည်။

"ညီမလေးတစ်ယောက်လို ချစ်ခဲ့ရတဲ့ ပြေ့ပေါ်မှာ
အစ်ကိုမြင့်အေး တစ်သက်လုံး မြတ်နိုးနိုင်ပါတယ်. . . ပြေ
စဉ်းစားပါ"

ပြင်းထန်သော ခံစားမှုကြောင့် ငိုရှိုက်နေ၍ ပြေ
တော်တော်နှင့် စကားပြောလို့မရ၊ ခဏအကြာမှာမှ. . .

"အစ်ကိုမြင့်အေး"

"မငိုပါနဲ့ကွယ်. . . ပြေ ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်"

"ပြေ. . . ပြေ. . . အို. . . ပြောချင်တာတွေ များလွန်း
လို့ ဘာမှ မပြောတတ်တော့ဘူး။ ပြေ အစ်ကိုမြင့်အေးကို
ဘယ်နည်းနဲ့မှ မယူနိုင်ဘူး။ ဘယ်သူ့ကိုမှလည်း ဘယ်တော့မှ
မယူနိုင်ပါဘူး၊ ပြေ. . . ပြောပါရစေ၊ ပြေ သွားပါရစေ
တော့. . . လို့. . ."

"အို. . . ဘယ်ကိုလဲ"

"ဘယ်ကိုပဲဖြစ်ဖြစ်"

"မဟုတ်တာ"

"ခိုလှုံစရာတစ်နေရာတော့ ရမှာပါ အစ်ကိုရယ်"

"ပြေ ညီမရယ်"

"လူတကာတွေ ထင်မှတ်နေတဲ့လမ်းကို ပြေ မလျှောက်
နိုင်ဘူး၊ သူများတဲထွေးခွက်ထဲမှာ ပြေ မကူးခတ်နိုင်ဘူး၊
ပြီးတော့. . . ပြီးတော့. . . အစ်ကိုမြင့်အေး. . . ကျွေးထားတာ
ဆိုပြီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးပြေ. . . ဒီလိုမထင်နဲ့"

စေတနာရှင်၏ မာန်ဝင်သော စကားကြောင့် အသံထ မာလာသည်။

"ပြေ့ကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ခဲ့တဲ့ နှစ်တွေလည်း ကြည့်ပါဦး၊ ခုဟာက မသင့်လျော်လို့ ဆွေးနွေးတဲ့ အပိုင်းပါ၊ သမီးလည်း ရှိသေးတယ်လေ. . ."

"ပြေ တစ်ခွန်းပဲဖြေမယ်"

"ပြော. . . ပြေ"

"ပြေ အသေခံသွားမယ်၊ အစ်ကိုမြင့်အေးကို မယူနိုင်ဘူး. . ."

"ကောင်းပြီပြေ. . . ဒီကိစ္စကို ဦးလေးတင်နဲ့ တိုင်ပင်ပြီး ဦးလေးတင်ရဲ့ ဆန္ဒအရ အစ်ကိုမြင့်အေး ဖွင့်ပြောရတာ၊ ရှေ့ အတွက်လည်း လူကြီးတစ်ယောက်ကို ထပ်တိုင်ပင်တာ ကောင်းပါတယ်၊ အစ်ကို ဦးလေးတင်ဆီ သွားလိုက်ဦးမယ်၊ မငိုပါနဲ့ ညီမရယ်၊ မငိုပါနဲ့ကွယ်၊ ညီမလေးအတွက် အကောင်း ဆုံးဖြစ်အောင် အစ်ကို စီစဉ်ပေးပါ့မယ်၊ အစ်ကို ပြောမိတာ လည်း ခွင့်လွှတ်ပါ၊ အားလုံးကိုမေ့ပစ်လိုက်နော်. . . တိတ်. . . တိတ်. . . ငိုလွန်းတော့ ခေါင်းကိုက်နေပါဦးမယ်"

အစ်ကိုမြင့်အေးဆိုသူကို ထိုင်၍ ကန်တော့ချ လောက်အောင်ကို ကြည်ညိုလေးစားသွားမိပါပြီ။

အထင်ကြီးခဲ့ရသော 'ထွန်း'သည် ပြေ့ထံမှ အားလုံးသော ရက်စက်စွာ စွန့်ပစ်ခဲ့လေသည်။





ဩော်. . . မထင်မှတ်သူထံ၌ ကြီးမားသော သစ္စာတရား နှင့် နှမလေးတစ်ယောက်လို စာနာထောက်ထားသော စေတနာ များ ရှိနေပါလား။

သူသာ အကြံပက်စက်ပါလျှင် ပြေ. . . ဘာများ တတ် နိုင်ပါဦးမည်နည်း။

"ကျေးဇူးကြီးလှပါတယ် အစ်ကိုမြင့်အေးရယ်. . . ပြေ့ကို ခွင့်လွှတ်ပါ. . . ပြေ့ကို ခွင့်လွှတ်ပါရှင်. . ."

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမြ ရောက်ရှိလာသည်။

အကိုမြင့်အေး၏ အခေါ်အရင်း. . . မှီခိုရာမဲ့သော အ
ကြီး၊ မိတ္ထီလာမှ သွားခေါ်လာခဲ့၏။

ဆောင်းနှင်းဝေနှင့် ဆိုလျှင် အဘွားလေးအရ
အဆင်ပြေကြသည်။ ပြေကတော့ သူယူထားသည့် အ
အတိုင်း အသည်းဖြူသူမို့ ဘယ်သူနှင့်မဆို နေ၍ဖြစ်သူ

ကြီးကြီးမြ ရောက်လာပြီးမှ အစ်ကိုမြင့်အေး အိ
ပြန်မအိပ်သောညများ များလာသည်။

အိမ်အတွက် အသုံးငွေများ ပို့ပေးနိုင်ပြီး သူလည်း
ကြီးရုံမက တစ်ချပ်မှောက်ဝိုင်းများတွင် ရှိနေတတ်သ
သတင်းကြားရသော်လည်း ပြေ့အနေနှင့် သတိတစ်ခါပေး
လွဲ၍ ဘာမှ မတတ်နိုင်ခဲ့ပါ။

ဤကာလများကို ဖြတ်သန်းရချိန်သည်. . .

ပြေ၏ ခိုကိုးရာမဲ့ ခရီးရှည်ကြီး၏ နောက်ဆုံးခြေ
များသာ ဖြစ်ချေသည်။





အပူလွင်ပြင်၏ ဒုက္ခလမ်းဆုံးမှာပြေ့အတွက် 'အောင်မြင်
မှုခြင်း' ဆိုသော ကွန်းခိုရိပ်သာလေးက အဆင်သင့် စောင့်ကြို
ချက်ပါ. . .

ဦးတင်နွယ် ဆက်သွယ်ပေးခဲ့သော ထုတ်ဝေသူက. . .

"မသဲဖြူ. . . မသဲဖြူနဲ့ အငှားဆိုင်တွေမှာ မေးကုန်ကြပြီ
ပြေရေ ဆက်ရေးပေတော့၊ တက်မှာ သေချာပြီ"

သစ်လွင်ဦးစာပေမှ "ဦးသစ်လွင်"က ဝမ်းသာအားတက်
ပြောလာသည်။ ရေးပေးထားသော ဝတ္ထု သုံးပုဒ်စာအတွက်
တစ်ပုဒ်လျှင် ငါးရာနှင့် ငွေ ထောင့်ငါးရာကို လာပေးရှာသည်။

ရေးပေးပြီးသား စတုတ္ထအုပ်နှင့် ပဥ္စမအုပ်တို့အတွက်
ခိုင်နှုန်းနှင့် စာချုပ်မည်။ ကြိုတင်ငွေလည်း နှစ်သောင်း
အပ်မည်ဟု ဆိုလာသည်။

ဩော်. . . စာပေကို မြတ်နိုးလာကြသော ယနေ့ခေတ်
ဖတ်သူတို့ထံမှ ပေးကမ်းကြသော ငွေကြေးဖြင့် အနုပညာရှင်
၏ ဘဝများ အခြေတင့်နိုင်ခဲ့ကြလေပြီတကား။

ပြေ့ဘဝမှာ တစ်ခါမှ မကိုင်တွယ်ခဲ့ဖူးသော ငွေ
တစ်ထောင့်ငါးရာကို လက်ခံပြီး ပြေ ပထမဆုံး လုပ်သည်
. . .

အဖေနှင့် မမမေတို့အတွက် ရည်စူးပြီး ဘုန်းကြီးငါးပါး
ကျွေး၍ သင်္ကန်းကပ်သည်။

ပြီးတော့ အစ်ကိုမြင့်အေးအတွက် တိုက်ပုံ တစ်စနှင့်
တစ်ထည်ဝယ်၍ သူ့ကျေးဇူးတရားများကို ဦးညွှတ်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



အထင်မှားမိခဲ့သည်များကို ခွင့်လွှတ်ပါစေကြောင်း ရည်ရွယ် လျက် ပြေ ထိုင်ကန်တော့ခဲ့ပါသည်။

ဦးလေးတင် အတွက်လည်း ပုဆိုးတစ်ထည်နှင့် ဆေး စားစရာများ။ ကြီးကြီးမြ အတွက်လည်း ယိုးဒယား ပါတိ တစ်ထည် ကန်တော့ပြီး ချစ်လှစွာသော ဆောင်းနှင်းဝေအတွ သူကြိုက်သမျှ သုံးရာဖိုးမျှ ဝယ်ပေးခဲ့သည်။

ပထမဆုံးငွေထဲမှ ပြေ့အတွက် အဝတ်တစ်စပင် မဝ ဖြစ်။

စတုတ္ထစာအုပ်မှစ၍ စာမူခ ထောင်ချီရသည်။ စောင်း တက်လာတော့ သောင်းချီရခဲ့သည်။ ကြိုတင်ငွေများနှင့်မို့ ပြေ ပထမ၌ ရန်ကုန်မြို့လယ်၌ တိုက်ခန်းဝယ်၍ နေခဲ့ကြ၏။

နောက်ပိုင်း၌ မဖြေရှင်းနိုင်သော မဂ္ဂဇင်းတစ်စောင် ငွေအမ်းပြီး ပြေ ဦးစီးလုပ်ကိုင်နိုင်သော အခြေ ရောက်လာသ အခါတွင် မြို့လယ်တိုက်ခန်းကိုရောင်းပြီး ယခုနေသော ဝင မိယာမှ တစ်ထပ်တိုက်လေးနှင့် ဧကတမတ် ခြံဝင်းလေး ရောက်ရှိလာနိုင်ခဲ့ပါပြီ။

ဤသို့သော အောင်မြင်မှု ခြေလှမ်းများ၏ လှေကား ကို စတင်လှမ်းမိသည့် ပြေ၏ ပထမဆုံး ဝတ္ထုရှည်အတွ ပထမဆုံး ဝေဖန်ချီးကျူးစာကို ရေးလာသူက. . .

ကန္တာရဝတီမှ "သဲမောင်မောင်"ပါတည်း။

သည်အတွင်း ပြေ မျက်ရည်ကျလောက်အောင် ထို





သော အကြောင်းရာတစ်ရပ်က ကြုံဆုံလာခဲ့သေးသည်။

အရက်ဆိုင်ကို ရက်တရက် ဝင်ရောက်စစ်ဆေးရာမှ ငွေ ဆုံးသောင်းကျော် ကွာဟနေ၍ အစ်ကိုမြင့်အေးကို သက်ဆိုင် ရာမှ ဖမ်းဆီးစစ်ဆေးပြီး ထောင်ငါးနှစ် အပြစ်ပေးလိုက်တော့ သည်။

ယခု အစ်ကိုမြင့်အေး ထောင်မှ မထွက်ရသေး။

ကြုံ၍သာသိရလျှင် ပြေအားလုံး ပေးလျော်၍ အစ်ကို မြင့်အေး၏ ကျေးဇူးကို ဆပ်ချင်လှပါသော်လည်း အခွင့်မသာခဲ့။

ဆောင်းနှင်းဝေကို အကောင်းဆုံးပြုစုပြီး ထောင်ဝင်စာ တစ်လတစ်ခါ တွေ့လျက် လိုအပ်သမျှ ပေးပို့ရင်းဖြင့် အစ်ကို မြင့်အေး၏ ကျေးဇူးကို ဆပ်နေပါသည်ဟု ပြေ ခံယူပါ၏။

အစ်ကိုမြင့်အေး လျှော့ရက်များကြောင့် ထောင်မှ ထွက်လာချိန်၌ သူနှင့်အတူ ပြေနှင့်ပတ်သက်သော အံ့ဩဖွယ် သတင်းတစ်ပုဒ် ပါရှိလာလိမ့်မည်ဟု ပြေ မသိရှိခဲ့။

"သြော်. . . လူသားတို့မည်သည် တစ်ဦးနှင့်တစ်ဦး ဆက်စပ် ပတ်သက်နေတတ်ကြပါလား. . ."

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အထူးကု ဆရာဝန်များ နယ်ဆင်း

မျက်စိနှင့် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ၊ သားဖွားနှင့် မီးယပ် ပါရဂူများ၊ သွားနှင့်ခံတွင်း ဆရာဝန်များ ပါရှိသော အထူးကုအဖွဲ့သည် ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာများမှ လုပ်သားပြည်သူများကို ကွင်းဆင်း ကုသပေးသည်။ ဤအဖွဲ့နှင့်အတူ ပင်းတယ မြို့နယ် ဆရာဝန်ကြီး "ဒေါက်တာနေမင်းထွန်း" လည်း အတူ. . .

ပြေသည် သတင်းစာကို ပိတ်ပစ်လိုက်သည်။

ဒဏ်ရာဟောင်းကို ပြန်လည် ရိုက်ပုတ်ခံရသည်သို့ ရင်း နာကျင်ရပြန်၏။

"သြော်. . . ဆရာဝန်ကြီး ဒေါက်တာနေမင်းထွန်း လားကွယ်"





"ထွန်း ပင်းတယမှာ ရှိနေတယ်လား၊ တောင်ပိုင်း ရှမ်းပြည်ပေါ့"

"မြို့နယ်ဆရာဝန်ကြီးတောင် ဖြစ်နေပြီနော်"

"ဖြစ်လောက်ပြီပေါ့လေ၊ နှစ်တွေက ကြာခဲ့ပြီပဲ"

မည်မျှပင် နှစ်ပရိစ္ဆေဒတွေ ကြာပါစေ. . . ထွန်း ဆိုသော ယ်ချစ်ဦးအကြောင်းကို တိုက်ဆိုင်စွာ သတိရလေတိုင်း က်ရည်တွေ ဝေဝိုင်းရသည်က ထာဝရပါ။

"ထွန်းရယ်"

"ခုလောက်ဆို ချစ်ဇနီး ဒေဝီနဲ့ သားတွေ သမီးတွေ နေရောပေါ့"

"ထွန်း ဖြစ်ချင်လှတဲ့ ဆရာဝန်ကြီး ဖြစ်ခဲ့ရပြီနော်"

ပြေ့ဘဝကို နင်းချေပြီး စွန့်ပစ်သွားခဲ့ရကျိုး နပ်ပါပေတယ် ယ်။

ပြေ့မှာ. . . ပြေ့မှာတော့. . .

ဘယ်လိုပဲ အောင်မြင်ပေမယ့် ဘဝဟောင်းနဲ့ ပြောင်းပြန် င်အောင် ငွေကြေးဥစ္စာတွေ ပြည့်ဝနေပေမယ့်. . .

ပြေ့ ရင်ထဲက ထွန်းခွေခဲ့တဲ့ နှလုံးသည်းပွတ်ဟာတော့ ာစ်စစ် ပြန့်ကြဲပါပဲလေ။

လူ့ဘဝမှာ ကျော်ကြားခြင်းနဲ့ ငွေကြေးချမ်းသာခြင်းဟာ ပြည့်စုံတဲ့ အောင်မြင်မှု မဟုတ်ပါဘူးရှင်။

မေတ္တာတရားတွေ၊ ကြင်နာမှုတွေ၊ ကိုယ်က ပေးဝေခြင်း ိုယ့်အတွက် ရယူခြင်းတွေ ပေါင်းစပ်ပါမှ ဘဝရဲ့ ပြည့်စုံတဲ့



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုအစစ် ဖြစ်မှာပါ ထွန်းရယ်။

ပြေ ထွန်းကို ထာဝရ လွမ်းလျက်ပါ။

သည်လွမ်းဆွတ်ခြင်းနှင့်အတူ နာကျည်းခြင်းတွေ ယှဉ်တွဲခံစားပါတယ် ထွန်း။

မပြေလေ. . . ထွန်းကို သတိရတယ်။ ဒါပေမယ့် ဘယ် တော့မှ မတမ်းတဘူး။ ဘာဖြစ်လို့လဲဆိုတော့ ထွန်းဟာ ပိုင်ဆိုင်တဲ့ ကာမပိုင်ယောကျ်ားလေ။

ပြေရဲ့ ဝတ္ထုသစ်တွေအတွက် သတင်းစာမှာ ကြေညာနေတဲ့ စာရေးဆရာမ မသဲဖြူ ဖြစ်နေပြီ ဆိုတာ ထွန်း ဘယ်သိနိုင်ပါ့မလဲနော်။

သိလို့လည်း ဘာထူးတော့မှာလဲလေ။

ထွန်း စွန့်ပစ်ခဲ့သူတစ်ယောက်ဟာ ကျဆုံးခြင်းပဲဖြစ် နေနေ၊ အောင်မြင်ခြင်းပဲဖြစ်နေနေ. . . ထွန်း ဥပေက္ခာ လျစ်လျူရှုခဲ့ပြီပဲကွယ်။

ရှိစေတော့ထွန်းရေ. . .

"ရင်ထဲက ငယ်ချစ်ဦး" ဟာ ထွန်းပါဆိုတဲ့ အသိစိတ် လွဲလို့. . .

ပြေ ထွန်းကို စိတ်နာတယ်။

မျက်တောင်ကော့များကို ယှက်ပိတ်လိုက်တော့ မျက် မှာ မျက်ရည်တွေ စွတ်စိုလာတယ်။

ထွန်းနှင့် ခွဲခွာရပြီးသော နှစ်များစွာအတွင်း ထွန်း သတင်းကို ပထမဆုံးကြားရ၍ ခံစားရခြင်းထင်ပါရဲ့။





သောကမြစ်မှာမျောပြီး. . . ဒုက္ခပင်လယ်ပြင်မှာ တူး ခတ်ခဲ့ဖူးသော ပြေ့အတွက် "ထိန်းသိမ်းတတ်ခြင်း" ဆိုသော ရင့်ကျက်မှု ရရှိလာချိန် ဖြစ်နေ၍ မျက်ရည်ဆိုသည်များကို ပိတ် ဆို့နိုင်ခဲ့ပါပြီ။

"အစ်မပြေ"

ခြံအတွက် အစောင့်ခေါ်ထားသော ကိုတူး၏အသံ ကြောင့် ပြေ လှည့်ကြည့်လိုက်ရသည်။

အတိတ်ဟောင်းသည် ဆွေးမြည့်ပါစေတော့။

လက်ရှိလောကမှာသာ ပြေ တက်ကြွစွာ ကြိုးစားရပါ တော့မည်။

"ဘာလဲ ကိုတူး"

"ခြံရှေ့မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်၊ တစ်ခါမှ မမြင်ဖူးလို့ တံခါးဖွင့်မပေးခဲ့ဘူး၊ အစ်မပြေ တွေ့ချင် လား မသိ၊ မတွေ့ချင်လား မသိလို့"

"ဘယ်သူတဲ့လဲ၊ ဘယ်လိုမေးလို့လဲ"

"စာရေးဆရာမ မသဲဖြူ ရှိသလားတဲ့၊ ကျွန်တော်က သွားကြည့် ဦးမယ်ဆိုပြီး ထွက်လာတာ"

"အေးပါ. . . ဘယ်သူတဲ့လဲ၊ နာမည်မမေးခဲ့ဘူးလား"

"မေးခဲ့ပါတယ်. . . မောင်မောင်တဲ့၊ လွှိုင်ကော်ကပါတဲ့"

"ဟိုက်"

စိုးရွံ့ ထိတ်လန့်ဖွယ် သတင်းတစ်ရပ်ကို ကြားလိုက်ရ သလို ပြေ တုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မှ နာရီ၏နေ့စွဲကို ကြည့်လိုက်မိ၏။ ၁၇ ရက်နေ့. . .

"ဟုတ်သားပဲ၊ ဒီလ လယ်လောက် သူ ရန်ကုန်မှာ သင်တန်းလာတက်ရမယ်လို့ စာရေးထားတာပဲ၊ သူ့စာတွေ သုံးရက်ခြား တစ်စောင်လောက် ရောက်နေတာ၊ ငါလည်း စာတို မပြန်ဖြစ်သေးဘူး"

ပြေ တွေးနေဆဲ. . .

"မရှိဘူးလို့ ကျွန်တော် သွားပြောလိုက်မယ်နော်"

ပြေ အထိတ်ထိတ်အလန့်လန့်လို ဖြစ်နေ၍ ကိုတူးက ပြောပြီး လှည့်အထွက်. . .

"ဟဲ့. . . ကိုတူးရဲ့. . . ဖွင့်လိုက်ပါ၊ ငါရှိတယ်. . . ခဏ စောင့်ပါလို့ပြော၊ အသိန်းကို ငါ့ဆီလွှတ်လိုက်စမ်း"

ပြေသည် သူ့အိပ်ခန်းတွင်းသို့ ဝင်လာပြီး မှန်တင်ခုံရှေ့တွင် ထိုင်လိုက်သည်။ မျက်ရည်စို့ခဲ့သော မျက်ခမ်းတဝိုက်နှင့် မျက်နှာတစ်ပြင်လုံးကို ရယ်ဗလွန် ကရင်ပတ်(ဖ)ဖြင့် ဖို့နေဆဲ. . .

"မမ ခေါ်တယ်ဆိုလို့"

"ဪ. . . အေး. . . မနက်ကဝယ်ထားတဲ့ အုန်းနို့ခေါက်ဆွဲ ကျန်သေးလား"

"ရှိတယ် မမ၊ နှစ်ပွဲစာကျန်တယ်"

"ခေါက်ဆွဲ မဖြစ်သေးပါဘူးလေ၊ ဒီမှာ အသိန်း. . ."

"ဟုတ်ကဲ့. . . မမ"





"စန်းကွစ် လိမ္မော်ရည် ကောင်းကောင်းဖျော်ခဲ့၊ ပြီးတော့. . . ကိတ်မုန့်နှစ်မျိုး ပန်းကန်ထဲမှာ လှလှထည့်ခဲ့နော်"

"ဟုတ်ကဲ့. . . မမ"

"စပျစ်သီးရယ်၊ ရေခဲရေရယ်လည်း ဗန်းတစ်ခုနဲ့ယူလာခဲ့ ကြားလား"

"စိတ်ချ. . . မမ ဧည့်သည်က တော်တော် အရေးကြီးတဲ့ ဧည့်သည်ထင်တယ်နော်"

"အေးပါ. . . ကဲ. . . သွားတော့. . . သွားတော့"

ပြေသည် မျက်နှာပြင်ပြီးတော့ ဆံပင်ကို သပ်ဖီးပြီး နောက်မှ ကလစ်နှင့် ညှပ်လိုက်ရသည်။

ဘလောက် (စ) ဝတ်ထားသဖြင့် ချွတ်ပြီး. . . အပြာရောင် လွင်လွင် လည်ဟိုက် ဖော့ရှန်အင်္ကျီနှင့်. . . အပြာဖွင့် ပါသော တပတ်နွမ်း ရှန်လုံချည်ကို အမြန်လဲလိုက်ရသည်။

လုံချည်ကို ပြင်၍ တင်းတင်းဝတ်ရင်း နောက်ဆုံးအကြိမ် မှန်တစ်ချက်ကြည့်ပြီး ပြေ ထွက်လာဖြစ်တော့သည်။

"ကျွန်တော် သဲမောင်မောင်ပါ ခင်ဗျာ"

သူက ဆိုဖာပေါ်မှ ခပ်ရို့ရို့လေး ထပြီး ပြော၏။

"မသဲဖြူပါနော်. . ."

"ဟုတ်ပါတယ်. . . ထိုင်ပါ"

စာထဲတွင် သူ့အကြောင်း ကိုယ်သိ၊ ကိုယ့်အကြောင်း သူသိနှင့် တရင်းတနှီး ရှိခဲ့သော်လည်း လူချင်းက ယခုမှ ပထမဆုံးအကြိမ် ဆုံတွေ့ရခြင်းမို့ ပြေပင် ရင်ခုန်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံများလည်း လှိုင်းခတ်လျက်ပါ။

"ကျွန်တော် ဒီလလယ်လောက် သင်တန်းလာတက်ရ တော့မယ်ဆိုတဲ့စာ ရရဲ့လား"

"ရတယ်. . . ရတာ လေးရက်ပဲ ရှိသေးတယ်၊ ရန်ကုန်ကို ဘယ်နေ့က ရောက်လဲ"

"မနေ့ညနေကပါ"

"လေယာဉ်နဲ့လား"

"မဟုတ်ဘူးခင်ဗျ၊ တောင်ကြီးကတစ်ဆင့် ကားနဲ့ ဆင်းခဲ့ပါတယ်"

သူက သေသေချာချာကြီး စိုက်ကြည့်နေပါ၍ ပြေ မျက်နှာလွှဲလိုက်ရသည်။

နောက်တစ်ခါ ပြေ ပြန်ကြည့်တော့ သူက ခေါင်းငုံ့ ထား၏။

ဓာတ်ပုံထဲကထက် ပိုချောတယ်. . . ဟု ပြေ မှတ်ချက် ချမိသည်။ အသားက ဖြူဝင်းပြီး အရပ်က မြင့်သည်။

မျက်နှာကျပုံကတော့. . .

အို. . . တွေ့လေရာမှာ ပုံရိပ်ထင်နေလို့ပဲလား မသိပါဘူး လေ. . . ထွန်းနဲ့ အတော်လေးဆင်တယ်။

"ကျွန်တော် ရောက်လာတဲ့အတွက် အနှောင့်အယှက်များ ဖြစ်သွားလားဗျာ"

သူ မျက်နှာပျက်နေပါ၏။ မြင်စကလို သူ့မျက်ဝန်း ရွှန်း





ယက်ခြင်းမရှိတော့၊ အားငယ်စိတ်ကြောင့် အသံပါ တိုးသွား သည်။

ပြေသည် သူ့အတွက် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ရှိပါ လျက် ရင်ခုန် လှုပ်ရှားမှုများကြောင့် စကားနည်းမိသွားရခြင်းပါ။

"တစ်မျိုးမထင်ပါနဲ့နော်၊ ခုလို စာမိတ်ဆွေတွေကို တစ်ခါ မှ လူချင်းတွေ့ခွင့် မပေးဖူးလို့ ကြောင်သွားမိတာပါ"

ပြေက ပြုံး၍ပြောတော့ သူက ပြုံး၍ ကြည့်လာသည်။

"ဆက်ဆံတာ ချွတ်ချော်ရင် ခွင့်လွှတ်ပါနော်၊ စိတ်က တော့ စာထဲက အတိုင်းပါပဲ"

ပြေ၏ ရွှန်းလက်ဝင်းပသော အပြုံးကြောင့် သူ့မျက်နှာ ၌ ကြည်လင်လာသည်။

မှာသည့်အတိုင်း အသိန်းက စားသောက်ဖွယ်ရာများ စေ့စေ့စုံစုံ ယူလာပါ၏။

"လိမ္မော်ရည် သောက်ပါဦး၊ မုန့်လည်းစားပါနော်"

"ဘာမှ မစားချင် မသောက်ချင်တော့ပါဘူး"

"အို. . . ဘာဖြစ်လို့လဲ. . . ရော့ပါ၊ လိမ္မော်ရည်လေး အရင် သောက်လိုက်ပါဦး"

ပြေက ဖန်ခွက်လှလှလေးကိုယူပြီး သူ့လက်သို့တိုင် ကမ်းတော့. . . သူက ယူပြီး. . .

"ရင်ထဲမှာ ပြည့်နေတယ်၊ ကျွန်တော့်ဘဝမှာ ဒီလောက် တစ်ခါမှ မလှုပ်ရှားဖူးဘူး"

သူက လိမ္မော်ရည် တစ်ငုံ သောက်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို အတွေ့မှ ခံပါ့မလား။ မသိဘူးရှော ပြောလွှတ်မလားလို့ လန့်လိုက်တာမှ တအားပဲ"

"ဒီလိုအထင်မသေးပါနဲ့လေ၊ စာထဲမှာ ဘယ်လော ခင်နေတယ်ဆိုတာလည်း သိသားနဲ့"

"တကယ်လား မသဲဖြူရယ်"

"သူရော. . . ဘယ်လိုစိတ်ထားလဲ"

"စာထဲကထက် ပိုပါတယ်"

"စာထဲကလိုပဲ ဒီကလည်း ခင်မှာပါ"

"ကျွန်တော် ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတော မသိတော့ပါဘူးဗျာ"

"ဒါဆို ဘာမှမပြောနဲ့၊ မုန့်ပဲစား"

သူက နှစ်မြိုက်စွာ ရယ်မောပြီး သစ်သီးကိတ် တစ်ပိုင်း ယူစားသည်။

"စာထဲပြောတဲ့ လက်စွပ်ဟာ အခု လက်မှာ ဝတ်ထားထာ လား"

"ဪ. . . ဟုတ်တယ်"

သူက လိမ္မော်ရည်ခွက်ကိုချ၊ လက်သုတ်ပဝါနှင့် လက် သုတ်လိုက်ပြီးမှ လက်စွပ်ကိုချွတ်ပြီး ပြေသို့ ပေးအပ်လိုက်ပါ

T+K

သုံးမတ်သားခန့်ရှိ ရွှေထူထူနှင့် စေ့စပ်လက်စွပ် ပြောင်ကွင်းပေါ်မှာ ခပ်နက်နက်ကလေး ထွင်းထုထားသော စာလုံးလေး နှစ်လုံး။





"ဟော. . . အတွင်းမှာလည်း ရက်စွဲနဲ့ပါလား"

"ဟုတ်တယ်၊ အဲဒါတောင် စာထဲ ထည့်မရေးမိဘူး။ ရေးချင်တာတွေက များလွန်းလို့ ကျန်ကျန်သွားရော"

"ဟုတ်တယ်. . . အဲဒါ ကျွန်တော့် ဖေဖေနဲ့ မေမေတို့ လက်ထပ်တဲ့ရက်များ ဖြစ်နိုင်မလားဟင်. . . မသဲဖြူ"

"အများကြီး ဖြစ်နိုင်စရာ ရှိပါတယ်၊ လက်ထပ်ရက်. . . ဒါမှမဟုတ် သူတို့ ချစ်လမ်းခရီးက အမှတ်တရ သင်္ကေတရဲ့ ရက်ကလေး တစ်ရက် ဖြစ်နိုင်ပါတယ်"

ပြောပြီး ပြေက ပြန်ကမ်းပေးတော့. . .

"မသဲဖြူပဲ ယူထားပါ"

"ပြန်ဝတ်ထားပါဦး၊ ဪ. . . ပြီးခဲ့တဲ့ စနေတုန်းက မင်္ဂလာဆောင် တစ်ခုကို သွားတယ်၊ အဲဒီအကြောင်း ပြောချင် နေပေမယ့် စာမရေးဖြစ်သေးတာနဲ့. . ."

"ဟုတ်ကဲ့"

"သူတို့သားရော၊ သူတို့သမီးရော ဆရာဝန်မို့ အဲဒီမင်္ဂလာ ဆောင်မှာ လက်ထပ်ပေးတဲ့ ဇနီးမောင်နှံက သမားတော်ကြီး ဒေါက်တာ ဦးသက်ဦးလွင်နဲ့ ဇနီး ဒေါက်တာ ဒေါ်နှင်းလွှာနု တဲ့"

"ဟာ"

"ဒီနာမည် အတွဲဟာ တခြားလူ မဖြစ်နိုင်တော့ဘူး ထင်မိ တယ်"

"ဟုတ်မှာပါ. . . ဟုတ်မှာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဒီလိုစိတ်ကူးထားတယ်"

"ဟုတ်ကဲ့"

"သူ့ဆေးခန်းကိုပဲ သွားပြီး တွေ့ကြရင်ကောင်းမယ် ထင်တယ်နော်၊ အကြောင်းစုံ ပြောပြရင် မှတ်မိမှာပါ၊ သူ့ဆီက တခြားသဲလွန်စလေးများ ရနိုင်ဦးမလားလို့"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲပေါ့ဗျာ၊ ကျွန်တော်လည်း တွေ့ချင် ကန်တော့ချင်ပါတယ်"

"ဗုဒ္ဓဘာသာနော်"

"ဟုတ်ကဲ့. . . ကျွန်တော့်ကိုမွေးတဲ့ အန်တီ နန်းမွန်ခမ်း ဟာ ဗုဒ္ဓဘာသာဝင်မို့ ကျွန်တော်လည်း ဗုဒ္ဓဘာသာ ဖြစ်ရတာပါ ကျွန်တော်ဟာ မြန်မာပဲ ထင်ပါရဲ့နော်. . . မသဲဖြူ ဘယ်လို မြင်လဲဟင်"

"မြန်မာရုပ် ပါပဲ၊ ခါတ်ပုံထဲကထက် ပိုချောနေတာ တစ်ခုပဲ"

"ဟာဗျာ"

သူ ရှက်သွားသော်လည်း ပြေ၏ ရင်းနှီးမှု စကားများ ကြောင့် သူ ပျော်သွားပုံရပါ၏။

"ဒါဆို ဒေါက်တာသက်ဦးလွင်ဆီ ဘယ်တော့ သွားရမလဲ ဟင်. . . မသဲဖြူ"

"ဘယ်နေ့ အားလဲ"

"သင်တန်းမဝင်ရသေးလို့ အားနေပါတယ်၊ ကျွန်တော် ကတော့ ခုတောင် ပြေးသွားလိုက်ချင်ပါတယ်ဗျာ၊ ဒါပေ ယ့်. . . မသဲဖြူအားမှ ပို့ပါလေ"

"ဒီညနေ ဆေးရုံ လူမမာသွားကြည့်ဖို့ ပြောထားပြီးပြီ၊ ဒီနေ့ သောကြာနော်၊ ဒါဆို လာမယ့် တနင်္လာနေ့မှပဲ သွားနိုင် တော့မယ်၊ စနေမှာ မင်္ဂလာဆောင်တစ်ခု သွားစရာရှိနေလို့ပါ။ ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ် မသဲဖြူရယ်၊ ဖြစ်ပါတယ်ဗျာ"

ဒေါက်တာသက်ဦးလွင်နှင့် ဆုံတွေ့ခွင့် ရပြီးလျှင်သာ အဆင်ပြေစွာ သူ့ဘဝလေးကို ပြန်လည်ရှာဖွေတွေ့ရှိနိုင်ပါစေ သားကွယ်. . .

ဆက်လက်၍ စာပေအကြောင်းများ၊ ပြေ ရေးလက်စ အမှု၏ ဒေသခံ အကြောင်းရင်း ဟောပြောပွဲများ အကြောင်းနှင့် လွှင်း တွေ့ဆုံခန်း၌ ပါဝင်စဉ်က ဆွေးနွေးတင်ပြခဲ့ပုံများကို တစ်ဖန် ပြန်လည် ဆွေးနွေးကြခြင်း. . .

စသည့် စာပေ ကိစ္စများကို သူ သိချင်သမျှ ပြေ စိတ်ရှည် သက်ရှည် ဖြေမိပါသည်။

စာရေးဆရာ ဖြစ်လာရခြင်း အကြောင်းများကိုဖြင့် စာနှင့် ချေပြီး၍ ပြောစရာမလိုတော့။

နောက်ဆုံးတွင် သူ့ထံမှ လွိုင်ကော်မြို့ရှိ အိမ်ကြီး ီးလောင်သွားပုံနှင့် တစ်မြို့လုံး အုံ့မခန်း ဖြစ်သွားကြရသော ဆောက်ချားဖွယ် အကြောင်းရာများကို တအံ့တသြ နားဆင်ခြင်း ဖြင့် အဆုံးသတ်ရပါ၏။ ထိုမြို့ကြီးအတွင်းမှ အတွင်းရေးကိစ္စ ရားတိုမှ လွိုင်ကော်မြို့သူမြို့သားတို့ ယခုထိ မသိကြရ၊ သူတို့







www.burmeseclassic.com

www.burmeseclassic.com



အားလုံးလည်း လှိုင်ကော် ကို စွန့်ခွာသွားကြလေပြီ။

"ကျွန်တော်လာတာ သိပ်ကြာသွားပြီ၊ မသဲဖြူ အချိန်ဒေ အတော်ဖြုန်းလိုက်ရပြီးနော်"

"ရပါတယ်၊ ဒီကလည်း တွေ့ချင်နေတာပါ"

"ဒါဆို လာခဲ့ပါ့မယ်။ ဘယ်အချိန် ကျွန်တော်လာခဲ့ရမေ မသဲဖြူ"

"သုံးနာရီလောက် အရောက်လာလေ၊ ဒီမှာ ခဏနေ ညနေစာ စားပြီးမှ ဆေးတိုက် သွားကြတာပေါ့"

"ဟုတ်ကဲ့. . . လာခဲ့မယ် မသဲဖြူ ဒါဆို ကျွန်တော် ပြ တော့မယ်နော်"

"လိုက်ပို့ခိုင်းမယ်လေ၊ ဒရိုင်ဘာရော ကားရော ရှိပါတယ် လမ်းထိပ်ထွက်ရမှာ အဝေးကြီး"

"တော်သားပဲ၊ လမ်းလျှောက်နိုင်ပါတယ်"

"နေပါ. . . လိုက်ပို့ခိုင်းပါ့မယ်"

"နောက်တစ်ခါမှပဲ မသဲဖြူရဲ့ကားကို စီးပါ့မယ်၊ တာ ပို့မှာဆို ကျွန်တော် မပြန်တော့ဘူး"

နှစ်ယောက်လုံး ပြုံးမိကြပြီး ခြေကြ ခြံဝအထိ သူ လိုက်ပို့သည်။

"အမျိုးသား ဧည့်သည်ဆို ဒီနေရာထိ ဘယ်တော့ လိုက်မပို့ဘူး၊ အိမ်ထဲကပဲ နှုတ်ဆက်လိုက်တာ"

"ကျွန်တော့်လို သူညကောင်ကို တကယ်ပဲ ခင်မင်ရာ အရေးတယူ ဆက်ဆံတယ်ဆိုတာ သိရလို့ ဒီနေ့ဟာ ကျွန်တော





ဘဝရဲ့ အပျော်ဆုံးနေ့ပါဗျာ"

"ဒါဆို ဒီကလည်း ဝမ်းသာပါတယ်ရှင်"

"ဒါပေမယ့် မကျေနပ်တာ တစ်ခုတော့ ရှိတယ်"

"ဟင်. . . ဘာလဲ"

"ကျွန်တော် တောင်းပန်ထားတာကို စာထဲမှာ လိုက် လျှောထားရက်နဲ့ အပြင်ကျတော့ လုံးဝ မပြောဘူး"

"ဘာကိုလဲ"

"အခေါ်အဝေါ်တွေပေါ့"

"အို. . ."

စာထဲကအတိုင်း. . . ပြောကလေ. . . မောင်မောင်က ဘယ်လို စသည်များ ရေးသားခဲ့ခြင်းကို သူ ရည်ညွှန်းတော့ ခြင်၏ ရှက်ပြုံးမျက်နှာလေးက ပန်းနုရောင်ပြေး၏။

"မသဲဖြူကို သိပ်ကျေးဇူးတင်တယ်၊ ပြီးတော့ သိပ်ဝမ်းသာ ိတယ်ဗျာ၊ ကျွန်တော် ပြန်ပါတော့မယ် မသဲဖြူရယ်"

သူ နှုတ်ဆက်ပြန်သွားပြီးသည့်တိုင် သူ့အကြောင်း၊ သူ့အပြော၊ သူ့အသံနှင့် သူ့ဟန်ပန်တို့သည် ပြေ့ထံ၌ ကျန်ရစ် ခဲ့ပါတကား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ယော . . . ဦးလေးတင်ပါလား၊ လာပါ"

"တော်ပါသေးရဲ့ . . . တွေ့လို့၊ သူဌေးတွေနေတဲ့ ဝင်း မိယာထဲကို ဆင်းရဲသားက လမ်းလျှောက်လာရတော့ မောလိုက် တာ၊ ညည်းကို မတွေ့ရရင် ပိုအမောဆို့မယ်"

"ဦးလေးတင်ကလည်း ဖုန်းဆက်လိုက်ရောပေါ့၊ ခြေ လာခဲ့မှာပေါ့"

"မလုပ်ပါနဲ့ဗျာ၊ နိုင်ငံကျော် စာရေးဆရာမကြီး လာတွေ့ရလောက်အောင် ကျုပ်က ပါဝါမရှိပါဘူး"

"လုပ်မနေစမ်းပါနဲ့ ဦးလေးတင်ရာ ခြေ ဘယ်သူ့ ဘယ်ဘဝက လာသလဲဆိုတာ ဦးလေးတင် အသိဆုံးပါ ခြေ့ကို မြှင့်တင်ပေးခဲ့တာ ဦးလေးပါ၊ ခြေ့ဘဝကို ခြေ ဘယ် တော့မှ မမေ့ပါဘူးရှင်"

"အေး . . . ဘဝမမေ့လို့ ညည်းရဲ့အောင်မြင်မှု ကြာရှည် နေတာ"

ခြေ ပြုံးမိသည်။ ဦးလေးတင်က ရွှေဘိုသား၊ ခြေတို့





အရွယ်ကို ညည်းဟု ပြောနေကျ။ သူလေက အရင်အတိုင်း။

"တက်ရင် ကျရမယ်၊ အထူးသဖြင့် အနုပညာသမား ဆိုတာ တစ်သက်စာ တာရှည်မခံဘဲ ပြန်ကျမှာချည်းပဲ၊ အကျ မြန်ဖို့နဲ့ အကျမနာဖို့အတွက် ခြေ အောက်ခြေမလွတ်ရဲပါဘူး ဦးလေးရယ်။ ခြေက ပညာလည်းမတတ်လို့ အရာရာကို နားလည်နိုင်အောင် ကြိုးစားရတော့ ပိုပြီး ပင်ပန်းလှပါတယ်"

"အေး . . . အေး၊ ဒါမှပေါ့"

"တစ်ခါတလေကျတော့လည်း အသိုင်းဝိုင်း ကျယ်ပြန့် လာတော့ လူမှုရေးကိစ္စ များပြားလာတာတွေ၊ ဟန်ဆောင်ရတာ တွေကို ခြေ ပင်ပန်းလွန်းလို့ စိတ်ကုန်မိတဲ့အခါတွေ အများကြီး ပါပဲ"

"ဒီလောက် အောင်မြင်နေတာ ဘာလို့ စိတ်ကုန်ရမှာလဲ"

"အေးငြိမ်းမှုကို တမ်းတမိတာပါ"

"အင်း"

"ဦးလေးတင် ဆိုင်က စာအုပ်လေးတွေ ဝယ်ပြီး ငှားစား ရတဲ့ဘဝတုန်းက စာတွေလည်း အများကြီး ဖတ်ဖြစ်တယ်၊ နေရတာလည်း အေးလိုက်တာ၊ ခုလို အောင်မြင်လာတော့လည်း ထမင်းစားရတာ နှစ်နပ်ပါပဲ၊ မထူးပါဘူး"

"တော်စမ်းပါ၊ ညည်း ဟိုတုန်းက စားရတဲ့ထမင်းနဲ့ ခုထမင်းနဲ့က စားပွဲခုံချင်းကအစ မတူဘူး။ လုပ်မနေပါနဲ့"

ဦးတင်နွယ်က ခြေ၏ ဟီတာချီ ရေခဲသေတ္တာ အသစ်ကြီး ရှေ့မှ ဖော်မီကာ စားပွဲကိုကြည့်ပြီး ပြောတော့ ခြေ ငယ်စဉ်တ



www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ရသော အဖေတို့ မင်္ဂလာဦးက စားပွဲဝိုင်း ယိုင်နဲ့နဲ့လေးကို သတိရမိသည်။

"လူတွေဟာ မရခင်တုန်းက အားလုံး ရချင်လို့ ညည်းကြတယ်၊ ရလာတော့လည်း ဒါတွေကြောင့် ဝန်ပိုပါတယ် ဆိုပြီး ညည်းကြပြန်ရော၊ တစ်ယောက်တစ်မျိုး ညည်းနေကြတာပဲ"

ပြေက အသံလေးထွက်အောင်ပင် ရယ်မောမိရင်းက. . .

"ဦးလေးတင်ကလည်း. . . ပြေ ညည်းတာ မဟုတ်ပါဘူး၊ တခြားလူကိုလည်း ဘယ်တော့မှ မပြောပါဘူး၊ ဦးလေးတင်ကတော့ အကြောင်းသိချင်းမို့ပါ၊ ဩော်. . . ထမင်းစားပြီးပြီလား"

"ပြီးပြီပေါ့"

"မရဘူး. . . ပြီးလည်း ထပ်စားရမယ်၊ ပြေလည်း မစားရသေးဘူး"

"ဟဲ့. . . ညည်းဟာက နှစ်နာရီတောင် ထိုးတော့မှာပါလား"

"စောစောကပဲ နယ်က ဧည့်သည်တစ်ဖွဲ့ ပြန်သွားလို့ ကဲ. . . လာပါ၊ ထမင်းစားရင်း စကားပြောကြမယ်။ အသီးရေ. . . ဦးလေးတင်ဖို့ပါ ပြင်လိုက်နော်"

"ဘာချက်လဲ"

"မသိပါဘူး၊ ကြီးကြီးမြ စီစဉ်တာပဲ"

"ဟင်းကောင်းပဲ ဖြစ်မှာပေါ့"





"ဒီမှာ ဦးလေးတင်ရဲ့၊ ဟင်းချက်တတ်တဲ့ မိန်းမဆိုတာ ကိုယ်ချက်တဲ့ ဟင်းလောက် ဘယ်သူ ချက်တာမှ ကောင်းတယ် ထင်တာ မဟုတ်ဘူး၊ သိလား"

"တော်ကြာ ညည်းအဖျိုကြီး ကြားသွားလို့ စိတ်ကောက်နေပါဦးမယ်"

"ဒါကြောင့် တိုးတိုးပြောတာပေါ့၊ သူ့ကို ကြောက်ရတယ် ဦးလေးတင်ရဲ့၊ သူ ရှိနေလို့သာ ပြေရော၊ ဆောင်းနှင်းဝေပါ အဆင်ပြေပြေ နေရတာ၊ ကဲ. . . ထမင်း စားကြပါစို့နော်"

"ကျုပ်က ထမင်း စားချင်တာ မဟုတ်ဘူး။ ကိုကိုးလေး ကိတ်လေး စားချင်တာ"

"ဒါတွေ ထမင်းစားပြီးတော့ ကျွေးပါမယ်၊ လာစမ်းပါ"

ထမင်းဝိုင်း ထိုင်မိကြပြီးမှ. . .

"ပြေ့ဆီ အလည်တော့ လာမှာမဟုတ်ပါဘူး၊ ဘာကိစ္စလဲ ပြောပါဦး"

"ဟဲ့. . . စာရေးဆရာဆီလာတာ ဘာလာလုပ်မှာလဲ"

"သိပြီ၊ စာမှုတောင်းမလို့. . ."

"မှားတယ်၊ ထမင်းစားရအောင်လို့"

ပြေ ရယ်မောမိသည်။

နိမ့်ကျစဉ်ကာလဆီက ခင်မင်ရင်းနှီးခဲ့ရသော သူများနှင့် ဆိုလျှင် ပြေ ပြောရ ဆိုရတာ ပျော်သည်။ တောင်ဥက္ကလာမှ မိတ်ဆွေများလာလျှင် ပြေ စကားတွေ ဖောင်နေမိပါ၏။ ယခုမှ ဆွေ့ရသော၊ အောင်မြင်မှုကြောင့် ခင်မင်ချင်ကြသော မိတ်ဆွ



www.burmeseclassic.com

www.burmeseclassic.com



သစ် များနှင့် စကားပြောရသည်မှာ ထိန်းရသိမ်းရလွန်းတော ဘောင်ကျဉ်းလှချေသည်။

"ကျုပ်တို့မြို့ အသင်းအတွက် မဂ္ဂဇင်းမှာ ထည့်ဖို့ စာမူ

"ရမယ်လေ၊ အတိုလား . . . အရှည်လား"

"တယ် ဈေးကိုင်ပါလားဟ"

"ဦးလေးတင်ပဲ အောက်ခြေမလွတ်နဲ့ဆို။ ဦးလေးတ အကူညီတောင်းတာ မပေးရင် ပြေလောက် ကျေးဇူးကန်း ရှိပါဦးမလား ဦးလေးတင်ရဲ့၊ ကဲ . . . ပြော၊ ဘာရေးရမ ဘယ်တော့ လိုချင်တာလဲ"

"အရှည်ပဲ လိုချင်တယ်"

"ဖြစ်နိုင်ရင်တော့ အချိန်နည်းနည်းပေးပါ။ ရေးလက် ဝတ္ထု ပြတ်မှ ကိုင်ချင်လို့"

"ရပါတယ်၊ စာရေးဆရာတွေ ချိန်းတတ်ကြလွန်းလို့ ငါ တွေက နားပူနားဆာတိုက်တာနဲ့ လာခဲ့ရတာ၊ ညည်းလုံးချ ဝတ္ထုက ဘယ်တော့ပြီးမလဲ"

"ဒီလကုန်လောက်၊ ဦးလေးတင်အတွက် ရှေ့လ ဝ ပတ် နောက်ဆုံးရမယ်။ ဟုတ်ပြီလား"

"ညည်း အမြဲ ကတိတယ်တယ်ဆိုတာ ငါသိပြီးသာ လမ်းလျှောက်လာရလို့လားတော့ မသိဘူး၊ မောမောနဲ့ စာ ကောင်းသားဟဲ့၊ ဟင်းကလည်း လေးမျိုးကို"

"စားစမ်းပါ ဦးလေးတင်ရယ်။ ပြီးရင် ပြေကိုယ်တိုင် တို ဖျော်တိုက်ပါ့မယ်"





"ပြေ"

"ရှင်"

"ညည်း . . . ဒီလိုပဲ နေတော့မှာလား"

"ဘာကိုလဲ"

"အိမ်ထောင်လေး ဘာလေး မပြုဘူးလား"

"ဟာ . . . ဦးလေးတင်ကလည်း၊ ဘာတွေ လာပြောနေ မှန်းလည်း မသိဘူး"

"တကယ်ပြောတာ၊ ခုလိုနေတာ မတင့်တယ်တာထက် ကိုယ် အသက်ကြီးလာတော့လည်း ကိုယ့်သား ကိုယ့်သမီးနဲ့မှ ကောင်းတာနော်"

"ဦးလေးတင် သားတွေကလည်း မိန်းမယူ စောလိုက် ကြတာ၊ ပြေ့ကို စောင့်ကြရောပေါ့"

"ငါ အတည်ပြောနေတာ ပြေ၊ ကြုံတုန်း လူရှင်းတုန်း ပြောရတာ၊ ညည်းအိမ်ကလည်း ဧည့်သည်များပါဘိနဲ့၊ ဦးလေး ပြောတာကို ကိုယ့်ဖခင်က ပြောတာလို့ သတ်မှတ်ပြီး စဉ်းစားပါ ပြေ"

"ကျေးဇူးတင်ပါတယ် ဦးလေးရယ်၊ ပြေ့အကြောင်း ပြေပဲ သိပါတယ်၊ ဒီတစ်သက်မှာ ဘယ်သူ့ကိုမှ ပြေ ချစ်လို့ မရနိုင်တော့ ဘူး ဦးလေးတင်၊ အချစ်မပါတဲ့ အိမ်ထောင်ရေးကိုလည်း ပြေ တည်ဆောက်ချင်ဘူး ဦးလေးရယ်၊ ပြေ့ဘဝ ဒီအတိုင်းပဲ ရှိပါ စေတော့"

ငယ်ချစ်ဦး၏အကြောင်းများကို ပြန်လည် သ ရစေ



www.burmeseclassic.com

www.burmeseclassic.com



သော စကားကို ပြောနေရ၍ ပြေ၏ မျက်ဝန်းလေး ညှိုးမှိန်သွားသည်။ နှုတ်ခမ်းလေး တင်းစေ့သွားရပြီ။

"ခြော်. . . ထွန်းရယ်၊ နာကျည်းတယ် ဆိုပေမယ့် ရင်ထဲမှာ ထွန်းရှိနေဆဲပါဆိုတာ ပြေ့ကိုယ်ပြေပဲ သိပါတယ်လေ"

"ခုလောက်ဆို ဆရာဝန်ကြီးအဖြစ်နဲ့၊ ချစ်ဇနီး ဒေဝီနဲ့ အတူ သားတွေ၊ သမီးတွေနဲ့၊ ထွန်းဘဝ စိုပြည် ပြည့်စုံနေရော ပေါ့နော်"

"ပြေ"

"ဟင်. . . ဦးလေး"

ထွန်းအကြောင်း တွေးနေမိ၍ ဦးတင်နွယ်၏ ခေါ်သံကြောင့် ပြေ လန့်သွားမိသည်။

"ညည်းကို ငါ အရင်တည်းက မှန်းမိပါတယ်၊ ဒီမှာ. . ."

"ဟုတ်ကဲ့ဦးလေး"

"မှတ်ထား. . . အချစ်ဆိုတာ အသည်းနှလုံးတစ်ခုတည်းကြောင့်ပဲ သေအောင်သတ်လို့ရတာ၊ တစ်သက်လုံး သေအောင် မလုပ်နိုင်ဘူး"

"ရှင်"

"သေပြီလို့ ညည်းထင်နေတဲ့ ညည်းရင်ထဲက အသည်းနှလုံးကို မယုံရင် မေတ္တာရည်အသစ်နဲ့ လောင်းကြည့်၊ ပြန်လည်နိုးကြား လှုပ်ရှားလာစေရမယ်"

"အို. . . ဦးလေးကလည်း"

ဦးတင်နွယ်သည် အဘိုးကြီးဖြစ်သော်လည်း သူကိုယ်တိုင်





က စာလေးပေလေး ရေးပြီး စာဖတ်များသူမို့ သူ့စကားလုံးများက လှပနေသည်။

"ငါ တကယ်ပြောတာ၊ တစ်ယောက်ယောက် ချစ်တာကို ခံယူကြည့်၊ ငါပြောသလို ဖြစ်လာစေရမယ်"

"အို. . . ပြေ့ကို ဘယ်သူကမှ မချစ်ပါဘူး၊ ပြေကလည်း ဘယ်သူ့ကိုမှ စိတ်မဝင်စားပါဘူး ဦးလေးရယ်"

"ရှိစေတော့၊ ခုကစပြီး နောက်ပိုင်းမှာ ဦးလေး ပြောတာကိုလည်း နည်းနည်းစဉ်းစားကြည့်စမ်း. . . ကြားလား"

"ဟုတ်ကဲ့ပါ ဦးလေး၊ ဒါပေမယ့်လေ. . ."

"ဘာဖြစ်လဲ"

"ပြေ့ ရင်ထဲက ဝေဒနာဟာ ကျွမ်းနေခဲ့ပါပြီ၊ ကုစားစရာဆေးမရှိနိုင်ပါဘူး၊ ဒါကို ပြေ့ကိုယ်ပြေပဲ သိပါတယ် ဦးလေးရယ်"

ဟု ရင်ထဲက ပြောမိသည်။ နှုတ်ကဖြင့်. . .

"ဘာမှမဖြစ်ပါဘူး၊ ကဲ. . . ဒီအကြောင်း ရပ်ကြပါစို့ ဦးလေးရာ"

ဦးလေးတင်ကို ကျွေးမွေးစည့်ခံကာ မဂ္ဂဇင်း ဝတ္ထုရှည်ရေးပေးမည့်အကြောင်း အာမခံပြီး ဦးတင်နွယ် ပြန်သွားသည့်အခါ ဦးတင်နွယ်၏ ကျေးဇူးတရားများကို မမေ့မလျော့သော စိတ်ဖြင့် ထာဝရ ကြည်ညို ရိုသေနေရမည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ပြေ့ တစ်သက်တာ မှတ်တမ်းတင်နေပါမည်တည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ခြံတွင်း၌ အလှစိုက်ထားသော အဖြူရောင် ကက်တ
ယာ သစ်ခွပန်းကြီး ပွင့်နေသည့် အဖိုးတန် ပန်းအိုးကို ပြင်ဆင်
ချိတ်ဆွဲနေဆဲ. . .

"အစ်မပြေ. . . ဟိုနေ့က အကြာကြီး လာသွားတဲ့
လာပြီ"

"အေး. . . အေး၊ တံခါးသွားဖွင့်ပေးလိုက်ပါ ကိုတူး"

ခပ်တည်တည် ဟန်လုပ်ပြီး လက်မှ ကွပ်(တ်စ်) နာရီ
ကြည့်လိုက်တော့ သုံးနာရီနှင့် ဆယ့်ငါးစက္ကန့်၊ တိကျလိုက်
သဲမောင်မောင်ရယ်။

"ခြံအလှပြင်နေတယ်လား"

"မဟုတ်ပါဘူး၊ မိတ်ဆွေတစ်ယောက် ပေးထား
လက်ဆောင်ပန်းအိုးမို့ သူလာရင် ဝမ်းသာအောင်လို့ပါ၊ ပန်း
နေပြီလေ"

ပြေက လက်မှ သဲမှုန့်လေးများကို ခါချပြီး ဝေလွင်





အပြုံးများနှင့် ဖိတ်ခေါ်သည်။ သူ ဆိုဖာပေါ်တွင် ထိုင်နေဆဲ
ထမင်းစား စားပွဲအနီးမှ လက်ဆေးစတီးဇလုံမှာ လက်တို
ဆပ်ပြာတိုက်၍ ဆေးရင်း. . .

"အသိန်းရေ. . . ဟင်းရေအိုးနွှေးပြီးရင် ပြင်လိုက်တော့
နော်၊ သမီးပါ အတူလာစားလို့. . . သုံးယောက်စာ"

ပြေ လက်သုတ်လျက်နှင့် ထွက်လာထိုင်သည်။

ယနေ့ အပြုံးများသည် ပို၍ အရောင်ရင့်လာ၏။

စကားလုံးတို့သည် ပို၍ ဝေဆာမြိုင်ဆိုင်လာသည်။

စာထဲတွင် ခင်မင်ခဲ့သော နှစ်၊ လ များစွာသည် ယနေ့ကျ
ခါမှ စာထဲကအတိုင်း နေသားတကျ ရှိသွားခဲ့ရလေပြီ။

စကားတွေ ဝေဝေဆာဆာ ပြောနေဆဲ အသိန်း လာခေါ်
၍. . .

"လာ. . . မောင်မောင်"

"ဟာ"

ပြေ့ထံမှ ပထမဆုံးကြားလိုက်ရသော အသံကြောင့် သူ
ကြည်နူးမှု အာမေဍိတ်သံက ပွင့်ထွက်လာတော့သည်။

ပြေ ခေါ်ရာနောက်သို့ ဘာမှန်းမသိဘဲ လိုက်လာခဲ့ရပြီးမှ
ဆည်းနေအောင် ပြင်ထားသော နေ့လယ်စာ စားပွဲကြီး
ကြောင့်. . .

"နေပါစေဗျာ. . . ကျွန်တော် မနက်က စားခဲ့ပြီးပါပြီ"

"ထိုင်စမ်းပါ၊ ဟိုတစ်ပတ်တည်းက ကျွေးချင်တာ၊
ခုတ်ချင်းကြီးဆိုတော့ စားရဲမယ် မထင်လို့၊ ခုတော့ အိမ်သား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို သဘောထားပြီး ပြေ့ကို ခင်ရင် စားရမယ်. . . ထိုင်လေ"

ပြေက စားပွဲထိပ်က ထိုင်သည်။ လက်ယာဘက်တွင် ဆောင်းနှင်းဝေ ရှိနေနှင့်ပြီး လက်ဝဲ ထောင့်စွန်းတွင် သူ့ထိုင်စေပြီးမှ. . .

"သမီး. . . ဒါ ကိုသဲမောင်မောင်တဲ့၊ လှိုင်ကော်ဇာ မေမေ့ မိတ်ဆွေ၊ ဒါ ပြေ့သမီး ဆောင်းနှင်းဝေ့ပဲ မောင်မောင်"

"တွေ့ရတာ ဝမ်းသာပါတယ်၊ လှိုင်ကော်က မေမေ့ မိတ်ဆွေဆိုလို့ ဦးတစ်ယောက်ပဲ လာဖူးသေးတယ်။ ဦးက မေမေ့ သူငယ်ချင်း မဟုတ်ဘူးလား"

အကြောင်းမသိရှာသော ဆောင်းနှင်းဝေ၏ စကားကြောင့် သဲမောင်မောင် ကြောင်နေ၍. . .

"သူက တစ်ကျောင်း၊ မေမေတို့က တစ်ကျောင်း သမီးရယ်၊ ငယ်သူငယ်ချင်းတော့ မဟုတ်ဘူး၊ ဒါပေမယ့် သိပ်ရင်းနှီးကြတာ"

ဆောင်းနှင်းဝေ အသိမခံရဲ၍ ပြေ အဆင်ပြေသလို ပြောလိုက်ရသည်။

"ဆောင်းနှင်းဝေ ဘယ်နှတန်း ရောက်ပြီလဲ"

"ဒီနှစ် ရှစ်တန်း ဦး"

အပျိုပေါက်လေး ဖြစ်အံ့ဆဲဆဲ၊ စကပ်ဒူး ဖုံး ဝတ်ထားသော အရွယ်မို့ သဲမောင်မောင်က တရင်းတနှီး ပြောလာသည်။

"ဆောင်းနှင်းဝေက သိပ်လှပါလား၊ အမေတူလို့လား"





အမေတူလို့လား"

"အမေတူလို့ပေါ့. . . ကြည့်ပါလား"

ပြေသို့ မေးငေါ့ပြတော့ သဲမောင်မောင် အားနာသွားပုံ ရသည်။ ပြေ့အလှကို သွယ်ဝိုက် ချီးကျူးခြင်းမျိုးဖြင့် စကား မကြွယ်ထိုက်။

"မဟုတ်ပါဘူး၊ ဦးက မမမေနဲ့ အစ်ကိုမြင့်အေးကို မမြင်ဖူးလို့ပါ"

"ဟင်. . . ဒါတွေ သိတယ်လား၊ လှိုင်ကော်ကဆို မြင်ဖူးမှာပေါ့ ဦးရဲ့"

"မေမေမေတို့က တောင်ကြီးမှာ နေကြတာလေ သမီးရယ်၊ ကဲ. . . စားကြ. . . စားကြ၊ သမီး ငံပြာရည်တွေ သိပ်မထည့်နဲ့လေ"

စကားတွေ ထပ်မှားမှာစိုး၍ ပြေက ကြားဝင်လိုက်ရသည်။

ပြေကိုယ်တိုင် စီမံထားသော ခေါက်ဆွဲကို သူတို့ နှစ်ယောက်အတွက် ပြေ ကိုယ်တိုင်ပင် ပြင်ပေးသည်။

ခေါက်ဆွဲအုန်းနို့ချက်၊ ကြက်သားတုံးလေးများ ဆီပြန်ချက်၊ ဖြတ်သီးကြော်၊ မုန့်ကြွပ်၊ အချဉ်၊ အငန် စသည်တို့ကို ရောနှော သုတ်စားပြီး ကြက်သားပြုတ်ရည်ကို ကြက်သွန်မိတ်၊ ရွက်ကောင်းခတ်၍ သောက်ရသော ရွှေတောင်ခေါက်ဆွဲဝါ။

"စားနော် မောင်မောင်၊ ပြေကိုယ်တိုင် ချက်ထားတာ"

"ပြေက ငယ်ငယ်ကတည်းက အချက်ပြုတ် ကိုင်သနာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်လား၊ ခုလို မအားတဲ့ကြားကလည်း ဒါတွေ လုပ်နိုင်တယ် နော်"

"ခုမှ လုပ်နိုင်တာပါလေ၊ ဟိုတုန်းက ဒီလို အပိုစာတွေ လုပ်စားဖို့ဝေးလို့ ထမင်းနှစ်နပ်တောင် အနိုင်နိုင်ပါ"

"မေမေက အဲဒီလိုမျိုး အမြဲပြောတယ် ဦးရဲ၊ သူတို့ အထင်ကြီးတော့မယ်ဆိုရင် သူ့ရဲ့ ငယ်ကျိုးငယ်နာတွေ ဖော်ပြ"

ပြေရော သဲမောင်မောင်ပါ ရယ်ရသည်။

"ငယ်ပေါင်း အကြောင်းသိတွေမှ ပြောတာပါ မလျှာရှည် ရေ၊ ခုမှ တွေ့ရတဲ့ သမီးသူငယ်ချင်း မိဘတွေ၊ ဆရာမတွေဆီ ပြောလို့လား"

"မောင်မောင်က မေမေရဲ့ လူတိုင်းထဲကလူမှ မဟုတ်တာ အရင်းနှီးဆုံး မိတ်ဆွေပဲ"

သဲမောင်မောင်သည် ပြေ့ကို ရွှန်းရွှန်းစားစား ကြည့်ပြီး နှစ်နှစ်သက်သက် ပြုံးလိုက်သည်။

"လူတွေရဲ့သဘောကို ပြေ့ရဲ့ အတွေ့အကြုံအရ အတော်ကြီး သိလာပြီ မောင်မောင်ရေ"

"ဘယ်အပိုင်းကိုလဲ ပြေ"

"ဆက်ဆံမှုအပိုင်းကိုပါ၊ အခု ပြေဟာ ပြေလည်လာတဲ့ ဘဝရောက်တော့ ဟိုတုန်းက ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ပျောက်ကုန်ရော၊ လွှိုင်ကော်ကိစ္စ အသာထား၊ ရန်ကုန် ရောက်စက တွေ့ရတဲ့ မိတ်ဆွေတွေတောင် အရင်ဆက်ဆံပုံမျိုးထက်ပိုပြီး လေးစားမှု ပြနေကြတယ်"





"ဟုတ်ကဲ့"

"လူတစ်ယောက်ဟာ တစ်သက်လုံး ချမ်းသာကြွယ်ဝစွာ အောင်မြင်လာစေဦး... လက်ရှိအချိန်မှာ ကျဆုံးမွဲတေနေရင် ကြည့်တဲ့မျက်လုံးတွေကိုက ရွံ့ရှာစက်ဆုပ်ဟန် ပြနေတတ်ကြ တယ် မောင်မောင်၊ ဒါကြောင့် ပြေ စဉ်းစားလာမိတယ်"

"ပြောပါ ပြေ"

"လူဆိုတာ ဟိုတုန်းက သူတောင်းစားပဲ ဖြစ်ဖြစ်... သူဌေးကြီးပဲဖြစ်ဖြစ် မဆိုင်ဘူး၊ အခု လက်ရှိ သူတို့ ပေါင်းသင်း ဆက်ဆံနေချိန်ရဲ့ အခြေနေကိုပဲ ကြည့်ပြီး နှိမ့်ချခြင်း၊ လေးစား ခြင်းတွေ ပြတတ်ပါလားလို့ ပြေ ခံယူမိတယ်"

"လူတိုင်း ဟုတ်ပါ့မလား ပြေ"

"မဟုတ်ပါဘူး၊ လူတိုင်းမဟုတ်ပါဘူး မောင်မောင်၊ ဒါပေမယ့်... အဲဒီ မဟုတ်တဲ့လူက သိပ်နည်းပါတယ်"

"ဒါက ပြေတို့လို အောင်မြင်သူနေရာက ကြည့်တဲ့ အပိုင်း လေ၊ ပြေတို့ ကိုယ်တိုင်ကျတော့ရော"

"ပြေတော့လေ... ဘယ်သူက ဘယ်လို၊ ဘာညာဆိုပြီး ဘယ်တော့မှ အမှတ်မထားပါဘူး၊ တတ်နိုင်သမျှ ကိုယ့်ဘက်က ထွေလာရှားကျဲအောင် နေပါတယ်၊ အကူညီ တောင်းလာရင်လည်း တတ်နိုင်သမျှ ပေးပါတယ်၊ ခွင့်လွှတ်နိုင်ခြင်းဟာ အကောင်းဆုံး သော အေးမြခြင်းပဲပေါ့"

"ပြေက ဘဝနာခဲ့ရသူမို့ လောက သည်တွေကို တလယ် ကိုယ်ချင်းစာပါတယ်၊ ကဲ... ပြေ စကားပြောနေတာတွေ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ရတာနဲ့ အစားပျက်တော့မယ်၊ စားပါကွယ်၊ တစ် ထပ်ယူပါဦးနော်”

ဆောင်းနှင်းဝေအတွက်ရော၊ သူ့အတွက်ပါ ထပ်ပြီး ပြင်ပေးရသည်။ ပြေကတော့ မစားနိုင်တော့။

စားနေတုန်း တယ်လီဖုန်းက နှစ်ခါလာ၍ ထကိုင်ရသည်။

ပြေ အရေးတယူရှိလွန်းနေသော ညှော်သည် လူငယ် လူချောလေးကို အိမ်အုပ်ချုပ်သူ အပျိုကြီး ကြီးကြီးမြက အ ခတ်သလို ကွက်ကြည့် ကွက်ကြည့် လုပ်နေ၏။

ကော်ဖီသောက်၊ ကျောက်ကျောနှင့် ကွေတာလ ဆိုသော ပဉ္စျူမုန့် ချိုချိုအေးအေး မုန့်လေးများကို စား ညှော်ခန်း ပြန်လာချိန်မှာ. . .

“ဟယ်. . . ကိုစိုးပါလား၊ ကိုတူး ခေါ်ခိုင်းလိုက်ရော စောင့်နေရတာ အားနာလိုက်တာ”

“ရပါတယ် ဆရာမရဲ့၊ ဒါ ဖောင်နံပါတ် နှစ်ဆယ့် ခြောက်ခွဲဆို ပိတ်ပြီတဲ့”

“ဩော်. . . အင်း. . . အင်း၊ တစ်ခါတည်း ဖတ် လိုက်မယ်၊ ထိုင်ဦး၊ သမီး. . . ကိုစိုးဖို့ ကော်ဖီနဲ့မုန့် ယူခဲ့ခိုင်း”

ယခုမှ သိသူများကြည့်လျှင် ပြေနှင့် ဆောင်းနှင်းဝေသ သားအမိအရင်းသဖွယ် ရှိနေကြသည်။

လှပနုပျိုဆဲ အရွယ်မှာ အောင်မြင်ကျော်ကြားနေသ သမီးရှိသော မိခင်ဟု သိစေခြင်းသည် ပြေ၏ အနုရာယ် ကာကွယ်ခြင်းတစ်မျိုး၊ သို့မဟုတ် ပြေ၏ ရင့်ကျက်မှုနှင့် အခ





မဖိတ်ခေါ်လိုခြင်း စသည့် ခံယူချက်များဟု သဲမောင်မောင် နားလည်လာရသည်။

“ခဏလေးနော် မောင်မောင်၊ ရော့. . . ဇာတ်သိမ်းပိုင်း စာမူကြမ်း ဖတ်ချင်ဖတ်၊ ပြေက ပုံနှိပ်စာကြမ်း ဖတ်လို့ရတယ်၊ တိုက်ကြည့်နေစရာ မလိုဘူး၊ ကိုယ်ရေးထားတာမို့ အလွတ်ရပြီး သား”

ပြေက ဘောလ်ပဲန်လေးနှင့် ထောက်ပြီး စာလုံးများကို တစ်လုံးချင်း ဖတ်လိုက် ပြင်လိုက် လုပ်နေ၏။

သဲမောင်မောင်က စက်ဆီများ၊ မင်များနှင့် ပေတူးနေ သော ပြေ၏ လက်ရေးလှလှ စာမူကြမ်းကို ကြည့်နေသည်။

“ဩော်. . . လူတွေ သောင်းနဲ့ချီပြီး ဖတ်ကြတော့မယ့် သူ့ရဲ့ဝတ္ထုသစ်ကို ငါ ဖတ်ခွင့်ရနေပြီ၊ အဲဒီလို အားလုံးအတွက် ရေးထားတဲ့ လက်ရေးရှင်ရဲ့ သီးသန့်စာတွေကို ငါရနေရဲ့ ကော. . .

“ငါ့ကိုလည်း လှိုက်လှိုက်လှဲလှဲ ခင်မင်ရှာတယ်၊ မသဲဖြူ ရယ်၊ ကျွန်တော့်ရင်ထဲမှာ ရှိခဲ့ရတာတွေ၊ ရှိနေရတာတွေကို မသဲဖြူ မသိပါစေနဲ့ဗျာ. . .”

စာကို အာရုံစိုက်ပြီး ဖတ်နေသော မသဲဖြူ၏ ဘေးတိုက် အနေအထားလေးကို အားပါးတရ ငေးကြည့်နေမိသည်။

မလှပါဘူးဟု ဆိုခဲ့သော မသဲဖြူသည် သူမြင်ဖူးသမျှ မိန်းမလှတွေထက် သာလွန်ပြီး ကျက်သရေရှိစွာ လှပလွန်းသူ ပါဟု သဲမောင်မောင် ခံယူနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရပ်ရှည်၍ အသားညိုသော်လည်း ကိုယ်လုံးကျစ်ကျစ် စိုစိုပြည်ပြည်နှင့် မျက်နှာကျပုံလေးက ကရုဏာတရားများ ထည့်သွင်းပုံလောင်းထားသလို သနားစရာလေးနှင့် လှပလွန်းနေသူပါ။

ဩော်. . . ဒီလောက်လှပြီး ဒီလောက် ချစ်တတ်တဲ့ မိန်းမကို ဆင်းရဲတဲ့ ပြစ်ချက်ကြောင့် ပစ်သွားရက်ခဲ့တဲ့ "ကိုဝင်းထွန်း" ဆိုတဲ့သူကို "ကဲ. . . အခု မင်းလာကြည့်စမ်း" ဆိုပြီး ဆွဲခေါ်ပြလိုက်ချင်သည့် စိတ်နှင့်အတူ ဒေါသတွေပါ ထပ်ဆင့်လာသည်။

မသဲဖြူကို သူခင်မင်သည်၊ လေးစားသည်၊ ပြီးတော့. . . သိပ်မြတ်နိုးမိသည်။

မသဲဖြူသည် ယခု သူ့ရှေ့မှာ ရှိနေသော်လည်း ဘယ်သောအခါမှ လက်လှမ်းမမီနိုင်သော အရပ်တွင် ရှိနေသူဟု နားလည်စွာ ခံယူထားပါလျက်နှင့်. . .

"မသဲဖြူရယ်. . . ရင်ထဲမှာထည့်ပြီး ကိုးကွယ်ထားချင်လောက်အောင် ချစ်မြတ်နိုးလွန်းရပါလားဗျာ. . ."

စာပြင်ပြီးတော့လည်း အမြတ်တော်ကြေးကိစ္စ စာရင်းကိုင်တစ်ဦး၊ ကလေးမွေးနေ့ လာဖိတ်သည့် မိတ်ဆွေနှင့် စကားပြောနေရပြန်သည်။ မဂ္ဂဇင်းတိုက်မှ ဖုန်းများနှင့် မိတ်ဆွေများထံမှ ဖုန်းကလည်း ဆယ့်ငါးမိနစ် တစ်ခါလောက် ပြောနေရ၏။ နောက်ဖေးချောင်ကိစ္စ၊ ဆောင်းနှင်းဝေ ကျူရှင်သွားချိန်ကအစ သူ မပါဘဲ မပြီးပါလား။





မသဲဖြူ၏အိမ်၊ မသဲဖြူ၏ အလုပ်ချည်းမို့ သူတစ်ယောက်တည်း ပင်ပန်းနေရှာ၏။

မသဲဖြူ အလုပ်များလေ၊ သဲမောင်မောင်က သူ့ မသဲဖြူကို အားမနာတမ်း ကြည့်ခွင့်ရလေပါ။

ဖြစ်နိုင်ပါလျှင် ဤမြတ်နိုးဖွယ် မိန်းမကို သဲမောင်မောင်၏ အသက်နှင့်အမျှ မဝတမ်းထိုင်၍ ကြည့်နေချင်မိသည်။

တန်မျှခြင်းမရှိပါဟူသော အသိကြောင့် ရယူပိုင်ဆိုင်လိုစိတ် မရှိပါသော်လည်း ဤမိန်းမမြတ်နားမှ ခွဲခွာသွားရမည့် အချိန်ကာလကို မရင်ဆိုင်ချင်တော့။

"မောင်မောင်ရေ. . . ပျင်းနေပြီလား"

မအားသည့်ကြားမှ ဖော်ရွေ ရင်းနှီးသော အားပေးစကားများကိုလည်း ကြားရသည်။

"ဆေးတိုက်က ဘယ်အချိန်ဖွင့်လဲ ဟင်"

"ငါးနာရီဆို ဖွင့်ပြီ၊ ဒါပေမယ့်. . . ပြေတို့က ရောဂါပြမှာ မဟုတ်ဘူး၊ ဆွေးနွေးမှာဆိုတော့ နောက်ဆုံးမှဝင်မှ ကောင်းမှာ၊ မောင်မောင် စောင့်ရတာ ပျင်းနေပြီလားဟင်. . . ပြေကလည်း အလုပ်တွေများနေလိုက်တာ"

"ရပါတယ် မသဲဖြူရယ်"

ရင်မှ သည့်ထက်ပိုပြီး ပြောချင်သော်လည်း ရင်မှာရှိသည့်နှင့် ထပ်တူညီသော စကားလုံးများ ရှာမရနိုင်ပါ။

"မောင်မောင် ဆာသေးလား၊ တစ်ခုခု စားဦးမလား"

"ဘယ်စားနိုင်တော့မှာလဲ မသဲဖြူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း သွားကြစို့လေ၊ ပြေ အဝတ်လဲလိုက်ဦးမယ် နော်၊ ဟိုရောက်ရင်သာ မောင်မောင့်အတွက် မျှော်လင့်ချက် သတင်းတွေ ကြားရပါစေလို့ ပြေ ဝိုင်းပြီး ဆုတောင်းနေပါတယ်"

"ကျေးဇူးပါပဲ မသဲဖြူရယ်"

မသဲဖြူ အခန်းတွင်း ဝင်သွားချိန်မှာ ရေချိုးမလာ ဘာလုပ်ပေးရမလဲကအစ ကိုတူး လာမေးသည်။ အကွက်ဖေ အောင် ဂရုစိုက်ရှာလွန်းသော မသဲဖြူ၏ စိမ်ချက်များပါပင်. . .

ကိုတူးတို့ အသိန်းတို့လို အိမ်၏ အစေအပါးလေးမျာ သည် မသဲဖြူကို ရွံ့ရွံ့ကြောက်ကြောက်ကြီး ရှိနေရပုံမ လွတ်လပ်ပျော်ရွှင်သော အပြုံးကို ကလေးတို့၏ မျက်နှာ မြင်ရ၏။

"ဩော်. . . နာမည်လည်း ရွေးတတ်ပါပေရဲ့၊ တကာ လည်း အသည်းနှလုံး ဖြူစင်လှတဲ့ မသဲဖြူရယ်၊ ဆက်ဆံသ လူတွေနဲ့လည်း သူကပဲ အလျှော့ပေး အရေးထားရှာတယ်"

"ငါ့ပေါ်မှာ မသဲဖြူ ဂရုတစိုက် ရှိနေတာဟာ တစ်ယောက်တည်းမှ ကွက်ပြီး အရေးပေးနေတာ မဟုတ် လူတိုင်းပေါ်မှာ စေတနာထားတတ်တဲ့ မသဲဖြူရဲ့ သိက္ခာတို လေးစားရမှာပဲမေ့ါ"

"ကဲ. . . သွားကြစို့နော်"

ဖေဒါရောင် အပွင့်နုတ်နုတ်ကလေးများပါသော ဂျဝ အထက်အောက် ဝတ်စုံနှင့် ဆံပင်ကို သည်တိုင်း ကလစ်ဖြ ညှပ်လျက် မျက်နှာမှာလည်း သနပ်ခါးဖုံဖုံလေးမှလွဲ၍ အိုင်





တို့ လိုင်နာတို့ မဆိုထားနှင့် နှုတ်ခမ်းနီပင်မပါ. . . သဘာဝ နှုတ်ခမ်းထူထူလေး နီထွေးနေသည်က ဆေးရောင် ဆိုးထား သည်ထက် လှပသည်။ စလင်းဘက် (က) အနက်ရောင် အဖျော တို လွယ်လျက် ဖိနပ်အပါးလေးကိုပင် စီးထားသည်။ ရွှေဆွဲကြိုး တစ်ကုံး၊ နားနှင့် လက်တွင် စိန်ဆင်ပြီး သစ်လွင်သော အဝတ် အစားမှလွဲ၍ ဘာမှ ထူးထူးခြားခြား ပြုပြင်မထားသော်လည်း လှလိုက်ပါတဲ့၊ ကျက်သရေရှိလိုက်ပါတဲ့ မသဲဖြူရဲ့ ကြည်လဲ့နေတဲ့ မျက်နှာလေးရယ်. . .

"ကိုတူး. . . နောက်ကတက်. . . လာ မောင်မောင်"

မသဲဖြူကိုယ်တိုင် သူ၏ ဆိဗင်ကား နီနီလေး၏ တံခါးကို ဖွင့်သဖြင့် သဲမောင်မောင် ဝင်ထိုင်လိုက်ရသည်။

"အို. . . မသဲဖြူ မောင်းမယ်လား"

စိတ်ထင်က သူ့ကို ရှေ့မှာတင်ပြီး ဒရိုင်ဘာနှင့် စီးစေ ည်။ မသဲဖြူက အတူးနှင့် နောက်က ဟု။ အခုတော့. . .

"ဒီအချိန်ဆိုတော့ ဒရိုင်ဘာ ပြန်သွားပြီလေ"

သူနှင့် နှစ်ယောက်တည်းမို့ မသင့်လျော်လို့ ကိုတူးကို ခေါ်လာခဲ့ကြောင်း သိသော်လည်း မသဲဖြူမောင်းသည့် ဘေးမှ ထိုင်ရသော သဲမောင်မောင်အတွက် ကားကို တစ်ပိုင်းဖြတ်၍ အားရစ်ခဲ့ပြီး ဤ နေ့ စကြာဝဠာ၏ ပြင်ပသို့တိုင် မသဲဖြူနှင့်အတူ သွားချင်စမ်းပါဘိ။

"ပြေ ကားမောင်းလို့ အံ့ဩနေသလား"

"ကိုယ်တိုင် မောင်းပို့ရလို့ အားနာနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်"

"ဗျာ. . ."

"ငွေနှစ်ကျပ်ရဖို့ ဘီလူးချောင်းဘေးမှာ ဒေဝီရဲ့ထဘီတွေ လျှော်ပေးခဲ့ရတဲ့ လက်နှစ်ဘက်လေ၊ ခုတော့. . . သိန်းကျော်တန် ကားကို မောင်းနေရပြီ၊ ဘဝဆိုတာ ဆန်းပြားသားနော်"

"မသဲဖြူရဲ့ ဖြူစင်လှတဲ့ စေတနာတွေရဲ့ ရလဒ်ပေါ့ဗျာ"

"ဘာအဆောင်ယောင်တွေပဲ ရရှိရရှိ မတုန်လှုပ်တော့ပါဘူး မောင်မောင်ရယ်. . . ပြေရဲ့ဘဝမှာ ကိုယ် အချစ်ရဆုံးတွေက ကိုယ့်ကို စွန့်ပစ်သွားကြတဲ့ ဒုက္ခဒဏ်ကို အကြိမ်များစွာ ခံစားခဲ့ဖူးပြီလေ. . ."

ပြေသည် ဝင်ဒါမီယာမှထွက်ပြီး ဦးဝိစာရ လမ်းအတိုင်း ကားကို ဖြည်းဖြည်းချင်းမောင်းရာမှ လေးနက်တည်ငြိမ်စွာ ပြောရှာသည်။

ပထမ. . . ထွန်း၊ နောက်. . . မေ၊ နောက်. . . ရင်ခွင်ပိုက် တူမလေး ပြီးတော့. . . အဖေနှင့်. . . နောက်ဆုံး အစ်ကိုမြင့်အေး ထောင်ကျသွားသည့်အဆုံးထိ ပြေ ရည်ညွှန်းပါသော ဒါတွေအားလုံး သဲမောင်မောင် သိခွင့်ရပြီးသားမို့. . .

"မသဲဖြူရဲ့ဘဝမှာ အဲဒီလို သောကပေါင်းစုံ၊ ဒုက္ခမျိုးစုံတွေ တွေ့လာခဲ့ရလို့လည်း မသဲဖြူရဲ့ စာတွေဟာ ဘဝဆန်စွာ လေးနက်နေတာလို့ ထင်ပါတယ်၊ မသဲဖြူ ဆက်လက် အောင်မြင်နေဦးမှာပါဗျာ"

"အနုပညာပေါ်မှာ သစ္စာရှိစွာနဲ့ အတတ်နိုင်ဆုံး ကြိုးစား





နေပါမယ်၊ ဒါပေမယ့် ကျဆုံးတဲ့ ဒဏ်ကိုလည်း ပြေ ခံနိုင်မှာပါ မောင်မောင်ရယ်၊ နောက်ဆုံး သုညဘဝ ပြန်ရောက်သွားတောင်လည်း အရင်းတိုင်းပဲ ပြန်ဖြစ်တဲ့ သဘောပါလေ"

"မသဲဖြူရဲ့ ခံယူချက်တွေက ရင့်ကျက်သင့်တာထက် ပိုပြီး ရင့်အိုနေပါတယ်၊ အောင်မြင်ခြင်း၊ ပြည့်စုံခြင်းတွေပေါ်မှာလည်း ချမ်းမြေ့စွာ ခံစားပါဦးဗျာ၊ ဖြတ်သန်းခဲ့ရတဲ့ ဘဝက သိပ်ပြီး ကြမ်းတမ်းခဲ့တယ် မဟုတ်လား"

"ထွန်းကို စွန့်လွှတ်လိုက်ရတာဟာ အားလုံးကို စွန့်လွှတ်လိုက်ရတာနဲ့ မခြားပါဘူးလေ"

"မသဲဖြူ. . . သူ့ကို မမေ့နိုင်သေးဘူးလားဟင်"

"ဩော်. . . မေးရက်တယ်။ ရင်ထဲမှာ နာကျည်းလှပါတယ် ဆိုပေမယ့် ဘယ်မေ့ရက်နိုင်ပါ့မလဲ မောင်မောင်ရယ်"

နာကျင်ဖွယ် သက်ပြင်းသံကို ပြေ့ထံမှ သဲမောင်မောင် ကြားရသည်။

"မောင်မောင်"

"ဗျာ"

"ပြေ့အကြောင်းတွေ ရပ်ကြပါစို့နော်၊ ခုချိန်မှာ မောင်မောင့်ကိစ္စကို ဆွေးနွေးနေရမယ့် အချိန်ပါ။ အခု သွားနေတာလည်း မောင်မောင့်ဘဝရဲ့ အစကိုရှာဖို့ ပထမဆုံး ခြေလှမ်းပါပဲလေ"

"အရင်တုန်းက ကျွန်တော့်ကိုယ် ကျွန်တော် သိပ်စိတ်ဝင်စားတယ်။ ခုတော့ ကျွန်တော့်ထက်ပိုပြီး မသဲဖြူကို စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



နေပါတယ်၊ ပြောပြပါဦး"

"တော်ပြီကွယ်"

ရွှေတိဂုံဘုရားလမ်းကို ဖြတ်ထွက်ပြီး ရွှေဘုံသာလမ်းတိုချိုးနိုင်ဖို့ ယာဉ်ကြောလိုင်း အယူ မမှားမိစေရန် မသဲဖြူ ဂရုစိုက်၍ မောင်းနေရသည်။

တည်ငြိမ်သွားသော မသဲဖြူ၏မျက်နှာကြောင့် သဲမောင်မောင် ဘာမှ ထပ်မပြောရဲတော့။

ဆေးတိုက်တွင် လူတွေအပြည့်။ M.R.C.P ဘွဲ့ရ သမားတော်ကြီးမို့ အားကိုးသူ လူနာတွေက အများကြီးပါ။ ပြေတို့တနောက်ဆုံးမှဝင်မည့် အစီစဉ်ကြောင့် အတော်ကြီးကြာအောင် စောင့်ကြရဦးမည်။

"ဩော်. . . ကိုတုး၊ အဲဒီအထုပ် ပေးလိုက်စမ်း"

ကားကို ခက်ခက်ခဲခဲ နောက်ဆုတ်ရပ်ထားပြီးမှ နောက်က ကျွတ်ကျွတ်အိတ်နှင့်အပြည့် အထုပ်တစ်ခုကို တောင်းယူလိုက်သည်။

ကိုတုးက ယူပေးပြီး ကားဘေးသို့ ဆင်းရပ်နေရာမှ ဆေးခန်းများသို့ လာသည်ဆိုသော်လည်း ကြော့ကြော့မော့မော့ လူနာများကို သူ လျှောက်ငေးကြည့်နေပါ၏။

"ရော့. . . အဲဒါ ဒေါက်တာသက်ဦးလွင်ကို ကန်တော့ဖို့. . ."

"ဟာ. . . ဘာတွေလဲ"

"ဖွင့်ကြည့်လေ"





ရခိုင်ပုဆိုး၊ တက်ထရက်(စ) တစ်စ၊ ကားနေးရှင်း တစ်ပုလင်းနှင့် ကိတ်မုန့်တစ်ဗူး။

"ဒါတွေ မသဲဖြူက ဝယ်ပြီး ကျွန်တော့်အနေနဲ့ ကန်တော့ရမယ် ဆိုပါတော့"

"ဒါပေါ့"

"ကျွန်တော် လက်အုပ်ချီပဲ ကန်တော့မယ်၊ ကျွန်တော့် ခွန်အား ဘာမှမပါဘဲ အချောင် အသားမယူပါရစေနဲ့ဗျာ"

"ဒီလိုသဘောမထားပါနဲ့ မောင်မောင်၊ သူ့အနေနဲ့ အများကြီး ပြေတို့ကို အချိန်ပေးရလိမ့်မယ်၊ ပြီးတော့ သူက မောင်မောင့်ကို မွေးပေးတဲ့ ကျေးဇူးရှင်လေ၊ ပြေနဲ့ မောင်မောင်နဲ့ကို တစ်ဖွဲ့တည်းသားလို့ သဘောထားစမ်းပါ။ ဒါဟာ ဘာမျှော်လင့်ချက်မှ မရှိတဲ့ ပြေရဲ့ စေတနာသက်သက်ကို မောင်မောင် ခံယူပါနော်. . ."

သဲမောင်မောင် ခေါင်းညိတ်ပါသော်လည်း အားနာခြင်း၊ အားငယ်ခြင်း ဝေဒနာတွေ ထင်ဟပ်နေသော မျက်ဝန်းများနှင့်. . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ဆို. . . ဘာဖြစ်သလဲ"

ခွင့်လွှတ်နိုင်စွမ်း အင်အားကြီးသော မျက်နှာနှင့် ပြုံး၍ ကြိုဆိုသောကြောင့် ပြေ အားတက်မိသည်။ နံပါတ်သုံးဆယ့်နှစ် နောက်ဆုံးပိတ် လူနာအနေနှင့် ဝင်ခွင့်ရကြသည်။ လူပေါင်း သုံးဆယ့်တစ်ဦးကို တွေ့ဆုံဆွေးနွေး စမ်းသပ်ပေးပြီး၍ ပင်ပန်း နေပုံရသော်လည်း စိတ်တိုဟန် မပြရှာပါ။

"လူနာပြဖို့ မဟုတ်ပါဘူးဆရာ၊ ဆရာ့ကို ကန်တော့ဖို့ လာတာပါ။ ပြီးတော့ နည်းနည်းလည်း ဆွေးနွေးခွင့်ပြုပါ"

ဒေါက်တာ သက်ဦးလွင်က ပြေတို့နှစ်ယောက်ကို အတဲ ခတ် ကြည့်နေသည်။

"သူက ကျွန်မ မိတ်ဆွေပါဆရာ၊ ရန်ကုန် မရောက်ဖူး ရှာလို့ ကျွန်မ လိုက်ကူညီရတာပါ၊ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ် ကျော်က အဖြစ်အပျက်ကလေး တစ်ခုကို ဆရာများ ပြန်ပြီး မှတ်မိနိုင်ဦးမလားလို့ စဉ်းစားပေးပါဆရာ၊ ဖြစ်အပျက်က ရန်ကုန်-မန္တလေး အဆန်အမြန် ညရထားပေါ်မှာ. . .

. . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . .





"အို. . . အဲဒါ မင်းလား၊ ဒီကိစ္စကို မကြာခဏပဲ ဆရာ သတိရနေပါတယ်ကွယ်၊ ပြန်တွေ့ရတာ ဝမ်းသာတယ်. . . တကယ်ပါပဲ"

ဆရာဝန်ကြီး၏ ဝမ်းသာ ကျေနပ်သော လက်ခံမှုကြောင့် ခံစားမှုရှင် သဲမောင်မောင်၏ ကိုယ်စား ပြေကပင် လက်စွပ် တလေးကိုပြပြီး တခြားသော သဲလွန်စများ သိရပါသေးသလား၊ နောက်ဆုံးအချိန်မှာ ဘာများပြောသွားခဲ့ပါသေးသလဲဟူသော မေးခွန်းများကို ပြေက မေးလိုက်ချိန်မှာ. . . ဒေါက်တာသက်ဦး လွင်သည် လေးနက်သော ကိစ္စတစ်ရပ်ကို သုံးသပ်သလို အသေ အချာ စဉ်းစားပြီးမှ. . .

"မှတ်မိတယ်၊ ဆရာ့ဘဝမှာ ဒီဖြစ်ရပ်ထက် ထူးဆန်း တာမျိုး တစ်ခါမှ မကြုံရဘူးလို့ ဆရာမှတ်မိနေပါတယ်"

"ကျွန်တော့် မေမေအကြောင်း ဆရာသိသမျှ သိပါရစေ ဆရာရယ်"

"ဒီမိန်းကလေးဟာ မြင့်မြတ်ချမ်းသာတဲ့ မျိုးရိုးက ဖြစ်လိမ့် မယ်၊ သဘောမတူသူနဲ့ ယူလို့ စွန့်ပစ်ထားတာဖြစ်ရမယ်"

"ခင်ဗျာ"

"ဆရာ့အယူအဆ ပြောတာနော်၊ သူက ဘာတွေ ပြော သွားသလဲဆိုရင်. . ."



www.burmeseclassic.com

www.burmeseclassic.com



သဲမောင်မောင်၏ မျက်နှာမှာ သနားစရာ ကောင်းလောက်အောင် ချောက်ချားစိတ်ဖြင့် စောင့်မျှော်နေရှာသည်။

"ဝင်ဒါမီယာအိမ်ကို မပို့ပါနဲ့တဲ့"

"ပြီးတော့. . . ဒီလောက် ဝေဒနာတွေ ခံစားနေရတဲ့ကြားက ဘာလေးလဲရှင်လို့ မေးတယ်၊ ဆရာက ယောက်ျားလေးလည်း ဆိုရော. . .

"သား. . . သားလေးလို့ ခေါ်ပြီး သူ ဝမ်းသာသွားပုံ ရှာတယ်"

ဒေါက်တာသက်ဦးလွင်၏ စကားကို နားထောင်ပြီး ပြေ. . . သဲမောင်မောင်သို့ လှည့်ကြည့်လိုက်တော့. . .

သူနှင့်ပတ်သက်၍ သူ့မိခင်ထံမှ "သား. . . သားလေး" ဆိုသော စကားသံကြောင့် သဲမောင်မောင်၏ရင် လှုပ်ခတ်ပြီး ထင်သည်။ ခံစားမှုမျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝိုင်းလို့. . .

ပြေသည် ရင်ခိုက်အောင် နာကျင်စွာဖြင့် သဲမောင်မောင်ကို ကြည့်နေမိစဉ် ဒေါက်တာသက်ဦးလွင်က. . .

"ဝင်ဒါမီယာဆိုတာ သူ့အိမ်ထင်တယ်၊ အဲဒါနဲ့ ပတ်သက်ပြီး ဒါပဲပြောတယ်။ နောက် ဆရာက မေးတယ်။ မင်းယောကျ်ား ဘယ်မှာလဲ၊ ဘယ်သူလဲဆိုတော့. . ."

"ဘာပြောလဲဆရာ"

"ကို. . . ကို. . . နဲ့ပဲ ပြောနိုင်တယ်"

ပြေရော သဲမောင်မောင်ပါ ဆရာဝန်ကြီး၏ စကားတိုင်း အသက်မရှူရဲအောင် စောင့်နေကြရသည်။





"အဲဒါက လွဲလို့တော့ ဘာမှ မပြောနိုင်ရှာဘူး၊ အခြေအနေအားလုံးကို သုံးသပ်ကြည့်ရရင်တော့ မိဘက ဒီယောကျ်ားယူလို့ စွန့်ပစ်ထားလိမ့်မယ်၊ သူ့ခင်ပွန်းနဲ့ ပေါင်းသင်းရာက ခင်ပွန်းမန္တလေးသွားပြီး တစ်ကြောင်းကြောင်းကြောင့် ပြန်မလာ ဘဲနေလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

"မွေးဖွားခါလည်း နီးပြီ၊ ယောက်ျားကလည်း ပြန်မလာလို့ မန္တလေးကို လိုက်လာရာက လမ်းမှာ ရေတိမ်နစ်ရတာဖြစ်မှာပါ၊ ဒီထက်တော့ ဆရာလည်း ဘာမှ ပိုပြီး သိခွင့်မရတော့ဘူး၊ သူလည်း မချိမဆံ့ ဝေဒနာ ခံစားရင်း အသက်ဆုံးသွားရရှာတယ်ကွယ်"

သဲမောင်မောင် ဘာမှ မပြောတော့၊ ခေါင်းငုံ့ချလိုက်သည်။

သဲမောင်မောင်၏ လက်ရှိအခြေအနေကို ပြေ့အားပင် မေးမြန်းပြီး ဒေါက်တာသက်ဦးလွင်သည် သူ၏ ကုလားထိုင်ပေါ်မှထ၍ ခုံကို ကွေ့ဝိုက်ထွက်လာပြီး သဲမောင်မောင်၏ ပခုံးကို ဆုပ်ကိုင်သည်။

"ယောက်ျားပဲကွာ. . . မငိုပါနဲ့၊ ဆရာ ဘာကူညီရမလဲ သား"

"သား"ဆိုသော အကြင်နာစကားသံကြောင့်ပဲ ဝို၍ ဝမ်းနည်းသွားသလားမသိ၊ သဲမောင်မောင် မျက်ရည်တွေ ဝိုင်းလာရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာအကူအညီမှ မလိုချင်ပါဘူးခင်ဗျာ။ လူသားတစ်ယောက်မှာ ရှိသင့်သိသင့်တဲ့ မိဘဆွေမျိုးတွေကို သိခွင့်ရရင် တော်ပါပြီ၊ အဲဒါကလွဲလို့လည်း ဘယ်သူ့ဆီကမှ ဘာအကူညီမှ ကျွန်တော်မလိုချင်ပါဘူး. . . ဆ. . . ဆရာရယ်"

"အေးကွာ. . . ဟိုတုန်းကသာ အခု ဖြစ်ခဲ့ရင် မင်းနဲ့ ငါနဲ့ ခွဲရမှာမဟုတ်ဘူး။ တို့ သားအဖ ဖြစ်ကြမှာ"

"ခင်ဗျာ"

"နှင်းလွှာနု ဟာ ဟိုတုန်းကတော့ မင်းပါရင် လက်မထပ်နိုင်ပါဘူးဆိုလို့ နန်းမွန်ခမ်းကို ပေးပစ်ခဲ့ရတာ၊ ဒါပေမယ့် သူ့ရဲ့ ချွတ်ယွင်းချက်ကြောင့် အခု အိမ်ထောင်သက် အနှစ် နှစ်ဆယ် ကျော်တဲ့အထိ တို့ သားသမီး မရကြဘူး"

"ဩော်. . ."

သဲမောင်မောင်ကို သူတို့ ကြည်ကြည်ဖြူဖြူ မွေးစားပြီး ဆရာဝန်ကြီးသားအဖြစ်နှင့် ကျောင်းဆက်နေခွင့် ရစေချင်စမ်း ပါဘိ။

ပြေသည်. . . သူတို့နှစ်ယောက်ကို ကြည့်နေဆဲ သဲမောင် မောင်က. , .

"ကျွန်တော့်မိခင်နဲ့ ပတ်သက်လို့ ဒီထက်ပိုပြီး သိခွင့်မရှိရင်လည်း ကျွန်တော်လာရင်းကိစ္စ ပြီးဆုံးသွားပါပြီ၊ ဆရာ မွေးခဲ့တဲ့ ကျေးဇူးကို ကျွန်တော် ပြန်မဆပ်နိုင်ပေမယ့် သူဝယ် ပေးတဲ့ ပစ္စည်းတွေနဲ့ပဲ ကျွန်တော် ကန်တော့ခဲ့ပါရစေခင်ဗျား"





သဲမောင်မောင်က ပြေ့ကို ညွှန်ပြပြီးမှ ပစ္စည်းအိတ်ကို စားပွဲပေါ်တင်လျက် ထိုင်ကန်တော့သည်။

"သူ ဝယ်ပေးတဲ့ ပစ္စည်းတွေနဲ့ပဲ"

ဟု ပြေ့ကို လက်ညှိုးထိုး၍ ပြေပင် အားတုံ့အားနာ ဖြစ်ရပြီ၊ ဩော်. . . အမှန်တရားကို မြတ်နိုးရှာတဲ့ သဲမောင်မောင် ရယ်. . .

"ဩော်. . . နေ. . . နေကြပါ"

အခန်းတွင်းသို့ ဖြူဖြူ ခန့်ခန့် ချောချော အသက် လေးဆယ်ကျော်ရွယ် အမျိုးသမီးကြီးတစ်ဦး ဝင်လာသဖြင့် ပြေက မတ်တတ်ရပ်ပေး၍ သူက ပြောလိုက်ခြင်းပါ။

မျက်မှန်အောက်မှ သူ့မျက်ဝန်းက ကြင်နာခြင်းအပြည့် ရှိမည့် အသွင်သဏ္ဍာန်ပါလား။

ပြေ ချက်ချင်း သိလိုက်ပါပြီ။ သူသည် ဒေါက်တာနှင်းလွှာ နု ဟူ၍။

သူက ပြေတို့သည် နောက်ဆုံးလူနာဟု ဆေးခန်းရှေ့မှ စာရေးမထံတွင် နံပါတ်ကိုကြည့်ပြီး သူဝင်လာခြင်းဖြစ်မည်။

ဒေါက်တာသက်ဦးလွင်၏ ပစ္စည်းများကို သိမ်းဆည်းပြီး နားကျပ်ကိုထည့်လျက် အက်တာချီကေ့စ်ကို ပိတ်၏။ သမား တော်မို့ ဆေးထိုးအပ်ကိုင်စရာမလို၍ သိမ်းဆည်းစရာ မများ။

ရောဂါ ပျောက်ကင်းသော လူနာတစ်ယောက် ကန်တော့ နေသည်ဟု သာမန်အမြင်ဖြင့် သူ ပြုံး၍သာ ကြည့်နေသည်။ ဘာမှဝင်မပြော။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တုန်းက သူသာ သဘောထားကြီးကြီးနဲ့ လက်ခံပါလျှင် မောင်မောင့်ဘဝ အခုလို သိမ်နုပ်နေရရှာမည်မဟုတ်။

“ဩော်. . . ဒီတုန်းက သူလည်း ဆရာဝန်မလေး ဖြစ်ခါစ၊ အလှတွေ မာန်မာနတွေနဲ့ နေမှာပေါ့၊ ခုလို ဘယ်မှာ ရင့်ကျက်နိုင်ဦးမလဲ၊ ပြီးတော့. . . မိန်းမတွေ ကိုးဆယ့်ကိုး ရာခိုင်နှုန်း မကျေနပ်နိုင်တဲ့ကိစ္စကို သူလည်း မကျေမနပ် ဖြစ်ခဲ့တာ အပြစ်တင်စရာတော့ မရှိပါဘူးလေ”

ပြေ တွေးနေဆဲ. . .

“မင်း ဆရာ့ဆီ လာခဲ့ဦးလေ”

“ကျွန်တော် မလာပါရစေနဲ့တော့ ခင်ဗျာ”

သူလည်း ပြေ့လိုပဲ ဝင်လာသူမှာ ဆရာ၏ ဇနီးဖြစ်ကြောင်း နားလည်နာကျည်းစွာဖြင့် ပြောလိုက်၏။

“မင်း မလာလည်း မင်းကို သံယောဇဉ်ဖြစ်ပြီး အမြဲသတိရနေတဲ့ ဆရာက လာခဲ့ပါ့မယ်ကွယ်. . .၊ ဩော်. . . လိုက်ပို့တဲ့ မိန်းကလေး လိပ်စာပေးခဲ့ပါ၊ အဲဒီက တစ်ဆင့် ဆရာ ဆက်သွယ်ယူမယ်လေ”

“ဟုတ်ကဲ့ပါ ဆရာ”

ပြေက သူ့စလင်းဘက်(က)အတွင်းမှ ဗီစီးတင့်ကတ်ကလေးကို ထုတ်၍ ဆရာ့ကိုပေးသည်။ ပါရှိသော လိပ်စာနှင့် ဖုန်းနံပါတ်ကို ကြည့်ပြီး ဆရာခေါင်းညိတ်၏။ အတတ်ပညာရှင်တို့သည် အနုပညာရှင်တို့ကို သိမှတ်နိုင်ချိန် မရကြဟု ထင်ပါ၏။ မသဲဖြူဆိုသော အမည်ကို သူကြားဖူးပုံမရ။





“ကျွန်တော့်ကို ပြန်ခွင့်ပြုပါ”

“ကောင်းပြီကွယ်၊ မင်းကို ပြန်တွေ့ရတာ ဆရာ့စိတ်ထဲမှာ [illegible]ကယ်ပဲ ဝမ်းသာမိကယ်၊ ဩော်. . . နာမည်ရော ဘာလဲ”

“ကြည်သန့်စင် ပါပဲခင်ဗျာ”

“ဆယ်တန်း အောင်တုန်းကရော”

“ဒီနာမည်ပါပဲ”

“ဩော်. . . ဆရာ့စိတ်ကြိုက် နာမည်လေး ပေးခဲ့တဲ့ [illegible]တိုင်းပဲကိုး. . .။ ကဲ. . . ကဲ. . . ကြည်သန့်စင်. . . သွား[illegible]တော့လေသား”

အံ့ဩနေသော မိန်းမသားနှစ်ဦး ကြည့်မိကြသည်။

ဒေါက်တာနှင်းလွှာနုကတော့ သူ့ယောကျ်ား ဘာတွေ[illegible]နေပါလိမ့်ဟု. . .

ပြေကတော့. . . ဘယ့်နဲ့ သဲမောင်မောင်ကနေ [illegible]င်ကြည်သန့်စင် ဖြစ်သွားရပါလိမ့်ဟု. . .

ကားပေါ်ရောက်တော့ မှောင်နေပြီ။

မျက်ရည်စွန်းလက်စ မျက်ဝန်းနှင့်ပင် သဲမောင်မောင် [illegible]. . .

“ကျွန်တော် ညာတာ ဘယ်တော့မှ မကြိုက်ခဲ့ပါဘူး [illegible]သဲဖြူရယ်၊ ဒါပေမယ့် မသဲဖြူကို ကျွန်တော် ညာမိခဲ့တာ အခု[illegible] သွားပါပြီ”

“ဘာကိုလဲ မောင်မောင်”



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . နာမည်ပါ၊ ကျွန်တော့်နာမည် "သဲမောင်မောင်" မဟုတ်ပါဘူး၊ "ကြည်သန့်စင်"ပါတဲ့ခင်ဗျာ၊ ဒါပေမယ့် သဲမောင်မောင်ရယ်လို့ မသဲဖြူဆီမှာ ခံယူချင်တဲ့ အဓိပ္ပာယ်ကို စာရေးဆရာမကြီး မသဲဖြူရယ်၊ တွေးယူပါတော့ဗျာ"

မသဲဖြူအတွက် "သဲမောင်မောင်" ဖြစ်ချင်၍ တမင်မှည့်ထားကြောင်း ပြေ နားလည်ပါသော်လည်း သူ့ဘာဝ နာကျည်းနေချိန်မို့ ဘာမှ ပြောမနေတော့ပါ။

နဂိုကပင် စီစဉ်ထားခဲ့သည့်အတိုင်း ယနေ့ည မင်္ဂလာဒိုးမှ သူ့သင်တန်းသို့ သူမပြန်နိုင်တော့၍ သူနှင့်အတူ သင်တန်းတက်သော မိတ်ဆွေ၏ အမျိုးအိမ်သို့ သူ့ကို ပို့ပေးခဲ့ရသည်။ မြို့လယ် ပန်းဆိုးတန်း လေးထပ်တိုက်ခန်းသို့ပါ။

"ထွက်ခွင့်ရရင် လာခဲ့ဦးပေါ့၊ ထပ်တိုင်ပင်ကြသေးတာပေါ့၊ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ကွယ်နော်. . ."

"ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပါရဲ့လားဗျာ"

"ဘာကိုလဲ"

"နာမည် ကိစ္စပါ"

"ရပါတယ်၊ ပြေနားလည်ပါတယ်၊ ခွင့်လွှတ်ယူရလောက်အောင် အပြစ်တစ်ခုရယ်လို့ ပြေ မယူဆပါဘူး၊ ကဲ. . . ပြေသွားတော့မယ်နော် မောင်မောင်"

"ဩော်. . . မသဲဖြူ ဆိုပါတဲ့ ကျွန်တော့်ရဲ့ အသဲ. . . မောင်မောင့်ရဲ့ သဲ. . . ရယ်ဗျာ"

◆ ◆ ◆



"ဩော်. . . သမီးကလည်း၊ ဒါ ဝိုစရာမှ မဟုတ်တာ၊ လူ့လောကရဲ့ ဝမ်းသာစရာ အကောင်းဆုံးနေ့တွေထဲမှာ ဒီနေ့လည်းပါတယ် သမီးရဲ့"

ချစ်လှစွာသော တူမသမီးလေး ဆောင်းနှင်းဝေကို အားပေးနေရပါသော်လည်း ပြေကိုယ်တိုင်ပင် ထိုနေ့က ရင်ခုန်နေမိသည်။

ပြေတို့ အိမ်သားများအားလုံး အင်းစိန် ထောင်ကြီး၏ ထောင်ဗူးဝအရှေ့မှာ. . .

ယနေ့ အစ်ကိုမြင့်အေး ထောင်မှ လွတ်မည့်နေ့။

ဝိရိယကြီး၍ စိတ်ဓာတ်တော်သော ပြေက ဦးဆောင်၍ အစောကြီးတည်းက ထွက်လာခဲ့ကြသည်။

အပျိုပေါက်ကလေး ဆောင်းနှင်းဝေသည် အဖေဖြစ်သူကိုလည်း တွေ့ချင်သည်။ တွေ့ရန်အတွက် ဝမ်းနည်းစိတ်နှင့် ဝမ်းသာစိတ်တို့ ပေါင်းဆုံခံစားနေရရုံမက ဖခင်ကို ထောင်ထွက်ကြီးအဖြစ်နှင့် သိမှတ်ရမည်ကိုလည်း အရှက်ကြီး ရှက်နေကြောင်း ပြေသိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြေတို့နှင့်အတူ အစ်ကိုမြင့်အေး၏ သူငယ်ချင်း နှစ်ယောက်လည်း ပါရှိ ကူညီသဖြင့် ပြေ ကျေးဇူးတင်လှပါသည်။

ထောင်က ပြန်လာမည့်သူကို ကြိုချင်၍ လိုက်ခဲ့ပါရစေ ထောင်ပြန်မိသားစုသို့ တောင်းပန်သူများမရှိ။

တစ်စုံတစ်ယောက် နိုင်ငံခြားက ပြန်လာလျှင်ဖြင့် ကြိုဆို ကြလွန်းလို့ လေဆိပ်ထဲ ဝင်ခွင့်တောင်းရသည့် လူစာရင်းတို တံတောင်လောက် ရှည်တတ်သည်။

လူတို့သည် ထောင်ထွက်တစ်ယောက်ကို ကြိုဆိုခြင်းခြ အကူညီပေးဖို့သာရှိသည်။ ရဖို့မရှိ။ နိုင်ငံခြားပြန်ကို ကြိုဆိုလျှ အနည်းဆုံး ချောကလက် အကောင်းစား တစ်တောင့် ရရှိမည်။ ရင်းနှီး ရင်းနှီးသလို စွယ်တာဖြစ်စေ၊ လက်ကိုင်အိ ဖြစ်စေ၊ ရရှိစေနိုင်မည်မဟုတ်လား။

သဘာဝတရားမို့ လူတို့ကိုလည်း အပြစ်မတင်သာ ရေနောက်ကို ကြည်အောင်စောင့်၍ ဘယ်သူက သောက်ချင် မလဲလေ။ ရေကြည်ရာကိုသာ ရှာချင်ကြပေမပေါ့။

"ဒီအဘိုးကြီးဟာ ငါကြည့်လိုက်တိုင်း ငါ့ကို ကြည့်နေ ပါလား"

ပြေတို့နားတွင်ပင် မယောင်မလည်နှင့်ရပ်လျက် စုတ်ပြ ပြတ်ပြတ်နှင့် လူကြီးတစ်ဦး။ အဖေတို့အရွယ်မို့ ပြေက ဖခင် နှင့် ကြည့်လိုက်မိတိုင်း သူက မလုံမလဲသလို မျက်နှာလွှဲ သွားတတ်သည်။ ထူးခြားသည်ဟု ပြေ ထင်နေဆဲ. . .

"ဟယ်. . . အစ်ကို မြင့်အေး"





သူ့သူငယ်ချင်းများ၏ ဦးဆောင်မှုဖြင့် နှစ်များစွာ ကွဲကွာ နေသော ကျေးဇူးရှင် ခဲအိုကြီးကို ပြေ ပြန်လည်မြင်တွေ့ရသည်။

"သမီး. . . ထွားလိုက်တာကွယ်၊ အို. . . ဘာလို့ ငိုတာ လဲ"

အပျိုပေါက်အရွယ် သမီးကို ပခုံးဖက်လျက် ကလေးငယ် တစ်ယောက်လို အစ်ကိုမြင့်အေး ချော့နေရှာသည်။

"ကဲ. . . လာပါ၊ အိမ်ကျမှပဲ ပြောကြဆိုကြရအောင်၊ အားလုံး ကားပေါ်တက်ကြပါစို့နော်"

ပြေက ဦးဆောင် ဆော်ဩသည်။

အစ်ကိုမြင့်အေးသည် ရှပ်ကျသွားရှာသည်။ ရဲဘက်စခန်း သို့ ပါသွား၍ သူသည်မျှ စောစီးစွာ လွတ်ခဲ့သည်။

ယခင် ထောင်ဝင်စာ လာတွေ့ရစဉ်က သံဇကာ နှစ်ထပ် ခြားပြီး တခြားသော အကျဉ်းသားများကလည်း တန်းစီလျက်၊ သူ့လူ ကိုယ့်လူ ဆုံနေကြ၍ သေသေချာချာလည်း မမြင်ရ၊ သေသေချာချာလည်း မကြားရ၊ ယခုတော့. . . အစ်ကို မြင့်အေးကို ထင်ထင်မြင်မြင် ကြည့်ခွင့်ရခဲ့ပြီ။

ပြေ့ ဆီဒင်နှင့် မဆံ့၍ ဟိုက်လက်(က်စ်)တစ်စင်း ငှားလာ ပြီး ကားပေါ်တက်သူတက် ရပ်သူရပ် ရှိနေဆဲ. . .

"မောင်မြင့်အေး"

"ဟင်. . . ဦးလေးအောင်"

စောစောဆီက ပြေတို့ကို ကြည့်လိုက်လွှဲလိုက် လုပ်နေ သော အဘိုးကြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းနဲ့တွေ့ချင်တယ်၊ နောက်ဆို ဘယ်လိုက်ရမှန်း မသိလို့ ငါလာလာစောင့်နေတာ"

"ဦးလေးအောင် ခု ဘယ်မှာနေလဲ"

"ငါ ဖော့ကန်မှာတင်နေတာ"

ဖော့ကန်သည် အင်းစိန်နှင့် တဆက်တည်းလို ဖြစ်နေသော နေရာပါ။

အစ်ကိုမြင့်အေးက ပြေ့ကို တစ်ချက် မလုံမလဲနှင့် ကြည့်လိုက်ပြီးမှ. . .

"ကျွန်တော် လာခဲ့မယ်လေ"

"ငါပဲ လာခဲ့ပါရစေကွယ်"

"ဒါဆိုလည်း ဒီလိုလုပ်ဗျာ. . . လာမယ့် တနင်္လာနေ့ ၁၂ နာရီလောက် ဂုဏ်ရုံအောက်က ဦးလေးစောင့်နေ ကျွန်တော် လာခဲ့မယ်"

"မင်း တကယ်လာနော်. . . မောင်မြင့်အေး"

"စိတ်ချပါ၊ ကဲ. . . ကျွန်တော်သွားမယ်"

အဘိုးကြီးက အစ်ကိုမြင့်အေးနားသို့ ကပ်၍ မေးသော်လည်း ပြေ ကြားလိုက်ရပါသည်။ အားလုံးရှေ့မှာမို့ မကြားချင်ယောင် ဆောင်လျက် နေရပါသော်လည်း ရင်ထဲတွင်ဖြင့် ထင်ခနဲပါပဲ။

"ပြေ ဆိုတာ သူလား. . . တဲ့"

◆ ◆ ◆



"ခုဆို ပြေလည်း နေနိုင် စားနိုင်တဲ့ဘဝကို ရောက်နေပါပြီ၊ အစ်ကိုမြင့်အေး ဒီမှာပဲနေပါ၊ သမီးကလည်း ပြေနဲ့အတူ ရှိနေမှ ဖြစ်မှာလေ"

"ဒီစကား ကြားရတာ အစ်ကိုဝမ်းသာပါတယ်ကွယ်၊ ဒါပေမယ့်. . . ပတ်ဝန်းကျင်ရဲ့ ဝေဖန်သံတွေကို ဒုတိယအကြိမ် မခံယူချင်နဲ့တော့ ပြေ၊ ခုဆို ပြေဟာ စင်ပေါ်ရောက်နေပြီ။ ပရိသတ်ထဲက ပရိသတ်တစ်ယောက် မဟုတ်တော့ဘူး။ စင်ပေါ်က လူ၊ လူပ်ရှားရင် ပိုပြီး မြင်သာကြတယ် မဟုတ်လား"

"စင်ပေါ်ကဆိုတဲ့ နေရာမှာလည်း ပြေတို့ အနုပညာ အသိုင်းအဝိုင်းလေးတင်ပါ၊ အဲဒီ အသိုင်းအဝိုင်းလေးအားလုံး ဟာလည်း စင်ပေါ်မှာ စုစည်းနေကြတာပါ. . . တကယ်တော့ လောကကြီးဟာ သူ့ကမ္ဘာနဲ့သူ ကျယ်ဝန်းလှပါတယ်လေ၊ ပြေ့ကို မသိတဲ့လူ၊ နာမည်ကိုတောင် မကြားဖူးတဲ့ လူတွေဟာ အများ ကြီးပါ။ ခုတော့လေ. . . ပြေ ဘာကိုမှ ဂရုမစိုက်ချင်တော့ဘူး၊ အစ်ကိုမြင့်အေးပဲ စဉ်းစားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထောင်ထဲ တည်းက စဉ်းစားခဲ့ပြီးသားပါ ပြေ၊ မြေ အိမ်ထောင်ကျပြီးမှပဲ အစ်ကိုမြင့်အေး အတူနေမယ်"

"အစ်ကိုမြင့်အေးရဲ့ စေတနာကို ပြေ လေးစားလို့ မဆုံး တော့ပါဘူး၊ အစ်ကိုမြင့်အေး ကျေးဇူးတွေလည်း ပြေ့ပေါ်မှာ အများကြီးပါ၊ အခု အစ်ကိုမြင့်အေးကို ပြေ ဘာကူညီရမလဲ ပြောပါ၊ အရင်တစ်ခါလိုတော့ ပြန်မဖြစ်အောင် ထိန်းပါ အစ်ကိုမြင့်အေး၊ သမီးက ကြီးလာပြီလေ"

"အစ်ကို နားလည်ပါပြီကွယ်"

"ပြေ ဘာလုပ်ပေးရမလဲ"

"မိတ်ဆွေတစ်ယောက်နဲ့ တိုင်ပင်ဦးမယ်၊ ပြီးမှ ပြောမယ် လေ၊ လိုအပ်တာတော့ အရင်းအနှီးလေး နည်းနည်းပါးပါး လောက်ပဲ ဖြစ်မှာပါ"

"ပြေ အတတ်နိုင်ဆုံး ကူညီပါ့မယ်"

"အစ်ကို မြို့ထဲခဏသွားလိုက်ဦးမယ်၊ ဒီည ပြန်မလာ တော့ဘူး၊ ညနေပိုင်း သမီးကျောင်းက ပြန်လာချိန်မှပဲ ဖုန်းဆက် မယ်လို့ ပြောပြပေးပါ"

နှုတ်ဆက်ပြီး ထွက်သွားသော အစ်ကိုမြင့်အေးသည် ထောင်မှ ထွက်လာသည့်နေ့က ချိန်းဆိုခဲ့သည့် အဘိုးကြီးဆီကို လား မသိ။

ကနေ့ တနင်္လာနေ့၊ အချိန်က ဆယ့်တစ်နာရီ ကျော်သော ပြီ. . .

◆ ◆ ◆





"မေ့မေ. . . ခြံရှေ့မှာ ဘုန်းကြီးတစ်ပါး မေမေ့ကို တွေ့ချင်လို့တဲ့"

"ဟင်. . . ဘာကိစ္စတဲ့လဲ"

"မသိဘူး၊ မေမေ့နာမည် မေးတယ်"

"ကိုတူးရေ. . . ကိုတူး"

သည်အိမ်မှ တစ်ယောက်တည်းသောအားကိုးရာ ယောက်ျားဖြစ်သည့် လူပျိုပေါက် ကိုတူးကိုခေါ်ပြီး အကျိုး ကြောင်း မေးခိုင်းရာမှ ကိုတူး ပြန်အလာတွင်. . .

"သတင်းစာထဲက ကြော်ငြာတွေ့လို့ လာခဲ့ပါတယ်တဲ့၊ လက်စွပ်လည်း ပါတယ်တဲ့"

"ဘုရားရေ. . . ဒီကိစ္စကို ဘယ်လိုလုပ်ပြီး ဘုန်းကြီးက ရောက်လာရတာလဲ"

"ဘာကိစ္စလဲ အစ်မပြေ"

"ဟော. . ."

ပြေ ကြောင်နေဆဲ. . .

"အစ်မပြေ မရှိဘူးပြောလိုက်ရမလား"

"အို. . . နေစမ်းပါဦး၊ ပြန်လွှတ်လို့ မဖြစ်ဘူး၊ သိပ် အရေးကြီးတယ်"

"ဟင်"

"ဘုန်းကြီးတစ်ပါးတည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရွယ် ကောင်လေးတစ်ယောက်လည်း ပါတယ်"

"ဖွင့်ပေးလိုက်ပါ ကိုတူး"

ကိုယ့်ကိစ္စ မဟုတ်ပါဘဲနှင့် ရင်၌ တုန်လှုပ်စေသော ဖြစ်ရပ်ပါလား။

10-10-59 နေ့စွဲနှင့် T+K အမှတ်အသား ပါရှိသော ရွှေလက်စွပ်တစ်ကွင်း ကောက်ရထားပါသည်။ ဤလက်စွပ်နှင့် ပတ်သက်သော ပုဂ္ဂိုလ်တစ်စုံ တစ်ယောက်ရှိပါက အောက်ပါလိပ်စာအတိုင်း အမြန်ဆုံး ဆက်သွယ်ပါရန်။

စေတနာစာပေတိုက်။
ဗိုလ်အောင်ကျော်လမ်း၊
(အထက်ဘလောက်)
ရန်ကုန်မြို့

ဤကြော်ငြာထည့်ထားသည်မှာ တစ်လကျော်ခဲ့ပြီး သဲမောင်မောင်၏ သဲလွန်စအဖြစ် ရောက်ရှိလာသူက ဘုန်းကြီး ဆိုတော့. . .

"မဂ္ဂဇင်းတိုက်ကလည်း ငါမှာထားရက်နဲ့ ဖုန်းမဆက်ဘဲ ဘယ့်နဲ့ကြောင့် ဒီကို တန်းလွှတ်လိုက်ပါလိမ့်"



"အစ်မပြေ ဖုန်းပျက်နေတာကြီးကို"

"ဪ. . . အေး၊ ဟုတ်သားပဲ၊ ဖုန်း ပျက်နေတာ နှစ်ရက်တောင်ရှိပြီပဲ"

သွက်လက်သော ကိုတူးက ပြေးဆင်းသွားပြီး ပြန်ဝင်လာတော့ သူ့နောက်မှာ ပိန်ပိန်ဖြူဖြူ အရပ်ရှည်ရှည် ဘုန်းတော်ကြီးတစ်ပါးနှင့် သူ့နောက်မှာ ယောင်နနပုံစံရသော ဘုန်းကြီးကျောင်းသားလေးတစ်ယောက်က လွယ်အိတ်ကို လွယ်လျက် ဘုန်းကြီးဆောင်းထီးကြီးကို ထမ်းလျက်။

"ကြွပါဘုရား"

ပြေက ရှိကျိုးစွာ ဝတ်ဖြည့်ပြီးမှ. . .

"ဘာကိစ္စပါလဲဘုရား"

"တကာမလေးတို့ပဲ သတင်းစာက ကြော်ငြာလို့ လာခဲ့ရတာလေ"

"မှန်ပါ့ဘုရား"

"ကောက်ရထားတယ်ဆိုတာ ဒီလက်စွပ်မျိုးများလား တွယ်"

ဘုန်းကြီးသည် ကိုယ်ရုံ သင်္ကန်းအောက်သို့ လှန်လျက် သင်္ကန်းရောင် ရှူအိတ်လေးတွင်းမှ လက်စွပ်တစ်ကွင်းကို လှမ်းပေးလိုက်သည်။

သဲမောင်မောင်၏ လက်စွပ်ကို ပြန်၍ကြည့်နေရသလို တစ်ပုံတည်း တစ်ထပ်တည်း။

ပြေက အခန်းတွင်းမှ လက်စွပ်ကို ပြေးယူပြီး ယှဉ်လျက်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလည်း ဒီအတိုင်းပါပဲလား ဘုရား၊ လက်စွပ်နဲ့ အရှင်ဘုရားနဲ့ ဘယ်လိုများ ပတ်သက်နေပါသလဲ... ဘုရား..."

"အင်း... ပတ်သက်ဆို ပြောရရင်တော့ အရှည်ကြီး ပေါ့။ နို့... နေပါဦး ဒီလက်စွပ်ကို ဘယ်ကကောက်ရထားတာ လဲ၊ ပိုင်ရှင်များကော ပေါ်ပြီလား"

"နဂိုတည်းက ပိုင်ရှင်ရှိပါတယ် ဘုရား...၊ အဖြစ်က ဒီလိုပါ........

..............

ပြေသည် အဖြစ်အပျက် အပြည့်အစုံကို အကျဉ်းချုံး၍ တင်လျှောက်ပြီး ဆရာတော်ဘုရား၏ မျက်နှာကို အသေအချာ ကြည့်ပြီးသည်နှင့် ပြေ လုံးဝ သိမှတ်နားလည်ခဲ့ရပါပြီ။ မျက်နှာ ကျပုံ မျက်လုံးလှပုံကအစ မောင်မောင်နှင့် တူလှသည်။

ဤရဟန်းတော်သည် ရင့်ရော်နေသော မောင်မောင်သာ ဖြစ်ပါ၍ ပြေသည် အဖြေတစ်ခု ရသွားသလို ကျေနပ်နှစ်သိမ့်စွာ ပြုံးလျက်...

"အဲဒီလက်စွပ်ပိုင်ရှင် ကလေးရဲ့ ဖခင်ဟာ ဆရာတော် ဘုရားပဲ မဟုတ်လားဘုရား..."

ဆရာတော်သည် အတိတ်ဆီမှ အညစ်ကြေး မြူမှုန်များ ကပ်ငြိနေသော မျက်နှာတော်ကို တည်ငြိမ်အောင် ကြိုးစားလျက် သက်ပြင်းချပြီး...,

"မဟုတ်ဘူး ဒါယိကာမလေး၊ ကျုပ်ဟာ သူ့ဦးလေးသာ ဖြစ်ပါတယ်"



"တပည့်တော်မ မိတ်ဆွေရဲ့ မျက်နှာနဲ့ တူလွန်းလို့ ပြောမှားမိခဲ့ရင် ခွင့်လွှတ်ပါဘုရား"

"ခွင့်လွှတ်ပါတယ်ကွယ်၊ သူ့အဖေဆိုတာကလည်း ကျုပ်ရဲ့မျက်နှာနဲ့ ကျုပ်ရဲ့အစ်ကိုပဲတို"

"ဘုရား..."

"အဲဒီကလေးရဲ့ အဖေဟာ ကျုပ်နဲ့ အမွှာပူး ညီအစ်ကိုပါ၊ ကျုပ်ရဲ့ ပယောဂကြောင့်ပဲ သူကွယ်လွန်ရှာတာ ကြာခဲ့ပါပြီလေ"

"အို..."

မောင်မောင်သည် သူတွေ့ချင်လွန်းစွာ ရှာဖွေနေသော သူ့ဖခင်မှာလည်း ဤလောက၌ မရှိတော့ဟု ဆိုပါလား...၊ အားကိုးစရာ ဦးလေးသည်လည်း လောကနှင့် မအပ်စပ်သော သူတော်စင် သူတော်မြတ် ဖြစ်နေလေပြီ။

"အဲဒီကလေး ဘယ်မှာလဲကွယ်..."

"ရန်ကုန်မှာပဲ ရှိပါတယ်ဘုရား၊ တွေ့ချင်ပါသလား"

"တွေ့ချင်ပြီကောကွယ်... ဘယ်မှာ သူ့ကိုတွေ့နိုင် မလဲ"

"သူ့ဆီသွားလို့တော့ မရဘူးဘုရား၊ သူက တပည့်တော်မ ခြောက်တဲ့ သင်တန်းလာတက်နေတာပါ၊ လာမယ့် တနင်္ဂနွေ ဆိုရင်တော့ သူ ဒီကိုလာပါလိမ့်မယ် ထင်ပါတယ်"

"ဒါဆို ကျုပ် ဒီကိုလာခဲ့ရမလား"

"တပည့်တော်တို့ လာခဲ့ပါမယ်ဘုရား၊ အရှင်ဘုရားရဲ့ ထိပ်စာကိုသာ ပေးခဲ့ပါ...။ ပြီးတော့ တပည့်တော်အစ်ခု လျှောက်တင်ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



“ပြောပါ”

“ဒီကိစ္စအားလုံး တပည့်တော်ပဲ ဦးဆောင်စီစဉ်နေရလို့ ဖြစ်နိုင်မယ်ဆိုရင် တပည့်တော်ပဲ အရင်သိပါရစေလား ဘုရား”

“လက်စွပ် သက်သေသက္ကာရံလည်း ရှိနေပြီ၊ တကာမလေးရဲ့ အခြေအနေနဲ့ ရုပ်ရည်ကိုကြည့်ပြီး စေတနာနဲ့ ကူညီနေတယ်ဆိုတာ ကျုပ်ယုံပါတယ်လေ. . .။ ကိုယ်ပြုခဲ့တဲ့ မကောင်းမှု၊ ကောင်းမှုကို ပြန်ပြောရမှာလည်း ဝန်မလေးပါဘူး ဘယ်လောက် နောင်တရခဲ့သလဲဆိုရင် လူ့လောကကို စွန့်ခွာလိုက်တာသာ ကြည့်ပါတော့”

“မှန်ပါ့ဘုရား၊ အမိန့်ရှိတော်မူပါ”

“လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော် ကာလဆီက ကျုပ်တို့ အမြွာညီအစ်ကိုနှစ်ယောက်ရဲ့ လူချင်းလွဲမှားခဲ့ရတဲ့ ထူးဆန်းအံ့မခန်းဖွယ် ဖြစ်ရပ်နဲ့အတူ လောဘမီး၊ သောကမီးတွေဟာ သားစဉ်မြေးဆက်ထိတိုင်အောင် လောင်ကျွမ်းနေပါရောလားကွယ်. . .”

‘အဖြစ်ကတော့ ဒီလိုပါ. . . . . . . .

. . . . . . . . . . .

**ပထမပိုင်းပြီးပါပြီ**

ကျေးဇူးပြု၍ ဒုတိယပိုင်း (ဇာတ်သိမ်း) ကို
ဆက်လက်ဖတ်ရှုပါ

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)



www.burmeseclassic.com